www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စိတြာအဂ္ဂ

# ကျောက်စိမ်းယက္ခ


**စီစဉ်သူ** ဦးအောင်စိုး(မော်လမြိုင်)

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၂၅၉၀၂၀၉
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၂၇၉၀၂၀၉
ထုတ်ဝေသူ – ဦးကိုကိုမြင့် (သိန်းမင်းစာပေ)
အမှတ်(၆၃)၊ သြဘာလမ်း၊ တာမွေမြို့နယ်။
အတွင်းနှင့်အဖုံးပုံနှိပ်သူ – ဦးကျင်ရင် (၀၅၄၁၇) (ရွှေခြသေ့ပုံနှိပ်တိုက်)
အမှတ်(၂၂၅)၊ ၃၂–လမ်း၊ ပန်းဘဲတန်း။
ထုတ်ဝေသည့်အကြိမ် – ပထမအကြိမ်၊ ၂၀၀၉၊ ဧပြီလ။
အုပ်ရေ / တန်ဖိုး – ၅၀၀ အုပ်/ ၁၅၀ ကျပ်
ဖြန့်ချိရေး–ခုနစ်စဉ်ကြယ်စာပေ
အမှတ် ၁၇၅–ဘီ၊ ၃၁–လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း– ၃၈၉၄၄၀

၈၉၅.၈၃
စိတြာအဂ္ဂ
ကျောက်စိမ်းယက္ခ / စိတြာအဂ္ဂ ။ – ရန်ကုန် ၊
သိန်းမင်းစာပေ ၂၀၀၉။
၃၄၄ – စာ ၊ ၁၈ x ၁၂ စင်တီ။
(၁) ကျောက်စိမ်းယက္ခ

BURMESE CLASSIC .com

# စိတြာအဂ္ဂ



# ကျောက်စိမ်းယက္ခ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

- ပြေးမလွတ်သူ
- ကျောက်စိမ်းယက္ခ
- မရဏသားကောင်
- ယက္ခကျိန်စာ
- လျှို့ဝှက်လိုဏ်ခေါင်း
- ကြမ္မာလူသား

BURMESE CLASSIC .com

## အခန်း (၁)

# ပြေးမလွတ်သူ

တစ်နေ့သ၌ ...

မန္တလေးမြို့ ကျုံးအနီး ရွှေတိုက်ဝင်းအတွင်း၌ ဇာတ်မင်းသားဦးဘိုးစိန်နှင့် ဇာတ်မင်းသမီး ကောလိပ်စိန်တို့တွဲဖက်ကကြမည်ဖြစ်သဖြင့် ပွဲသဘင်ဆိုလျှင် လွန်စွာနှစ်သက်သော မန္တလေးမြို့တော်သူ၊မြို့တော်သား ပွဲကြိုက်ခင်၊ ပွဲကြိုက်မောင်တို့သည် ညဦးသန်းခေါင်ယံကတည်းက ပွဲခင်းသို့ အုန်းအုန်းကျွက်ကျွက် စုဝေးရောက်ရှိလာကြလေ၏။

ရွှေတိုက်ဝင်းအတွင်း၌ ခမ်းနားစွာတည်ဆောက်ထားလေသော ရွှက်ထည်ရုံကြီးမှာ အာလာဒင်မီးအိမ်များ ထိန်ထိန်ညီးထွန်းညှိထားသဖြင့် ဦးဘိုးစိန်ဇာတ်သဘင်အဖွဲ့၏ အခမ်းအနား



www.burmeseclassic.com

www.burmeseclassic.com



အား မြင်သူတိုင်းက ချီးမွမ်းအံ့ဩမဆုံးရှိကြလေ၏။

တကယ်တော့ ရှေးယခင်က မြန်မာ့ဇာတ်သဘင်တို့မှာ ခနိမိုး သို့မဟုတ် ထရံမိုး၊ ထရံကာဇာတ်ရုံများဖြင့်သာ ရုံသွင်း ကပြလေ့ရှိရာ ယခုမူ အိန္ဒိယနိုင်ငံ၊ မဒရပ်မြို့ရှိ 'ကန်ပိုကွန်တင်' ကုမ္ပဏီမှ (၉၈၀၀၀/–) ပေးကာ မှာကြားဝယ်ယူခဲ့သည့် ရွက်ထည် ရုံသစ်ကြီးဖြင့် တခမ်းတနား ကပြသည့်အပြင် ရှေးယခင်ဇာတ် ရုံများမှာကဲ့သို့ ဝါးစေ့မီးခွက်၊ ရေနံချေးမီးခွက်များကို မသုံးဘဲ အာလာဒင်မီးအိမ်များကို ထိန်ထိန်ညီးထွန်းညှိထားလေရာ ရွှေ ပွဲလာညွှေ့ပရိသတ်များမှာ ...

"ငါတို့ ... ဘိုးစိန်ကြီးကတော့ တခမ်းတနားကို တီထွင် ကပြတာပဲဟေ့"

"ဒီလိုရွက်ထည်ရုံကြီးမှာ ဘိုးစိန်ကြီးကပြလို့မှ ငါတို့ မကြည့်လိုက်ရရင် တဖူနာရှော့မယ်"

ဟု အချင်းချင်းပြောကြကာ (၆)ပဲဟူသောငွေအသပြာ ကို နမျောတွန့်တိုခြင်းအလျဉ်းမရှိဘဲ လက်မှတ်ဖြတ်ပြီး ရုံတော် မင်္ဂလာအတွင်းသို့ ဝင်ကြလေ၏။

ခမ်းနားထည်ဝါလှသော ဇာတ်ရုံကြီးရှိရာ ရွှေတိုက်ဝင်း သည်လည်း ဈေးဆိုင်တန်းများနှင့် ထူးခြားစွာ စည်စည်ဝေဝေရှိ လေ၏။

ရွှေပွဲလာပရိသတ်တို့သည် ရွက်ထည်ရုံကြီးအတွင်းသို့

---

ခု နစ် စဉ် ကြယ် စာ ပေ



ခြေချကာ ကြော့ကြော့မော့မော့ဝင်ရောက်မိသည်တွင် ရုံအတွင်း မှ ဇာတ်ခုံအဆင်အပြင်မှာလည်း လွန်စွာခမ်းနားလျက်ရှိသည် ကိုမြင်ရပြန်ရာ ရင်သပ်ရှုမောမဆုံး ဖြစ်ရပြန်လေ၏။

ဇာတ်ခုံ၏ပုဏ္ဏားကွယ်တို့ဝယ် ပန်းရောင်လိုက်ကာများ ချထားပြီး ပြည်ဖုံးကားကြီးမှာကား အနီရင့်ရောင် ကတ္တီပါလိုက် ကာကြီးဖြစ်သဖြင့် အာလာဒင်မီးအိမ်တို့၏ အလင်းရောင်အောက် ဝယ် ဖိတ်ဖိတ်လက် တောက်ပလျက်ရှိလေ၏။

ဇာတ်ခုံနဖူးစည်းကိုလည်း အနီရဲရဲကတ္တီပါလိုက်ကာစကို အတွန့်အတွန့်များပြုလုပ်တပ်ဆင်ထားရာ ယင်းနဖူးစည်း၊ ပြည် ဖုံးကားနှင့် ပုဏ္ဏားကွယ်လိုက်ကာတို့မှာ ဖျပ်ဖျပ်လက်တောက်ပ သားနားလျက်ရှိလေ၏။

ယင်းအပြင် ဦးဘိုးစိန်ဇာတ်သဘင်အခင်းအကျင်းထူး ခြားမှုမှာ ဆိုင်းဝိုင်းကို နေရာပေး,ထားရှိပုံပင်ဖြစ်၏။

ဆိုင်းဝိုင်းကို အခြားဇာတ်အဖွဲ့များကဲ့သို့ ဇာတ်စင်၏ ရှေ့တည့်တည့်တွင် မထားချေ။ ယင်းသို့ထားရှိပါက ဆိုင်းဝိုင်း သည် ပရိသတ်ကိုနောက်ပြန်ကျောပေးနေသဖြင့် မတင့်တယ်ဟု ဦးဘိုးစိန်ကယူဆကာ ဆိုင်းဝိုင်းကို ဇာတ်ခုံဘေး၌နေရာချထားရာ ဇာတ်စင်ကို ပရိသတ်ရှင်းရှင်းလင်းလင်းမြင်ရလေ၏။

ဦးဘိုးစိန်ဇာတ်သဘင်အဖွဲ့၏ မင်္ဂလာဆိုင်းဝိုင်းမှာလည်း ခမ်းနားကြီးကျယ်သည်သာ ဖြစ်ပါ၏။

---

ခု နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်းဝိုင်းမှာ မှန်စီရွှေချပိုင်းဖြစ်ပြီး မှန်ပတိုင်း၊ ပတ္တမထမ်း၊ နဂါးခေါင်း မှန်စီရွှေချများ၏ မှန်ရောင်၊ ရွှေရောင်တို့မှာ အာလာဒင်မီးအိမ်တို့၏အလင်းရောင်အောက်ဝယ် ဖျပ်ဖျပ်လက်လျက် ရှိလေ၏။

ဤသို့ဤနှယ် ခမ်းနားတင့်တယ်လျက်ရှိသော ဇာတ်ရုံ၊ ဇာတ်ခုံ၊ ဆိုင်းဝိုင်းတို့ကို ရွှေပွဲလာညဉ့်ပရိသတ်အပေါင်းက ရင်သပ်ရှုမော အံ့သြချီးကျူးစွာ သဘောတကျကြည့်နေလျက်ရှိကြသော်လည်း ဂရိတ်ကုတ်အင်္ကျီရှည်ကြီးများဝတ်ဆင်ကာ သက္ကလတ်ဦးထုပ်တို့ကို ခပ်ငိုက်ငိုက်ဆောင်းထားကြသည့် မျက်နှာသွင်ပြင် တင်းမာခက်ထန်လျက်ရှိသောလူသုံးဦးသည်ကား ဇာတ်ရုံ၊ ဇာတ်ခုံ၊ ဆိုင်းဝိုင်းတို့၏ အလှအပပသာဒကို ဂရုစိုက်ဟန်မရှိကြဘဲ ပွဲခင်းထဲ၌ တစ်စုံတစ်ဦးကိုသာ ကျီးကန်းတောင်းမှောက်ကြည့်ရှုရှာဖွေလျက်ရှိကြတော့၏။

"ဟော့ . . . ဘထင် မျက်စိကိုလျှင်လျှင်ထား၊ တွေ့လို့ကတော့ မလွှတ်စေနဲ့"

ဟု တစ်ဦးက အံကြိတ်ကာတီးတိုးသတိပေးလိုက်ရာ နောက်တစ်ဦးကလည်း လေသံတိုးတိုး မာဆတ်ဆတ်ဖြင့် တုံ့ပြန်လေ၏။

"စိတ်ချပါ ရွှေမိုးရာ . . . သင်းကိုတွေ့လို့ကတော့ ကြက်ကလေး၊ငှက်ကလေး လည်လိမ်ချိုးသလို လိမ်ချိုးပြီးတော့ကို ဖမ်းမှာ"





တတိယလူကလည်း ကြောင်နက်စီးကရက်ကို နှုတ်ခမ်းထောင့်မှာခဲရင်း သူ့အဖော်နှစ်ဦးအနီးသို့ တိုးကပ်လိုက်ကာ သတိပေးလိုက်လေ၏။

"သင်းကိုဖမ်းတာအရေးမကြီးဘူး . . . သင်းနဲ့အတူ ဟိုပစ္စည်းကိုပါ ပြန်ရမှ အစ်မတော်ကြီးက ကျေနပ်မှာနော်"

"ဟုတ်ပါတယ် ကျောက်ဖားရယ်၊ ကဲ . . . ကဲ . . . ဒီရုံထဲမှာတော့ မတွေ့ဘူး၊ ရုံအပြင်ဈေးတန်းဘက် လျှောက်ကြည့်ကြစို့"

ထို့နောက် ထိုဂရိတ်ကုတ်အင်္ကျီနှင့်လူသုံးဦးသည် ရုံအတွင်းမှ အလျင်စလို ပြန်ထွက်သွားကြလေ၏။

ည (၉)နာရီကျော်၌ ရွာစားဆရာဖေ၏သား ဆိုင်းဆရာမောင်ကလေး(ခေါ်) စိန်ပေဒါမှ ညှို့ခံတီးလုံးတီးအပြီးဝယ် ယင်းရှေးဇာတ်တို့၏ထုံးစံသမားစဉ်အတိုင်း နတ်များကို ပူဇော်ပသကာ နတ်ကတော်၏အခန်းကဏ္ဍဖြင့် ပွဲစတင်ထွက်လေ၏။

ပွဲထွက်ပြီဆိုသည်နှင့် ဇာတ်ခုံရှေ့မှာ ကျန်ရှိနေသေးသည့်လူများပါ လက်မှတ်များကိုယ်စီကိုင်လျက် ဇာတ်ရုံထဲသို့ သူ့ထက်ငါ လျှင်လျှင်သွက်သွက်ဝင်သွားကြရာ ဇာတ်ရုံရှေ့နှင့် ပွဲဈေးတန်းဝယ် လူသူအတော်ပါးသွားလေတော့၏။

ကျီးကန်းတောင်းမှောက်ရှာဖွေနေကြသူ ဂရိတ်ကုတ်



www.burmeseclassic.com

www.burmeseclassic.com



အကျိုးနှင့်လူသုံးဦးသည်လည်း လူရှင်းသွားသည့်တိုင် သူတို့ရှာဖွေနေသူကိုမတွေ့ရာ ခေါင်းမီးတောက်လျက် ကြိတ်မနိုင်ခဲမရ ဖြစ်နေကြလေ၏။

ဇာတ်အဖွဲ့ကား အပျိုတော်(၁၂)ခန်းပင်ပြီး၍ ဝန်တို့ထွက်ကာ ဇာတ်ပန္နက်ပင် ရိုက်လျက်ရှိပြီ။ ကျိုးကန်းတောင်းမှောက်တို့ကား ဇာတ်ရုံရှေ့ဝယ် ယောင်ချာချာဖြစ်နေဆဲ။

''သင်း ... ဒီရွှေတိုက်ဝင်းထဲ လုစ်ခနဲဝင်သွားတာတွေ့လို့ ကျိုးဘက်ကပါမကျန် ငါတို့လူတွေ လူဖြန့်ပြီးဝိုင်းထားပြီးပြီကွ၊ သင်း ... ဇာတ်ရုံရဲ့ဝန်းကျင်မှာ ရှိကိုရှိရမယ်၊ ကျောက်ဖား ... လာ ... ဇာတ်ရုံဘေးဘက် ပတ်ရှာကြည့်ရအောင်''

ရှက်ထည်ဇာတ်ရုံကြီး၏ရှေ့ဝယ် အာလာဒင်မီးအိမ်တို့ကို ထိန်ထိန်ညီးထွန်းညှိထားသော်လည်း ရှက်ထည်ရုံကြီး၏ နံဘေးတို့မှာ မှောင်ရိပ်ကျလျက်ရှိလေ၏။

ပြီးတော့ ... ရုံအနီးဝန်းကျင် ပေနှစ်ဆယ်ခန့်မှာသာ မြေပြင်ကိုရှင်းလင်းထားသဖြင့် ချုံနွယ်ပိတ်ပေါင်းတို့ ကင်းရှင်းသော်လည်း ရုံနှင့်ခပ်လှမ်းလှမ်းရှိ ညဥ့်မှောင်ရိပ်စိုးမိုးသည့် သက်တမ်းရင့် ကုက္ကိုပင်ကြီးများ၊ မန်ကျည်းပင်ကြီးများ၏အောက်ဝယ် ချုံနွယ်ပိတ်ပေါင်းတို့ရှိလေရာ ထိုချုံနွယ်အကြားသို့ ကျောက်ဖား၊ ရွှေမိုးနှင့် ဘထင်တို့သုံးဦးမှာ တိုးဝင်ရှာဖွေခြင်းပြုကြလေ၏။

ဦးဘိုးစိန်၏ဇာတ်ပွဲမှာမူ အရှိန်ကောင်းကောင်းဖြင့် ဆက်





လက်ကပြလျက်ရှိရာ ယိမ်းသမတို့ပွဲထွက်ပြီးနောက် အော်ပရာဇာတ်လမ်းတို့ပင် တင်ဆက်လို့နေပြီဖြစ်၏။

''တောက် ... ရှာတာလည်း မှူးနောက်နေပြီကွာ၊ ဗိုက်တောင်ဆာလာပြီ''

ဘထင်က ချုံပုတ်ကြီးတစ်ခုအတွင်း ဝင်ရောက်ရှာဖွေဟန်ပြင်လိုက်ပြီးမှ ကျောက်ဖားကိုလှည့်ကြည့်လိုက်ပြီး ...

''ဟုတ်ပါ့ကွာ၊ မုန့်ဈေးတန်းဘက်မှာ တစ်ခုခုသွားစားကြရအောင်၊ ညဥ့်ဝက်တောင်ကျော်လာပြီ၊ ဗိုက်ကလည်း ဆာပြီကွ''

သို့ဖြင့် သူတို့သုံးဦးသည် ရှာဖွေခြင်းကိုခေတ္တရပ်နားလိုက်ကာ မုန့်ဈေးတန်းဘက်သို့ထွက်ခွာသွားရာ ကျောက်ဖား၏နောက်ဘက်ဝယ် ကျန်ရစ်ခဲ့သော ချုံပုတ်ကြီးအတွင်းမှ လူတစ်ဦး၏ ဦးခေါင်းတစ်လုံးပြူထွက်လာပြီး ထိုလူသည် ကျောက်ဖားတို့၏ ကျောပြင်ကို ငေးကြည့်လျက်ရှိလေ၏။

ပြီးတော့ ထိုသူသည် ချုံထဲမှ ကုန်းကုန်းကွကွဖြင့် လှမ်းထွက်လာပြီးသော် ဘေးဘီကို ကျိုးလန့်စာစား ဝေ့ဝိုက်ကြည့်ပြီးနောက် ရွှေတိုက်ဝင်း၏အပြင်ဘက်သို့ထွက်ခွာနိုင်ရန် သစ်ပင်မှောင်ရိပ်တို့ကိုခိုရင်း ခပ်သွက်သွက်လှမ်းလာရာ ...

''ဟာ ... ရှေ့ ... ရှေ့မှာလည်း 'ကြီးယက္ခ'ဂိုဏ်းသားတွေပါလား၊ ကောင်း ... ငါ ဒီရွှေတိုက်ဝင်းထဲဝင်သွားတာ တွေ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်လို့ ဒီဝင်းကြီးကို နံဘေးပတ်ပတ်လည်က ဝိုင်းထားပြီး ဟိုသုံးယောက်က အထဲမှာလိုက်ရှာနေကြတာပဲ ဖြစ်ရမယ်''

ထိုသူသည် ယင်းသို့တွေးတောပြီးနောက် လှမ်းလက်စ ခြေလှမ်းကိုရပ်ကာ နောက်ကြောင်းပြန်လှည့်ပြီး သူ့အတွက် လောလောဆယ်အတန်ငယ်လုံခြုံသော ချုံပုတ်များအတွင်း ပြန်လည်ခိုအောင်းရပြန်လေ၏။

အတန်ကြာသည်ရှိသော် ပွဲဈေးတန်းဘက်မှ ကျောက်ဖားတို့သုံးဦးမှာ သည်မှာဘက်ချုံပုတ်များဆီသို့ ဦးတည်လျှောက်လှမ်းလာတော့၏။

လဆန်းလသည်လည်း တိမ်မြုတို့ကြားမှ ထွက်ပြူလာရာ သည်မှာဘက်ချုံပုတ်များအပေါ် ဘော်ငွေရောင်အလင်းမျှင်တို့ ကျရောက်လာတော့၏။

ချုံပုတ်ထဲမှလူသည်ကား လရောင်ဖြင့် ကျောက်ဖားတို့လာနေသည်ကိုတွေ့ရရာ ...

''ဟာ ... သူ ... သူတို့ ဒီဘက်ကချုံတွေကြားထဲဝင်ရှာဦးမှာလား ... မဖြစ်ချေဘူး၊ ငါ ဟိုဘက်ပြေးမှ''

သူသည် မျောက်မီးခဲကိုင်မိသလို ပျာယီးပျာယာဖြစ်လျက်မှ ချုံပုတ်တို့ကိုကျော်ဖြတ်ပြီး ဇာတ်ရုံနောက်ဘက်သို့ ဦးတည်ပြေးလေ၏။

''ဟာ ... ဟော့ ... ဟိုမှာ လူရိပ်တစ်ခု ချုံထဲက





ထွက်ပြေးသွားပါလားကွ''

''ဟုတ်တယ်၊ အဲဒါ ဟိုသတ္တဝါပဲဖြစ်မယ်၊ လိုက် လိုက်''

ကျောက်ဖားတို့လူစုမှာ ချုံပုတ်တို့ကိုကွေ့ပတ်ပြီး လိုက်လေရာ ရှေ့မှပြေးသွားသူမှာ မှောင်ရိပ်ကျနေသောရုံနောက်ပိုင်းသို့ ပြေးဝင်သွားသည်ကို သူတို့ ရိပ်ခနဲမြင်လိုက်ရတော့၏။

''ဟာ ... ဟိုကောင် ရုံထဲဝင်ပြေးသွားပြီကွ''

ယင်းအချိန်ဝယ် ဇာတ်မင်းသားဦးဘိုးစိန်သည် 'သုခနု' ဇာတ်ကို ခင်းကျင်းကပြလျက် ရှိလေ၏။

'ပျံ့ရှင်းရဂုံ ... ထုံမွှေးအေးသန့်စွာ ... ပြာပြာတိမ်လွှာတွင်းငယ်သာ .. လျှပ်ဝင်းဖြာသလို .. နတ်ယမင်းသူဇာ .. ဖြူညိုပြာပန်းကြာနွယ် .. မြရည်လျှံကျင်း .. သီတာဒကကန်တော်တွင်း .. ရနံ့စုံပျံ့သင်း .. ဟင်း .. ဟင်း .'

ဦးဘိုးစိန်က မည်သူမျှမရနိုင်သော မေးရိုက်သံလေးဖြင့် ဆိုရိုးရှိသည့် (၅)ပေါက်သံမက (၆)ပေါက်သံသို့တင်ကာ သီဆိုလိုက်ရာ ပွဲခွင်တစ်ခုလုံး ငြိမ်ကျသွားပြီး ပရိသတ်ကြီးမှာ စိန်ဗေဒါ၏ ဆိုင်းချက်နှင့်အညီ ဦးဘိုးစိန်၏ အဆို၊ အပြော၊ အကတို့ဝယ် နစ်မြောစွာ ဈာန်ဝင်စားလျက်ရှိကြလေတော့၏။

ဇာတ်ရုံ၏နောက်ပေါက်ဝယ် အစောင့်ကျနေသော ရုံစောင့်ဦးဘတူမှာမူ ကြားနေကျဇာတ်အသံတို့ကို နားလျှံနေသူဖြစ်ရကား သူစိတ်ဝင်စားရာ (ခိုးဝှက်ထားသည့်) ချက်အရက်



www.burmeseclassic.com

www.burmeseclassic.com



ပုလင်းကိုသာ အာရုံထားပြီး ဝှက်ထားရာအိမ်သာအနီးရှိ ချုံပုတ်ငယ်အောက်မှာ သွားယူလေ၏။

ယင်းသို့ ရုံစောင့်ဦးဘတူအလစ်မှာပင် ညလူမှာ ရုံနောက်ပေါက်မှ လှစ်ခနဲဝင်ပြေးခဲ့ခြင်းဖြစ်တော့၏။

သူသည် ဇာတ်ရုံထဲသို့ရောက်ရောက်ချင်း လိုက်ကာတို့ကာရံကာပိုင်းခြားထားသည့် ဇာတ်မင်းသမီးများ၊ ယိမ်းသမများ၏ အခန်းအကန့်များကြားမှ ဖြတ်ဝင်ကာ ဇာတ်ရုံ၏နောက်ကျောသို့ ရောက်ရှိသွားပါတော့၏။

"ဟဲ့ . . . ဒီနားကဖြတ်သွားတာ ဘယ်သူတုံး"

ယောက်ျားတစ်ဦး၏ အရိပ်မြင်သဖြင့် ဇာတ်သမတစ်ဦးက မိတ်ကပ်လိမ်းခြယ်နေရင်းမှ လှမ်းအော်လိုက်ရာ ညလူမှာ ထိတ်ထိတ်ပျာပျာဖြစ်သွားပြီး မင်းသမီးတို့၏ အခန်းကန့်လန့်ကာများအကြားဝယ် ကြာရှည်မနေရဲသဖြင့် ဇာတ်ခုံပေါ်သို့တက်ပုန်းရန် ကမန်းကတန်းကြိုးစားတော့၏။

ထိုစဉ် ရုံနောက်ပေါက်မှ ဆဆူဆူညံညံအသံတို့ကို ညလူနှင့်အတူ ဇာတ်သူဇာတ်သားတို့ ကြားရလေ၏။

"ဟေ့လူတွေ . . . ဟေ့လူတွေ . . . ဒါဘာလုပ်တာလဲ၊ ရုံထဲကို အပြင်လူတွေ ဒီနောက်ပေါက်ကနေ ဝင်ခွင့်မရှိဘူးဗျ"

ရုံနောက်ပေါက်စောင့် ဦးဘတူ၏ ငေါက်ဆတ်ဆတ်အသံနှင့်အတူ ကျောက်ဖားတို့၏ ရေးကြီးသုတ်ပျာအသံကိုပါ





ကြားရလေ၏။

"ကျုပ်တို့ လူတစ်ယောက်ရဲ့နောက်ကို လိုက်နေတာဗျ၊ အဲဒီလူက ရှူးနေတာ၊ သူ့ကိုပြန်ဖမ်းပြီး စိတ်ကျန်းမာရေးဆေးရုံပို့ရမှာ . . . သိရဲ့လား၊ အဲဒီလူဟာ ခင်ဗျားတို့ရဲ့ဇာတ်ရုံထဲ ဝင်ပြေးသွားလို့ ကျုပ်တို့ ဝင်ဖမ်းကြမလို့ဗျ"

"ဗျာ . . . အရူး . . . အရူးဟုတ်လား"

"ဟုတ်တယ် . . . အရူး၊ ခင်ဗျားတို့ဇာတ်ရုံထဲ ဝင်ပြေးသွားတာမြင်လိုက်လို့ လိုက်လာတာဗျ"

"ဟာ . . . ဒါဆို သွား . . . သွား၊ ခင်ဗျားတို့ရဲ့အရူးကို ခင်ဗျားတို့ဘာသာ ပြန်ဖမ်းသွားပါဗျာ၊ အရူးဝင်မွှေရင်တော့ ကျုပ်တို့ဇာတ်အဖွဲ့ ကမောက်ကမဖြစ်တော့မှာပဲ၊ တောက် . . . အရူးကလည်း ဘယ်အချိန် ရုံထဲဝင်သွားသလဲမသိပါဘူး၊ ဇာတ်ဆရာသာသိရင် ငါတော့ ထမင်းအိုးကွဲတော့မှာပဲ"

ပြူးပြူးပျာပျာပြောရင်း ရုံစောင့်ဦးဘတူက တားဆီးနေရာမှ ဖယ်ပေးလိုက်သည်နှင့် ကျောက်ဖားတို့လူစုမှာ ရုံပေါက်မှ ပြေးဝင်ကာ အရူးဆိုသူကို ပြူးတူးပြဲတဲရှာလေ၏။

ထိုစဉ် အရူးဟုကင်ပွန်းတပ်ခံရသူ ညလူကလည်း ကျောက်ဖားတို့ ဇာတ်ရုံထဲဝင်လာပြီဆိုသည်နှင့် ကယောင်ချောက်ချားဖြစ်ကာ ရင်ဆို့ခန့်မြင့်သော ဇာတ်ခုံပေါ်သို့ အတင်း ကုတ်တွယ်တက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ဘူး ... ဇာတ်ရုံပေါ်က လိုက်ကာတွေကြားထဲ ပြေးဝင်ပုန်းမှ"

သူသည် ကမန်းကတန်း ကုန်းကုန်းကွကွဖြင့် ဇာတ်ခုံပေါ်ကုန်းရုန်းတက်စဉ် သူ၏အင်္ကျီရင်ဘတ်ကြားမှ ကတ္တီပါအိတ်နီနီလေးမှာ ဇာတ်ခုံကြမ်းပြင်ပေါ်သို့ထွက်ကျသွားရာ ဒုတ်ခနဲ အသံမြည်သွားသည်ကိုထောက်ရှုခြင်းဖြင့် ယင်းအိတ်နီနီလေးထဲဝယ် မာကျောသော တစ်စုံတစ်ရာပါလာဟန်တူလေ၏။

ညလူသည် ဇာတ်ခုံပေါ်သို့ရောက်သွားပြီဖြစ်သော်လည်း ရုတ်တရက်မထနိုင်သေးသလို သူ့အင်္ကျီရင်ဘတ်ကြားမှ ကတ္တီပါရှုံ့အိတ်နီနီလေး ထွက်ကျသွားသည်ကိုလည်း သတိထားမိပုံမရချေ။ ထိုစဉ် သူ၏နောက်ဘက် ဇာတ်ခုံအောက်မှ တစ်စုံတစ်ဦးက သူ၏ခြေထောက်တစ်ချောင်းကို ရုတ်တရက် ဆွဲချတော့၏။

"တွေ့ပြီဟေ့ ... လာ"

"ဟော့ ... လွှတ် ... လွှတ်"

ထိုသူသည် ရုန်းရင်းကန်ရင်းဖြင့် ဇာတ်ခုံအောက်သို့ နောက်ပြန်ပြုတ်ကျသွားပါတော့၏။

'ဘုံး ...'

ဇာတ်စင်ပေါ်၌ အတင်းအဓမ္မဆွဲချခံရသူမှာ မြေကြီးပေါ်သို့ မသက်မသာပြုတ်ကျသွားရပြီး မီးညှောင့်ရိုး နာသွားရချေ၏။

"အား ... အား"





"ဟော့ကောင် အားအားအော်မနေနဲ့၊ လာ လိုက်ခဲ့စမ်း"

ကျောက်ဖားတို့လူစုက ထိုလူ့ကို ဝိုင်းဝန်းချုပ်နှောင်ပြီး ဇာတ်ရုံအပြင်ဘက်သို့ အတင်းဆွဲခေါ်သွားတော့ရာ ကြောက်အားလန့်အားဖြင့် အော်ဟစ်ရုန်းကန်တော့၏။

"လွှတ် ... လွှတ်"

"ကယ်ကြပါဦးဗျာ ... ကယ်ကြပါဦး၊ ဒီလူတွေက လူဆိုးတွေပါ၊ ကျွန်တော့်ကို သတ်ပစ်မလို့ ဖမ်းခေါ်နေကြတာပါ၊ ကယ်ကြပါဦးဗျာ"

ရုန်းရင်းဆန်ခတ်အော်သံကြောင့် ဇာတ်သူဇာတ်သားတို့မှာ သူတို့အနီးသို့ ဝိုင်းလာကြတော့၏။

ဇာတ်စင်၏ရှေ့ပိုင်းမှ သုခနေဇာတ်ကပြနေသော သုခနေမင်းသားအဖြစ်သရုပ်ဆောင်သည့် ဇာတ်မင်းသားကြီးဦးဘိုးစိန်၊ ကိန္နရီမလေး မနော်ဟရီအဖြစ်သရုပ်ဆောင်သော မင်းသမီးကောလိပ်စိန်နှင့် ပုဏ္ဏရိကမုဆိုးအဖြစ်သရုပ်ဆောင်သည့် လူကြမ်းကြီး စိန်ပေါက်တူးတို့မှာမူ ဆိုင်းသံဗုံသံများကြောင့် ဇာတ်စင်နောက်ပိုင်းဝယ် ရုတ်ရုတ်သဲသဲဖြစ်နေသည်ကို စိုးစဉ်းမျှမသိကြဘဲ ဇာတ်ကိုသာ အာရုံဝင်စားစွာ ကပြလျက်ရှိကြလေ၏။

ဦးခေါင်းထိပ်ရှေ့ပိုင်းဝယ် ဆံထုံးကြီးထုံးပြီး ပဝါနီဖြင့်စည်းပတ်ကာ ပါးနှစ်ဖက်၌ ပါးကွက်ကြားလိမ်းထားသော လူကြမ်းကြီးစိန်ပေါက်တူးမှာ မုဆိုးကြီးအသွင်ထက် လူသတ်သမား



www.burmeseclassic.com

www.burmeseclassic.com



အာဏာပါးကွက်သားနှင့် ပိုတူနေ၏။ သူသည် ရင်ကွဲဖျင်အကျီ ကြမ်းကို ဝတ်ထားပြီး ခါး၌ဝတ်ဆင်ထားသည့် ပုဆိုးကြမ်းကွက်တုံးကြီးကိုလည်း ခါးတောင်းကျိုက်ထားရာ သူ၏ဆေးမင်ကြောင် ဒူးကျနှင့် ပေါင်လုံးတုတ်တုတ်ကြီးတို့မှာ ပေါ်ထင်လျက်ရှိလေ၏။

ရုပ်ဆိုးဆိုး၊ ဝဝထွားထွား အနီလူကြမ်းကြီး စိန်ပေါက်တူးမှာ သုမနေဇာတ်ဝယ် ပုဏ္ဏရိကမှုဆိုးအဖြစ် သရုပ်ဆောင်ရသည်ဖြစ်ခြင်းကြောင့် မြားကျည်တောက်နှင့် လေးကိုင်းတို့ကို ကျောနောက်ဝယ် သိုင်းလွယ်၍လည်းကောင်း၊ ကိန္နရီမလေး ကောလိပ်စိန်အားဖမ်းဆီးရန် ဒိဗ္ဗပါသနဂါးပတ်ကျော့ကွင်းကို လက်တစ်ဖက်၌ စွဲကိုင်၍လည်းကောင်း ပတ်မတီးချက်နှင့်အတူ တောတောင်ပန်းချီကားရှေ့သို့ ပုဏ္ဏားကွယ်မှခုန်ပေါက်ထွက်လာပြီးလျှင် မြေပြင်သို့ ခြေဆောင့်ဟန်ပြုကာ ကြိမ်းဝါးလေ၏။

''ငါဟဲ့ ယောက်ျား ․․ ဒြပ်စွယ်စုံ ․․ ရွယ်အဟုန်ဂုဏ်အထိကရ ․․ နယ်အစုံအကုန်သိကြတဲ့ ․․ ပုဏ္ဏရိကမှုဆိုးတဲ့နော်''

'ပေပုံထိ ․․ ပေပုံထိ ․․ ထိ ․․ ထိ ․․ ထိ'

ရွာစားစိန်ပေဒါ၏ ဆိုင်းချက်နှင့် မုဆိုးကြီးပုဏ္ဏရိက၏ အဆိုအပြောသရုပ်ဆောင်ချက်ဝယ် ․․․ စွဲငြိနေကြသော ပရိသတ်ကြီးသည်လည်း ဇာတ်ရုံနောက်ပိုင်းမှ ပဋိပက္ခကိုမသိကြ။

''ကျုပ် ․․․ ကျုပ်ကို ကယ်ကြပါဗျာ၊ သူတို့ ကျုပ်ကို ခေါ်သွားပြီး သတ်ပစ်ကြမှာပါ၊ ကျုပ်ရဲ့အစ်မကို သူတို့ သတ်ပြီး





ပြီ ․․․ ကယ်ကြပါဗျာ''

ညလူသည် ကျောက်ဖားတို့လက်တဲဝယ် အော်ဟစ်ရုန်းကန်ရင်း အနီးအပါးသို့ပိုင်းအုံလာကြသည့် ဇာတ်သူဇာတ်သားတို့ကို မျက်ရည်လည်ရွဲဖြင့် အကူအညီတောင်းရှာလေ၏။

''ဟော့လူတွေ ․․․ သူကကျုပ်ရဲ့ညီဗျ ․․․ ရူးပြီး အိမ်ကထွက် ပြေးသွားတာ၊ အိမ်မှာမွေးထားတဲ့ ကြောင်ကြီး ရွှေကြာရဲ့လည်ပင်းကို ဓားနဲ့လှီးသတ်ပြီး ထွက်ပြေးသွားလို့ ကျုပ်တို့ကလိုက်ဖမ်းရင်း စိတ်ကျန်းမာရေးဆေးရုံပို့မလို့ဗျ''

ရွှေမိုးက ခပ်တည်တည်ဖြင့် ဇာတ်သူဇာတ်သားတို့ကို ပြောလိုက်ရာ ဇာတ်သူဇာတ်သားတို့မှာ မျက်လုံးပြူးကုန်ပြီး ․․․

''ဟာ ․․․ ဒီလိုစိတ်ဖောက်ပြီး ဟိုသတ်၊ဒီသတ်လုပ်နေတဲ့သူကို မြန်မြန်ခေါ်သွားပါဗျာ၊ မြန်မြန်ခေါ်သွားကြပါ''

''ဟုတ်ပါရဲ့ရှင် ․․․ ရှင်တို့ပြောတာနဲ့တင် ကျွန်မတို့ လည်ပင်းယားလာပြီ ․․․ ခေါ်သွားကြပါ၊ စိတ်ကျန်းမာရေးဆေးရုံ ပို့စရာရှိ မြန်မြန်ပို့လိုက်ကြပါ''

''ဟာ ․․․ ကျုပ်မရူးဘူးဗျ ․․․ မရူးဘူး၊ ဒီလူတွေက လူဆိုးတွေ ․․․ ကျုပ်ကိုထောင်ချောက်ဆင်ပြီး ဖမ်းကြတာဗျ၊ ကယ်ကြပါဦးဗျာ''

ညလူ၏အသံကား စိန်ပေဒါ၏လက်သံအောက်ဝယ် ပျောက်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဗေပုံ ‥ ထီ ‥ ထီ ‥ ဗေပုံ ‥ ထီ ‥ ထီ'

ဓာတ်စင်ရှေ့မှ ဓာတ်ခုံပေါ်ဝယ် ပုဏ္ဏရိကာဘီလူးသည်လည်း ကိန္နရီမလေးမနော်ဟာရီကို 'ဒိဗ္ဗပါသ' နဂါးပတ်ကျော့ကွင်းဖြင့် ပစ်ဖမ်းရန် ကျားချောင်း,ချောင်းလျက်ရှိလေ၏။

"ကဲ ‥ ကံအလှည့်ရောက်ပြီမို့ ‥ ပြောနေကြာတယ် ‥ ဒိဗ္ဗပါသ နဂါးပတ်ကျော့ကွင်းနဲ့ ‥ အသော့အပြင်း လွှတ်လိုက်မယ် ‥ တမွတ်နန်းနွယ်မဏိ ‥ တကာယ်ပင် မိရော့လဟာယ်'

ပုဏ္ဏရိကမုဆိုးကြီးက နဂါးပတ်ကျော့ကွင်းဖြင့် ပစ်ဖမ်းလေရာ မနော်ဟာရီအဖြစ် သရုပ်ဆောင်သော မင်းသမီးကောလိပ်စိန်၏ လက်ဝဲဘက်လက်ကောက်ဝတ်၌ ကျော့ကွင်းစွပ်လေ၏။

'ဗေ ‥ ထီ ‥ ထီ ‥ ထီ'

"ကျွန်တော့်ကိုကယ်ကြပါဗျာ ‥‥ ကျွန်တော် အရူးမဟုတ်ပါဘူး ‥‥ လွှတ် ‥‥ လွှတ်ကြ"

ဓာတ်ခုံရှေ့ပိုင်းမှ ကိန္နရီမလေး မနော်ဟာရီမှာ ပုဏ္ဏရိကမုဆိုးကြီး၏ ကျော့ကွင်းမှ မလွတ်မြောက်နိုင်သလို ‥‥ ဓာတ်ခုံနောက်ပိုင်းတွင်လည်း ညလူမှာ ကျောက်ဖားတို့လူစု၏ လက်အတွင်းမှ မရုန်းလွတ်သာဘဲ ယက်ကန်,ယက်ကန်ဖြင့် ရုံအပြင်ဘက်သို့ ပါသွားပါတော့၏။

♛ ♛ ♛ ♛ ♛

# ကျောက်စိမ်းယက္ခ

ပုဏ္ဏရိကမုဆိုးကြီးသည် ကိန္နရီမလေးမနော်ဟာရီအား နဂါးပတ်ကျော့ကွင်းဖြင့် ပစ်ဖမ်းကာ လက်ဝယ်ပိုင်ပိုင်ရရှိပြီးသကာလ ‥‥ သခင်ဖြစ်သော အိမ်ရှေ့သုဓနုမင်းသား၏ လက်သို့ 'ဝ'ကွက် ဆက်နှင်းပြီးလျှင် သူ၏တာဝန် တစ်ခန်းရပ်ပြီးဆုံးခဲ့လေတော့၏။

သို့မို့ကြောင့် ပုဏ္ဏရိကမုဆိုးလုပ်ရသူ လူကြမ်းကြီးဦးစိန်ပေါက်တူးမှာ ကားလိပ်နောက်သို့ ဝင်ခဲ့သည်ပင်။ ဓာတ်မင်းသားဦးဖိုးစိန်လည်း သုဓနုမင်းသား၏အသွင် ဈာန်ဝင်စွာဖြင့် မြင်မြင်ချင်း ချစ်မိလေသော ကိန္နရီမလေးမနော်ဟာရီကို ချစ်ရေးငင်ကြူပါလေတော့၏။

---

ခု နစ် စဉ့် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



"အို . . ဝမ်းမြောက်ရပါဘိ . . နတ်မျိုးရှင်နှယ် နှမ ငယ်လေးရယ် . . ဒီအတိုင်းဆို . . ဖင့်ဆိုင်းရန် မလိုတော့ပါ ဘူး . . . . ."

ဟု သံရှည်ဆွဲကာ မေတ္တာသက်ဝင် ချစ်စိတ်ယှဉ်မိသမျှ နှမကညာက လိုက်လျောတုံ့ပြန် သံယောဇဉ်ဖက် ရွှေလည်တွဲ ယှက်ရန် ပြောဆိုဖျောင်းဖျလျက်ရှိစဉ် မုဆိုးကြီးပုဏ္ဏရိကသည် ကားလိပ်တို့ကို ပတ်ရှောင်လျက် ဓာတ်ခုံနောက်ဘက်သို့ ရောက် လာလေ၏။

အမှန်တော့ သူ့အခန်းကဏ္ဍဓာတ်ဝင်ခန်းက ပြီးဆုံးသေး သည်မဟုတ်။ ဓာတ်မင်းသားဦးဖိုးစိန်ကြီး၊ မင်းသမီးကောလိပ် စိန်နှင့် နှစ်ပါးသွားနိုင်စေရန် အလိုက်တသိ ခေတ္တရှောင်ပေးနေ ရခြင်းသာ ဖြစ်ပေ၏။

မင်းသားနှင့်မင်းသမီး နှစ်ပါးသွားပြီးပါက မင်းသား သုခနု၏ နောက်တော်ပါးမှပါလာသော မင်းချင်းလုလင်လေးဦး နှင့်အတူ ရွှေမြို့တော်သို့ချီတက်ဟန် ဓာတ်ဝင်ခန်းတစ်ခန်းထွက် ရပေဦးမည်။

ခုတော့ မင်းသားနှင့်မင်းသမီးနှစ်ပါးသွားနေခိုက် သူ ကြိုက်လှစွာသော နွားတံဆိပ်ဆေးပေါ့လိပ်တို့ကို မီးငြိမ်းသတ်ဝှက် ထားရာ ဓာတ်ခုံနောက်ပိုင်းသို့ လျှောက်လာပြီးလျှင် ဆေးပေါ့ လိပ်တို့နှင့် နတ်သမီးသစ်သားမီးခြစ်ကို ရှာလေ၏။





"နောက်တစ်ခွင်မဝင်ခင် တစ်ဖွာနှစ်ဖွာ ဖွာဦးမှ"

သို့သော် ပုဏ္ဏရိကမုဆိုးကြီးမှာ ဆေးပေါ့လိပ်တို့နှင့် မီးခြစ်ကို မတွေ့မီ ညလူ၏ရင်ဘတ်အင်္ကျီကြားမှ ထွက်ကျခဲ့သော ကတ္တီပါအိတ်နီလေးကို ဦးစွာတွေ့လေ၏။

မီးအလင်းရောင်မှိန်မှိန်သာရှိသော လိုက်ကာကားချပ်တို့ ၏နောက်မှ နှစ်တောင်ခန့်ရှိ ဓာတ်ခုံအဆုံးနေရာလွတ် ကြမ်းခင်း ပေါ်ဝယ် ထီးထီးတည်ရှိသည့် ကတ္တီပါအိတ်နီလေးကိုတွေ့ရာ . .

"အလို . . . ဘာလေးပါလိမ့်"

ဟု တိုးတိုးမြည်တမ်းပြီးသကာလ . . .

ပုဏ္ဏရိကမုဆိုးကြီးသည် ဓာတ်ခုံကြမ်းခင်းထက်မှ ကတ္တီ ပါအိတ်နီလေးကို ကောက်ယူလိုက်လေ၏။

"အိတ်က အလေးသား၊ မာမာကျောကျောနဲ့ အထဲမှာ ဘာရှိပါလိမ့်၊ ဘယ်သူကများ ဒီအိတ်လေးကို ဒီမှာလာထား ပါလိမ့်"

ဟုတွေးဆကာ မျက်မှောင်ကြီးကြုတ်စဉ်းစားနေရာမှ . . .

အိတ်ငယ်၏အဝအား စုစည်းထားသည့်ပိုးကြိုးအခေါက် ကို ဖြည်လိုက်ရာ ရှုံ့အိတ်လေးအဝသည် ပွင့်သွားပြီး အထဲမှ အရာဝတ္ထု၏အရောင်အသွေးကို မှိန်ပျပျအလင်းဖြင့် မြင်ရလေ၏။

"ဟာ . . . ကျောက်စိမ်းရုပ်တုနဲ့ တူတယ်"

ပုဏ္ဏရိကမှဆိုးကြီးသည်ကား အံ့သြစွာဖြင့် ရှံ့အိတ်ထဲမှ ကျောက်စိမ်းရုပ်တုငယ်ကို အသာထုတ်ယူလိုက်ပါတော့၏။

စိမ်းဖန့်သော ကျောက်စိမ်းရုပ်တု၏အရောင်သည် မှိန်ပျသောအလင်းအောက်မှာပင် စိမ်းလဲ့တောက်ရွှန်းကာ လွန်စွာလှပကျက်ရှိလေ၏။

"အဲ ... ဘီလူးရုပ်တုလေးပါလား"

ထိုစဉ် ရွာသားစိန်ဗေဒါ၏ ပတ်ပိုင်းတီးသံနှင့်အတူ ဇာတ်စင်ရှေ့ပိုင်းမှ ဇာတ်ဆရာမင်းသား ဦးဖိုးစိန်၏ဆိုပြောသံကိုကြားရလေ၏။

"ဒါကြောင့် နမတော်လေးရယ် .. ခမည်းတော် .. မယ်တော်ဘုရားမြတ်နှစ်ပါးတို့ကို .. သားတော်နဲ့ ချွေးမတော်တို့မှ .. ဖူးမြော်ခစားလာပါ့မယ့်အကြောင်း ..."

မင်းသားဦးဖိုးစိန်၏ ပြောသံကြားရသည်နှင့် ပုဏ္ဏရိကမှဆိုးကြီးမှာ ဆေးပေါ့လိပ်ကိုမဖွာအားတော့ဘဲ လက်ထဲမှ ကျောက်စိမ်းဘီလူးရုပ်တုငယ်ကို ကတ္တီပါအိတ်နီလေးထဲ ခပ်မြန်မြန်ပြန်ထည့်ကာ ယင်းအိတ်လေးကို ပုဆိုးခါးပုံစထဲ ထည့်ထားလိုက်ပြီးသကာလ ပိတ်ကားတို့ကို ကွေ့ရှောင်လျက် ဇာတ်စင်ရှေ့ပိုင်းသို့ အလျားဖားလျား ပြေးထွက်လာရလေတော့၏။

"ငယ်ကျွန်ကြီး ပုဏ္ဏရိကမှဆိုးကျော်ငှဲ့ ... အရှင့်ကိုထားရစ်လို့ ဘယ်သို့သဝေထိုးနေသတုံး"





"မှန် ... မှန်ပါ့အရှင် ... ဟိုး ... ဘီ ... ဘီလူး"

သုခနေမင်းသားအဖြစ် သရုပ်ဆောင်နေသော ဇာတ်မင်းသားကြီးဦးဖိုးစိန်မှာ မူလဇာတ်တိုက်ထားရာ ဇာတ်ဝင်ခန်းတွင် မပါသော လူကြမ်းကြီးစိန်ပေါက်တူး၏နှုတ်မှ 'ဘီလူး ... ဘီလူး' ဆိုသည့်စကားကြောင့် မျက်ခုံးပင့်သွားပြီးသော်လည်း ဇာတ်ကိုစီးထားသူ ဝါရင့်သမ္မာရင့်မင်းသားကြီးပီပီ တပည့်ဖြစ်သူ လူကြမ်းကြီး တလွဲတချော်ပြောမိသည်ဟု ယူဆပြီး သဘောထားပြည့်ဝစွာ ခွင့်လွှတ်ပြုံး ပြုံးပြီးသကာလ ...

"ဟဲ့ ... ငယ်ကျွန်ကြီးရဲ့ ... နန်းငွေတောင်ကကိန္နရီညီအစ်မခုနစ်ဖော် ... ပျော်လို့ကြည်မွေ့ကာ ... စမ်းရေဇလာ ... ပန်းရွှေကြာ ... သိမ့်သိမ့်ထုံတျာ ... ဖွဲ့ကြွေးသံသာ ... သီကျူးပါလို့ ... မြူးပျော်ဖွယ်ရှိရာ ... ဟောဒီတောမြိုင်စွန်းမှာ .. အဘယ် .. ဘီလူး .. ဂုမ္ဘာန် .. ယက္ခ .. ဂန္ဓဗ္ဗကို ယောင်မှားလို့တွေ့ခဲ့သတုံးကွဲ့ ..."

ဟု သူ၏ကျော်ကြားလှသော ခြေကနှင့်အတူ အသံသာသာဟစ်ကြွေး အမေးတော်ရှိရာ ဦးစိန်ပေါက်တူးလည်း သူ့အမှားကိုသူသိပြီး ကပျာကယာပြင်ပြောရလေ၏။

"မှန် ... မှန်ပါအရှင်မင်းသား ... ငွေတောင်အုပ်စိုး .. နတ်မျိုးကိန္နရီတစ်သွင်မြတ်ကို .. စကျွမ်းသဖြင့် .. တပ်အပ်အတွေ့ .. နှလုံးကြည်မွေ့ဖွယ် .. သူမတို့ရဲ့အလုပ်ဟား

www.burmeseclassic.com



အလွန့်ကိုရှုပ်ဆိုး ... ဘီလူးမျိုးနဲ့အကျွာကြီးကျွာ ... အဟ ကြီးဟာနေတာမို့ ... အကျွန့်ရဲ့ဘဝကုသိုလ်... အတိတ်ကံမွဲမှုအပေါ် ... ယူကျုံးမရစွာ ... ပြစ်တင်ပြောဆို ... ငိုမလိုစိတ်စွဲ... မိမိကိုယ်ကို... သရဲဘီလူးလို့ ဆိုမိကြောင်းပါ အရှင်''

ဟု မနည်းဆီလျော်အောင် အခြေစကား ဆိုလိုက်ရချေတော့၏။ ဓာတ်ဆရာမင်းသားကြီးဦးဖိုးစိန်လည်း ခွင်ထဲမှာ ဓာတ်စကားမှားသွားလေသော တပည့်ကျော်ကြီး၏ အလျှောက်ကောင်းမှုကြောင့် ခွင့်လွှတ်ပြုံး ပြုံးလျက် ...

''ကဲ ... ရှိစေ ... ရှိစေမောင်မင်း ... ရွှေမြို့တော်ရွှေနန်းထက်မှ ... ငါ၏ခမည်းတော် ... မယ်တော်ဘုရား ... မြတ်နှစ်ပါးတို့၏ ... သားတော်ငါ သုဓနုမင်းသားနှင့်ချွေးမတော် မနော်ဟာရီမင်းသမီးတို့ ... ဖူးမြော်ခစား လာပါမည့်အကြောင်း ... ငယ်ကျွန်ကြီး ပုဏ္ဏရိက ဦးဆောင်ပြီး ... မင်းချင်းတို့နှင့်အတူ ဦးအောင်သွားရောက် လျှောက်တင်စေ ...''

''မှန်ပါ့ ... အရှင့်သား''

ယင်းနောက်မှာမူ ရှာသားစိန်ဖေဒါက လေပြေအတို့တီးကာ ဓာတ်အခန်းပြောင်းပါလေတော့သတည်း။

♛ ♛ ♛





မုဆိုးကြီးပုဏ္ဏရိကအဖြစ် ယနေ့ညအဖို့အသုံးတော်ခံခဲ့လေသော လူကြမ်းကြီးစိန်ပေါက်တူးမှာ သူ့တာဝန်ပြီးပြီမို့ သူ၏အိပ်ရာနေရာဖြစ်သည့် ဓာတ်စင်နောက်ပိုင်းထောင့်အစွန်ရှိ ဓာတ်သေတ္တာတစ်လုံးထက်မှ ဖျာကြမ်းပေါ်ထိုင်ကာ ဓာတ်စင်ပေါ်မှ ကောက်ရခဲ့လေသောကျောက်စိမ်းဘီလူးရုပ်ကို ငုတ်ကြည့်လေ၏။

သူ၏အိပ်ရာနေရာသော တစ်ဖက်တစ်ချက်၌ တင်းတိမ်လိုက်ကာတို့ ကာထားကာ ဓာတ်စင်နောက်ပိုင်းတွင် ထွန်းညှိထားသော အာလာဒင်မီးအိမ်မှ အလင်းရောင်သည်လည်း ဖျော့တော့စွာ ခပ်မှိန်မှိန်သာ ကျရောက်နေသည်မို့ သူ ကျောက်စိမ်းဘီလူးရုပ်တုကို ငုတ်ကြည့်နေခြင်းအား မည်သူမျှ မတွေ့မြင်နိုင်ချေ။

သူ့၏အိပ်ရာနံဘေးတွင် ခွေခွေကွေးကွေးလေး အိပ်ပျော်နေသည့် သူ့၏ရင်သွေး သားလေးမင်းလတ်သည်လည်း သူ့ကိုစပ်စုနှောင့်ယှက်ခြင်းမပြုနိုင်သည်မို့ သူက ဘီလူးရုပ်တုကို လွတ်လပ်စွာ စေ့ငုလျက်ရှိလေတော့၏။

လူကြမ်းကြီးစိန်ပေါက်တူးမှာ ဓာတ်သဘင်လောကသို့ မဝင်မီက ကချင်ဒေသ လုံးခင်နှင့် ခန္တီးဘက်မှ ကျောက်စိမ်းမှော်တို့ဝယ် ကျောက်စိမ်းတူးဖူးသဖြင့် ကျောက်စိမ်းအကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com



အတော်နားလည်ရာ အနီ့ဘီလူးရုပ် ထုဆစ်ထားသည့် ကျောက်စိမ်းအမျိုးအစားမှာ တန်ဖိုးအကြီးမားဆုံးသော မြရည်ဝင်နေသည့် ကျောက်စိမ်းအမျိုးအစားဖြစ်ပြီး တော်ဝင်နန်းသုံး (IMPERIAL JADE) ဖြစ်ကြောင်းသိလေ၏။

"အင်း . . . ဒီဘီလူးရုပ်တုရဲ့ ကျောက်စိမ်းကျောက်သားဟာ အရည်ရော, ကျောက်သားပါ ပထမတန်းစားပါလား"

ကျောက်စိမ်းအရည်ကောင်းခြင်းဆိုရာ၌ အစိမ်းရည်ဖြစ်ခြင်းသည် အကောင်းဆုံးဖြစ်ပြီး ယင်းအစိမ်းရည်ဝယ် အပြာသည်လည်းကောင်း၊ အဝါသည်လည်းကောင်း၊ အဖြူသည်လည်းကောင်း ပေါင်းစပ်နေတတ်ပါ၏။

ကျောက်စိမ်းအရည်ကောင်းတို့မည်သည် တစ်ရောင်ချင်းသော်လည်းကောင်း၊ နှစ်ရောင်ပေါင်းစပ်၍သော်လည်းကောင်း ရှိတတ်ကြရာ အကောင်းဆုံးအရည်မှာ အပြာရိပ်ခံပေါ်၌ အစိမ်းနှင့်အဝါပေါင်းစပ်ထားသော အစိမ်းရောင်ကဲနေသည့် အသွေးအရောင်အရည် ရှိရမည်ဖြစ်လေ၏။

ကျောက်သား၏ကောင်းခြင်းမှာလည်း အခြေခံအားဖြင့် သုံးမျိုးရှိရာ (၁) အပြာရိပ်သန်းသော ကျောက်သားအကြည်မှာ ပထမတန်းစားအသား ဖြစ်လေ၏။ (၂) အပြာရိပ်မသမ်းသော်လည်း ကျောက်သားအကြည်မှာ ဒုတိယတန်းစားဖြစ်ပြီး (၃) အသားကြည်လင်မှုမရှိသော အဖြူရိပ်ဝတ်ဆံအဖြူလေးများ ရော





ယှက်နေသည့်ကျောက်သားမှာ တတိယတန်းစား အညံ့ဆုံးကျောက်သားသာဖြစ်ပါလေ၏။

ဦးစိန်ပေါက်တူး၏လက်ထဲမှ ကျောက်စိမ်းရုပ်တုလေးသည်ကား ထုဆစ်ထားသည့်လက်ရာမှာ အနုပညာမြောက်သလောက် အရည်မှာ ပထမတန်းစားဖြစ်သလို ကျောက်သားမှာလည်း ပထမတန်းစားသာ ဖြစ်ပါ၏။

ဘီလူးရုပ်တုငယ်သည် မတ်တပ်ရပ်ပုံသဏ္ဌာန်ရှိပြီး လက်ယာလက်ထဲဝယ် သန်လျက်ကိုကိုင်ထားကာ လက်ဝဲလက်သီးကို ဆုပ်ထားချေ၏။

ထူးခြားသည်မှာကား ယင်းဘီလူးရုပ်တု၏ မျက်လုံးများပင်ဖြစ်ပါ၏။

မျက်လုံးနှစ်လုံးမှာ ရဲရဲတောက်လျက်ရှိရာ မျက်အိမ်ထဲဝယ် ပတ္တမြားနီနီရဲရဲတို့ကို ထည့်သွင်းမြှုပ်နှံထားချေ၏။

မျက်အိမ်ချိုင့်ခွက်ထဲဝယ် ပတ္တမြားလုံးတို့ကိုမြှုပ်နှံပြီး ကော်တစ်မျိုးဖြင့် ကပ်ထားပုံရလေ၏။

ပတ္တမြားတို့မှာ အလုံးငယ်သော်လည်း လည်သီးရည် (ခေါ်) အနီရောင်သန့်သန့် ပထမတန်းစားအရည်အသွေးမို့ အဖိုးအနဂ္ဃ လွန်စွာထိုက်မည်မှာ မလွဲပါ။

"အင်း . . . ဒီဘီလူးရုပ်တုရဲ့ ကျောက်စိမ်းအသားကလည်း အင်မတန်ကောင်း၊ ပတ္တမြားတွေကလည်း တန်ဖိုးအင်



www.burmeseclassic.com

www.burmeseclassic.com




မတန်ရှိတဲ့ ပတ္တမြားတွေဖြစ်နေတယ်၊ ဘီလူးရုပ်တုရဲ့လက်ရာကလည်း ရှေးအတော်ကျပြီး လက်ရာမြောက်လှတယ် . . .။

ဒါကြောင့် ဒီဘီလူးရုပ်တုဟာ တန်ဖိုးတော်တော်ကြီးရှိမှာပဲ၊ ဒီဘီလူးရုပ်တုဟာ ဘယ်လိုလုပ်ပြီး ဇာတ်စင်ပေါ်ရောက်နေပါလိမ့်၊ ပိုင်ရှင်ရှိရင်တော့ ငါပြန်ပေးရမှာပဲ၊ အင်း . . . မိုးလင်းမှ ပိုင်ရှင်ရှိ,မရှိ စောင့်ကြည့်ရမယ်''

သို့ဖြင့် ဦးစိန်ပေါက်တူးသည် ကျောက်စိမ်းဘီလူးရုပ်တုလေးကို ကတ္တီပါအိတ်နီလေးထဲပြန်တည့်ကာ အဝတ်သေတ္တာ၏အောက်ဆုံး၌ သေချာစွာသိမ်းဆည်းပြီး သားဖြစ်သူမောင်မင်းလတ်၏နံဘေးဝယ် ကွေးကွေးလေးလှဲအိပ်လိုက်ပါတော့၏။

♛ ♛ ♛ ♛ ♛



## မရဏသားကောင်

ဦးစိန်ပေါက်တူးမှာ နောက်တစ်နေ့နံနက် မွန်းတည့်လုမှ နိုးလာတော့၏။

ညက ညလုံးပေါက်ဇာတ်ပွဲကပြခဲ့ကြလေသော ဇာတ်သူဇာတ်သားတို့မှာလည်း သူလိုပင် နေမြင့်မွန်းတည့်လုမှ နိုးလာကြသူချည်း ဖြစ်ချေ၏။

သူ၏မိတဆိုးသားလေးဖြစ်သူ မောင်မင်းလတ်မှာမူ ဇာတ်ပွဲကိုလည်း ကြိုက်သူမဟုတ်သဖြင့် . . . ညက ပွဲမထွက်မီ ခင်းထံမှ မုန့်ဖိုးတောင်းပြီး ပွဲဈေးတန်းထဲသွားခဲ့ပြီးနောက် . . .

ပွဲထွက်ပြီး အတန်ကြာသည့်၌ ဇာတ်ခုံသို့ပြန်လာကာ အိပ်စက်ခဲ့သည်ဖြစ်ခြင်းကြောင့် အိပ်ရေးပျက်ခြင်းမရှိဘဲ စောစော



www.burmeseclassic.com

www.burmeseclassic.com



စီးစီးနိုးကာ ဖာတ်၏ထမင်းချက်အဖွဲ့ကို ဝိုင်းကူလုပ်ပေးလျက် ရှိလေ၏။

မောင်မင်းလတ်မှာ ဆယ့်လေးနှစ်သားအရွယ်ခန့်မျှ လူငယ်ကလေးပီပီ ဖင်ပေါ့သူလေးဖြစ်ရာ . . . ဖာတ်ဆရာမင်းသားကြီး ဦးဖိုးစိန်မှအစ မင်းသမီးကောလိပ်စိန်၊ လက်ထောက်မင်းသမီးများ၊ လူကြမ်း၊ ယိမ်းသမ၊ ကားဆွဲများအဆုံး သူ့ကိုပင် လက်တိုလက်တောင်းခိုင်းကြလေ့ရှိလေ၏။

မောင်မင်းလတ်ကလည်း မည်သူခိုင်းခိုင်း . . . မညည်းမညူ လုပ်ကိုင်ပေးရာ . . . ဖာတ်ဆရာကအစ ဖာတ်အဖွဲ့သားအားလုံး၏ချစ်ခင်မှုကို ခံရသူလေးဖြစ်လေ၏။

ဦးစိန်ပေါက်တူးသည် အိပ်ရာမှအထဝယ် အတန်ငယ်မှူးနောက်နောက်ရှိသည်နှင့် ခေါင်းအုံးပေါ်သို့ ခေတ္တပြန်လှဲကာ မှိန်းနေလိုက်ရသေး၏။

ယင်းသို့ မှေးနေရင်းမှ . . . သူဖာတ်စင်ပေါ်မှ ကောက်ရခဲ့သည့် ကျောက်စိမ်းဘီလူးရုပ်တုလေးအကြောင်းကို သတိရလိုက်ရာ . . . အိပ်နေရာမှကြိုးစားကာ လူးလဲထလိုက်ပြီး သူ၏အိပ်ရာနံဘေးမှ ဖာတ်သေတ္တာသော့ကို ဖွင့်လိုက်လေ၏။

ထို့နောက် သေတ္တာ၏အဖုံးကိုဖွင့်ကာ သေတ္တာအတွင်းသို့ လက်နှိုက်ပြီးစမ်းသပ်ကြည့်ရာ ကျောက်စိမ်းရုပ်တု ထည့်ထားသော ကတ္တီပါရှူးအိတ်ကို စမ်းမိသွားမှ ကျေနပ်သွားလျက်





သေတ္တာကိုပြန်ဖုံးပြီး သော့ပြန်ခတ်လိုက်တော့၏။ ပြီးနောက် သေတ္တာနံဘေးမှ ဆေးပေါ့လိပ်နှင့် ယမ်းမီးခြစ်ကို ခါးပိုက်ထဲ ထည့်လိုက်လေ၏။

ယင်းနောက် ဦးစိန်ပေါက်တူးသည် တဘက်ကိုပခုံးပေါ် တင်ပြီး ထမင်းချက်အဖွဲ့ရှိရာ ရုံအပြင်သို့ထွက်ခဲ့လေ၏။

ဖာတ်၏ထမင်းချက်အဖွဲ့မှာ ဖာတ်ရုံ၏နောက်ဘက် လက်ယာဘက် ပေနှစ်ဆယ်ခန့်အကွာအဝေးရှိ မန်ကျည်းပင်ကြီး၏အောက်ဝယ် ကျူဖျာတို့ဖြင့် တစ်ဖက်ရပ်မိုးကာ အိုးခွက်တို့ကိုထားပြီး . . . အနီးဝယ် မီးဖိုကြီးဖိုလျက် ချွေးတလုံးလုံး သံတလုံးလုံးဖြင့် ချက်ပြုတ်နေခဲ့ကြခြင်း ဖြစ်လေ၏။

ဦးစိန်ပေါက်တူးသည် ချက်ပြုတ်၍ပြီးစီးပြီဖြစ်သည့် ထမင်းချက်အဖွဲ့ထံမှ ဆားကိုတောင်းယူကာ . . . ဖာတ်ရေတိုင်ကီဆီသွားပြီး သွားတိုက်၊ မျက်နှာသစ်လိုက်လေ၏။

သူ မျက်နှာသစ်ပြီးနောက် ပခုံးပေါ်မှ တဘက်ဖြင့်မျက်နှာသုတ်ကာ အမောအပန်းဖြေနေကြသည့် ထမင်းချက်အဖွဲ့ အနီးဝယ် သွားထိုင်လိုက်ပြီး . . . ခါးပိုက်ထဲမှ ဆေးပေါ့လိပ်နှင့်မီးခြစ်ကိုထုတ်ကာ ဆေးလိပ်ကို မီးညှိသောက်ဖွာရင်း . . .

''ကိုစံပ . . . ညက ကျုပ်တို့ဖာတ်အဖွဲ့မှာ ဘာတွေထူးခြားသေးသလဲဗျ''

ဟု စကားတောက်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထမင်းချက်အဖွဲ့ခေါင်းဆောင် ဦးစံပလည်း ကွမ်းတစ်ယာကို ပါးစောင်အတွင်း သွင်းလိုက်ပြီး ...

"ဘာမှတော့ ထွေထွေထူးထူး မထူးခြားပါဘူး ပေါက်တူးရဲ့ ... အဲ ... တစ်ခုပဲရှိတယ် ... သုခနေဇာတ်ကနေတုန်း အရူးတစ်ယောက်တော့ ဇာတ်နောက်ပေါက်က စွတ်ခနဲဝင်လာလို့ ရုတ်ရုတ်သဲသဲဖြစ်သွားသေးတယ်"

ဟုပြောလိုက်ရာ ဦးစိန်ပေါက်တူးမှာ အံ့အားသင့်သွားရ၏

"ဗျာ ... ကျုပ်တို့ သုခနေဇာတ်ကနေတုန်း ရုံနောက်ပိုင်းထဲ အရူးဝင်လို့ ... ဟုတ်လား ... အရူးက ယောကျ်ားလား၊ မိန်းမလားဗျ၊ ပြီးတော့ ဘာဖြစ်သေးသလဲ"

"အရူးက ယောကျ်ားကွ ... အသက်သုံးဆယ်ကျော်လောက် ရှိမယ်၊ ရုပ်ကလေး သနားကမားနဲ့ သွက်သွက်ခါရူးနေပုံရပါတယ်ကွာ၊ သူ့အိမ်က သူ့ညီအစ်ကိုတွေက နောက်က လိုက်ဖမ်းပြီး ခေါ်သွားလို့ တော်ပါသေးရဲ့ကွာ"

ထမင်းချက်အဖွဲ့ထဲမှ ဒေါ်မြစီကလည်း ဝင်ပြောလေ၏။

"ဟုတ်ပဲ့တော် ... အဲဒီအရူးက သူတို့အိမ်က ကြောင်ကို လည်ပင်း ဓားနဲ့လှီးသတ်ပြီး ထွက်ပြေးလာတာတဲ့၊ အမယ် ... သူက သူ့ကိုလိုက်ဖမ်းတဲ့သူတွေကိုတောင် သူ့ကိုသတ်မယ့်





လူသတ်သမားတွေပါ လူဆိုးတွေပါလို့ အော်သေးတယ်၊ စွပ်စွဲသေးတယ်တော့ ... သူ့ကို သူ့သားချင်းတွေက အတင်းခေါ်သွားတော့ သူ့ကိုကယ်ပါ ... ကယ်ကြပါလို့ အော်ရင်း ... ယက်ကန်ယက်ကန်ပါသွားလေရဲ့"

"ဩော် ... ဟုတ်လား၊ ကျုပ်တို့လည်း ဆိုင်းသံမှုံသံနဲ့ဆိုတော့ ဇာတ်စင်ရဲ့နောက်ပိုင်းမှာ ဘာတွေဖြစ်နေမှန်း မကြားမိပါဘူးဗျာ ... ခုမှ သိရတော့တယ်"

ဒေါ်မြစီက ပြောင်းဖူးဖက်ဆေးလိပ်ကြီးကို ဖွာလိုက်ပြီးမှ ...

"အဲဒီအရူး ဇာတ်ရုံနောက်ပေါက်က ပြေးဝင်လာတာကို ကျုပ် ဆေးလိပ်ထိုင်သောက်ရင်း တွေ့လိုက်တယ်တော့၊ အစောင့်ကိုဘတူ ဘယ်ထွက်သွားမှန်းမသိဘူး၊ အဲဒီအချိန်မှာ အဲဒီအရူးက စွတ်ဝင်လာပြီး ယိမ်းသမတွေရဲ့ အခန်းကန့်လန့်ကာတွေကြားက ဖြတ်ပြေးတာတော့ ... ပြီးတော့ သူက ဇာတ်စင်ပေါ် ဖက်ယက်တက်တော့တာပဲ"

"သူက လှေကားက မတက်ဘူးလား"

"လှေကားက ဇာတ်စင်ရဲ့ဘေးမှာရှိနေတာပဲ ... သူက ဇာတ်ရုံတွေရဲ့အထာကို သိဟန်မတူဘူးလေ၊ ပြီးတော့ သူကလည်း အရူးဆိုတော့ သူ့နောက်က လူတွေလိုက်လာမှန်းသိလို့ တက်မိတက်ရာ ဇာတ်စင်နောက်ကနေ အတင်းဖက်တက်တာ



www.burmeseclassic.com

www.burmeseclassic.com



နေမှာပေါ့တော် ...။

သူကဇာတ်စင်ရဲ့ ညာဘက်ထောင့်နားက ကုပ်ကပ် တက်တာလေ၊ ဒါပေမဲ့ သူ့ခမျာ စင်ပေါ်ကုန်းကုန်းကွကွနဲ့ ရောက် ရုံရှိသေးတယ် ...နောက်ကနေ သူ့အစ်ကိုဆိုလား ရောက် လာပြီး ခြေထောက်ကိုဆွဲချတာ မြေကြီးပေါ် ဘုန်းခနဲပြုတ်ကျ သွားတယ်တော့''

''ဇာတ်စင်ရဲ့ ညာဘက်ထောင့်နားက တက်တာ ... ဟုတ်လား မမြစီ''

''ဟုတ်ပါ့တော် ...သူ့ကိုဖမ်းပြီး ခေါ်သွားကြတော့ မျက်နှာမှာ သွေးဆုတ်သလိုလို ဖြူဖပ်ဖြူရော်နဲ့ အော်ဟစ်နေတဲ့ သူ့ရဲ့မျက်နှာကို ကျုပ် သေချာတွေ့လိုက်တယ်တော့ ...လူက တော့ ရုပ်ကလေးသနားကမားရုပ်ပါ၊ ဒါပေမဲ့ ဘယ်ဘက်ပါးမှာ မှဲ့ကြီးတစ်လုံးရှိနေတာတော့ ရုပ်ဆိုးလိုက်တာရှင်''

ဦးစိန်ပေါက်တူးမှာ ဒေါ်မြစီ၏စကားကို နားထောင်ရင်း ခေါင်းကိုတဆတ်ဆတ်ညိတ်နေရာမှ ခေါင်းမှာမူးနောက်နောက် ဖြစ်လာသဖြင့် ...နားထင်နှစ်ဖက်ကို လက်ယာလက်မ လက် ညှိုးထိပ်တို့ဖြင့် ဖိနှိပ်ထားလိုက်ရလေ၏။

ယခုတလော ပွဲချီစိပ်ကာ ...အိပ်ရေးဆက်တိုက် ပျက် ခြင်းကြောင့်လော ...ပခုက္ကူ၊ မြင်းခြံ၊ ဝမ်းတွင်း၊ မိတ္ထီလာ၊ မန္တလေး အညာတစ်ခွင်ဝယ် လှည့်လည်ကပြနေရခြင်းကြောင့်





အညာဒေသ၏ ပြင်းပြသောနေပူရှိန်ကြောင့်လော မပြောတတ်။ သူ့ခေါင်းက မကြာခဏ မူးနောက်နောက်ဖြစ်နေရလေ၏။

သို့ဖြင့် ဦးစိန်ပေါက်တူးသည် နံနက်စာထမင်းမစားမီ အိပ်ရာဝယ် ခေတ္တပြန်လှဲရန် ရုံထဲဝင်ခဲ့တော့၏။

''အင်း ... ငါတို့ဇာတ်အဖွဲ့သားတွေထဲကတော့ ဘယ် သူမှ ဒီကျောက်စိမ်းရုပ်တု ကျပျောက်ပုံမရဘူး၊ ပြီးတော့ ဒီ လောက်အဖိုးထိုက်တန်တဲ့ ပတ္တမြားနှစ်လုံးပါတဲ့ ကျောက်စိမ်း ရုပ်တုမျိုးကို ဇာတ်ဆရာကလွဲလို့ ဘယ်သူမှမပိုင်နိုင်ဘူး ...။

ငါတို့ဇာတ်ဆရာလည်း ဒီလိုကျောက်စိမ်းရုပ်တုမျိုး ကိုင် တာမတွေ့ဖူးဘူး၊ ပျောက်ပုံလည်း မရဘူး၊ သူက စည်းကမ်း အလွန်ကြီးသူဆိုတော့ သူပိုင်တဲ့အဖိုးတန်ကျောက်မျက်ရတနာ ပစ္စည်းကို ဒီလိုလက်လွတ်စပယ် ပစ္စလက်ခတ် ထားမှာမဟုတ် ဘူး၊ သူပျောက်ခဲ့ရင်လည်း ခုလောက်ရှိ တစ်ဇာတ်လုံး ပွက်လော ရိုက်နေပြီပေါ့ ...။

ဒီတော့ ညက ဒီဇာတ်ကဘယ်သူမှ ဒီကျောက်စိမ်းရုပ် တု ကျမပျောက်ခဲ့တာ သေချာတယ် ...။

ဒါဆို ဘယ်သူ ကျပျောက်သလဲ၊ ဒါမှမဟုတ် ဘယ်သူ က ဇာတ်စင်ရဲ့နောက်မှာ လာထားခဲ့သလဲ ...။

ညက အဲဒီဇာတ်စင်ရဲ့နောက်ကို အရှုံးကလည်း ဖက် တက်ခဲ့သေးသလို ... အဲဒီအရှုံးဖက်တက်ခဲ့တဲ့နေရာဟာ



www.burmeseclassic.com

www.burmeseclassic.com



ကျောက်စိမ်းရုပ်တုကို တွေ့ခဲ့တဲ့ ဓာတ်စင်ရဲ့လက်ယာဘက်ထောင့်နားက လိုက်ကာရဲ့နောက်မှာပဲ ...။

အဲဒီအရူးက ဓာတ်စင်ပေါ်ကို ကုန်းကုန်းကွကွနဲ့ ရောက်သွားသေးတယ်ဆိုတော့ အဲဒီကျောက်စိမ်းရုပ်တုကို အဲဒီအရူးပဲ ယူလာပြီး ထားခဲ့လေသလား ...။

အရူးဆိုတော့ နေရာတကာ ... ရောက်လိုရာရောက်ပြီး တစ်နေရာရာကများ အဲဒီကျောက်ဘီလူးရုပ်ကို ခိုးခဲ့လေသလား''

ဦးစိန်ပေါက်တူးမှာ ကျောက်စိမ်းရုပ်တုလေးနှင့် ပတ်သက်ပြီးအမျိုးမျိုး ဆက်စပ်စဉ်းစားနေစဉ်မှာပင် ...

သူ၏သားဖြစ်သူ မောင်မင်းလတ်မှာ ရုံအတွင်းသို့ဝင်လာပြီး သူ၏နံဘေးတွင် တင်ပါးလွှဲထိုင်လိုက်ကာ သူ့ကိုအရေးတကြီးမျက်နှာမျိုးဖြင့် ကြည့်လိုက်လျက် ...

''အဖေ ... ညက ကျွန်တော်တို့ဓာတ်ရုံထဲဝင်လာတဲ့ ... အရူးဆိုတဲ့လူကြီး အသတ်ခံရလို့ဗျ''

ဟုပြောလိုက်ရာ ... ဦးစိန်ပေါက်တူးမှာ မျက်လုံးပြူးသွားပြီး လဲလျောင်းနေရာမှ လူးလဲထလိုက်မိလေ၏။ ရုတ်တရက်စိတ်လိုလက်ရထလိုက်သဖြင့် ခေါင်းက မိုက်ခနဲဖြစ်သွားသော်လည်း အံ့အားသင့်စိတ်ဝင်စားလွန်းသဖြင့် ခေါင်းကို လက်ညှိုးလက်မတို့ဖြင့် ဖိရင်းမှ သားဖြစ်သူကို ကတိုက်ကရိုက်မေးလိုက်လေ၏။

---

ခု နှစ် စဉ် ကြယ် စာ ပေ



''ဘာ ... သား ... သား ... အဲဒီအရူး အသတ်ခံရလို့ ... ဟုတ်လား''

''ဟုတ်တယ်အဖေ''

''ဟုတ်ရဲ့လား သားရယ် ... မင်းက အဲဒါတွေ ဘယ်က ကြားလာရတာလဲ''

''ကြားတာမဟုတ်ဘူး အဖေရ ... သားကိုယ်တိုင်သူ့ရဲ့အလောင်းကြီးကို တွေ့ခဲ့ရတာ''

''ဟော ...''

ဦးစိန်ပေါက်တူးမှာ ပို၍အံ့သြသွားရပြန်လေ၏။

''နေ ... နေပါဦး ... မင်းက သူ့ရဲ့အလောင်းကြီးကို ဘယ်မှာတွေ့ခဲ့ရတာလဲ''

''ကျုံးနံဘေးမှာ အဖေရ ... ကျုံးနားကလူတွေပြောတာတော့ ညက သားတို့ဓာတ်ပွဲကနေတုန်းမှာပဲ အဲဒီကျုံးနံဘေးက ချုံပုတ်တွေထဲမှာ လူရိပ်တွေတွေ့တယ်တဲ့ ...။

ပြီးတော့ ဘီလူးရုပ်တုဘယ်မှာလဲလို့ မေးသံတွေ ... မသိဘူး ... ဘယ်မှာ ကျပျောက်သွားမှန်း မသိဘူးလို့ ပြောသံတွေ ကြားရတယ်တဲ့၊ နောက် အော်ဟစ်သံခပ်အုပ်အုပ်တွေကြားတယ်တဲ့ အဖေရ ...။

မနက်လည်း မိုးလင်းရော ... အဲဒီလူရဲ့ အလောင်းကြီးကို ဓားဒဏ်ရာတွေနဲ့ ကျုံးရေစပ်မှာတွေ့ရတာပဲတဲ့ အဖေ

---

ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



. . . သားက ကျုံးမှာ ရေကူးဖို့သွားရင်း တွေ့ခဲ့ရတာ၊ ပုလိပ်တွေက သူ့အလောင်းကြီးကို ဆေးရုံဆီ သယ်သွားတော့ အခြားသူတွေနဲ့အတူ သားလည်း လိုက်သွားပြီးကြည့်တာ ခုမှပြန်ရောက်တာဘျ''

မင်းလတ်က နဖူးမှချွေးစတို့ကို သုတ်လိုက်ပြီး . . .

''သူ့ရဲ့ဘယ်ဘက်ပါးမှာ မှဲ့ကြီးတစ်လုံးရှိတယ်အဖေရေ့ ညက အဲဒီအရူးဝင်လာလို့ ရုတ်ရုတ်သဲသဲဖြစ်တော့ ကျွန်တော်လန့်နိုးပြီး သူ့ကို သားလိုက်ကြည့်ထားဖူးလို့ . . . ဒီမနက် ခါးဒဏ်ရာတွေနဲ့ အသတ်ခံထားရတာ သူမှန်းသိတာပေါ့ . . . သူ့ကို ဘယ်သူတွေက သတ်တာလဲ မသိဘူးနော် . . . အဖေ''

ဟု မေးလိုက်ရာ . . . ဦးစိန်ပေါက်တူးမှာ သက်ပြင်းရှည်ကြီးချလိုက်ပြီး . . .

''လူဆိုးတွေဖြစ်မှာပေါ့ သားရယ်''

ဟု လေးတွဲ့စွာမှတ်ချက်ချလိုက်ပြီးနောက် . . . အိပ်ရာပေါ်သို့ ပြန်လှဲအိပ်လိုက်လေတော့၏။

''အဖေညောင်းရင် သားနှိပ်ပေးမယ်''

မင်းလတ်မှာ ဖခင်ကြီး၏ခြေသလုံးတို့ကို နှိပ်နယ်ပေးလျက်ရှိစဉ် . . . ဦးစိန်ပေါက်တူးမှာ နဖူးပေါ်လက်တစ်ဖက်တင်ပြီး တစ်စုံတစ်ရာကို အလေးအနက်စဉ်းစားလျက်ရှိလေတော့၏။





သူသည် စဉ်းစားလိုက်၊ သက်ပြင်းမှုတ်ထုတ်လိုက်၊ သားဖြစ်သူ မင်းလတ်၏မျက်နှာလေးကို ငေးစိုက်ကြည့်လိုက်၊ သက်ပြင်းရှိုက်လိုက် လုပ်နေပါတော့သတည်း . . .။

♛ ♛ ♛

''အင်း . . . ကျုပ်တို့က ဒီကပွဲခွင်ပြီးရင် စစ်ကိုင်းဘက်ကူးမလို့ ကိုပေါက်တူးရဲ့ . . . ကျန်းမာရေးအတွက်ဆိုတော့လည်း ခင်ဗျားထွက်မှာကို မတားတော့ပါဘူးလေ၊ ခင်ဗျားရဲ့နေရာမှာတော့ အခု ဒီမန္တလေးမှာပဲ ဗလာပွဲတွေလိုက်ကနေတဲ့ မြလေးစိန်အငြိမ့်က ရောဝဏ်ကိုအောင်ဒွန်းကို ခေါ်ရမှာပဲ''

ဇာတ်ဆရာဦးဖိုးစိန်က သူ့ကိုရှောရှူစွာထွက်ခွင့်ပေးလေသဖြင့် ဦးစိန်ပေါက်တူးမှာ ဝမ်းသာကျေးဇူးတင်စွာဖြင့် ခေါင်းညိတ်လိုက်ကာ . . .

''ဟုတ်ကဲ့ ဇာတ်ဆရာ . . . ကိုအောင်ဒွန်းလည်း ဗလာလောကမှာ လွတ်ကျော်ကြားသူပါ၊ သူ့ကို ညှိနှိုင်းပြီးခေါ်ယူလိုက်ပေါ့ ဇာတ်ဆရာ . . . ကျွန်တော်ကတော့ အသက်က ကြီးလ မှ ပိုပိုဝလာပြီး ကိုယ်လက်လေးလံလာတယ် ဇာတ်ဆရာရဲ့ . . . ရေရှည်မှာ အိပ်ရေးပျက်ခံပြီး ကနိုင်ဖို့ မလွယ်လို့ပါ''



www.burmeseclassic.com

www.burmeseclassic.com



"အေးပါဗျာ . . . အေးပါ . . . ခင်ဗျားသာဇာတ်က နား ပြီးတဲ့အခါ အဆင်ပြေအောင်ကြိုးစားပါ၊ ခင်ဗျားမှာ မယားက လည်း မီးယပ်ရောဂါနဲ့ ကလေးမွေးပြီးပြီးချင်း သေခဲ့ရသလို သားထောက်သမီးခံ လောက်လောက်လားလား မရှိတော့ . . . ကျုပ်က ခင်ဗျားရဲ့ဘဝရပ်တည်ရေးအတွက် ပူမိတယ်ဗျ"

"မပူပါနဲ့ ဇာတ်ဆရာရယ် . . . ကျွန်တော်ရဲ့ ဇာတိရပ် ရွာ ကျိုက်လတ်ကိုပြန်မှာပါ၊ အဲဒီမှာ ကျန်ရစ်ခဲ့တဲ့ ဆွေမျိုးသား ချင်းတွေရဲ့ ဝိုင်းဝန်းကူညီမှုရယူလို့ ကျွန်တော်တို့သားအဖရဲ့ ဘဝကို ရပ်တည်မှာပါ"

"အေးပါဗျာ . . . အေးပါ . . . ခင်ဗျား အဆင်ပြေရင် ပြီးတာပဲ"

သို့ဖြင့် ဦးစိန်ပေါက်တူးမှာ သူ၏အဝတ်သေတ္တာကို ပခုံး ထက်မှာထမ်းရင်း သားလေးမင်းလတ်၏ လက်ကိုဆွဲကာဇာတ် သူဇာတ်သားတို့ကို နှုတ်ဆက်ပြီးနောက် ဇာတ်အဖွဲ့မှ ထွက်ခဲ့ပါ တော့၏။

"အဖေ . . . အဖေဇာတ်မကတော့ဘူးဆိုတော့ အခု ဘယ်ကိုသွားပြီး ဘာလုပ်စားမှာလဲအဖေ"

မောင်မင်းလတ်လေးမှာ ဖခင်ကြီးဖြစ်သူ ဇာတ်မက တော့ဘဲ ဇာတ်အဖွဲ့မှထွက်ပါက သူတို့သားအဖမှာ နေစရာ လည်း ပျောက်၊ စားဖို့ရာ ထမင်းနှစ်နပ်အတွက်လည်း အခက်အခဲ





ထွန့်စွာရှိတော့မည်ကို သိသဖြင့် အားငယ်သလိုဖြစ်ကာ မေး လိုက်ခြင်းဖြစ်လေ၏။

ဦးစိန်ပေါက်တူးမှာ သားဖြစ်သူကိုငုံ့ကြည့်လိုက်ပြီး အား ပေးပြုံး ပြုံးပြလိုက်ကာ . . .

"သားရယ် ဘာမှမပူပါနဲ့ . . . အဖေတို့ အခု မီးရထား ကြီး စီးပြီး ရန်ကုန်ရွှေမြို့တော်ကြီးဆီ သွားမယ်၊ ရန်ကုန်ရောက် မှ အဖေ့ရဲ့ဇာတိရပ်ရွာရှိရာ ကျိုက်လတ်ဘက် သွားကြတာပေါ့ . . . ဟုတ်လား၊ ဟိုကျမှ စီးပွားရေးလုပ်ငန်းတစ်ခုခုလုပ်ပြီး အခြေ ချတာပေါ့ သားရယ်"

ဟုပြောကာ သားဖြစ်သူ၏ ပခုံးကိုဖက်ပြီး အားပေး လျက် ရထားဘူတာရုံကြီးရှိရာသို့ ဦးတည်လှမ်းလျှောက်သွားပါ တော့၏။

♛ ♛ ♛

မင်းလတ်မှာ ဇာတ်အဖွဲ့နှင့်အတူ ငယ်စဉ်ကတည်းက မြန်မာပြည်အနှံ့သို့ လိုက်ပါခဲ့လေသဖြင့် အနယ်နယ်အရပ်ရပ် သို့ ရောက်ဖူးခဲ့သော်လည်း သူသွားခဲ့သည့်ခရီးမှာ မော်တော် ကားနှင့်သာ ဖြစ်သဖြင့် မီးရထားကို တစ်ခါမျှမစီးဖူးရာ . . . ယခု



www.burmeseclassic.com

www.burmeseclassic.com



လို မန္တလေးမှ ရန်ကုန်သို့အစုန်ခရီးဝယ် ကျောက်မီးသွေးသုံး စက်ခေါင်းတပ် မီးရထားကြီးကို စီးခဲ့ရခြင်းမှာ သူ့အတွက် အသစ်အဆန်းဖြစ်လျက်ရှိလေ၏။

မင်းလတ်သည် တစ်လမ်းလုံး ရထားပြတင်းမှ တွေ့ရသောရှုခင်းများကို စိတ်ဝင်စားစွာ အငေးသားကြည့်လာခဲ့ရာ ဦးစိန်ပေါက်တူးမှာမူ တစ်လမ်းလုံးနှုတ်ဆိတ်လျက် . . . အဝေးလယ်ကွင်းများ၊ တောတန်းများ၊ ရွာငယ်မြို့ငယ်လေးများကို ငေးငူငူကြည့်ရင်းသာ လိုက်ပါခဲ့ပါတော့၏။

သူတို့သားအဖရရှိသော ထိုင်ခုံမှာ ရထားတွဲအနောက်ဆုံးခုံဖြစ်ပြီး မျက်နှာချင်းဆိုင်ခုံလည်း မရှိသဖြင့် အတော်လွတ်လပ်မှုရှိလေ၏။

သူတို့သည် ရထားပေါ်မှာပင် ညနေခင်းကိုကျော်ဖြတ်ခဲ့ပြီးနောက် . . . ညသို့ရောက်သည့်ရှိသော် လသာနေသော လယ်ကွင်းရိုးပြတ်တောတို့ကိုသာ မီးမရှိသဖြင့် မှောင်မိုက်နေသော ရထားတွဲပေါ်မှ ငေးမောကြည့်ရှုနေခဲ့ရလေ၏။

သို့ဖြင့် မီးရထားကြီးသည် တလှုပ်လှုပ်တဂျုံးဂျုံးဖြင့် ခရီးနှင်ခဲ့ရာ ညဉ့်ဝက်ကျိုးလုသည့်ဌာ ရထားပေါ်ပါလာခဲ့သူခရီးသည်အများစုမှာ ပုခက်ဖြင့်လှုပ်သိပ်သလိုဖြစ်နေသဖြင့် အသီးသီး အိပ်မောကျကုန်ကြလေ၏။

မအိပ်နိုင်သေးသည်မှာ ဦးစိန်ပေါက်တူးတို့ သားအဖဖြစ်





ပြီး ဦးစိန်ပေါက်တူးက အတွေးနယ်ကျယ်လျက်ရှိသလို မောင်မင်းလတ်မှာမူ ညနေစောင်း ညစာစားပြီးစက တစ်မှေးအိပ်ထားသဖြင့် မျက်စိကြောင်နေရာ ရထားပြတင်းပေါင်ပေါ် လက်မောင်းနှစ်ဖက်ယှက်တင်ကာ ယင်းလက်မောင်းပေါ်သို့ မေးတင်ရင်း ရထားပြတင်းဝမှ တိုးဝင်လာသည့် လေအေးအေးကို ခံယူလျက်မှ လရောင်ဆမ်းသော ရိုးပြတ်လယ်ကွင်းကျယ်တို့ကို ငေးကြည့်လာခဲ့လေတော့၏။

ဦးစိန်ပေါက်တူးသည် သူတို့ထိုင်ခုံအနီးဝန်းကျင်မှ ခရီးဖော်တို့ကို အကဲခတ်ကြည့်ရာ အားလုံးအိပ်စက်ပျော်နေကြဟန်ရှိပြီး အချို့မှာ တခေါခေါဟောက်လျက်ရှိရာ ရထားခုတ်မောင်းသံဂျုံးဂျုံးဂျက်ဂျက်နှင့် သူတို့ဟောက်သံ တခေါခေါတို့မှာ အားပြိုင်ဆူညံလျက်ပင်ရှိလေ၏။

"သား . . . မောင် . . . မင်းလတ်"

"ဗျာ . . . အဖေ"

"သားကို အဖေပြောစရာရှိတယ်ကွယ့်"

"ဟုတ်ကဲ့ အဖေပြောပါ"

"သား . . . အဖေ့အနားကို တိုး၊ ခုပြောမယ့် စကားကို ဘယ်သူမှကြားလို့ မဖြစ်ဘူး၊ အခု သားကို မပြောလို့လည်း မဖြစ်ဘူး၊ ဘာဖြစ်လို့လဲဆိုရင် . . . အဖေ့ရဲ့စိတ်ထဲမှာ လေးနေလို့ပဲ သား"



www.burmeseclassic.com

www.burmeseclassic.com



ဦးစိန်ပေါက်တူးက ခပ်တိုးတိုးပြောရာ မောင်မင်းလတ်မှာ ဖခင်ဖြစ်သူ၏မျက်နှာနားသို့ သူ့မျက်နှာကိုတိုးကာ နားစိုက်ထောင်ရရှာလေ၏။

"ဘာဖြစ်လို့ အဖေ့ရဲ့စိတ်က လေးနေရတာလဲ အဖေ"

"သား ... အဖေဘာဖြစ်လို့ စိတ်လေးရသလဲဆိုတာ အစအဆုံးပြောပြမယ် ... သားနားထောင်စမ်း"

"ဟုတ်ကဲ့ ... နားထောင်နေပါတယ် အဖေ"

ဤနေရာတွင် ဦးစိန်ပေါက်တူးက သားဖြစ်သူကိုခပ်တိုးတိုး ခပ်ဖြည်းဖြည်း ဘီလူးကျောက်စိမ်းရုပ်တုလေးကောက်ရပုံမှ စကာ ပြောပြလိုက်တော့၏။

"ဟာ ... ဒါဆို ... အဲဒီကျောက်စိမ်းရုပ်တုလေးဟာ အဖေနဲ့အတူ ပါလာတယ်ပေါ့ ... ဟုတ်လား အဖေ"

"ဟုတ်တယ်သား ... အဖေတို့ရဲ့ အဝတ်သေတ္တာအောက်ဆုံးမှာ ရှိတယ်၊ အဲဒီကျောက်စိမ်းရုပ်တုလေးဟာ တန်ဖိုးအင်မတန်ရှိတယ်သား ... အဲဒီကျောက်စိမ်းရုပ်တုလေးကို အဖေရထားတာ ဘယ်သူမှမသိဘူး၊ အဲဒီကျောက်စိမ်းရုပ်တုရဲ့ ပိုင်ရှင် ဘယ်သူဆိုတာလည်း အဖေတို့မသိနိုင်ဘူး၊ ဒါကြောင့် အဲဒီကျောက်စိမ်းရုပ်တုကို အဖေယူလာခဲ့တာပဲ ...။

ရန်ကုန်ရောက်ရင် အဲဒီကျောက်စိမ်းရုပ်တုကို ထုခွဲရောင်းချပြီး ရတဲ့ငွေနဲ့အဖေ့ရဲ့ဇာတိဖြစ်တဲ့ ကျိုက်လတ်ကိုပြန်





ပြီး အခြေချဖို့ရည်ရွယ်ခဲ့လို့ ခုလိုဇာတ်ထဲကထွက်ပြီးလာခဲ့တာပဲသား ...။

အဖေဟာ အသက်ကြီးပြီး ဝလည်းတအားဝလာတယ်၊ ကိုယ်လက် မသယ်ချင်ဖြစ်လာပြီ ... အိပ်ရေးပျက်ရင် ခေါင်းက မူးနောက်နောက်ဖြစ်လာတယ်၊ ဒီလို ကျန်းမာရေးအခြေအနေမျိုးနဲ့ အဖေဟာ ဇာတ်ကိုဆက်ကနိုင်ဖို့ မလွယ်ဘူးသား ...။

ဒါကြောင့် အဖေဟာ ဇာတ်အလုပ်ကနေ အနားယူဖို့ စဉ်းစားနေတာကြာခဲ့ပေမယ့် ကိုယ်ကလည်း ဇာတ်ကတာက လွဲပြီး ဘာမှမလုပ်တတ် ... ငယ်ငယ်တုန်းကလိုလည်း မော်တွင်းတွေသွားပြီး ကျောက်မတူးနိုင် ... အရင်းအနှီးပြုလုပ်ဖို့ငွေကလည်း စုမိဆောင်းမိ လောက်လောက်လားလား မရှိ ကျိုက်လတ်မှာရှိနေတဲ့ အမျိုးဆိုတာကလည်း မွေးချင်းပေါက်ဖော်သားချင်းအရင်းအချာတွေ မဟုတ်၊ အစွန်အဖျားဆွေမျိုးတွေဆိုတော့ သူတို့ဆီက အားထားလောက်တဲ့ အကူအညီရဖို့ မလွယ်ဘူးလေ၊ ပြီးတော့ အဖေ့ရဲ့ကျန်းမာရေးကြောင့် ငါ့သားရဲ့ရှေ့ရေးကလည်း မရေမရာဖြစ်နေလေရဲ့ ...။

အဲဒီလိုအခြေအနေမျိုး ဖြစ်နေချိန်မှာ အင်မတန် အဖိုးထိုက်တန်တဲ့ အဲဒီကျောက်စိမ်းရုပ်တုကိုရတော့ အဖေယူလာရပြီပေါ့သားရယ် ...။

အဲဒီရုပ်တုမှာပါတဲ့ ပတ္တမြားနှစ်လုံးကပဲ တန်ဖိုးအများ



www.burmeseclassic.com

www.burmeseclassic.com



ကြီး ရှိနေပြီသား၊ ဘာပဲဖြစ်ဖြစ် ... အဲဒီကျောက်စိမ်းရုပ်တုကို ရန်ကုန်က ရတနာဆိုင်ကြီးတစ်ခုခုမှာ ထုခွဲရောင်းချလိုက်ရရင်တော့ အဖေတို့အတွက်ရင်းနှီးစားသောက်ဖို့ ကောင်းကောင်းရမှာကွယ့် ...။

ဒါကြောင့် ... အဲဒီကျောက်စိမ်းရုပ်တုကို လက်လွှတ်မခံဘဲ ယူထားခဲ့ရတာသားရဲ့၊ မန္တလေးမှာလည်း ဆက်မနေချင်ဘူးလေ၊ ဇာတ်ဆရာက မန္တလေး၊ အမရပူရ၊ စစ်ကိုင်းတို့ကို လွှန်းယှက်သလိုကူးပြီး ဇာတ်ကိုမနားတမ်းကဖို့ ရုံရက်ချိတ်ထားလေတော့ အဖေတို့ဟာ အဲဒီပတ်ဝန်းကျင်မှာ အကြာကြီးနေရဦးမှာ ...။

အဲဒီလို မန္တလေးပတ်ဝန်းကျင်မှာ တဝဲလည်လည်နေရင် အဖေ့ရဲ့လက်ထဲမှာ အဲဒီကျောက်စိမ်းဘီလူးရုပ်တုလေး ရှိနေတာကို ကျိုးဘေးနားကလူကိုသတ်တဲ့ လူသတ်သမားတွေ သိမျှားသွားရင် အဖေ့ရဲ့ခေါင်းနဲ့ကိုယ် အိုးစားကွဲမှာ၊ ဒါကြောင့် ဇာတ်ကချက်ချင်းထွက်ပြီး မန္တလေးကနေ ပြေးခဲ့ရတာပဲသား''

ဖခင်ဖြစ်သူ၏ပြောပြချက်ကိုကြားလျှင် မင်းလတ်မှာ မှောင်မှောင်မည်းမည်းထဲမှာပင် မျက်တောင်တဖျတ်ဖျတ်ခတ်ရင်း ... ''ဒီအတိုင်းဆို အသတ်ခံရတဲ့သူဟာ အရူးမဟုတ်နိုင်ဘူးအဖေ၊ သူ့လက်ထဲမှာ ကျောက်စိမ်းဘီလူးရုပ်တုရှိတယ်ဆိုတာကိုသိလို့ လူဆိုးတွေက လိုက်လာတော့ ပြေးမိပြေးရာပြေးရင်း





သားတို့ရဲ့ဇာတ်ရုံထဲ ရောက်လာရာက ဇာတ်စင်ပေါ်တက်ပုန်းမလို့ အလုပ်မှာ သူ့ဆီကအဲဒီကျောက်စိမ်းရုပ်တုလေး တစ်နည်းနည်းနဲ့ ထွက်ကျခဲ့ပုံရတယ်အဖေ၊ သူဟာ ကျောက်စိမ်းရုပ်တုလေးကို မပေးနိုင်လို့ ဒါမှမဟုတ် အဲဒီကျောက်စိမ်းရုပ်တုလေးနေရာကို မညွှန်ပြနိုင်လို့ ရက်ရက်စက်စက် ပါးစပ်ကို လက်ကိုင်ပဝါနဲ့ဆို့ပြီး ဓားနဲ့မွှန်းသတ်ဖြတ်ခံခဲ့ရရှာတာပါ၊ ဒါကြောင့် အလောင်းရဲ့ ပါးစပ်ထဲမှာ လက်ကိုင်ပဝါကို အလုံးလိုက်တွေ့ရတာပေါ့ ...။

ဒါထက် အဲဒီကျောက်စိမ်းရုပ်တုလေးကို လူဆိုးတွေက ဘာဖြစ်လို့ အသည်းအသန်လိုနေရတာလဲအဖေ''

''အဲဒါတော့ အဖေမသိဘူးသား၊ ဒါပေမဲ့ အဲဒီကျောက်စိမ်းပန်းပုရုပ်တုလေးကြောင့် လူတစ်ယောက် သေသွားရတာတော့ သားရဲ့လက်တွေ့ပဲ မဟုတ်လား၊

အဲဒီတော့ အဖေတို့ဟာ ရန်ကုန်ရောက်တာနဲ့ ရတနာဆိုင်ကြီးတစ်ဆိုင်ဆိုင်ကိုသွားပြီး အဲဒီကျောက်စိမ်းရုပ်တုကို ထုခွဲလို့ငွေရပြီးတာနဲ့ ကျိုက်လတ်ကို ခရီးဆက်ဖို့ပဲအရေးကြီးတယ်ငါ့သား၊ အင်း ... မောလိုက်တာ''

ဦးစိန်ပေါက်တူးမှာ ပြောရင်းမောဟိုက်လာသဖြင့် ထိုင်ခုံနောက်မှီကို ခေါင်းမှီလိုက်ကာ ရင်ဘတ်ကို လက်တစ်ဖက်ဖြင့် ခပ်ဖွဖွဖိထားရှာလေ၏။

မင်းလတ်လည်း သားရေအိတ်ကြီးထဲမှ ရေပုလင်းကို



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ယူကာ ဖခင်ကြီးကို ရေတိုက်လေ၏။

"အဖေ ... မောရင် ရေသောက်လိုက်လေ"

ဖခင်ကြီးရေသောက်ပြီးသည်နှင့် မင်းလတ်သည် ထိုင်ခုံမှထကာ သားရေအိတ်ကို ပြတင်းပေါက်ဘက်မှထိုင်ခုံအစွန်းဝယ် ရွှေ့ထားလိုက်ပြီး သားရေအိတ်ထဲမှ ပုဆိုးဟောင်းတစ်ထည်ကို ဆွဲထုတ်ယူလိုက်လေ၏။ ရထားပြတင်းတံခါးကိုလည်း ပိတ်လိုက်လေ၏။

"အဖေ ... ဒီခုံပေါ်မှာလှဲလိုက်၊ သားက ကြမ်းပြင်ပေါ်မှာ ဒီပုဆိုးခင်းပြီး အိပ်မယ်"

"အာ ... သားရယ် ... ဒီခုံပေါ်မှာပဲ အဖေထိုင်လျက်မှေးအိပ်ပါ့မယ်၊ ကြမ်းပြင်ပေါ် ဆင်းမအိပ်ပါနဲ့ သားရယ်"

"ရပါတယ်အဖေရဲ့ ... သူများတွေလည်း ဒီလိုပဲအိပ်ကြတာပဲ၊ ဒါမှ ခုံပေါ်မှာ အဖေခြေဆင်းပြီး လွတ်လွတ်လပ်လပ် အိပ်လို့ရမှာပေါ့ ... အဖေအိပ်ပါ"

မင်းလတ်က အတန်တန်တိုက်တွန်းနေသဖြင့် ဦးစိန်ပေါက်တူးမှာ ခုံပေါ်ဝယ် လဲလျောင်းလိုက်ရလေ၏။

"အား ... ကျွတ် .. ကျွတ် .. တစ်ကိုယ်လုံး တောင့်တင်းညောင်းညာနေတာပဲသားရယ်"

"သားနှိပ်ပေးမယ် အဖေ"

"နေ ... နေ ... သားမနှိပ်နဲ့၊ အသားတွေလည်း





အထိမခံနိုင်အောင် နာနေတယ်ကွယ့်၊ ကဲ ... သားလည်းအိပ် ... အိပ် ... မိုးလင်းတာနဲ့ ပဲခူးကိုဝင်ရမှာကွယ့်"

သို့ဖြင့် မင်းလတ်လည်း ခုံရှေ့ကြမ်းပြင်ပေါ်ဝယ် ပုဆိုးဟောင်းလေးကိုဖြန့်ခင်းပြီး လဲလျောင်းလိုက်ကာ၊ သူ၏လက်မောင်းတစ်ဖက်ကို ကွေးလျက် ခေါင်းအုံးသဖွယ်အသုံးပြုပြီးလျှင် ညဉ့်ဝက်ကျိုးပြီမို့ မျက်လုံးမှိတ်ကာအိပ်လိုက်လေ၏။

"ခြော် ... ဒါထက် သား"

"ဗျာ ..."

ခုံပေါ်မှ ဖခင်ကြီးခေါ်သဖြင့် မင်းလတ်မှာ မျက်လုံးပွင့်ကာ ထူးလိုက်ရလေ၏။

"အဖေမှာတာ မမေ့နဲ့နော်၊ အဲဒီဟာကို အဖေတို့ ဂရုစိုက်ထိန်းသိမ်းသွားဖို့လိုတယ်၊ ဘယ်သူမှသိလို့လည်း မဖြစ်ဘူး၊ အဲဒီကိစ္စအတွက် အဖေ့စိတ်ထဲမှာ လေးနေတယ် .. ကြားလား"

"ဟုတ်ကဲ့ပါ"

ထို့နောက် ဖခင်ကြီးထံမှအသံတိတ်သွားသဖြင့် မင်းလတ်လည်း မျက်လုံးပြန်မှိတ်ကာ အိပ်လိုက်လေ၏။

ရထားကြီးက ညဉ့်အမှောင်ထုအောက်ဝယ် တဂျုံးဂျုံး တဂျက်ဂျက်ဖြင့် မှန်မှန်ကြီးခရီးနှင်လျက်ရှိသလို ရထားလမ်းနှင့်ကားလမ်းဆုံရာအနီးရောက်လုနီးလျှင်လည်းကောင်း၊ ဘူတာမရှိသော မြို့ငယ်၊ ရွာငယ်တို့ကိုဖြတ်သန်းသွားရလုနီးလျှင်လည်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်း ဥသြသံရှည်ကိုဆွဲကာ ခုတ်မောင်းလျက်ရှိပါတော့၏။

'တူ ..တူ ..တူ ..'

မင်းလတ်ကား တငြိမ့်ငြိမ့်ဖြင့် အချက်ကျကျ လှုပ်ခါကာ တဂျုံ့ဂျုံ့တဂျက်ဂျက်မြည်နေသည့်ရထားကြီးပေါ်ဝယ် နှစ်ခြိုက်စွာအိပ်မောကျရင်း လိုက်ပါသွားပါတော့၏။

♛ ♛ ♛

နောက်တစ်နေ့နံနက်လင်းသည့်အခါတွင် ရထားကြီးသည် ပဲခူးဘူတာသို့ဝင်လေ၏။

မင်းလတ်အတွက် ရွှေတောင်ကြီးလည်း ပြိုလေပြီ။

မင်းလတ်နိုးလာတော့ သူ၏ဖခင်ကြီးကို နှိုး၍မရတော့။ ဦးစိန်ပေါက်တူးကား မနိုးသောအိပ်ခြင်းဖြင့် အိပ်စက်ပျော်သွားချေပြီ။

''အဖေ ...အဖေ''

ဦးစိန်ပေါက်တူးကား မထူးနိုင်တော့ပါ။ တစ်ကိုယ်လုံး အေးစက်တောင့်တင်းလျက် ရှိချေ၏။

''အဖေ ...အဖေ''

''ဟာ ...ကျွန်တော့်ရဲ့အဖေကို နှိုးလို့မရတော့ဘူး၊





လုပ်ကြပါဦးဗျာ''

ခုံနားနီးချင်းခရီးသွားဖော်တို့ ချက်ချင်းဝိုင်းလာကြကာ ဦးစိန်ပေါက်တူးကို သွေးစမ်းသူက စမ်း၊ နှလုံးခုန်မခုန် စစ်ဆေးသူကစစ်ဆေး ပြုလုပ်ကြသည်။

''ဟာ ...သေနေပြီပဲ''

''ဂတ်ဗိုလ်ကို အကြောင်းကြား ...ဂတ်ဗိုလ်ကို အကြောင်းကြား''

ရထားကြီးဘူတာဆိုက်သည်နှင့် ဂတ်ဗိုလ်ကိုအကြောင်းကြားကြလေ၏။

ရထားဂတ်ဗိုလ်က ရဲပိုင်ကို အကြောင်းကြားလေ၏။

သို့ဖြင့် မင်းလတ်မှာ ဖခင်၏ရုပ်အလောင်းကြီးနှင့်အတူ ပဲခူးဘူတာဝယ် ဝန်စည်စလှယ်များသယ်ပြီး ဆင်းနေခဲ့ရလေ၏။

ဘူတာရဲပိုင်ကြီး၏ ကြီးကြပ်စီစဉ်ပေးမှုဖြင့် ဦးစိန်ပေါက်တူး၏ရုပ်အလောင်းကြီးကို ပဲခူးဆေးရုံမှ ရင်ခွဲရုံအအေးတိုက်သို့ ပို့ရလေ၏။

မင်းလတ်က သူတို့နှင့်အတူပါလာသည့် အသပြာငွေများကို ဆေးရုံအုပ်ကြီးထံအပ်ရာ ဆေးရုံအုပ်ကြီး၏စီမံခန့်ခွဲပေးမှုဖြင့် ဆေးရုံကပင် တာဝန်ယူကာ အလောင်းကိုသုသာန်ဝယ် မြေမြှုပ်သင်္ဂြိုဟ်ပေးခြင်း၊ မြေကျသပိတ်သွတ်ပေးခြင်း ပြုလေ၏။

''ကဲ ...ကလေး ...ခရီးသွားရင်း ဦးနောက်ကို ချွေး



www.burmeseclassic.com

တက်ဆောင့်တဲ့ရောဂါနဲ့ မင်းရဲ့အဖေ သေခဲ့ရပြီ၊ ခုဆို သူ့ကို လည်း ကောင်းကောင်းသင်္ဂြိုဟ်ပြီးပြီ၊ သင်္ဂြိုဟ်စရိတ်, မြေကျ သပိတ်သွတ်စရိတ် အားလုံးနုတ်ပြီး မင်းရဲ့ပိုက်ဆံ (၁၂)ကျပ် ကျန်တယ် ...ရော့''

ဆေးရုံအုပ်ကြီးက မင်းလတ်၏လက်ထဲ ငွေ(၁၂)ကျပ်ကို ပြန်လည်ပေးအပ်ပြီးနောက် ...

''ကဲ ...ကလေး ...မင်းအဖေရဲ့ အသုဘကိစ္စအဝဝ တော့ ပြီးပြီ၊ မင်း ရန်ကုန်ကို ခရီးဆက်မလား''

ဆေးရုံအုပ်ကြီး၏အမေးစကားအဆုံးဝယ် မင်းလတ်မှာ တုံ့ဏှိဘာဝေဖြင့် ငေးငေးငိုင်ငိုင်ဖြစ်သွားရလေ၏။

သူ၏ဘဝက လမ်းလျှောက်ရင်း လမ်းပျောက်သူဖြစ်နေ ရပြီ။

ရန်ကုန်သို့ပဲ ဆက်သွားရမည်လား၊ မန္တလေးသို့ ပြန် တက်ရမည်လား ...သူ ဝေခွဲမရဖြစ်နေ၏။ ကျိုက်လတ်သို့ သွားရန်မူ သူ လုံးဝစိတ်မကူးချေ။ အမှန်တော့ ကျိုက်လတ်ဝယ် အဖေ့အမျိုးထက် အမေ့အမျိုးက ပိုများသည်။ အဖေ့ကိုအမေ ယူစဉ်က အဖေ့ကို သဘင်သည်ဖက်ခွက်စားဟုဆိုကာ အမေ့ကို အမျိုးအားလုံးက ဝိုင်းကျဉ်ထားခဲ့ကြ၏။

ဤအကြောင်း ကြားသိပြီးကတည်းက သူက အမေ့ အမျိုးတွေကို စိတ်နာထားသည်မို့ ကျိုက်လတ်သို့ လုံးဝမပြန်ချင်။





ရန်ကုန်သို့ဆက်သွားပြီး အဖေရည်ရွယ်ထားခဲ့သည့်အ တိုင်း ကျောက်စိမ်းပန်းပုရုပ်တုလေးကို ထုခွဲရောင်းချရ ကောင်း မည်လား။ သို့မဟုတ် မန္တလေးသို့ပြန်ဆန်တက်ကာ ကျောက်စိမ်း ဘီလူးပန်းပုရုပ်တုလေး၏ရာဇဝင်ကို ပြန်လှန်ဖို့ စူးစမ်းလေ့လာ ရလျှင် ကောင်းမည်လား၊ သူဝေခွဲမရဖြစ်နေလေ၏။

ဖခင်ကြီး၏အသုဘကိုချရန် စီစဉ်နေစဉ်မှာပင် ...လူ အလစ်၌ အဝတ်သေတ္တာထဲမှ ကတ္တီပါအိတ်အနီဖြင့်ထည့်ထား သော ကျောက်စိမ်းဘီလူးရုပ်တုကို ထုတ်ယူကာ ကြည့်ရှုလေ့လာ ပြီး ဖြစ်၏။

ယင်းကျောက်စိမ်းဘီလူးရုပ်တုကိုမြင်လိုက်ရသည်နှင့် သူ့ရင်ထဲမှာ ထူးခြားသောခံစားမှုအမျိုးမျိုး ဖြစ်ပေါ်သွားရလေ၏။

ဦးစွာသောခံစားရမှုမှာ စိမ်းလဲ့ကာ လှပလွန်းသော ကျောက်စိမ်းရုပ်တုအား သဘောကျနှစ်သက်ခြင်းစေတသိက်ကို ခံစားရလေ၏။

ထို့နောက်မှာမူ ဘီလူးရုပ်တုကိုကြည့်ရင်း ဖခင်ကြီး ပြော ခဲ့သည့်အတိုင်း စိတ်ဝယ် လေးလံသလို ခံစားရလေ၏။

ယင်းနောက်မှာတော့ ယင်းဘီလူးကျောက်စိမ်းရုပ်တုနှင့် ပတ်သက်ပြီး စူးစမ်းလိုသောစိတ်၊ သူ့နောက်ကြောင်းနှင့် သူ့ကို လူတစ်စုက မည်သည့်အတွက်ကြောင့် အသည်းအသန်လိုက်နေ ကြရသနည်းဆိုသည်ကိုသိလိုစိတ် စသည့်စပ်စုလိုစိတ်များနှင့်



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



အတူ လူငယ်ပီပီ စွန့်စားလိုစိတ်တို့ပါ တစ်ဟုန်ထိုးဖြစ်ပေါ်လာရာ ဤရုပ်တုကို လက်လွှတ်စပယ် ရောင်းချခြင်းမပြုရက်သလို ခံစားလာရလေ၏။

ယင်းကျောက်စိမ်းရုပ်တုကိုရောင်းချပြီး လက်ထဲဝယ်ငွေအသပြာကို ဖောဖောသီသီကိုင်တွယ်သုံးစွဲရသည်ထက် ရရာအလုပ်တစ်ခုခုကိုဝင်လုပ်ကာ ဘဝရပ်တည်မှုရှာပြီးနောက် လက်ဝယ်ပိုင်ပိုင်ရှိနေသော အနီကျောက်စိမ်းရုပ်တု၏ ထူးခြားဆန်းကြယ်မှုရာဇဝင်သမိုင်းကြောင်းတို့ကို စေ့ငုရှာဖွေလိုစိတ်အားပိုမိုထက်သန်လျက်ရှိလေ၏။

သူ၏အရွယ်ကလည်း အရာရာကို စူးစမ်းလေ့လာလိုသောအရွယ်၊ ထူးထူးဆန်းဆန်းဆိုလျှင် စိတ်ဝင်စားသောအရွယ်ပင် မဟုတ်ပါလား။

''ဟုတ်ပြီ . . . ရန်ကုန်ဆင်းပြီး ဒီရုပ်တုကိုမရောင်းဘူး၊ မန္တလေးပြန်တက်ပြီး ရရာအလုပ်လုပ်ရင်း အဲဒီရုပ်တုကို ဟိုလူဆိုးတွေ ဘာဖြစ်လို့ဒီလောက်လိုချင်ရတာလဲ၊ အဲဒီရုပ်တုနဲ့ ကျူးဘေးမှာ အသတ်ခံရတဲ့လူ ဘယ်လိုပတ်သက်ခဲ့သလဲ၊ ရုပ်တုတစ်ခုကြောင့် လူတစ်ယောက်ကို ရက်ရက်စက်စက်သတ်သူ လူသတ်သမားတွေက ဘယ်ကလဲ၊ ဘယ်သူတွေလဲဆိုတာကို ငါ သိအောင်လုပ်မှုပဲ''

ယင်းသို့ သူ၏စိတ်ထဲမှ သန္နိဋ္ဌာန်ချလိုက်စဉ်မှာပင် ဆေး





ရုံအုပ်ဆရာဝန်ကြီးက သူ့ကို ထပ်မေးပြန်လေ၏။

''ကဲ . . . ကလေး ပြောလေကွာ . . . မင်း ဘယ်ကိုသွားမလဲ၊ ရန်ကုန်ဆက်သွားမလား၊ မန္တလေးပြန်မှာလား၊ ကျိုက်လတ်ကို သွားမှာလား''

''ကျွန်တော် မန္တလေးပဲပြန်တက်မယ်ဆရာကြီးခင်ဗျား''

''မန္တလေးတက်ပြီး မင်းဘာလုပ်မှာလဲ၊ မင်းအဖေအလုပ်လုပ်ခဲ့တဲ့ဇာတ်အဖွဲ့ဆီမှာ သွားခိုလှုံမှာလား''

''မဟုတ်ပါဘူး ဆရာကြီး၊ ကျွန်တော် ဇာတ်သဘင်ကို ဝါသနာမပါပါဘူး၊ တခြားရရာအလုပ်တစ်ခုခုလုပ်ပြီး မန္တလေးမှာပဲ နေချင်လို့ပါ''

''ဘယ်အလုပ်မျိုးလုပ်ချင်တာလဲ''


''ဘယ်လိုအလုပ်မျိုး ရရပါခင်ဗျာ''

''ကောင်းပြီ . . . မန္တလေးမှာ ကျုပ်ရဲ့အသိတွေ အများကြီး ရှိတယ်၊ မင်းအတွက်နေစရာနဲ့ အလုပ်အကိုင်တစ်ခုခုရဖို့ ကျုပ် စီစဉ်ပေးမယ် . . . ဟုတ်ပြီလား''

''ဟာ . . . ဝမ်းသာလိုက်တာ၊ ကျေးဇူးကြီးလှပါတယ် ဆရာကြီးရယ်''

www.burmeseclassic.com

www.burmeseclassic.com



## ယက္ခကျိန်စာ

မင်းလာတ်၏ဘဝတစ်သက်ဝယ် ဤမျှကြီးကျယ်ခမ်းနားသောအိမ်ကြီးမျိုး၌ နေဖူးရန် မဆိုထားဘိ . . . ခြေတွခဏပင် အလည်အပတ်မသွားဖူးပေ။

အုတ်တံတိုင်းအမြင့်ကြီးခတ်ထားသော ကျယ်ဝန်းလှသည့် ခြံကြီးထဲဝယ် သရက်၊ ပိန္နဲ၊ သစ်တို စသည့်စားပင်သီးနှံပင်ကြီးများ ခြံရှေ့နှင့်ဝဲယာတို့၌ အုပ်အုပ်ဆိုင်းဆိုင်းပေါက်ရောက်လျက်ရှိကာ ခြံနောက်ပိုင်းတွင်မူ ဝါးတောကြီးများရှိလေ၏။

ဤသို့ သစ်ပင်ဝါးပင်များဖြင့် အုပ်ဆိုင်းလျက်ရှိသည့် မန္တလေးမြောက်ပြင်အရပ်မှ ယင်းခြံကြီးထဲတွင်တည်ရှိသော နှစ်ဆောင်ပြိုင် သစ်သားနှစ်ထပ်အိမ်မြင့်ကြီးမှာ မြင့်မားသောအမိုး





ပြာသာဒ်၊ စုလစ်မွန်းချွန်များဖြင့် လွန်စွာရှေးကျကာ ခမ်းနားလှပ၏။

စံအိမ်ကြီး၏ အဆောင်ဆောင်အခန်းခန်းအထွတ်တို့၌ ဆန်းကြယ်စွာထုဆစ်ထားသော စုလစ်မွန်းချွန်များသည်လည်းကောင်း၊ ခေါင်မိုးစွန်းတို့ရှိ တုရင် . . . ဒေါင်းရင်း . . . ယောင့်ပန်းများသည်လည်းကောင်း၊ အဆောင်တို့၏ဝင်ပေါက် ဆင်ဝင်အဝ တံစက်မြိတ်၌တပ်ဆင်ထားသည့် ခြူးပန်း၊ ခြူးနွယ်၊ ကနုတ်၊ ခြူးပန်းဆွဲ၊ စိန်ပွင့်၊ စိန်ကုံး၊ မုဒရက်ပန်းနွယ်၊ သင်စွယ်ဝန်းယုက်၊ မကာန်းကွက်တို့ဖြင့် အကွန့်အညွန့်၊ အခွေအလိပ်၊ အရွက်အဖူး၊ အချွန်အတက်၊ အပြောက်အမွန်းများဝေစည်နေသော လင်းနို့တောင်တို့သည်လည်းကောင်း၊ အိမ်ကြီး၏အမိုးစွန်းများအောက်ရှိ သစ်သားတံစက်မြိတ်တစ်လျှောက်လုံးမှ တံစက်မြိတ်ပန်းတို့သည်လည်းကောင်း၊ ဆင်ဝင်တိုင်လုံးကြီးများ၏ထိပ်မှ ထိုင်ဖုံးပန်းတို့သည်လည်းကောင်း ရှေးခေတ်ပန်းတော့၊ ပန်းပုလက်ရာအနုပညာမြောက်စွာဖြင့် ပြုလုပ်ထုဆစ်ထားရာ လွန်စွာနန်းဆန်ကာ ခမ်းနားကြီးကျယ်လှပေ၏။

စံအိမ်ကြီး၏ မှန်ပြတင်းပေါက်များကိုပင် မုဒရက်ပန်းနွယ်၊ ကမွတ်ပန်းခက်၊ ခရုပတ်ကနုတ်ပန်းတို့ဖြင့် ဘောင်ခတ်ထားသည်မှာ မြင်သူအံ့သြရှုမောဖွယ် ဖြစ်ဘိ၏။

အနီသစ်သားနှစ်ထပ်စံအိမ်ကြီးသည်ကား အမရပူရ

www.burmeseclassic.com

www.burmeseclassic.com



ခေတ်လက်ရာဟု ယူဆရပြီး ရှေးကျသည်နှင့်အမျှ လက်ရာ မြောက်လှသည့်တိုင် သူ့ခေတ်သူ့အခါကမူ ရွှေရေးပန်းကနုတ်များဖြင့် ကြွားကြွားဝင့်ဝင့်တင့်တယ်ပေမည်ဖြစ်သော်လည်း ယခုတော့ နှစ်များစွာကြာခဲ့ပြီမို့ အတော်ဟောင်းနွမ်းဆွေးမြည့်ကာ အချို့ လင်းနို့တောင်၊ တုရင်၊ ပန်းဆွဲတို့ပင် ပြုတ်ပဲ့ကြွေကျလျက်ရှိချေပြီဖြစ်၏။

အိမ်နံ့ရံပျဉ်ထောင်တို့ကို ရေနံချေးအထပ်ထပ်သုတ်ထားသဖြင့် အိမ်ကြီးတစ်အိမ်လုံးမှာ မည်းမှောင်လျက်ရှိပြီး အိမ်ကြီးထဲ၌နေထိုင်သူ အိမ်သူအိမ်သား နည်းပုံရကာ လူရိပ်လူယောင်ပင် မတွေ့ရချေ။

တစ်ချိန်က ဤအိမ်ကြီးဝယ် ဦးဇေယျမြတ်စံဟူသော အသက်ရှစ်ဆယ်ခန့် လူကြီးတစ်ဦး နေထိုင်ခဲ့ဖူးပြီး ထိုလူကြီးကို ဆရာဝန်ဦးကောင်းရှင်က ဆေးဝါးကုသပေးရာမှ ဤအိမ်ကြီးကို လက်ရှိအမွေဆက်ခံနေထိုင်လျက်ရှိသော ဒေါ်မြမင်းသာနှင့် ရင်းနှီးခင်မင်ခဲ့ချေ၏။

ဦးဇေယျမြတ်စံမှာ လူကြီးရောဂါဖြင့် နောက်နှစ်နှစ်အကြာဝယ်ကွယ်လွန်ခဲ့ပြီး ဒေါက်တာဦးကောင်းရှင်မှာလည်း မန္တလေးမြို့ဆေးရုံကြီးမှ ပဲခူးမြို့ဆေးရုံသို့ ပြောင်းရွှေ့သွားခဲ့ရလေ၏။ သို့သော် ဒေါက်တာဦးကောင်းရှင်နှင့် ဒေါ်မြမင်းသာတို့မှာ စာချင်းအဆက်အသွယ်ရှိသဖြင့် သူမတို့၏ခြံကြီးတွင် မာလီ





ကုလားတစ်ဦးရှိသော်လည်း ခြံကြီးမှာကျယ်ဝန်းလှသဖြင့် ခြံကြီးကိုပြုပြင်ရှင်းလင်းရန် လူငယ်တစ်ဦး အကူအညီအဖြစ်လိုအပ်ကြောင်း ဒေါ်မြမင်းသာက စာရေးဖော်ပြဖူးလေသည်။

သို့ကြောင့်လည်း ဒေါက်တာဦးကောင်းရှင်က မင်းလတ်ကို ခြံအကူလူငယ်အဖြစ် အလုပ်ဝင်နိုင်စေရန် စာတစ်စောင်နှင့်အတူ ပို့လွှတ်ပေးခဲ့ခြင်းဖြစ်၏။

မင်းလတ်မှာ ဤတြိမန္တစံအိမ်ကြီးသို့ ယောင်ချာချာဖြင့် ရောက်ရှိလာခဲ့ပြီးနောက် ဦးစွာ ခြံစောင့်မာလီဖြစ်သော ရန်ကနားဆိုသည့် ကုလားအဘိုးကြီးနှင့် တွေ့ဆုံခဲ့ရလေ၏။

မင်းလတ်က သူ ဤစံအိမ်ကြီးဆီသို့ လာရခြင်းအကြောင်းရင်းကိုရှင်းပြပြီး ဆရာဝန်ကြီးဦးကောင်းရှင် ရေးပေးလိုက်သည့်စာကို ထုတ်ပြလိုက်ရာ ရန်ကနားက သူ့ကို ခြံဝမှာသာစောင့်နေရန်မှာကြားပြီး ခြံတံခါးဝနှင့် ကိုက်ငါးဆယ်ခန့်ဝေးကွာသည့် အိမ်မည်းကြီးဆီသို့ထွက်သွားခဲ့လေ၏။

ဆယ့်ငါးမိနစ်ခန့်ကြာမှ ရန်ကနားပြန်ထွက်လာကာ သူ့ကိုခြံတံခါးဖွင့်ပေးပြီး ခြံထဲဝင်စေလျက် သူ့နောက်လိုက်ခဲ့ရန်ပြောလေ၏။

မင်းလတ်မှာဖခင်ကြီးထံမှ အမွေဆက်ခံရရှိထားသည့် သံတစ်ခုတည်းသော အခိုင်အမာအမွေအနှစ်ပစ္စည်းဖြစ်သည့် သံသေတ္တာကို ပုခုံးထက်၌ထမ်းကာ သားရေအိတ်ကိုလွယ်လျက်



www.burmeseclassic.com

www.burmeseclassic.com



ရန်ကနား၏နောက်မှ လိုက်သွားရလေ၏။

"နင့်ရဲ့သေတ္တာနဲ့ အိတ်ကိုနော် ... ဒီအိမ်အဝမှာ ထားခဲ့ ကန်ကလေး"

ကုလားအဘိုးအိုက သူ၏သေတ္တာကို လက်ညှိုးညွှန်ပြကာထားရစ်ခဲ့ဖို့ပြောရာ ကျောက်စိမ်းဘီလူးရုပ်တုပါရှိသည့် သံသေတ္တာကို မိမိ၏ခန္ဓာကိုယ်နှင့်ကွာပြီးထားခဲ့ရန် ဝန်လေးလှသော်လည်း 'သူ့ကျောင်းနေ၊ သူ့အမိန့်' ဆိုသလို လောလောဆယ် ဤစံအိမ်ကြီးရှိလူများ၏ စကားကိုနာခံရမည်သာ ဖြစ်ရာ မင်းလတ်မှာ မငြင်းသာဘဲ သံသေတ္တာကို အိမ်တံခါးဝအပြင်ဘက်တွင် သားရေလက်ဆွဲအိတ်နှင့်အတူ ထားခဲ့ရလေ၏။

တြိမန္တာစံအိမ်ကြီးမှာ ပျဉ်ထောင်သစ်သားအိမ်ကြီးဖြစ်သော်လည်း ပုဏ္ဏားကွယ်တို့မှာ အုတ်တိုင်ကြီးများဖြစ်ပြီး အိမ်ရှေ့တံခါးမှာ သံဘာဂျာတံခါးဖြစ်ချေ၏။

ငွေမင်ရောင်သုတ်ထားသည့် သံဘာဂျာတံခါးမှာ လူတစ်ကိုယ်ဝင်သာရုံ ဟလျက်ရှိရာ ... ထိုတံခါးဝမှ မင်းလတ်မှာ ဝင်လိုက်သွားရလေ၏။

ယင်းရှေးစံအိမ်ကြီးမှာ အပြင်မှကြည့်လျှင် မည်းမည်းမှောင်နေသလို အိမ်အတွင်းပိုင်းမှာလည်း အလင်းရောင်ဝင်ရောက်မှုအားနည်းကာ အတန်ငယ်မှောင်သလိုလို ရှိလေ၏။ အလင်းမှလာသူမို့ မျက်စိကျင့်သားမရသေးသည်လား မသိ။





မင်းလတ်မှာ နေ့ခင်းကြောင်တောင်မှာပင် မှောင်ပျပျဖြစ်နေသော စံအိမ်ကြီးထဲဝင်လာရသည်မှာ စိတ်တို့ထိုင်းမှိုင်းသွားသလို ခံစားရလေ၏။

ရန်ကနားနှင့် မင်းလတ်မှာ ရှေးဟောင်းပန်းကနုတ်ဘောင်များဖြင့် ပြုလုပ်ထားသော ကျွန်းကုလားထိုင်၊ ကျွန်းစားပွဲ၊ ကျွန်းဗီရိုကြီးများရှိနေသည့် ဧည့်ခန်းကြီးထဲဝင်လာရာ တစ်ခုသော ကျွန်းကုလားထိုင်ကြီးထက်ဝယ် ... ခန့်ညားစွာဝတ်စားထားပြီး ဦးခေါင်းထက်၌ ဘီးဆံပတ်ကြီး ပတ်ထားသော အသက်သုံးဆယ်ခန့်ရှိ မိန်းမချောကြီးတစ်ဦး ထိုင်နေသည်ကို တွေ့ရလေ၏။ ဒေါ်မြမင်းသာဆိုသည်မှာ သူမပင်ဖြစ်ပေမည်။

"အစ်မတော် သူပါပဲ"

ရန်ကနားက ဒေါ်မြမင်းသာအား ဦးညွှတ်အရိုအသေပြုကာ လက်တစ်ဖက်ဖြင့် မင်းလတ်ကိုညွှန်ပြပြီးပြောလိုက်လေ၏။

ပန်းကနုတ်ဘောင်ခတ် ကျွန်းကုလားထိုင်ကြီးပေါ်ဝယ် ခန့်ညားစွာ ထိုင်နေသည့်ဒေါ်မြမင်းသာက မင်းလတ်ကို စူးရဲတောက်ပသောမျက်လုံးတို့ဖြင့် စိုက်ကြည့်လိုက်ပြီးနောက် ...

"မင်းနာမည် ဘယ်သူ"

ဟု မေးလိုက်လေ၏။ အမှန်တော့ ဒေါက်တာဦးကောင်းရှင်၏စာထဲဝယ် မင်းလတ်၏အမည် ပါပြီးဖြစ်သော်လည်း ပို၍သေချာအောင် မေးလိုက်ခြင်းဖြစ်ပုံရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မင်းလတ်မှာ လက်နှစ်ဖက်ကို နောက်သို့ပစ်ထားလျက်မှ ဒေါ်မြခင်းသာကို မော့ကြည့်လိုက်လေ၏။

"ကျွန်တော့်နာမည် မောင်မင်းလတ်ပါ ခင်ဗျာ"

"မင်းရဲ့ဘဝအကြောင်းကို ကိုကောင်းရှင်ရဲ့စာထဲမှာ ရေးထားလို့ ငါသိပြီးပါပြီ၊ မင်းကို ဦးကောင်းရှင်လိုလူမျိုးက လွှတ်ပေးတာဆိုတော့လည်း ငါက လက်ခံရမှာပေါ့၊ တစ်ခုရှိတာက ဒီခြံထဲမှာ အလုပ်လုပ်သူတွေဟာ ဒီခြံပိုင်ရှင် ငါ့ရဲ့အမိန့်ကို တစ်ဆံခြည်မလွဲအောင် လိုက်နာရမယ်၊ လိုက်နာမှုမရှိသူကို ဘယ်သူ့မျက်နှာမှထောက်ပြီး ငါကခွင့်လွှတ်မှာမဟုတ်ဘူး ...။

ဒီခြံရဲ့စည်းကမ်းချက်တွေ မင်းသိအောင် ရန်ကနားက ပြောပြလိမ့်မယ်၊ မင်းက ရန်ကနားနဲ့အတူ သူ့ရဲ့အကူအဖြစ် အလုပ်လုပ်ရမယ်၊ သူလုပ်တဲ့အခါ လုပ် .. သူနားတဲ့အခါ နား။ မင်းကိုချည်းပဲခိုင်းပြီး သူက အပါးခိုနေတာမျိုးလည်း ငါမလိုချင်ဘူး။ မင်းကို ငယ်လို့ဆိုပြီး မခိုင်းရက်ဘဲ သူကချည်း ဒိုင်ခံလုပ်တာမျိုးလည်း ငါလက်မခံနိုင်ဘူး ...ကြားလား"

"ဟုတ်ကဲ့"

"နေတဲ့အခါ ရန်ကနားနဲ့ အတူနေ အတူအိပ်ရမယ်၊ စားရင်လည်း သူ့ကိုကျွေးသလိုပဲ မင်းကိုကျွေးမယ်၊ မင်းအတွက် လစာကို တစ်လငါးကျပ် သတ်မှတ်တယ်၊ မင်းကျေနပ်ရဲ့လား"

"ဟုတ်ကဲ့"





"ကောင်းပြီ၊ ရန်ကနား ... သူ့ကိုခေါ်သွားတော့ ဒီနေ့တော့ သူ့ကို ဘာမှမခိုင်းနဲ့ဦး၊ ဒီခြံထဲမှာ အလုပ်လုပ်သူတွေ လိုက်နာရမယ့် စည်းကမ်းချက်တွေသာ သူသိအောင် ပြောပြလိုက်၊ မနက်ဖြန်မနက်ကစပြီး သူ အလုပ်စဝင်ပါစေ၊ ကဲ ... သွားတော့"

"ဟုတ်ကဲ့ အစ်မတော်".

ရန်ကနားမှာ ဒေါ်မြမင်းသာအား ဆလံပေးပြီးနောက် ... မင်းလတ်ကို မျက်ရိပ်ပြကာ ကျွန်းလျှာထိုးကြမ်းခင်းပေါ်ဝယ် ခြေသံမကြားရအောင် ခပ်ရှိုရှိုဖြင့် ခြေဖွနင်းကာ အိမ်အဝဆီသို့ ထွက်သွားလေလျှင် မင်းလတ်လည်း ဒေါ်မြမင်းသာအား မျက်လုံးတစ်ချက်ဝှေ့ကြည့်လိုက်ပြီးနောက် ... ရန်ကနားနောက်မှ ခပ်ကုပ်ကုပ် လိုက်ပါသွားရလေ၏။

"ကန်ကလေး ... နင့်သေတ္တာနဲ့အိတ်ယူပြီး လိုက်ခဲ့"

အိမ်အဝ ဆင်ဝင်နံဘေးမှာချထားသည့်သံသေတ္တာကို မင်းလတ်က ကောက်ထမ်းကာ သားရေအိတ်ကို ပခုံးတစ်ဖက်၌ လွယ်ပိုးလိုက်ပြီး ကုလားအဘိုးအို၏နောက်မှ လိုက်ခဲ့ရလေ၏။

အိမ်ခြေရင်းဘက်ခြံနံဘေးမှ သီးပင်စားပင်ကြီးများကို ကွေ့ပတ်ဖြတ်သန်းပြီးနောက် ခြံ၏ဝဲဘက် ဝါးနက်ရုံကြီးအနီးမှ သစ်သားအိမ်ပုလေးသို့ ရန်ကနားက ခေါ်သွားခြင်းဖြစ်လေ၏။

"ကန်ကလေး ... ဒီအိမ်ဟာ ဒီခြံကြီးရဲ့မာလီနေတဲ့



www.burmeseclassic.com

အိမ်ပဲ၊ နင် ... ငါနဲ့အတူ ဒီအိမ်မှာနေရမယ်''

ဟုပြောပြီး အိမ်လေးထဲသို့ ခေါ်သွားကာ ...

''ဒီမှာ ဖျာနှစ်ချပ်ရှိတယ်၊ နင် ဖျာတစ်ချပ်ယူ၊ ခေါင်းအုံးနဲ့ စောင်ကိုပါ မပဒူဆီက တောင်းပေးမယ်၊ နင် ထမင်းစားပြီးပြီလား''

''ဘုတာမှာတုန်းက စားခဲ့ပြီးပြီ ဦးလေးရန်ကနား''

''ဒါဆို ဒီမှာထိုင် ... နင့်ကိုနော် ဒီခြံထဲမှာအလုပ်လုပ်သူတွေ လိုက်နာရမယ့်စည်းကမ်းတွေ ပြောပြမယ်''

ရန်ကနားက ဖျာတစ်ချပ်ပေါ်ဝယ် ထိုင်ပြီး သူ့ကိုပြောလိုက်သဖြင့် မင်းလတ်မှာ သူ၏သေတ္တာနှင့်သားရေလွယ်အိတ်တို့ကို ဆယ်ပေပတ်လည်ခန့်သာရှိသော အိမ်လေး၏နံရံတစ်ဖက်ဝယ် ကပ်ပြီးချထားလိုက်ကာ ရန်ကနား၏မျက်နှာချင်းဆိုင်၌ ထိုင်လိုက်ရလေ၏။

ရန်ကနားက ပွတ်ချွန်းဘီလီဆေးလိပ်သေးသေးလေးကို မီးညှိဖွာရှိုက်လိုက်ပြီး ...

''နင် လိုက်နာရမယ့် စည်းကမ်းတွေကိုနော် ပြောမပြခင် ဒီစံအိမ်ကြီးရဲ့ အိမ်ရှင်မိသားစုရဲ့အကြောင်းကိုနော် ပြောပြမယ်''

''ဟုတ်ကဲ့''

''ငါ ... ဒီစံအိမ်ကြီးမှာ မာလီလုပ်လာတာနော် ဆယ်





နှစ် ရှိပြီ၊ ဒီအိမ်ကြီးရဲ့ ပထမအရှင်သခင်ကြီးက ဦးဇေယျမြတ်စံပဲ၊ သူက နင်တို့မြန်မာနောက်ဆုံးဘုရင်ရဲ့ အဆက်အနွယ်လို့ပြောတာပဲ၊ ဒီအိမ်ကြီးကလည်း မြန်မာဘုရင်တွေလက်ထက်ကဆောက်ထားခဲ့တာတဲ့၊ ဦးဇေယျာမြတ်စံရဲ့ အဖေဟာ ... ဝန်ကြီးအမတ်ကြီးတစ်ယောက်လို့ ပြောတယ်၊ သူတို့ရဲ့ဆွေစဉ်မျိုးဆက်ဓာတ်ပုံကြီးတွေ ပန်းချီကားကြီးတွေတော့ အိမ်အပေါ်ထပ်မှာ ရှိတယ်လို့ ဝါစင်ပြောဖူးတယ်''

''ဝါစင်ဆိုတာ ဘယ်သူလဲဗျ''

''ဝါစင်ဆိုတာ အားကြီးလှတဲ့ ကုလားမလေး ... ဟိန္ဒူမလေး၊ ငါ့ထက် အသက်နှစ်ဆယ်လောက် ငယ်တယ်၊ သူ့ကိုငါ ကြိုက်တယ်နော် ... သူကငါ့ကို အဖေလို့ပဲခေါ်တယ်တဲ့''

''ဟား .. ဟား .. ဟား .. သဘောပေါက်ပြီ ... သဘောပေါက်ပြီ၊ အဲဒီ ဦးလေးရန်ကနားကို အဖေလို့သဘောထားတဲ့ ဝါစင် အခု ဒီအိမ်ကြီးမှာ အလုပ်လုပ်နေတုန်းပဲလား''

''မလုပ်တော့ဘူး ... သူ့အမေနဲ့အမျိုးတွေနော် ဘင်္ဂလားပြန်လို့ လိုက်သွားပြီ''

''ဩော်''

''ဒီ့ပြင် ဘယ်အလုပ်သမားမှနော် ဒီစံအိမ်ကြီးရဲ့ အိမ်ပေါ်ထပ်ကို တက်ခွင့်မရှိဘူး၊ အဲဒီဝါစင်တစ်ယောက်ပဲ တက်ခွင့်ရှိတယ်၊ အိမ်အပေါ်ထပ် သန့်ရှင်းရေးကိုနော် သူပဲလုပ်ရတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် အိမ်ပေါ်ထပ်မှာ ရှေးဘုရင်တွေလက်ထက်က အသုံးအဆောင်ပစ္စည်းတွေ သူတို့ဆွေစဉ်မျိုးဆက်ဓာတ်ပုံကြီးတွေ ပန်းချီကားကြီးတွေရှိတာကို ဝါစင်နော် မြင်ဖူးတယ်၊ ငါကနော် ဝါစင်ပန်ဖို့ ခရေပန်းတွေကောက်ပြီးပေးလို့ သူက ငါ့ကိုခင်ပြီးနော် အဲဒီအကြောင်းတွေပြောပြတာ ကန်ကလေး''

''ဟုတ်ပါပြီ ... အဲဒီဦးဖေယျမြတ်စံက သေသွားပြီမဟုတ်လား''

''သေသွားပြီ ... နှစ်နှစ်ကျော်ပြီ၊ ဦးဖေယျမြတ်စံရဲ့ မိန်းမလည်း သေသွားတာ ဆယ်နှစ်နော် ... ဆယ့်တစ်နှစ်နော် ရှိသွားပြီ''

''စောစောက အဒေါ်ဟာ ဒေါ်မြမင်းသာမဟုတ်လား၊ သူက ဦးဖေယျမြတ်စံရဲ့ သမီးလား''

''ဟော့ ... ကန်ကလေး ... နင်နော် ... အစ်မတော် မြမင်းသာကို အဒေါ်လို့မခေါ်ရဘူး ... သူ အားကြီးစိတ်ဆိုးမှာ၊ ဒွေးတော်လို့ ခေါ် ... ကြားလား''

''ဩော် ... ဟုတ်ကဲ့ ... ဒေါ်မြမင်းသာအကြောင်း ဆက်ပြောပါဦးဗျ''

''သူတို့မှာ မောင်နှမသုံးယောက်နော် ရှိတယ် ...။

အစ်မတော်မြမင်းသာက အငယ်ဆုံး၊ သူ့အစ်မကြီးနော် ... အစ်မတော်မြခြူးသာလို့ ခေါ်တယ် ... သူ့အောက်ကနော်





... မင်းစက်သာလို့ခေါ်တယ် ...။

ငါနော် ... အစ်မတော်ကြီး မြခြူးသာကို တွေ့ဖူးတယ်၊ ဒါပေမဲ့ ပြီးခဲ့တဲ့နှစ်ကပဲ ... အစ်မတော်ကြီးမြခြူးသာနော် ခရီးထွက်သွားတာ ပြန်မလာသေးဘူး''

''ဘယ်လိုသွားတာလဲဗျ''

''ဘယ်သွားသလဲနော် ... ငါမသိဘူး၊ အစ်မတော်မြမင်းသာတို့ကိုနော် မမေးရဲဘူး၊ ဒါပေမဲ့ ... အစ်မတော်ကြီးမြခြူးသာမှာနော် ... မြယွန်းမီဆိုတဲ့ သမီးရှိတယ်၊ သူနော် ... နင့်လောက်ပဲ ရှိတယ်''

''ဩော် ... ဟုတ်လား။ ဒါဆို အဲဒီကောင်မလေးရော သူ့အမေနဲ့ ပါသွားသလား ... သူ့အဖေကရော ...''

''သူ့အဖေနော် ... အံရက်သောက်လွန်းလို့ သေသွားပြီ၊ ကောင်မလေးနော် ... သူ့အမေနဲ့မပါသွားဘူး၊ ဒီအိမ်မှာနော် ... သူ့အဒေါ်နဲ့ နေရစ်တယ်''

''ဟုတ်လား ... အခု အဲဒီကောင်မလေးကို မတွေ့ပါလားဗျ ဦးလေးရန်ကနားရဲ့''

''ကောင်မလေးနော် ... သူ့အဒေါ်ရှိရင် အိမ်ထဲက မထွက်ရဘူး၊ အိမ်ပေါ်ထပ်မှာပဲ နေရတယ်။ သူ့အဒေါ်မရှိမှ ဒီခြံထဲ ဆင်း, ဆင်းလာတယ်၊ ကောင်မလေးက လှတယ်နော် ... နင် တွေ့ရလိမ့်မယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... ဒါထက်"

"ဒေါ်မြမင်းသာမှာရော ယောက်ျားမရှိဘူးလားဗျ"

"မရှိဘူး ... သူကအပျိုကြီး"

"ဪ ... ဒါထက် ဦးမင်းစက်သာကရော ဒီအိမ်မှာ ရှိသလား"

"မရှိဘူး ... ငါဒီအိမ်မှာ အလုပ်ဝင်ကတည်းက သူ့ကို မတွေ့ဖူးဘူး။ သူကနော် လောင်းကစားလုပ်ကယ်တဲ့၊ ဆိုးတယ် တဲ့၊ ဒီကို ပြန်မလာဘူးတဲ့"

"ဪ .. ဒါဆို အဲဒီစံအိမ်ကြီးမှာ အိမ်ရှင်ဆိုလို့ ဒေါ်မြမင်းသာနဲ့ မြယွန်းမိတို့နှစ်ယောက်ပဲ ရှိတာပေါ့ ... ဟုတ်လား"

"ဟုတ်တယ် ... အလုပ်သမားတွေကတော့ သန့်ရှင်းရေးအတွက်နော် ... ဒေါ်မြစ်ပုံနဲ့ မပဒုရှိတယ်၊ ထမင်းချက်နော် ဒေါ်ကံသာရှိတယ်၊ ပြီးတော့ ငါနဲ့မင်းနော် ရှိတယ်"

"ဒီအိမ်မှာ ကားမရှိဘူးလားဗျ၊ ဒရိုင်ဘာရောမရှိဘူးလား"

"ကားနက်ကြီးနော် ရှိတယ်၊ အိမ်ခေါင်းရင်းက ဂိုဒေါင်ထဲမှာရှိတယ်၊ အဲဒီကားကို ရေဆေးဖို့၊ ဖုန်သုတ်ဖို့နော် ငါက တာဝန်ယူရတယ်၊ အခု နင်ပါတာဝန်ယူရမယ်၊ ကားကိုတော့နော် ဒေါ်မြမင်းသာကိုယ်တိုင်ပဲ မောင်းတယ်၊ ဒရိုင်ဘာနော် မထားဘူး"





"ဪ ... ဒေါ်မြမင်းသာက ဘာအလုပ်လုပ်သလဲ ... ဆိုင်ကြီးတွေ၊ လုပ်ငန်းကြီးတွေ ပိုင်သလားဗျ"

"ဒေါ်မြမင်းသာနော် ... ဘာမှမလုပ်ဘူး၊ လူတွေက နော် သူ့ဆီမှာ ကျောက်တွေလာရောင်းကြတယ်၊ လူတွေကနော် သူ့ဆီကကျောက်တွေ လာဝယ်ကြတယ်"

"ကျောက် ... ဟုတ်လား ... ဘာကျောက်လဲဗျ"

"ပတ္တမြားတို့၊ စိန်တို့၊ ကျောက်စိမ်းတို့ပေါ့ ... ကန်က လေးရဲ့"

"ဪ ..."

"ကန်ကလေး ... နင် ဒီစံအိမ်ကြီးက အိမ်ရှင်တွေရဲ့အကြောင်းသိပြီးပြီဆိုတော့ နင်လိုက်နာရမယ့် စည်းကမ်းချက်တွေနော် ငါပြောပြမယ်"

"ဟုတ်ကဲ့ ပြောပြပါ"

"နင်နော် ... အစ်မတော် ဒေါ်မြမင်းသာမခေါ်ဘဲ ... အိမ်ကြီးထဲမသွားရဘူး၊ အိမ်ကြီးရဲ့ အပေါ်ထပ်ကိုနော် လုံးဝ မတက်ရဘူး၊ ထမင်းစားရင်နော် ငါနဲ့အတူ ထမင်းစားဆောင်ကို အိမ်နောက်ဘက်က ပတ်ဝင်ပြီးစားရမယ် ...။

အကြောင်းမရှိဘဲနော် ... နင့်ကိုမခိုင်းဘဲ မြို့ပြင်မထွက်ရဘူး၊ ဧည့်သည်လာရင်နော် ... ခြံတံခါးကို နင့်မဖွင့်ပေးရဘူး၊ ငါ့ကိုပြော ... ငါတောင်နော် အစ်မတော်ဒေါ်မြမင်းသာက ခေ



www.burmeseclassic.com

www.burmeseclassic.com



ခွင့်ပြုသူကိုမှ ဖွင့်ပေးရမှာ ...။

"နင်နော် ... ခြံထဲမှာပဲ အမြဲနေရမယ်၊ ထမင်းစားတဲ့ အခါပဲ အိမ်နောက်ဘက်ကနေ ခဏဝင်ရမယ်၊ အဲဒီစည်းကမ်း တွေ နင်လိုက်နာရမယ်"

"ကောင်းပါပြီဗျာ ... အဲဒီစည်းကမ်းတွေ ကျွန်တော် လိုက်နာပါ့မယ်"

ထိုစဉ် ခြံဝင်းတံခါးကြီးဆီမှ ကြေးခေါင်းလောင်းငယ် လှုပ်ခတ်သံ ကြားရလေ၏။

"ဟော ... ညှိသည်နော် လာပြီထင်တယ် ...ငါ သွားလိုက်ဦးမယ်"

ဦးရန်ကနားသည် ထိုင်ရာမှထပြီး ခါးဝယ်သော့တွဲကြီး ချိတ်လျက် မာလီအိမ်ကလေးမှ ထွက်သွားပါတော့၏။

မင်းလတ်မှာ သူ့အတွက်ပေးထားသော သင်ဖြူးဖျာ ပေါ်ဝယ် ပက်လက်လှဲချလိုက်ပြီးနောက် နဖူးပေါ်လက်တင်ကာ သူ အလုပ်လုပ်ရန် ရောက်ရှိလာခဲ့ပြီဖြစ်သော ဤတြိမန္တစံအိမ် ကြီး၏ အရှင်သခင်မိသားစုများအကြောင်းကို တွေးတောစဉ်း စားရင်းမှ ...

"အင်း ... ငါ ဒီမန္တလေးမြို့မှာ နိုနားခွင့်ရမှ ကျောက် စိမ်းဘီလူးရုပ်တုနဲ့ပတ်သက်ပြီး စူးစမ်းလေ့လာခွင့်ရမယ်၊ ဒီတော့ ဒီတြိမန္တစံအိမ်ကြီးမှာ အလုပ်လုပ်ရင်း အဲဒီကျောက်စိမ်းဘီလူး





ရုပ်တုနဲ့ပတ်သက်ပြီး စုံစမ်းလေ့လာမှုပြုရတော့မှာပဲ"

ထိုသို့ တွေးတောစဉ်းစားနေရင်းမှ ခရီးပန်းလာသဖြင့် မင်းလတ်မှာ မေးခနဲ့ အိပ်ပျော်သွားပါတော့၏။

မင်းလတ်အိမ်ပျော်သွားသည့် အခိုက်မှာပင် မင်းလတ် ၏ သံသေတ္တာသော့ခလောက်သည်။ သူ့ဘာသာ အလိုအ လျောက် ပွင့်သွားတော့၏။

'ချောက်'

ထို့နောက် သော့ခလောက်သည် မျောက်လက်မှ အလို အလျောက် ပြုတ်ကျသွားတော့၏။

'ဒုတ်'

သော့ခလောက်ကြမ်းခင်းပေါ်ပြုတ်ကျသံကြောင့် မင်း လတ်မှာ အိပ်ပျော်နေရာမှ ဖျတ်ခနဲ လန့်နိုးသွားတော့၏။

သူကနိုးနိုးချင်း သူ၏သံသေတ္တာကို လည်ပင်းစောင်း ပြီး ခေါင်းငုံ့ကာကြည့်လိုက်ရာ သေတ္တာ၏အဖုံးသည် တဖြည်း ဖြည်း မပွင့်လာတော့၏။

"ဟာ"

သူသည် ခေါင်းနားပန်းကြီးသွားပြီး အံ့သြလွန်းသဖြင့် ပါးစပ်အဟောင်းသားဖြစ်သွားကာ ကပျာကယာလူးလဲထလိုက် ၏။ သို့သော် သူ၏ခြေနှင့်လက်တို့က လုံးဝလှုပ်၍မရတော့ချေ။ သူ၏ကျောကလည်း ကြမ်းခင်းနှင့်ကပ်လျက်သား ရှိတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"အလိုလေး ...ငါ ...ငါ ထလို့မရတော့ပါလား"

သူ အားယူကြိုးထသော်လည်း သူ့တစ်ကိုယ်လုံး အကြောတွေသေသလိုဖြစ်ကာ လုံးဝ လှုပ်လို့ ထလို့မရတော့ချေ။ သူ၏ခေါင်းကိုသာ လှည့်၍ရသဖြင့် သူကခေါင်းငဲ့ပြီး ...သူ၏ သေတ္တာကိုသာ အံ့ဩနားမလည်နိုင်စွာ ငေးကြည့်နေပါတော့၏။

သူ၏သံသေတ္တာအဖုံးမှာ တဖြည်းဖြည်းပွင့်သွားပြီး နောက် သေတ္တာထဲမှ ကျောက်စိမ်းဘီလူးရုပ်တုလေးမှာ သန် လျက်ကို လက်ယာလက်ဝယ်ကိုင်ရင်း ခုန်ထွက်လာပါတော့၏။

မင်းလတ်မှာ မယုံနိုင်စရာ အသက်ဝင်လာသော ကျောက်စိမ်းဘီလူးရုပ်တုလေးကို ငေးကြည့်ရင်း အံ့ဩလွန်း သဖြင့် မှင်တက်မိနေတော့၏။

ခဏအတွင်းမှာပင် ဘီလူးရုပ်တုလေးမှာ ကြမ်းပြင်ပေါ် သို့ မားမားမတ်မတ်ရပ်လျက်သား ရောက်ရှိသွားပြီးလျှင် သူ၏ နီရဲသောမျက်လုံးများဖြင့် မင်းလတ်အား စူးစိုက်ကြည့်နေရာမှ သန်လျက်ကိုကိုင်မြှောက်ရင်း တစ်လှမ်းချင်းလှမ်းလာတော့၏။

"ဟာ ...ဘီ ...ဘီလူးရုပ်တု လာနေပြီ ...သူ ...သူ ဘာလုပ်မလို့ပါလိမ့်"

ဘီလူးရုပ်တုလေးမှာ သူ၏ဦးခေါင်းနားသို့ရောက်လာ ပြီးလျှင် ဒေါသသွေးတို့ဖြင့် နီရဲနေသောသူ၏မျက်လုံးဖြင့် မင်း လတ်၏မျက်နှာကိုစိုက်ကြည့်နေရင်းမှ အသံသြသြကြီးဖြင့် ကြိမ်း





ဝါးတော့၏။

"ငါ့မှာ စံမြန်းစရာနေရာ ရှိတယ်၊ အဲဒီနေရာနဲ့ ဝေး အောင်လုပ်သူအားလုံး ငါ့ရဲ့ကျိန်စာ သင့်မယ်မှတ်၊ နင့်အဖေ ဟာ ငါ့ရဲ့ယက္ခကျိန်စာကြောင့် သေသွားရတာ သိရဲ့လား၊ နင် လည်း ငါ့နေရာဆီ လိုက်မပို့လို့ကတော့ အသေဆိုးနဲ့ သေမယ် မှတ်၊ ရှုပ်တယ် ...ခုပဲ နင့်ကိုငါ သတ်ပစ်မယ် ...နင့်ရဲ့ လည်ပင်းထဲ ဟောဒီသန်လျက်နဲ့ စိုက်ထိုးလိုက်မယ်"

"အား ...မလုပ် ...မလုပ်ပါနဲ့ ...ကျွန် ... ကျွန်တော် ခင်ဗျားရဲ့နေရပ်နဲ့ ဝေးအောင်မလုပ်ပါဘူး"

မင်းလတ်မှာ နှုတ်မှရေးတို့ စို့ပုံ့လာကာ မျက်လုံးပြူး မျက်ဆံပြူးဖြင့် တောင်းပန်မိလေတော့၏။

"မင်း ကတိပေးသလား"

"ပေး ...ပေးပါတယ်ဗျာ ...ကတိပေးပါတယ်၊ ခင်ဗျားရဲ့ညီအစ်ကိုတွေဆီကို ပို့ပေးပါ့မယ်၊ သူ ...သူတို့ ဘယ် မှာရှိသလဲ၊ သူ ...သူတို့ရဲ့နေရာကိုသာ ပြော ...ပြောပါ"

ဘီလူးရုပ်တုမှာ ကျေနပ်သွားဟန်ဖြင့် သန်လျက်ကိုင် မြှောက်ထားသောလက်ကို အောက်သို့ ခပ်ဖြည်းဖြည်းချလိုက် ပြီး သူ၏ပါးစပ်အတွင်းမှ အစွယ်များပေါ်အောင် ပါးစပ်ကြီးကို ဖြဲကာပြုံးလိုက်ပြီးနောက် ...

"ကောင်းပြီ ...မင်း ကတိပေးရင် ကျေနပ်ပြီ၊ ငါ့ရဲ့



www.burmeseclassic.com

www.burmeseclassic.com



မူလစံမြန်းရာနေရာကို မင်း တစ်နေ့သိလာလိမ့်မယ်၊ အဲဒီလို သိလာတဲ့အခါမှာသာ ငါ့ကို ငါ့ရဲ့မူလဒေသရှိရာဆီ ရောက်အောင် ပို့ပေးပါ၊ မင်း အဲဒီတာဝန်ကို ထမ်းဆောင်ခဲ့ရင် မင်းအတွက် ဆုလာဘ်ကြီးတစ်ခုခု ပြန်ရစေရမယ်၊ အဲဒီတာဝန်နဲ့ ကတိကို ဖျက်ခဲ့ရင်တော့ မင်း ယက္ခကျိန်စာသင့်ပြီး အသေဆိုးနဲ့ သေရ မယ်မှတ်''

''ဟုတ် . . . ဟုတ်ကဲ့ပါ . . . ကတိပေးပါတယ်ဗျာ''

''ကတိပေးပါတယ်''

''ကတိပေးပါတယ်''

''ဟော့ . . . ကန်ကလေး . . . ကန်ကလေး . . . နှင်နော် ဘာတွေယောင်ပြီး အော်နေတာလဲ . . . ကတိပေးပါတယ် . . . ကတိပေးပါတယ်နဲ့ . . . ဘာတွေ ကတိပေးတာလဲ''

သူ၏ပခုံးကို အတင်းလှုပ်နှိုးခြင်းခံရသဖြင့် မင်းလတ်မှာ အိပ်ပျော်နေရာမှ လန့်နိုးသွားပါတော့၏။

''ဟင်း . . . ကန်ကလေး နှင်ယောင်ပြီး အော်နေတယ်၊ ကတိပေးပါတယ် . . . ကတိပေးပါတယ်နဲ့ . . . ဘာတွေကတိပေး တာလဲ . . . ပြောပါဦး''

ချွေးများပြန်လျက်မှ လန့်နိုးလာသော မင်းလတ်မှာရန် ကနားကို ကြောင်စီစီကြည့်လိုက်ပြီးနောက် သူ၏သံသေတ္တာ ဆီသို့ ဖျတ်ခနဲ ဦးခေါင်းလှည့်ကာကြည့်လိုက်မိ၏။

---





သံသေတ္တာမှာ ပိတ်လျက်သားဖြင့် အိမ်ထရံနားဝယ် တည် တည်ငြိမ်ငြိမ်ရှိနေပါ၏။ သံသေတ္တာ၏မျောက်လက်၌ သော့ခလောက်မှာ မလှုပ်မယှက် တွဲလွဲခိုလျက် . . .။

ရန်ကနားမှာ သူ၏အမေးကိုမဖြေဘဲ သံသေတ္တာကို သာ ပြူးပြူးပျာပျာစိုက်ငေးကြည့်နေသော မင်းလတ်၏ပခုံးကို အားမလိုအားမရဟန်ဖြင့် ကိုင်လှုပ်လိုက်ပြီးလျှင် . . .

''ဟော့ . . . ကန်ကလေး . . . နှင့်သေတ္တာကို ဘာစိုက် ကြည့်နေတာလဲ . . . အဲဒီသေတ္တာက ဘာဖြစ်လို့လဲ''

''ဟာ . . . ဘာ . . . ဘာမှမဖြစ်ပါဘူး''

''မဖြစ်ရင် . . . နှင် ဘာဖြစ်လို့ကြည့်သလဲ''

မင်းလတ်မှာ အဖြေရကျပ်သွားတော့သည်။

''ဟို . . . အိပ် . . . အိပ်မက်ထဲမှာ ကျွန်တော်ရဲ့သေတ္တာ အဖိုးခံရလို့ အဲဒါကြောင့်ကြည့်တာပါ''

''ဟား . . ဟား . . ဟား . . ဒီခြံထဲမှာ ဘယ်သူကခိုးဝင် နိုင်မှာတုံး . . . နှင့်သေတ္တာအစုတ်ကိုနော် ဘယ်သူမှမခိုးပါဘူး၊ ငါမေးတာသာ ဖြေစမ်းပါ . . . နှင် စောစောကယောင်ပြီး အော် တယ်နော် . . . ကတိပေးပါတယ်, ကတိပေးပါတယ်တဲ့ . . . ဘာကို ကတိပေးတာလဲ . . . ပြောပါဦး''

''ကျွန်တော်ယောင်တယ် . . . ဟုတ်လား . . . အဲဒါ ဒီလိုပါ ဦးလေးရန်ကနားရဲ့ . . . အိပ်မက်ထဲမှာလေ ကျွန်တော်

---



www.burmeseclassic.com

www.burmeseclassic.com



ရဲ့သေသွားတဲ့အဖေက သူ့ရဲ့အမွေအနှစ် အဲဒီသေတ္တာကို မပျောက်ပါစေနဲ့တဲ့ ပြောတယ်၊ ဒါကြောင့် ကျွန်တော်က မပျောက်စေရပါဘူး . . . သား ကောင်းကောင်းသိမ်းထားပါ့မယ်၊ ကတိပေးပါတယ်လို့ ပြောလိုက်တာဗျ''

မင်းလတ်က သူ့ဉာဏ်မီသလောက် ယုတ္တိရှိအောင်မနည်းကြိုးစားပြောလိုက်မှ ရန်ကနားမှာ ကျေနပ်သွားပြီး . . .

''ကဲ . . . ကဲ . . . ထ . . . မြို့နောက်ဘက်ရေတွင်းမှာ ရေသွားချိုးပြီးရင် ငါနဲ့နင် အိမ်ကြီးထဲမှာ ညစာသွားစားကြမယ်''

''ဟုတ် . . . ဟုတ်ကဲ့''

မင်းလတ်မှာ ဖျာပေါ်မှ လူးလဲထလိုက်ရသည့်တိုင် . . . ရင်တုန်မပြေသေးဘဲ ဖြစ်နေ၏။ အိပ်မက်က သူ့ကိုလွှမ်းမိုးနေဆဲဖြစ်၏။ အိပ်မက်ထဲမှ ဘီလူးရုပ်တု၏ ကြောက်မက်ဖွယ်ဒေါသမျက်နှာကိုပြန်လည်မြင်ယောင်ရင်း သူပေးခဲ့သောကတိစကားကို ပြန်လည်အမှတ်ရနေမိ၏။

''ဒါဟာလူကြီးတွေပြော . . . ပြောနေသလို ငါ့ကို ဘီလူးရုပ်တုက အိပ်မက်ပေးပြီး ကတိတောင်းသွားတာများလား''

သူ ရေချိုးဖို့ မြို့နောက်ပိုင်းရေတွင်းဆီ ရောက်လာသည့်တိုင် သူ၏အိပ်မက်ဆိုးကို သတိရအမှတ်ရဆဲ . . .။

♛ ♛ ♛ ♛ ♛

## လျှို့ဝှက်လှိုဏ်ခေါင်း

မင်းလတ်မှာ တို့မန္တမြို့ကြီးထဲဝယ် တာဝန်ထမ်းဆောင်နေခဲ့သည်မှာ တစ်ပတ်ပြည့်တော့မည်ဖြစ်၏။

သူ၏တာဝန်က ရန်ကနားနှင့်အတူ မြို့ကြီး၏ နောက်ပိုင်းမှ တောထနေသော မြက်ပင်ရိုင်းများ၊ ဆူးချုံများကို မြက်ခုတ်ကိုင်းခုတ်ဓားတို့ဖြင့် ခုတ်ထွင်ရှင်းလင်းရခြင်းဖြစ်၏။ သူတို့ခုတ်ဖြတ်ပြီးသမျှ သစ်ရွက်သစ်ခက်တို့ကို မြို့ကြီး၏နောက်ပိုင်း လက်ယာဘက်ထောင့်ရှိ ရေတွင်းပျက်ကြီးထဲ သွားထည့်ရလေ၏။

ရေတွင်းပျက်ကြီးမှာ ရှေးဟောင်းအုတ်ချပ်ပြားပြား ဗျက်ကျယ်ကျယ်ကြီးများဖြင့် စီထပ်ကာတည်ဆောက်ထားသော ရေတွင်းကြီးဖြစ်ပြီး အမှိုက်သရိုက်များသွန်ချသည့်တိုင် ရေတွင်းကြီး

www.burmeseclassic.com



မှာ မပြည့်နိုင်သေးချေ။ တွင်းဝကျယ်သလောက် တော်တော်လည်း နက်ပုံရလေ၏။

ခြံကြီး၏နောက်ပိုင်းမှ ချုံနွယ်ပိတ်ပေါင်းအကိုင်းအခက်တို့ကို တစ်ပတ်တိကိခုတ်ဖြတ်ပြီး အနီ့ရေတွင်းဟောင်းကြီးထဲ ထည့်သည့်တိုင် ရေတွင်းကြီးက မပြည့်သေး။ ပြည့်ရန် ဆယ်ခေါင်ခန့် လိုသေး၏။

မင်းလတ်မှာ ကုလားအဘိုးအို ရန်ကနားနှင့်အတူ ခြံကြီးကို နေ့စဉ်ရှင်းနေရင်းမှ ဒေါ်မြမင်းသာ၏ လှုပ်ရှားမှုကိုမသိမသာအကဲခတ်ကြည့်မိရာ ဒေါ်မြမင်းသာမှာ အိမ်ထဲမှအိမ်ပြင်သို့ ထွက်လေ့သိပ်မရှိဘဲ မင်းလတ်ရောက်ရှိပြီး ရက်သတ္တပတ်ပြည့်သည်တိုင် ဒေါ်မြမင်းသာ စံအိမ်ကြီးထဲမှ ထွက်လာသည်ကို မတွေ့ရချေ။

သူနှင့်ရွယ်တူခန့်ရှိသည်ဆိုသော ဒေါ်မြမင်းသာ၏တူမ မြယွန်းမိဆိုလျှင် အရိပ်အယောင်မျှ မတွေ့မြင်ဖူးချေ။

ဒေါ်မြမင်းသာထံသို့ ပြင်ပမှ ဧည့်သည်ယောကျ်ားအချို့နှင့် မိန်းမအချို့ တစ်ပတ်အတွင်း သုံးလေးကြိမ်ခန့်လာသည်ကိုမူ တွေ့ရလေ၏။

ထိုဧည့်သည်တို့မှာ ကိုယ်ပိုင်ကားဖြင့်လည်းကောင်း၊ ကိုယ်ပိုင်မြင်းရထားတို့နှင့်လည်းကောင်း လာလေ့ရှိသည်ကို တွေ့ရချေ၏။





သူတို့သည် လူကုံထံများဖြစ်ပုံရပြီး ဝတ်ကောင်းစားလှများဝတ်ဆင်လာကြကာ မိန်းမများဆိုလျှင် တစ်ကိုယ်လုံးရွှေတွဲလွဲ၊ ငွေတွဲလွဲဆင်မြန်းလာကြကာ အချို့မှာ ခြေကျင်းကြီးများကို ဝတ်ဆင်လာကြလေ၏။

ထိုသူတို့မှာ ကျောက်မျက်ရတနာကုန်သည်များပွဲစားများဟု ဦးရန်ကနားပြောသဖြင့် သိရပြီး၊ ဒေါ်မြမင်းသာမှာ ထိုသူတို့ထံမှ ကျောက်မျက်ရတနာတို့ကို ဝယ်ယူစုဆောင်းလေ့ရှိသလို . . ကျောက်လိုချင်လျှင်လည်း ထိုသူတို့က ဒေါ်မြမင်းသာထံလာပြီး အမြတ်များစွာပေးကာ ဝယ်လေ့ရှိသည်ဟု ဦးရန်ကနားထံမှ သိရလေ၏။

သို့ဖြင့် မင်းလတ်အလုပ်ဝင်ပြီး ဆဋ္ဌမမြောက်နေ့ နံနက်စောစောတွင်မူ ဒေါ်မြမင်းသာမှာ အိမ်ရှေ့တံခါးဝမှ တစ်ဦးတည်းထွက်လာသည်ကို မင်းလတ်မှာ အိမ်ရှေ့ခြံအတွင်းရှိ စပယ်ရုံအား ရေလောင်းနေရင်းတွေ့ရလေ၏။

ဒေါ်မြမင်းသာသည် ဦးခေါင်းထက်ဝယ် ရှည်လျားလှသော ပိတုန်းရောင်ဆံကေသာကို ဘီအေဆံထုံးထုံးထားပြီး ပဒုမ္မာအသား သခွားစေ့ရောင်ရင်စေ့၊ ကြာယပ်အနားညှပ်လက်ပွအင်္ကျီလက်ရှည်ကို ဝတ်ဆင်ထားလေ၏။

သူမ၏ခါးတွင်မူ ရွှေဝါရောင်လွန်းတစ်ရာချိတ်ထဘီကို ဝတ်ဆင်ထားပြီး ပခုံး၌ ဖာပဝါပါးပါးအဝါရောင်ဖျော့ဖျော့လေး



www.burmeseclassic.com

www.burmeseclassic.com



ကို ခြုံထားလေ၏။

သူမ၏ ခြေကျင်းဝတ်တို့ဝယ် ရွှေခြေကျင်းကိုဝတ်ဆင်ထားခြင်းမရှိဘဲ လေဒီရှူး (ခေါ်) ခွာသေးသေးနှင့်ဒေါက်မြင့်ဖိနပ်ရွှေအိုရောင်ကို စီးနင်းထားလျက် သားရေလက်ပွေ့အိတ်အနက်ကို လက်ယာလက်ဖြူဖြူသွယ်သွယ်ဖြင့် ဟန်ပါပါကိုင်ထားလေ၏။

သူမသည် တြိမန္တစံအိမ်ကြီး၏ ဆင်ဝင်အောက်မှ အိမ်ခေါင်းရင်းဘက်သို့ ကျောက်စရစ်ခဲခင်းလမ်းလေးအတိုင်း လျှောက်သွားလေ၏။ အိမ်ခေါင်းရင်းဘက်ရှိ ကားဂိုဒေါင်ဆီသွားခြင်းဖြစ်ပေသည်။

ရန်ကနားလည်း သခင်မဖြစ်သူ၏အထာကို သိသူပီပီ လက်ထဲမှ ပန်းညှပ်ကပ်ကြေးကို ပန်းအိုးတစ်လုံးပေါ်တင်လိုက်ပြီးလျှင် ခါးမှသော့တွဲကိုလက်ဝယ်ဖြုတ်ကိုင်ကာ ခြံတံခါးဝသို့ ခပ်သွက်သွက်ကြီး လှမ်းသွားလေ၏။

ခဏအကြာတွင် ကားစက်နှိုးသံနှင့်အတူ မော်ရစ်မိုင်နာကားနက်လေးမှာ အုတ်ခင်းလမ်းအတိုင်း ခြံဝသို့မောင်းထွက်လာပြီးလျှင် ရန်ကနားအသင့်ဖွင့်ပေးထားသည့် ခြံတံခါးဝမှ ကတ္တရာလမ်းမကြီးပေါ်သို့ ချိုးကွေ့မောင်းနှင်ထွက်ခွာသွားတော့ရာ ရန်ကနားမှာ ဆလံပေးရင်းကျန်ရစ်ခဲ့ပါတော့၏။

ပြီးနောက်မှ ရန်ကနားသည် ခြံတံခါးကိုပြန်စေ့လိုက်





ပြီး သူ့ကိုလှမ်းကြည့်နေသည့် မင်းလတ်အား ခပ်ပြုံးပြုံးမျက်နှာဖြင့် ပခုံးနှစ်ဖက်ကို တွန့်ပြလိုက်လေ၏။

ပန်းရုံများရှိရာသို့ တစ်လှမ်းချင်းလှမ်းလျှောက်လာသောရန်ကနားကို မင်းလတ်ကပြုံးကြည့်ကာ ...

"ဦးလေးရန်ကနားက မျက်နှာပြုံးစိစိနဲ့ ပခုံးတွန့်ပြဟာဘာသဘောလဲဗျ။ လွတ်ပြီ ... ကျွတ်ပြီဆိုတဲ့သဘောလား"

ဟု နောက်လိုက်ရာ ရန်ကနားက သူ၏ကျိုးတိုးကျဲတဲသွားများပေါ်အောင် ရယ်လိုက်ပြီး ...

"ဟုတ်တယ် ကန်ကလေးရေ ... အစ်မတော်မြမင်းသာအိမ်မှာရှိတယ်နော်၊ ငါတို့ အနေကျုံ့တယ်၊ သူ အခု အပြင်သွားတယ်၊ ငါတို့အလုပ်သမားတွေအတွက် လွတ်လပ်ရေးရတာပဲ"

ဟုပြောလိုက်ရာ မင်းလတ်က နားမလည်ဟန်ဖြင့် ရန်ကနားကို ကြည့်လိုက်ပြီး ...

"သူ ... အိမ်မှာရှိတော့ ဘာဖြစ်သလဲဗျ။ ကျွန်တော်တို့အလုပ်လုပ်နေတာကို ဒေါ်လေးမြမင်းသာ တစ်ခါမှလာပြီး ဆူပူပြောဆိုတာ မရှိဖူးပါဘူး၊ ဘာဖြစ်လို့ အနေကျုံ့ရမှာလဲ ဦးလေးရန်ကနားရဲ့"

ဟုမေးလိုက်ရာ ... ရန်ကနားက ခပ်ပြုံးပြုံးမျက်နှာပေးဖြင့် ခေါင်းကို သာသာယမ်းလိုက်လေ၏။

"ကန်ကလေး ... နင်မသိဘူးနော် ... သူက ငါတို့



www.burmeseclassic.com

www.burmeseclassic.com



အလုပ်လုပ်တဲ့ဆီ မလာပေမယ့် အိမ်ထဲက အိမ်ပေါ်ထပ်ကနေ ကြည့်ကြည့်နေတာ ... နင်ဘာသိလဲ၊ သူက အလုပ်နဲ့လက် မပြတ်အောင်လုပ်နေမှ ကြိုက်တာ၊ ငါ တစ်ခါတလေ ထိုင်နား တယ်နော် ... သူ လာမပြောဘူး၊ နှစ်ခါသုံးခါထိုင်ပြီး ဆေးလိပ် သောက်တယ်နော် ... သူ လာမပြောဘူး ...။

ညနေခြောက်နာရီထိုးပြီးလို့ ခြံတံခါးဝကိုသော့ခတ်ပြီး သော့တွဲ သူ့ဆီသွားပို့မှ ငါ ဒီနေ့အလုပ်ကို ဘယ်လိုနားတယ်, ဘယ်နှစ်ခါ နားတယ်, ဘယ်လိုအလုပ်ကို ခိုကပ်တယ်လို့ ဆူတာ နင် ... ဘာသိလဲ''

ဟုပြောရာ ထိုအခါမှ မင်းလတ်မှာဇက်ပုသွားပြီး ...

''ကျွန်တော့်ကိုရော ဘာပြောသေးသလဲ ... ဦးလေးရန် ကနားရဲ့''

ဟုမေးလိုက်လေ၏။

''နင့်ကိုတော့နော် ဘာမှမပြောပါဘူး၊ နင် အလုပ်လုပ် တာကို သူတွေ့နေတာပဲ၊ သူကနော် ပြောတယ် ... နင်ချို့ယွင်း ရင် ငါ့ခေါင်းပဲတဲ့၊ နင့်ကို မဆူဘူး ... ငါ့ကိုပဲ ဆူမှာတဲ့''

''ကောင်းဗျာ''

''ဘာကောင်းတာလဲ ကန်ကလေး ... နင်ရောက်လာမှ ငါ့မှာ ငါ့အတွက်အပူတစ်ပူ, နင့်အတွက်အပူတစ်ပူနဲ့ အပူနော် နှစ်ခုဖြစ်နေပြီ''





ရန်ကနားက မဲ့ကာရွဲ့ကာ ပြောရာ မင်းလတ်မှာ သဘော ကျစွာဖြင့် တဟားဟားရယ်လိုက်မိလေ၏။ ရန်ကနားလည်း ပြုံးစိစိမျက်နှာပေးဖြင့် စပယ်ရှုံ့နံဘေးမှ ခုံတန်းလျားပေါ် ထိုင် လိုက်ရင်း ခါးကြားမှဘီလီဆေးလိပ်နှင့် နတ်သမီးယမ်း မီးခြစ်ကို ထုတ်ကာ ဆေးလိပ်မီးညှိပြီး စိမ်ပြေနပြေ ဖွာရှိုက်နေတော့၏။

ယင်းအချိန်မှာပင် တြိမန္တစံအိမ်ကြီးထဲမှ အမျိုးသမီး တို့၏ ခပ်ကျယ်ကျယ်စကားပြောသံများ ရယ်မောသံများကို ကြား ရလေ၏။

''အင်း ... ဒေါ်လေးဒေါ်မြမင်းသာ ရှိနေတုန်းကဆို ဘယ်သူမှတုတ်တုတ်တောင်မလှုပ်ဝံ့ဘဲ ကိုယ့်အလုပ်ကိုယ် အသံ တိတ်လုပ်လို့ ငြိမ်ကုပ်နေကြတာပဲ၊ ခုမှ လွတ်လပ်ရေးရပြီး ... မပဒုတို့ ပြောကြဆိုကြ ရယ်ကြမောကြဖြစ်နေကြတယ်၊ ခုမှ အိမ်ကြီးက စီစီဝေသွားတော့တယ်''

မင်းလတ်မှာ စိတ်ထဲမှ သဘောကျစွာ မှတ်ချက်ချပြီး နောက် ... စပယ်ရှုံ့နံဘေးမှ နှုတ်ထားသောပေါင်းမြက်တို့ကို သံလက်တွန်းလှည်းပေါ်တင်ပြီး တစ်ဘီးတပ် သံလက်တွန်းလှည်း ကို ခြံကြီး၏နောက်ပိုင်းသို့ တွန်းသွားလေ၏။

သူသည် ခြံကြီး၏နောက်ပိုင်းလက်ယာဘက်ထောင့်ရှိ ရေတွင်းဟောင်းကြီး၏ အဝအနီးသို့ရောက်လျှင် ... သံလက် တွန်းလှည်းကိုချကာ ပေါင်းမြက်အမှိုက်သရိုက်တို့ကို ရေတွင်းအဝ



www.burmeseclassic.com

www.burmeseclassic.com



မှ ပစ်ချလိုက်လေ၏။

ထိုစဉ် ...

''အို ...ရွှေဝါမပြေးနဲ့ ...လာ ...လာ''

ဟူသော မိန်းကလေးတစ်ဦး၏အော်ဟစ်သံစူးစူးလေး နှင့်အတူ ပြေးလွှားလာသောခြေသံတဖုတ်ဖုတ်ကို အိမ်ကြီး၏ နံဘေးမှ ကြားလိုက်ရရာ ...အသံလာရာဆီသို့ မင်းလတ် ချာခနဲ လှည့်ကြည့်လိုက်လေ၏။

''အို ...ရွှေဝါမပြေးနဲ့ ...မပြေးနဲ့''

အသံရှင်ကိုမတွေ့ရမီ ရှေးဦးစွာ တစ်ကိုယ်လုံးရွှေအို ရောင်အမွေးတို့ ဖုံးလွှမ်းကာ လုပဝဖီးနေသောကြောင်လေးတစ် ကောင်မှာ အိမ်နံဘေးမှ ကွေ့ပတ်ပြေးထွက်လာပြီးလျှင် သူရှိရာ ရေကွင်းပျက်ဘက် ဒုန်းစိုင်းပြေးလာသည်ကို တွေ့ရလေ၏။ ထို အပြင် ကြောင်ကလေး၏နောက် ပေနှစ်ဆယ်ခန့်အကွာမှ ဂါဝန် အပြာဖားဖားနှင့် ကောင်မလေးတစ်ယောက် အော်ဟစ်ပြေး လိုက်လာသည်ကို တွေ့ရရာ မင်းလတ်မှာ မှင်တက်မိကာ ငေး ကြည့်နေမိလေ၏။

''ဟဲ့ ...ဖမ်းလိုက် ...ဖမ်းလိုက် ...မင်းလတ် ...ငါ့ရွှေဝါလေးကို ဖမ်းလိုက်ပါဟဲ့''

ကောင်မလေးက သူ့ကိုမြင်သွားပြီး သူ့ကို လက်ဝေ့ ယမ်းပြကာ အော်ဟစ်ပြောလိုက်ရာ ...သူမလေးမှာ စံအိမ်ကြီး





၏ အရှင်သခင်မိသားစုမှ မြေးတွန်းမီပင်ဖြစ်ကြောင်း ရိပ်မိလိုက် သည့် မင်းလတ်မှာ သူ့ဆန်စားမှ ရဲရတော့မည်မို့ သူ့အနီးမှ ဖြတ်ပြေးရန်ကြိုးစားလာသော ကြောင်ဝါဝါလေးကို ဖျတ်ခနဲခုန် အုပ်ကာ ဖမ်းလိုက်လေတော့၏။

သို့သော် ဝဝဖီးဖီးကြောင်ကလေးက သူ့ထက်ပိုလျင် ကာ သူ၏ဖမ်းဆီးခြင်းမှလွတ်ရန် အားကုန်ခုန်ပြီး ရှောင်လိုက် ရာ ...

''အို ...ရေတွင်းထဲကျသွားပြီ''

''ဟိုက် ...သွားပြီ''

'ညောင်း ..ဝေါင်း ..ဝေါင်း'

ရွှေဝါရောင်ကြောင်ကလေးကား ရေတွင်းဟောင်းကြီး ထဲသို့ ဦးစိုက်လျှက် အဆီးအတားမဲ့ကျသွားပါတော့၏။

''အို ...ရွှေဝါတော့ သေပါပြီ၊ အဲဒါနင့်ကြောင့် ... နင့်ကြောင့်''

''ဘုရားရေ''

ကောင်မလေးမှာ ဖျပ်ဖျပ်လူးသွားပြီး သူ့ကို လက်ညှိုး ငေါက်ငေါက်ထိုးကာ ရန်တွေ့တော့သဖြင့် မင်းလတ်မှာ လန့်ဖျပ် သွားရပြီး စိတ်မှာလည်း အတော်မကျေမနပ်ဖြစ်သွားရလေ၏။

''ဟ ...ဘာဖြစ်လို့ ငါ့ကြောင့်ရမှာလဲ၊ နင်ပဲ ဖမ်း ...ဖမ်းဆိုလို့ ငါက ခုန်ဖမ်းလိုက်တာလေ၊ သူ့ဘာသာခုန်ထွက်



www.burmeseclassic.com

www.burmeseclassic.com



ပြေးပြီး အရှိန်လွန်ကျသွားတာကို''

''အို ... ဘာ့ပဲဖြစ်ဖြစ် အဲဒါ နင့်ကြောင့်ပဲ၊ ငါ့ကြောင် တော့ သေပါပြီ''

ကောင်မလေးမှာ ခုန်ဆွခုန်ဆွဖြင့် ဒေါသဖြစ်နေရာမှ ရေတွင်း၏နှုတ်ခမ်းဘောင်သို့ ပြေးသွားပြီး ရေတွင်းထဲသို့ စိုးရိမ်တကြီး ငုံ့ကြည့်လိုက်လေ၏။

'ညောင် .. ညောင် .. ဝေါင်'

''ဟယ် ... ရွှေဂါ မသေဘူးတော့''

''ရွှေဂါ .. ရွှေဂါ .. တက်ခဲ့လေ ... တက်ခဲ့ ... ခုန်တက်ခဲ့''

ကောင်မလေးက ရှုးမိုက်စွာအော်ခေါ်နေသော်လည်း ဝါးတစ်ရိုက်ခန့်မြင့်သေးသော ရေတွင်းဘောင်ပေါ် မည်သို့မှ ရောက်အောင်ခုန်မတက်နိုင်သည့် ကြောင်လေးမှာ သခင်မ,ဖြစ်သူကို မော့ကြည့်ရင်းသာ တညောင်ညောင်ဖြင့် သနားစဖွယ် အကူအညီတောင်းနေရှာပါတော့၏။

'ညောင် .. ညောင် .. ဝေါင်'

''ဟဲ့ ... မင်းလတ် ... နင် ဘယ်လိုလုပ်မလဲ ... ငါ့ကြောင် နင့်ကြောင့် ဒီရေတွင်းကြီးထဲကျသွားတာ၊ အခု သူ ပြန်မတက် နိုင်တော့ဘူး၊ နင် ရေတွင်းထဲဆင်းပြီး ပြန်ခေါ်ပေး''

ကောင်မလေးက သူ့မျက်နှာကို လက်ညှိုးဖြင့်ငေါက်





ငေါက်ထိုးကာ ပြဿနာရှာပြန်၏။

''ဒီလောက်ရေတွင်းကအနက်ကြီး ငါဘယ်လိုလုပ်ဆင်းခေါ်နိုင်မှာလဲဟ''

သူက တမင်အငေါ်တူးလိုက်ရာ ကောင်မလေးမှာ ဇွေ့ဇွေ့ခုန်သွားပြန်ပြီး ...

''ဟင် ... နင် ဆင်းမဆယ်လို့ ဖြစ်မလားဟဲ့ ... နင့်ကြောင့် ကျသွားတဲ့ဟာကို၊ ဒီအထဲက ပြန်မတက်နိုင်ရင် ရွှေဂါ အစာငတ်ရေငတ်နဲ့ သေသွားမှာပေါ့''

ကောင်မလေးက လက်ဝဲဘက်လက်ကလေးကို ခါးမှာထောက်ရင်း လက်ယာဘက်လက်ညှိုးဖြင့် သူ့မျက်နှာကို ငေါက်ငေါက်ထိုးကာ အသံစူးစူးလေးဖြင့် ဒေါသတကြီးပြောလေ၏။

''အစာရေစာ မငတ်ချင်ရင် ရေတွင်းထဲ ရေတို့, အစာတို့ကို လာလာချပေးပေါ့''

''နင်နော် ... နင် ... စကားကို ကတ်မပြောနဲ့ ... ငါ့ကြောင်ကို နင် ပြန်ယူပေးမလား. မယူပေးဘူးလား ပြော''

ဒေါသမုန်တိုင်းထန်နေသော ကောင်မလေးကိုကြည့်ရင်း သူမ ပိုပြီးဇွေ့ဇွေ့ခုန်စေရန် မင်းလတ်က အငေါ်တူးစကားတွေ ပိုပြောချင်လာသည်။ ပိုစချင်လာသည်။

အောက်ခံအပြာလွင်လွင်ပေါ်ဝယ် အပြာနုရောင်ပန်းပွင့်အဆုပ်အဆုပ်တို့ ခြယ်ထားသည့် ပိုးဂါဝန်ပျော့အိအိဖားဖားလေး



www.burmeseclassic.com

www.burmeseclassic.com



ကို ဝတ်ထားသည့် ကောင်မလေးမှာ နံ့နက်ခင်းနေခြည်နုနု အောက်ဝယ် ကော်ပတ်ရုပ်လေးလို လှပရွှန်းစိုနေပါ၏။

သူမ၏ ဖြူဝင်းသောအသားရောင်ပေါ်ဝယ် နံနက်နေ ခြည်အသွေးက ရွှေရည်လေးများ ပက်ဖျန်းထားသလား ထင်ရလေ၏။

ပြာလဲ့သောမျက်ဝန်းကြီးများ၊ စင်ရော်တောင်မျက်ခုံး များ၊ ကော့ညွတ်သော မျက်တောင်နက်နက်များက ပန်းနုသွေး မျက်နှာဝင်းဝင်းလေးပေါ်ဝယ် ဆေးရေးထားသလို ထင်းထင်းကြီး ပေါ်လွင်နေပါ၏။

နှာတံလေးကဖြောင့်စင်းလျက်ရှိပြီး ပန်းနုရောင်နှင်းဆီ ဖူးနှုတ်ခမ်းလွှာလေးများက ဒေါသကြောင့် တဆက်ဆက်တုန်နေ ပါ၏။

သူမ၏မျက်နှာဝင်းဝင်းလေးက ဒေါသကြောင့် ပန်းနု သွေးရောင် ပြေးနေပြီး . . . စွေးစွေးနီရဲနေသော်လည်း ရုပ်ဆိုး မသွားဘဲ တစ်မျိုးကြည့်ကောင်းနေသဖြင့် မင်းလတ်က ရွှန်းရွှန်း စားစားကြည့်နေမိရင်းမှ . . .

"ကဲပါ မဟာဝှာလေး . . . ဒေါသ သိပ်ကြီးမနေပါနဲ့၊ နင့်ရဲ့ကြောင်ကို ငါ ရေတွင်းထဲဆင်းဆယ်ပေးပါ့မယ်၊ ဒီမှာ ခဏလေး စောင့် . . ဟုတ်ပြီလား"

မင်းလတ်က ကောင်မလေးကို လက်ကာပြကာ ပြော





လိုက်ပြီး ကားကိုဒေါင်၏နောက်သို့ ခြေလှမ်းကြဲကြဲဖြင့် လှမ်း လျှောက်သွားလိုက်၏။

ဤကားဂိုဒေါင်၏ နောက်ဘက်ဝယ် မနီလာကြိုးခွေ တစ်ခွေကို လွှန်ခဲ့သောရက်များကပင် သူတွေ့ထားပြီး ဖြစ်၏။

မင်းလတ်က ကြိုးခွေကြီးကို မ,ယူခဲ့ပြီး . . .

ရေတွင်းဟောင်းကြီး၏အနီးသို့ အရောက်ဝယ် ကြိုးစ တစ်စကို အနီးရှိသရက်ပင်ပျို၏ ပင်စည်ဝယ်သေချာခိုင်ခန့်စွာ ပတ်ချည်လိုက်လေ၏။

ထို့နောက်မှ ကြိုးခွေကိုရေတွင်းကြီး၏ ဘောင်ပေါ်မတင် လိုက်ပြီး ရေတွင်းထဲ နောက်ကြိုးစကို ခပ်ဖြည်းဖြည်းချလိုက်လေ ၏။ ကြိုးခွေလိုက်ပစ်ချလိုက်ပါက ရေတွင်းထဲမှ ရွှေဝါကိုထိခိုက်မိ မည်စိုးသောကြောင့် ဖြစ်ပါ၏။

"ကဲ . . . ဒီကြိုးကိုနိုပြီး ငါ ရေတွင်းထဲဆင်းသွားမယ်ပြီး တော့ နင့်ရဲ့ရွှေဝါကို ပြန်ခေါ်လာပေးမယ် . . . ဟုတ်ပြီလား"

ထိုအခါမှ ကောင်မလေး၏မျက်နှာဝယ် ဒေါသလျော့ သွားပြီး သူ့ကို စိုးရိမ်သောမျက်ဝန်းတို့ဖြင့် ကြည့်လိုက်ကာ . . .

"နင်က စောစောတုန်းကတော့ ငါ့ကို တအားရန်တွေ့ နေပြီး ခုတော့ ငါသေမှာကိုစိုးရိမ်သလား"

ဟု မချိမသာမျက်နှာဖြင့် မေးလိုက်ရာ ကောင်မလေး က သူ့ကို လှပစွာမျက်စောင်းထိုးလိုက်ပြီး . . .



www.burmeseclassic.com

www.burmeseclassic.com



"စောစောကတည်းက ငါ့ကြောင်ကို နင်ဆယ်ပေးမယ်လို့ပြောရင်း ငါရန်တွေ့စရာမလိုပါဘူး၊ နင်က သက်သက်မဲ့စကားကို ကတ်ဖဲ့ပြီးလျှောက်ပြောနေတာကိုး"

ဟု နှုတ်ခမ်းလေးကိုမဲ့ကာ အငေါ်တူးပြောလိုက်လေ၏။

"ကဲပါ ... နင်စိတ်ဆိုးအောင် ငါတမင်စခဲ့တာပါ၊ ဒါထက် ငါ့ရဲ့နာမည်ကို နင်သိနေတယ် ... ဟုတ်လား"

"သိသားပဲ ... ဒွေးတော်ပြောလို့ သိပြီးသား၊ ပြီးတော့ နင် တို့ခြံထဲမှာအလုပ်လုပ်နေတာကို ငါ အိမ်ထဲကမြင်နေရတာပဲ၊ နင့်ကို ငါသိတာပေါ့"

"ငါကတော့ နင့်ကို ဒီနေ့မှမြင်ဖူးတယ်၊ နင်က မြယွန်းမီမဟုတ်လား"

"ဟုတ်တယ် ... မယ်မယ်မြခြူးသာရဲ့ သမီးပဲ"

"ရွှေဝါက နင်မွေးထားတဲ့ကြောင်လား"

"ဟုတ်တယ် ... ငါ့ရဲ့အချစ်တော်ပဲ၊ ကဲပါ ... နင်ကချီပါသားလား ... ပခန်းသားလား စကားသိပ်ရှည်တာပဲ၊ ဟိုမှာ ငါ့ရဲ့ရွှေဝါလေး သိပ်ကြောက်နေပြီ ... ဆင်းဆယ်တော့ ... ဂရုစိုက်ပြီးလည်း ဆင်းနော်"

"အေးပါ"

မင်းလတ်က မြယွန်းမီနှင့်ငြိမ်းချမ်းရေးယူပြီးနောက် ... မနီလာကြိုးကို လက်နှစ်ဖက်ဖြင့်ဆုပ်ကိုင်ကာ အား





ပြုဆွဲပြီး ရေတွင်းနံရံကို ခြေကန်လျက် တစ်လှမ်းချင်းဆင်းခဲ့တော့၏။

ရေတွင်းနံရံမှာ ရေညှိများဖြင့် ချောနေသော်လည်း ခြောက်သွေ့ရာသီဖြစ်သဖြင့် ခြေကုပ်ယူရသည်မှာ လွန်စွာမခက်လှပေ။

ကြိုးကိုဆုပ်ကိုင်အားပြုဆွဲရသဖြင့် သူ့လက်ဖဝါးများက နာကျင်သော်လည်း အားတင်းဆွဲကာ ခြေတစ်လှမ်းချင်းဆင်းခဲ့ရာ ရွှေဝါရှိရာသို့ရောက်ရှိသွားတော့၏။

'ညောင် .. ညောင် .. ညောင်'

လက်တစ်ဖက်က ကြိုးကိုဆွဲထားပြီး ခြေတစ်ဖက်ဖြင့် ရေတွင်းနံရံကိုကန်ကာ နောက်ခြေတစ်ဖက်ကို စွန့်ပစ် ထားသည့် သစ်ကိုင်းတစ်ခုအပေါ် နင်းလိုက်၏။

ပြီးနောက် လွတ်နေသောလက်ဖြင့် ရွှေဝါကို လှမ်းပွေ့ယူလိုက်သည်။

သို့သော် ရွှေဝါကမျက်နှာစိမ်းနေသဖြင့် သူ့ကိုထိတ်လန့်ကာ နောက်သို့တညောင်ညောင်အော်ရင်း ဆုတ်သွားရာ သူ့လက်နှင့်လက်လှမ်းမမီတော့ချေ။

"ရွှေဝါ ... လာ ... လာ ... မီမီ"

သူခေါ်လေ ရွှေဝါက နောက်ဆုတ်လေဖြစ်နေရာ စိတ်မရှည်တော့သဖြင့် ရွှေဝါကိုအမိအရဖမ်းရန် ကြိုးကို လက်လွှတ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ခြေနှစ်ဖက်စလုံးကို သစ်ကိုင်းတို့ပေါ် ချလိုက်သည်နှင့် . . .

''ဟာ''

သူ၏ကိုယ်အလေးချိန်ကြောင့် သစ်ကိုင်းက ရုတ်ခ နိမ့်ဆင်းသွားကာ ဖွဖွတင်ထားသလိုဖြစ်နေသော သစ်ရွက်သစ် ကိုင်းတို့အကြား သူ့ခန္ဓာကိုယ်က ပြုတ်ကျသွားတော့၏။

သူ၏ခန္ဓာကိုယ်က အောက်သို့ အဆီးအတားမဲ့ ကျသွာ သလိုဖြစ်သွားပြီး သစ်ရွက်သစ်ကိုင်းတို့က သူ့မျက်နှာနှင့် ခန္ဓာ ကိုယ်ကို တဖတ်ဖတ်ရိုက်တော့၏။

နောက်ဆုံး သူက သစ်ကိုင်းကြီးကြီးတစ်ကိုင်းကို ဖမ် ဆုပ်မိလိုက်မှ ကျနေသောအရှိန်ကတန့်သွားတော့၏။

''မင်းလတ် . . . မင်းလတ် . . . နင် ဘယ်ရောက်သွာ သလဲ''

''ရွှေဝါ . . . ရွှေဝါ''

မြယွန်းမီ၏ အော်သံသဲ့သဲ့ကြားရာ အပေါ်သို့သူမော့ ကြည့်လိုက်တော့ မြယွန်းမီကို သူ သဲကွဲစွာ မမြင်ရချေ။ သူမ၏ အင်္ကျီပြာပြာလေးကိုသာ ရှုပ်ယှက်ခတ်နေသောသစ်ရွက်သစ် ကိုင်းတို့ကြားမှ မြင်ရလေ၏။

ရုတ်တရက်တော့ သူသည် အားငယ်သလိုဖြစ်သွားပြီး သူရောက်ရှိနေရာဝန်းကျင်ကိုလှည့်ပတ်ကြည့်လိုက်ရာ သူသည် ကျောက်ရေတွင်းကြီး၏ အောက်ခြေသို့ရောက်လုလုဖြစ်နေသည်





ကိုတွေ့ရပြီး အုတ်ခဲကျိုးများ သစ်ကိုင်းသစ်ခက်များဖြင့် ရှုပ်ယှက် ခတ်နေသောရေတွင်းကြီး၏ အောက်ခြေမှာ သူ့ခြေဖဝါးနှင့် နှစ် တောင်သုံးတောင်ခန့်အကွာမှာသာ ရှိတော့သည်ကိုတွေ့ရလေ၏။

မင်းလတ်ကရေတွင်းအောက်ခြေကိုငုံ့ကြည့်နေရာမှ ခေါင်းကို ပြန်မော့လိုက်စဉ် ရေတွင်းနံရံမှာ အပေါက်ကြီးတစ် ပေါက်ကို မထင်မှတ်ဘဲ တွေ့လိုက်ရတော့၏။

''ဟာ . . . ဘာကြီးလဲ''

ကျောက်ရေတွင်းကြီး၏နံရံဝယ် နှစ်ပေပတ်လည်ခန့် အပေါက်ကြီးကိုတွေ့လိုက်ရခြင်းကြောင့် လွန်စွာအံ့ဩသွားတော့ ၏။

''ဒီရေတွင်းနံရံမှာ အပေါက်ကြီးဖြစ်နေပါလား''

သူ့တွင် ဓာတ်မီး၊ မှန်အိမ်စသည်တို့ မပါသဖြင့် ယင်း အပေါက်ကြီးကို သေချာစွာမကြည့်ရှုနိုင်သော်လည်း သူက အ ပေါက်ကြီးထဲ လက်ထိုးနှိုက်ကြည့်ရာ လက်တစ်ဆုံးဆန့်လိုက် သည့်တိုင် လက်ချောင်းများတို့က လေဟာနယ်မှာပင် ရှိနေတော့ ၏။

''ဒါဟာ ရေတွင်းနံရံပြိုပြီး အပေါက်ဖြစ်နေတာ မဟုတ်

ဘူး၊ တမင်ဖောက်ထားတဲ့ လိုဏ်ခေါင်းကြီးပဲဖြစ်ရမယ်''

သူသည် အတန်ကြာ အံ့ဩမှင်တက်မိနေရာမှ . . .

''မင်းလတ် . . မင်းလတ် . . ကန်ကလေး ကန်ကလေး''



www.burmeseclassic.com

www.burmeseclassic.com



ဟူသော ရန်ကနား၏အော်သံကို တွင်းအဝမှကြားရရာ သတိပြန်ဝင်သွားပြီး ...

"ကျွန်တော် ဒီမှာ ... ကျွန်တော် ဒီမှာ"

ဟုပြန်အော်လိုက်ကာ သစ်ကိုင်းသစ်ခက်များကို ဆွဲကာနင်းကာဖြင့် အပေါ်သို့ပြန်တက်ဖို့ကြိုးစားရတော့၏။

သို့သော် သစ်ကိုင်းတို့က သူနင်းလိုက်တိုင်း အောက်သို့ နိမ့်နိမ့်ကျသွားရာ သူ့မှာ မှန်းချက်နှင့်နှမ်းထွက်မကိုက်ဘဲ အပေါ်သို့ တော်ရုံဖြင့် မရောက်နိုင်ဖြစ်နေရတော့၏။

မည်သို့ဖြစ်စေ သူက သစ်ကိုင်းသစ်ခက်များကို မျက်နှာရှေ့မှ ဖယ်ရှားပြီး ကြိုးစားတက်တော့၏။

ထိုစဉ် မနီလာကြိုး၏အစသည် မြွေတစ်ကောင်လို တလှုပ်လှုပ်ဖြင့် သစ်ရွက်သစ်ကိုင်း အကြိုအကြားမှနေ၍ သူ၏မျက်နှာနားသို့ တဖြည်းဖြည်းကျလာသည်ကို တွေ့ရလေ၏။

သူ ဝမ်းသာသွားပြီး ကြိုးစကိုဖမ်းဆွဲလိုက်ကာ ကြိုးကိုအဆက်မပြတ်ကိုင်လှုပ်လျက် အချက်ပေးလိုက်လေ၏။

ပြီးနောက် မင်းလတ်က ကြိုးကိုအားပြုဆွဲလျက် ခြေထောက်တို့က သစ်ကိုင်းသစ်ခက်တို့ကိုနင်းကာ ရေတွင်းနံရံတို့ကို ကန်ကာ ကြိုးစားတက်လာရတော့၏။

'ညောင် ..ညောင်'

ယင်းသို့တက်လာရင်းမှ သစ်ကိုင်းတစ်ခုပေါ်ဝယ် ငုတ်





တုတ်ထိုင်ရင်း အော်နေသည့်ရွှေဝါကို တွေ့ရာ လက်တစ်ဖက်ဖြင့် လှမ်းပွေ့ယူလိုက်တော့၏။ သည်တစ်ခါတော့ ကြောင်လေးက ရုန်းဖယ်ရှောင်ခွာခြင်း မပြုတော့ချေ။

"မီမီ ..မီမီ"

မင်းလတ်ကကြောင်လေးကို ချော့မြှူလိုက်ပြီး သူ၏ပခုံးပေါ်သို့ တင်လိုက်၏။

ထို့နောက်မှာတော့ မင်းလတ်မှာ လက်နှစ်ဖက်ဖြင့် မနီလာကြိုးကို ဆွဲကိုင်ရင်း ခြေထောက်တို့ကရေတွင်း၏ နံရံကို ကန်ကာကြိုးစားပမ်းစားတက်ခဲ့ရပါတော့၏။

သူ၏ကြိုးပမ်းမှုကြောင့် ရေတွင်းအဝသို့ရောက်လာရာ သူ၏ကုပ်ပိုးပေါ်မှာ တွယ်ကပ်လိုက်ပါလာသည့် ရွှေဝါလေးကို မြယွန်းမီက ဆီးကြိုပွေ့ယူလိုက်လေ၏။

"ရွှေဝါလေးရယ် တော်ပါသေးရဲ့"

မင်းလတ်ကိုမူ ရန်ကနားက ရေတွင်းဘောင်ပေါ်သို့ ကူညီဆွဲတင်ပေးလေ၏။

"ကန်ကလေး ... ဒီက သခင်မလေးယွန်းနော် ... လာအော်ပြောလို့ ငါလိုက်လာပြီး ကြိုးစကို သစ်ကိုင်းသစ်ခက်တွေကြားက ချပေးနိုင်တာ ... သခင်မလေးယွန်းက ပြောတော့ သူ့ကြောင် ကျသွားလို့ နင်ကကူညီပြီးဆင်းဆယ်ပေးတာဆို"

ရန်ကနား၏အမေးစကားကြောင့် မင်းလတ်က မြယွန်း



www.burmeseclassic.com

www.burmeseclassic.com



မိကိုကြည့်လိုက်ရာ မြပယွန်းမီကရယ်ကျဲကျဲဖြင့် သူ့ကိုကြည့်ရင်း ရွှေဝါကိုပွေ့ပိုက်ထားရာမှ လျှာလေးထုတ်ပြကာ ပြေးထွက်သွားပါတော့၏။

ဒေါ်သထွက်လျှင်လည်း ကြည့်ကောင်းကာ လှပပြီး ... ပြုံးနေသည့်အခါတွင်လည်း ချစ်စရာ၊ ခင်စရာအလွန်ကောင်းသော မြပယွန်းမီကို ငေးကြည့်ကျန်ရစ်ရင်း နံဘေးမှ ရန်ကနားကိုပင် ... သူမေ့သွားမိ၏။

"ကန်ကလေး ... နင်နော် ငါမေးတာမဖြေသေးဘူး"

"ဗျာ ... အင်း ... အဲ ဟုတ်တယ်လေ ... သူ့ သူ့ကြောင်ကို ကျွန်တော်ဆင်းဆယ်ပေးတာ"

ထိုအခါ ရန်ကနားက ရေတွင်းဟောင်းကြီးကို ငုံ့ကြည့်လိုက်ပြီး မှတ်ချက်ချလေ၏။

"အင်း ... ဒီရေတွင်းဟောင်းကြီးနော် .. အလကားပဲ၊ ငါ ဒီအိမ်ရောက်ကတည်းက သုံးမရဘူးနော် အလကားပဲ"

ရန်ကနားက အလကားအသုံးမကျဘူးဟု ထင်နေသော အနှီရေတွင်းဟောင်းကြီးမှာ မင်းလတ်လို ထူးထူးဆန်းဆန်းဆို လော့လာစူးစမ်းရန် ဝါသနာပါသည့် လူငယ်တစ်ဦးအဖို့ စိတ်ဝင်စားဖွယ်ရာဖြစ်နေပြီ ဖြစ်ပါ၏။

♛ ♛ ♛ ♛ ♛




ကဆုန်လကွယ်နေ့ည ...။

နွေနှောင်းကာလ၏ မန္တလာညသည် လရောင်ကင်းမှာ မှောင်မိုက်ခြင်းကြီးစိုးလျက် ရှိသည်သာမက အိုက်စပ်စပ်လည်း ဖြစ်လျက်ရှိပါ၏။

"တြိမန္တ' မြို့ကြီးမှာ နွေနှောင်းညဉ့်ယံဝယ် ... ခြောက်သွေ့တိတ်ဆိတ်စွာ အိပ်မောကျလျက်ရှိချေပြီ။

အညာဒေသ၏ နွေလေပြည်ကမူ ရံဖန်ရံခါ ဝေ့ခနဲ့ ဝေ့ခနဲတိုက်ခတ်လျက်ရှိရာ လေနှင့်အတူပါလာသော အဝေးဆီမှ ဆိုင်းသံဗုံသံတို့ကို သဲ့သဲ့ကြားရလေ၏။ အနုပညာမြို့တော်ဖြစ်သော မန္တလေးရွှေမြို့တော်ကြီးဝယ် ... ပွဲလမ်းသဘင်အငြိမ့်ခွင်

ခု နစ် စဉ် ကြယ်-စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



တို့ ညစဉ်ပြတ်လပ်သည်မရှိဘဲ မြို့၏လေးပြင်လေးရပ်မှ ဆိုင်းသံ
ပုံသံတို့ကို ညစဉ်လိုလိုကြားရစမြဲသာဖြစ်ပါ၏။

♫ စိန်ငုံ လာပြီ ‥ စိန်ငုံ လာပြီ ‥ စိန်ငုံကလေးလာပြီ
… မယ်စိန်ငုံကလေး လာပြီ … သွားတက်မကလေး လာပြီ ♫

ထိုခေတ်က ထင်ရှားလှသော စောင်းဆရာဆရာညို၏
စောင်းလက်သံနှင့်အတူ သံသာဟစ်ကြွေးလိုက်သည့် အငြိမ့်မင်း
သမီးနာမည်ကျော် မစိန်ငုံ၏တေးသံက နွေလေပြည်ထဲဝယ် လွင့်
ပါလာချေ၏။

ထူးခြားသော စိတ်အကြံအစည်ရှိသဖြင့် မအိပ်သေး
ဘဲ မှောင်ကြီးထဲဝယ် ငုတ်တုတ်ထိုင်ရင်း တြိမန္တခြံကြီးထဲမှ လူ
သားအားလုံး အိပ်မောကျချိန်ကို ဖွဲရှိရှိဖြင့်စောင့်စားလျက်ရှိသော
မင်းလတ်မှာ အိမ်နံရံကို မှီထိုင်လျက်ငြိမ်နေရာမှ အငြိမ့်မင်း
သမီးမစိန်ငုံ၏ တေးသံကို သဲ့သဲ့ကြားနေရလေတော့၏။

♫ သန်းခေါင်ယံ … စောင်းသံလေလေ့ … စောင်းသံ
ချို စောင်းသံလေလေ့ … စောင်းသံချိုချိုတီးတဲ့ အငြိမ့်မှာလ
… မယ်ငုံကလေးက … စည်းလိုမ့်ပါလို့ဆို … ♫

သန်းခေါင်ယံလည်း တိုင်ခဲ့ချေပြီ။ ရန်ကနားလည်း တ
ခေါခေါဖြင့် အိပ်မောကျလျက်ရှိချေပြီ။

မင်းလတ်က ထိုင်ရာမှထပြီး ပြတင်းတံခါးကို အသာဟ
ကာ တြိမန္တစံအိမ်ကြီးဆီသို့ လှမ်းကြည့်အကဲခတ်လိုက်ရာ ညို့ညို့





မည်းမည်း သီးပင်စားပင်တို့အလယ်မှ စုလစ်မွန်းချွန်တို့နှင့် ရှေး
စံအိမ်ကြီးမှာ မှောင်မည်းတိတ်ဆိတ်လျက်။

သူမှလွဲ၍ တြိမန္တခြံကြီးထဲရှိ လူသားအားလုံး တုတ်တုတ်
မျှမလှုပ်အောင် အိပ်မောကျနေကြပြီဟု ပိုင်နိုင်စွာယူဆရမှ
မင်းလတ်မှာ သူ၏အကြံအစည်ကို အကောင်အထည်ဖော်ရန်
ကျားမီးအိမ်လေးကို လက်ဝယ်ဆွဲကာ မာလီအိမ်လေးထဲမှ လှမ်း
ထွက်လာတော့၏။

ညသည် လရောင်ကင်းမဲ့လျက်ရှိပြီး ကြယ်တို့ပင် ပြိုး
ပြက်လက်တောက်ပခြင်းမရှိလေရကား … နေရာတိုင်းလိုလို၌
အမှောင်ထုက လွှမ်းမိုးထားလေ၏။

♫ စောင်း … တီးလို့နေပါသလေ … လူလေဟုမှတ်
ထင်သလား … ပျိုလေးမောင် … မယ်ငုံကလေးတို့မောင်
… အပျော်ကြိုက်တယ်လေး … စောင်းပိုက်လို့ကြား ♫

မစိန်ငုံ၏မောင်က စောင်းပိုက်ကာကြွားနေချိန်ဝယ် မင်း
လတ်မှာ ကျားမီးအိမ်ကို ရင်ဝယ်ပိုက်ကာ ခြံကြီး၏နောက်ပိုင်း
လက်ယာဘက်ထောင့်မှ ရေတွင်းဟောင်းကြီးဆီသို့ ခပ်သုတ်
သုတ် လှမ်းခဲ့ချေပြီ။ သူက ရေတွင်းကြီးအနီးသို့ ရောက်သည်နှင့်
ညနေက သရက်ပင်ပျို၏ သစ်ကိုင်းငုတ်တိုတစ်ခုတွင် ချိတ်ဆွဲ
ထားခဲ့သည့် မနီလာကြိုးခွေကို ယူလိုက်လေ၏။

ထို့နောက် ကြိုးတစ်စကို ယင်းသရက်ပင်ပျို၌ပင် ခိုင်ခန့်



www.burmeseclassic.com

www.burmeseclassic.com



စွာချည်နှောင်လိုက်ပြီးလျှင် ကျန်ကြိုးခွေကြီးကို မပြီး ရေတွင်းထဲသို့ ပစ်ချလိုက်တော့၏။

ယင်းနောက် မင်းလတ်သည် ဘေးဘီဝဲယာသို့ လှည့်ပတ်အကဲခတ်ကြည့်လိုက်ရာ နွှေနှောင်းလေရူးကြောင့် လွင့်ခတ်သွားသော သစ်ရွက်သစ်ခက်တို့မှတစ်ပါး အရာရာသည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်ကိုတွေ့ရသဖြင့် သက်ပြင်းချပြီးလျှင် ကျားမီးအိမ်ကို ခါး၌ချိတ်ကာ ကြိုးကို လက်နှစ်ဖက်ဖြင့် စုံကိုင်လျက် ရေတွင်းဘောင်ပေါ်မှ ရေတွင်းထဲသို့ လျှောဆင်းလိုက်တော့၏။

မင်းလတ်သည် မနက်ပိုင်းတုန်းကကဲ့သို့ပင် ကြိုးကို လက်တို့ဖြင့်ဆွဲပြီး ခြေထောက်ကရေတွင်းကြီး၏ နံရံကိုကန်ကာ တစ်လှမ်းချင်း ဆင်းသက်လာလေတော့၏။

မကြာမီမှာပင် သူသည် သူတို့စုပုံပစ်ချထားခဲ့သော သစ်ကိုင်းသစ်ခက်တို့ ရှိရာသို့ရောက်ရှိလာရာ သစ်ကိုင်းသစ်ခက် သစ်ရွက်တို့ကိုဖယ်ရှားကာ တဖြည်းဖြည်းချင်း အောက်သို့ ဆက်ဆင်းလာခဲ့လေ၏။

ယင်းသို့ဆင်းလာရင်းမှ သစ်ကိုင်းကြီးကြီးတစ်ခုတွင် ခြေချနားလိုက်ရစဉ်မှာပင် သူသည် ခါးမှကျားမီးအိမ်ကို ဖြုတ်ကာ အသင့်ဆောင်ယူလာသော နတ်သမီးသစ်သားမီးခြစ်ကို ခြစ်လျက် မီးထွန်းညှိလိုက်တော့၏။

ထို့နောက် မင်းလတ်သည် မီးအိမ်၏အလင်းကိုအားပြု





လျက် သစ်ကိုင်းသစ်ခက်၊ သစ်ရွက်တို့ကိုနင်းကာ ဖယ်ကာဖြင့် အောက်ဘက်သို့ ဆက်လက်ဆင်းလာသည်တွင် ရေတွင်းအဝမှ ဝါးနှစ်ပြန်ခန့်အနက်သို့ရောက်လာသည်၌ မနက်က တွေ့ခဲ့လေသော ရေတွင်းနံရံမှ အပေါက်ကြီးကိုတွေ့ရလေတော့၏။

ဤမျှနက်ရှိုင်းသည့်နေရာမှ ဂူလိုဏ်အပေါက်ကို ရေတွင်းအပေါ်အဝမှ မြင်တွေ့ရန်မှာ လုံးဝမဖြစ်နိုင်ချေ။ သို့ကြောင့် ဤအိုမန္တလေးခြုံကြီးထဲဝယ် ဆယ်နှစ်ဆယ်မိုး အလုပ်လုပ်လျက်ရှိသော ရန်ကုန်နားတို့ပင် ဤရေတွင်းကြီး၏ အောက်ခြေနားဝယ် ဂူလိုဏ်ပေါက်ရှိသည်ကို လုံးဝ မသိရှိကြခြင်းဖြစ်ပေလိမ့်မည်။

မင်းလတ်သည် ကျားမီးအိမ်၏အလင်းရောင်ဖြင့် နှစ်ပေပတ်လည်ကျော်ကျော် လူတစ်ကိုယ်စာဝင်သာရုံ ဂူလိုဏ်ပေါက်ထဲသို့ စူးစမ်းကြည့်ရှုလိုက်ပြီးနောက် မြွေပါးကင်းပါးတို့ကို သတိပြုရင်းမှ ဂူလိုဏ်ထဲသို့ မိကျောင်းသွားသွားကာ စတင်ဝင်ရောက်ခဲ့သည်တွင် ဝင်ရင်း . . . ဝင်ရင်းဖြင့် ဂူလိုဏ်လမ်းမှာ ကျယ်သည်ထက်ကျယ်လာသည်ကို တွေ့ရလေ၏။

ဂူလိုဏ်လမ်း၏ အောက်ခြေနံရံ အမိုးအားလုံးမှာ အင်္ဂတေသရွတ်ကိုင်ထားသည်ကိုတွေ့ရခြင်းဖြင့် လူတို့စနစ်တကျပြုလုပ်ထားသော လိုဏ်လမ်းဖြစ်သည်မှာ ထင်ရှားပြီး ထူးခြားသည်မှာ ကျဉ်းမြောင်းသည့်လိုဏ်လမ်းထဲဝယ် ကောင်းစွာအသက်ရှူနေနိုင်ခြင်းပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဂူလိုဏ်လမ်းမှာ အတန်ငယ်ကျယ်လာသဖြင့် မင်းလတ်မှာ လေးဖက်ထောက်ပြီး ဆက်လက်လာခဲ့ရာ အချိုးအကွေ့တစ်ခုကို ချိုးကွေ့လိုက်သည်တွင်ကျယ်ဝန်းသော လိုဏ်ခန်းတစ်ခုသို့ရောက်ရှိသွားပါတော့၏။

ဆယ်ပေပတ်လည်ခန့်ကျယ်ဝန်းသော လိုဏ်ခန်းထဲဝယ် ကွပ်ပျစ်တစ်လုံးရှိနေပြီး ကွပ်ပျစ်၏နံဘေး၌ စားပွဲပုလေးတစ်လုံးပါတွေ့ရကာ . . . ယင်းစားပွဲပုလေးပေါ်၌ ကနုတ်ပန်းများပဟ်လည်ဖော်ထားသည့် ရွှေခေတ်သုံး ရေတကောင်းတစ်ခုကိုတွေ့ရလေ၏။

အင်္ဂတေသရွတ်ကိုင်ထားသော နံရံထောင့်တို့၌ ကျပ်ဝိုင်းခန့်အပေါက်တို့ကို ထောင့်တစ်ထောင့်စီ၌ တွေ့ရရာ ယင်းအပေါက်တို့မှာ ပြင်ပမှ လေဝင်စေရန် ပိုက်ဖြင့်သွယ်ထားသောလေဝင်ပေါက်များ ဖြစ်ပုံရလေ၏။

နံရံတစ်ဖက်ပေါ်တွင်မူ ကျောက်မီးတိုင်ခွက်တစ်ခွက်ကို တွေ့ရပြီး ယင်းမီးတိုင်ခွက်ထဲ၌ ကညင်ဆီခဲအချို့ကို တွေ့ရလေ၏။ ယင်းကညင်ဆီခဲများကို မီးရှို့လိုက်ပါက မီးအလင်းရောင် ကောင်းစွာရမည်ဖြစ်ပါ၏။

“ဒီဂူလိုဏ်အခန်းက လူနှစ်ဦးသုံးဦး နိုအောင်းမယ်ဆိုနိုအောင်းလို့ရတဲ့ ဂူလိုဏ်ခန်းပဲ”

ဂူလိုဏ်ခန်း၏တစ်ဖက်တွင် သစ်သားတံခါးချပ်တစ်ချပ်





တွေ့ရရာ ယင်းတံခါးချပ်ကို မင်းလတ်ကဆွဲဖွင့်ကြည့်လိုက်၏။

‘ကျွီ . . ဟီ . . ဟီ . . ဟီ’

သံချေးကိုက်နေသော ပတ္တာမှာ တကျွီကျွီတဟီဟီမြည်ကာ လေးလံစွာ ခပ်ဖြည်းဖြည်းပွင့်သွားသည့်၌ တံခါး၏ အပြင်ဘက်ဝယ်ကျောက်သားလှေကားထစ်များကို တွေ့ရလေ၏။ မင်းလတ်လည်း ကျားမီးအိမ်ကိုကိုင်မြှောက်ကာ ကျောက်သားလှေကားထစ်များအတိုင်း တစ်ထစ်ချင်း တက်ခဲ့တော့၏။

ယင်းသို့တက်လာရင်းမှ လှေကားထစ် ဆယ့်ငါးထစ်အရောက်ဝယ် နံရံတစ်ခု ပိတ်ဆို့လျက်ရှိသည်ကို တွေ့ရလေ၏။

မင်းလတ်မှာ ယင်းနံရံသည် ထွက်ပေါက်တံခါးချပ်ပင်ဖြစ်ရမည်ဟု ယူဆပြီး အားစိုက်တွန်းကြည့်သော်လည်း နံရံမှာ တုတ်တုတ်မျှ မလှုပ်ချေ။

“မဟုတ်သေးပါဘူး ဒီလိုလှေကားရဲ့အဆုံးမှာ နံရံပိတ်ကြီးတော့ ရှိမနေနိုင်ပါဘူး။ ဒါဟာ တံခါးပေါက်ပဲဖြစ်ရမယ်”

သူကတံခါးပေါက်ကိုဖွင့်ရန် အမျိုးမျိုးကြိုးစားသော်လည်း လုံးဝဖွင့်၍မရချေ။

ထို့ကြောင့် မင်းလတ်မှာ နံရံ၏ဘေးပတ်ပတ်လည်ကို ကျားမီးအိမ်၏အလင်းရောင်ဖြင့် သေချာစွာကြည့်ရှုလေ့လာရာ နံရံ၏လက်ဝဲဘက်၌ သံကွင်းတစ်ကွင်းကို တွေ့ရလေ၏။

မင်းလတ်လည်း ယင်းသံကွင်းကိုဆွဲကြည့်လိုက်ရာ သံ



www.burmeseclassic.com

www.burmeseclassic.com



ကွင်းမှာတင်းခံနေသဖြင့် အားစိုက်ဆွဲလိုက်သည်၌ သူ့ရှေ့မှ ရံမှာတရွေ့ရွေ့ဖြင့် နံဘေးသို့ရွေ့လျားသွားပြီး တံခါးပေါက်ပေါ လာပါတော့၏။

မင်းလတ်လည်း တံခါးပေါက်မှ ခြေလှမ်းထွက်လိုက် ကာ ဝန်းကျင်ကိုမီးအိမ်မြှောက်ကိုင်ပြီး လှေ့လာကြည့်ရှုလိုက်ရ လွန်စွာသပ်ရပ်ခမ်းနားသော အခန်းကျယ်ကြီးတစ်ခုအတွင်းသို ရောက်ရှိသွားသည်ကို သတိပြုလိုက်မိတော့၏။

အခန်းကြီးမှာ ပေနှစ်ဆယ်ပတ်လည်ခန့်ကျယ်မည်ဖြ ပြီး မှိုင်းလုံးကော်ဇောကြီးများကို ခန်းလုံးပြည့်ခင်းထားလျက် အခန်း၏နံရံ အထက်ပတ်ပတ်လည်၌ ပန်းချီကားကြီးများ၊ ဓာတ် ပုံများ ချိတ်ဆွဲထားသည်ကို တွေ့ရလေ၏။ ယင်းပန်းချီကားချ ကြီးများ၊ ဓာတ်ပုံကြီးများကို ရွှေရေးကနုတ်ဘောင်များ ခန့်ညားစွ ခတ်ထားပြီး မှန်ပြတင်းတံခါးတို့ဝယ် ကတ္တီပါလိုက်ကာကြီးမျာ ဖြင့် ကာရံထားသည်ကို တွေ့ရလေ၏။

အခန်း၏ထောင့်တစ်ခုဝယ် စာရေးကျွန်းစားပွဲတစ်လုံ ကိုတွေ့ရပြီး ယင်းစားပွဲပေါ်၌ ပေပုရပိုက်အချို့ကို တွေ့ရလေ၏။

ကျွန်းစားပွဲ၏ခြေထောက်တို့မှာ ပွတ်လုံးတိုင်များဖြစ ပြီး စားပွဲ၏နံဘေးဝယ် ပန်းကနုတ်များ ဘောင်ခတ်ထားသည် ကျွန်းကုလားထိုင်တစ်လုံးကို တွေ့ရလေ၏။

အခန်းကြီး၏နံရံထောင့်တို့ဝယ် ကြွေပန်းအိုးမြင့်မြင့်





ကြီးများရှိပြီး ယင်းပန်းအိုးတို့၌ တာရှည်ခံသည့်ရွက်လှပန်းတို့ ထိုးစိုက်ထားသည်ကို တွေ့ရလေ၏။

ထိုမှတစ်ပါး အခန်းကြီး၏နံရံတစ်ဖက်နားဝယ် ရှေး ခေတ်သုံး ရွှေပိန်းချစာတိုက်တစ်လုံးကိုတွေ့ရရာ ယင်းစာတိုက်၏ တံခါးကို မင်းလတ်ဖွင့်ကြည့်လိုက်သည်။ အထဲဝယ် ... ပေစာ ထုပ်များ၊ ပုရပိုက်များကိုသာတွေ့ရလေ၏။

မင်းလတ်သည် စာတိုက်တံခါးကိုပြန်ပိတ်လိုက်ပြီး မီး အိမ်ကို လက်တွင်ကိုင်မြှောက်လျက် အခန်းပတ်ပတ်လည်ကို ကြည့်လိုက်ပြန်၏။

"ငါ ... ငါဟာ တြိမန္တစံအိမ်ကြီးရဲ့ အိမ်ပေါ်ထပ်က အခန်းကြီးတစ်ခုထဲရောက်နေတာပါလား၊ လက်စသတ်တော့ ရေတွင်းဟောင်းကြီးဟာ ဒီစံအိမ်ကြီးရဲ့ အပေါ်ထပ်ကနေ ဆင်း သွားလို့ရတဲ့ လျှို့ဝှက်လမ်းရဲ့ ထွက်ပေါက်ပဲ"

သူသည် စည်းကမ်းတင်းကျပ်စွာ တားမြစ်ထားသော တြိမန္တစံအိမ်ကြီး၏ အိမ်ပေါ်ထပ်အခန်းတစ်ခုထဲ ကျူးကျော် ရောက်လျက်ရှိနေသည့်အဖြစ်ကို သတိပြုမိသွားပြီး ... ရင်ခုန် လှုပ်ရှားသွားသည့်တိုင် သူ၏စူးစမ်းလိုသောပါသနာကို တား ဆီး၍မရ ဖြစ်နေရလေ၏။

သို့ကြောင့် သူသည် ဤအခန်းကြီးထဲဝယ် ကြာကြာနေ ရန် မသင့်သည်ကိုသိသော်လည်း စပ်စုစူးစမ်းလိုသောစိတ်ကို



www.burmeseclassic.com

www.burmeseclassic.com



ထိန်းမရသဖြင့် အခန်းကြီး၏ နံရံပတ်ပတ်လည်၌ ချိတ်ဆွဲထား သော ပန်းချီကားကြီးများ၊ ဓာတ်ပုံကြီးများကို တစ်ခုချင်းလိုက် ကြည့်နေမိလေ၏။

မင်းလတ် ရှေးဦးစွာကြည့်မိလေသော ပန်းချီကားကြီး မှာ ရှေးခေတ် မြန်မာဘုရင်လက်ထက်မှ မှူးမတ်ကြီးတစ်ဦး၏ ပုံတူပန်းချီကားကြီးဖြစ်ပြီး . . . နှုတ်ခမ်းမွေးကားကားကြီးနှင့် ခန့်ညားသောထိုမှူးမတ်ကြီးမှာ ဦးခေါင်းထက်တွင် သျှောင်ထုံး ကိုပတ်ခွေကာ ဖော့ဖြူအုပ်ပေါင်းကို ရွှရွလေးစွပ်ထားပြီး၊ သိုရင်း အင်္ကျီရှည်ကြီးနှင့် တောင်ရှည်ပုဆိုးကို ဝတ်ဆင်ထားလေ၏။

သူ၏ခန္ဓာကိုယ်ရှေ့ပိုင်းတွင်မူ မှူးမတ်တို့၏အဆောင် အယောင်ဖြစ်သော ရတနာများစီခြယ်ထားသည့် စလွယ်ကို ပခုံးတစ်ဖက်နှင့် ရင်အုံကိုဖြတ်ကာ လွယ်ထားလေ၏။

သူသည် ဟင်္သာရုပ်ပါသည့် ကတ္တီပါခြေနင်းကို စီးထား ပြီး လုပသည့်ကြွေပန်းအိုးကြီးတစ်လုံးနံဘေးဝယ် ငွေစာကျည် တောက်ငယ်ကို လက်နှစ်ဖက်ဖြင့်ကိုင်လျက် တည်ကြည်ခန့်ညား သောအသွင်ဖြင့် ရပ်လျက်ရှိလေ၏။

နောက်ပန်းချီကားချပ်မှာမူ ဆံထုံးကို မတ်မတ်ထုံးထား ပြီး ထိုင်မသိမ်းအင်္ကျီ၊ နံကွဲထဘီတို့ကိုဝတ်ဆင်ထားလျက် ရင် လျှာထက်၌ ဒေါင်းဘယက်ကြီးဆွဲထားသော အမျိုးသမီးခန့်ခန့် ကြီး၏ ရုပ်ပုံဖြစ်ချေ၏။ ပိုးပဝါခြုံထားသည့် ယင်းအမျိုးသမီးကြီး





မှာ မှူးမတ်ကြီး၏ကြင်ရာတော် မှူးမတ်ကတော်ကြီးဖြစ်ပုံရပြီး သူတို့ဇနီးမောင်နှံမှာ ဤကြီးမန္တစံအိမ်ကြီး၏ မူလပိုင်ရှင်များဖြစ် ပုံရလေ၏။

နောက်ထပ် တတိယမြောက်ပုံတူပန်းချီကားမှာ မှူးမတ် ကြီးနှင့် ရုပ်ချင်းအတော်တူသော အသက်လေးဆယ်ခန့် လူကြီး တစ်ဦး၏ပုံဖြစ်ပြီး ထိုလူကြီးသည်လည်း နှုတ်ခမ်းမွေးစစနှင့် ခန့် ညားသူဖြစ်ပါ၏။

သူသည် ပိုးပဝါခေါင်းပေါင်းကိုပေါင်းထားကာ ကတ္တီ ပါအင်္ကျီကိုလည်းကောင်း၊ ချိတ်တောင်ရှည်ပုဆိုးကိုလည်းကောင်း ဝတ်ဆင်ထားပြီး ခြေထောက်ဝယ် ပန့်ရှူးကိုစီးနင်းထားလျက် လက်ထဲတွင် တုတ်ကောက်တစ်ခုကို ဟန်ပါပါကိုင်ထားလေ၏။

ခန်းဆီးလိုက်ကာကြီး တစ်ဝက်တစ်ပျက်ချထားသည့် မှန်ပြတင်းတစ်ခုအနီးဝယ် တုတ်ကောက်ကိုထောက်ကိုင်ကာ မာန် အပြည့်ဖြင့်ရပ်နေသော ထိုလူကြီးမှာ ဦးဖေယျာမြတ်စံပင် ဖြစ်မည် ထင်ရ၏။

နောက်ဆုံး စတုတ္ထမြောက်ပန်းချီကားမှာမူ ပုလဲတစ် ကုံးပတ်ခွေထားကာ ပန်းဖြူဖြူလေးတစ်ပွင့် ပန်ထားသည့် ဆံ ထုံးပွံ့ပွံ့၊ အင်္ကျီလက်ကျပ်၊ ရင်စည်းပဝါစည်းလျက် လွန်းတစ် ရာကျအချိတ်ထဘီကို ဝတ်ဆင်ထားပြီး ခြေကျင်းဝတ်ဝယ် ရွှေ ခြေကျင်းတို့ကို ဆင်ယင်ထားသည့် အမျိုးသမီးကြီး၏ ပုံတူ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကာ သူမမှာ ဦးဗေယျာမြတ်စံ၏ ဇနီးဒေါ်မြမင်းသာတို့ မောင်နှမသုံးဦး၏ မိခင်ဖြစ်ပုံရလေ၏။

ပန်းချီကားများမှာ ရှေးမြန်မာပန်းချီကျော်များ၏ လက်ရာမြောက်လှစွာသော ဆီဆေးပန်းချီကားကြီးများဖြစ်သော်လည်း ရှေးမြန်မာပန်းချီဆရာများမှာ ပန်းချီကားတို့အပေါ်ဝယ် လက်မှတ်ရေးထိုးလေ့ မရှိကြသည်မို့ . . . မည်သည့်ပန်းချီကျော်တို့၏ လက်ရာဟု မသိရှိနိုင်ပေ။

အဆိုပါပုံတူပန်းချီကားကြီး လေးကားအပြင် ရွှေရေးကနုတ်ဘောင်ခတ်ဓာတ်ပုံကြီးများကို မင်းလတ် ဆက်လက်လေ့လာကြည့်ရှုရာ ဘီအေဆံထုံးထုံးကာ ပိုးပဝါကိုယ်စီ ခြုံထားကြသည့် နိုင်လွန်အင်္ကျီ ပဒုမ္မာအင်္ကျီလက်ပွ၊ ကြာယပ်အနားပန်းထိုး၊ ပိုးတွဲချိတ်ထဘီတို့ကို ရွှေငွေရတနာလက်ဝတ်လက်စားတို့နှင့် တွဲဖက်ဝတ်ဆင်ထားသည့် ဒေါ်မြမင်းသာနှင့် ခပ်ဆင်ဆင်တူသည့် အမျိုးသမီးကြီး၏ပုံနှင့် ဒေါ်မြမင်းသာတို့၏ ဓာတ်ပုံများကိုတွေ့ရလေ၏။ နောက်ဆုံးဓာတ်ပုံကို တွေ့လိုက်ရသည့်အခါမှာမူ မင်းလတ်၏ခန္ဓာကိုယ်လေးမှာ ဆတ်ခနဲတုန်သွားရလေတော့၏။

ထိုဓာတ်ပုံမှာ အသက်နှစ်ဆယ်ခန့်ပင် ရှိသေးပုံမရသော လူငယ်လူချောလေး၏ပုံဖြစ်ပြီး သူက ဘိုကေကို ကျော့နေအောင် ဖြီးထားလျက် အနောက်တိုင်းဝတ်စုံကို ဝတ်ထားလေ၏။

သူက ကုတ်အင်္ကျီရှည်၊ သက္ကလတ်ဘောင်းဘီရှည်တို့





တ်ဆင်ထားပြီး လည်ပင်းဝယ် မာဖလာတစ်ထည်ကို စည်းထားကာ ဤပြတိုမန္တစ်အိမ်ကြီး၏ရှေ့ရှိ ဆင်ဝင်တိုင်လုံးကြီးတစ်လုံးဘေးဝယ် ရပ်လျက်ရှိလေ၏။

ပြုံးစစနှင့် ယူရပ်သွင်မှာ နှစ်လိုဖွယ်ရှိသော်လည်း အပ်ဆိုးနေသည်မှာ သူ၏ဝဲဘက်ပါးပြင်ပေါ်ဝယ် မှဲ့ကြီးတစ်လုံးရှိနေခြင်းပင်ဖြစ်ပါ၏။

“သူ . . . သူဟာ ငါတို့ဇာတ်ရုံနောက်ပိုင်းထဲ ပြေးဝင်လာ ၊ လူဆိုးတွေရဲ့အဖမ်းခံသွားရသူပါလား၊ ကျုံးနံဘေးမှာ ဓားက်ရာပရပွနဲ့ မရှုမလှသေဆုံးသွားရသူပါလား၊ လက်စသတ်တော့ သူ . . . သူဟာ ဒီစံအိမ်ကြီးရဲ့ အရှင်သခင်တစ်ဦးဖြစ်တဲ့ မင်းစက်သာပါလား”

မင်းလတ်မှာ မင်းစက်သာ၏ဓာတ်ပုံကြီးကို ကြည့်ကာ န်စွာအံ့သြတုန်လှုပ်သွားရသည်နှင့်အမျှ စိတ်မကောင်းလည်း စ်သွားရလေ၏။

ရန်ကနားပြောသဖြင့် သူကြားဖူးထားသည်က မင်းစက်မှာ ခပ်ပေပေ၊ ခပ်တေတေနေသူဖြစ်ပြီး ဖခင်ဖြစ်သူ ဦးယျာမြတ်စံနှင့် လုံးဝမတည့်ကြောင်း၊ သို့ကြောင့် မိခင်ဖြစ်သူ ါမြမင်းဒေဝီ ကွယ်လွန်သွားပြီးနောက်ဝယ် . . . မင်းစက်သာ ဤစံအိမ်ကြီးမှ ထွက်သွားကြောင်း၊ သူသည် လောင်းကစား န်စွာဝါကာ အနယ်နယ်အရပ်ရပ်လျှောက်သွားရာမှ မန္တလေး



www.burmeseclassic.com

www.burmeseclassic.com



သို့ လုံးဝပြန်မလာတော့ကြောင်း သိထားရလေ၏။

တကယ်တော့ မင်းစက်သာမှာမန္တလေးသို့ပြန်လာခဲ့ပြ
လွန်ခဲ့သောနှစ်ပတ်ကျော်ကျော်ခန့်ကမှ သူတစ်ပါး၏ အသတ်
ခံရကာ အသေဆိုးဖြင့်သေသွားရပြီ ဖြစ်ပါ၏။ ထိုအကြောင်းကို
ဒေါ်မြမင်းသာအပါအဝင် တြိမန္တစံအိမ်မှလူများ သိရှိပုံမရချေ

ငါ့လက်ထဲမှာရောက်နေတဲ့ ကျောက်စိမ်းဘီလူးရုပ်တု
လေးကို ယူလာသူဟာ ဦးမင်းစက်သာဖြစ်နေပါလား။ သူ့လက်ထဲ
အဲဒီဘီလူးရုပ်တုလေး ဘယ်လိုရောက်လာပြီး ဘယ်လိုအကြောင်
ကြောင့် လူဆိုးတွေဟာ သူ့ဆီကကျောက်စိမ်းဘီလူးရုပ်တုလေ
ကို အသည်းအသန်လိုချင်နေရတာလဲ၊ ငါရောက်ရှိနေတဲ့ ဒီတြ
မန္တစံအိမ်ကြီးရဲ့ မိသားစုဝင် . . . ဦးမင်းစက်သာဟာ ငါ ရရှိထား
တဲ့ ကျောက်စိမ်းဘီလူးရုပ်တုလေးရဲ့ မူလပိုင်ရှင်ပဲကိုး၊ ထူးထူ
ဆန်းဆန်း တိုက်လည်းတိုက်ဆိုင်ပါပေ့''

မင်းလတ်မှာ အံ့ဩစွာ စိတ်ထဲမှ ရေရွတ်နေမိရင်
ဤအခန်းကြီးထဲဝယ် ကြာကြာဆက်ပြီး မနေလိုတော့သဖြင့်
လျှို့ဝှက်တံခါးပေါက်မှ ပြန်ထွက်ပြီး လျှို့ဝှက်ခလုတ်သံကွင်းကို
ဆွဲကာ လျှို့ဝှက်တံခါးချပ်ကို ပိတ်လိုက်ပြီးနောက် လျှို့ဝှက်
လှိုဏ်လမ်းမှ လာရာလမ်းအတိုင်း ပြန်ခဲ့ပါတော့သတည်း။

♛ ♛ ♛ ♛ ♛

## အခန်း (၂)

- သံယောဇဉ်အသစ်
- မသင်္ကာဖွယ်လူနှစ်ဦး
- မရဏာမင်းကို ရှာဖွေနေသူ
- ကြမ္မာဆိုး၏သားကောင်
- ဘရသေနှင့်တွေ့ဆုံခြင်း
- လျှို့ဝှက်ရတနာတို့၏သမိုင်းအစ
- ကျောက်စိမ်းဘီလူးရုပ်တုရယူခြင်း
- မောင်နှမနှစ်ယောက်ဆုံစည်းမှု

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

## သံယောဇဉ်အသစ်

ပူနွေးသောနံနက်ခင်း၏ နေခြည်မျှင်တန်းတို့က 'တြိမန္တ' စံအိမ်ဝင်းကြီး၏ တောင်ဘက်ထောင့်ရှိ နှင်းဆီပန်းအိုးများပေါ်သို့ ကျရောက်လျက်ရှိလေ၏။

စိမ်းစိုလတ်ဆတ်သော အရွက်သွယ်သွယ်ချွန်ချွန်လေးများနှင့် အဝါနုရောင်ပန်းဖူးလေးများရှိသည့် နှင်းဆီပင်လေး၏ခြေရင်းကို ရေပန်းကရားဖြင့် မင်းလတ်က ရွှဲစိုအောင်ရေလောင်းလျက်ရှိလေသည်။

ထိုစဉ် အဝါဖျော့ဖျော့အပေါ်ဝယ် လိမ္မော်ရောင်အပွင့်လေးများရှိသည့် ဂါဝန်ဖားဖားလေးဝတ်ထားသော မြယွန်းမိသည် စံအိမ်ကြီးထဲမှထွက်လာပြီး နှင်းဆီပန်းအိုးများရှိရာသို့





လျှောက်လာကာ မင်းလတ် နှင်းဆီပန်းပင်များရေလောင်းနေခြင်းကို လက်ကလေးပိုက်လျက် ရပ်ကြည့်နေရာမှ ...

"မင်းလတ် ... အခု နေအတော်မြင့်နေပြီပဲ၊ ဒီလိုနေပူစအချိန်မျိုးမှာ နှင်းဆီပင်တွေကို ရေလောင်းရင် အပင်တွေ အပူမမိသွားဘူးလား၊ ဂျီမယ်မယ်ကပြောတော့ နှင်းဆီပင်တွေကို နေပူတဲ့အချိန်မှာ ရေမလောင်းရဘူးတဲ့၊ ညနေ နေအေးမှလောင်းရမယ်တဲ့ ... နေပူတဲ့အချိန်မှာ ရေလောင်းရင် အပူမိပြီး အပွင့်အဖူးတွေကို ထိခိုက်စေတယ်တဲ့၊ မယ်မယ်ဆို ... ဦးရန်ကနားကို ညနေစောင်းမှ ရေလောင်းခိုင်းတယ်"

ဟုပြောလိုက်ရာ မင်းလတ်က မြယွန်းမိကို စောင်းငဲ့ကြည့်လိုက်ပြီး ...

"အဲဒါ အယူအဆမှားတာပဲ ... နှင်းဆီပင်ဆိုတာ ခုလိုအချိန်မှာ ရေလောင်းပေးရတယ်၊ ဒါမှ တက်နေရဲ့အပူရှိန်ကြောင့် အရွက်တွေအပေါ်မှာတင်နေတဲ့ ရေစက်ရေမှုန်တွေ ခန်းခြောက်သွားမှာ ... ညနေဖက် နေစောင်းမှရေလောင်းတော့ အရွက်တွေပေါ်က ရေတွေ မခြောက်ဘဲကျန်နေရော၊ အဲဒီလို ကြာကြာဖြစ်ရင် အရွက်တွေကနေ ရောဂါစငင်တတ်တယ်"

ဟု ခပ်ပြုံးပြုံးရှင်းပြလိုက်လေ၏။

"ဟုတ်လား ... ပြီးတော့ နှင်းရေလောင်းတာ တအားများတာပဲ၊ အိုးထဲမှာရွှဲရွှဲကိုစိုလို့ ... မယ်မယ်ဆို သူ့နှင်းဆီပင်



www.burmeseclassic.com

www.burmeseclassic.com



တွေကို အဲဒီလိုရေရွဲ့စိုအောင် ဦးရန်ကနားကလောင်းရင် ဆူလို့ မပြီးတော့ဘူး၊ ရေတွေနစ်နေအောင်လောင်းထားရင် အမြစ်တွေ ပုပ်ကုန်မှာစိုးလို့တဲ့''

''အဲဒါလည်း မှားတယ်ဟ၊ နှင်းဆီပင်ဆိုတာ ရေလိုအပ်ရင် အရွက်တွေ ပျော့ဖပ်ညှိုးလာပြီး ကြွေကျကုန်တတ်တယ်၊ သူ့ကိုရေလောင်းတဲ့အခါ အမြစ်အထိ အစိုဓာတ်ဆင်းအောင် လောင်းပေးရတယ်ဟ၊ အထူးသဖြင့် အခုလို အိုးနဲ့စိုက်ရင် အိုးရဲ့ အောက်ပိုင်းအထိ ရေရောက်အောင်လောင်းပေးရတယ် မြယွန်းမီရဲ့''

''ဟုတ်လား ... နင်ကပန်းပင်တွေနဲ့ပတ်သက်ပြီး တော်တော်သိပုံရပါလား ... အရင်က ဘယ်ခြံတွေမှာ အလုပ်လုပ်ဖူးလို့လဲ''

''ဒီလိုခြံစိုက်သမား မာလီဒလဝမ်အလုပ်မျိုး တစ်ခါမှ မလုပ်ဖူးပါဘူးဟာ''

''ဟင် ... ဒါဆို ... နင်က ပန်းပင်တွေအကြောင်း ဘယ်လိုသိသလဲ ... ပြောပါဦး''

''စာဖတ်တာကိုးဟ''

''စာဖတ်တယ် ... ဟုတ်လား၊ နင်ကဘယ်လို စာအုပ်မျိုးတွေ ဖတ်တာလဲ၊ သစ်ပင်ပန်းပင်တွေအကြောင်း စာအုပ်လား''





''အေး ... ဟုတ်တယ် ... အခု ငါနေတဲ့ ခြံစောင့်အိမ်ရဲ့ ထောင့်က စားပွဲပုလေးပေါ်မှာ စာအုပ်တစ်အုပ်ကို တွေ့တယ်ဟ၊ သစ်ပင်တွေ့ ပန်းပင်တွေအကြောင်းရေးထားတဲ့ စာအုပ်တွေချည်းပဲ၊ ဦးကနားကပြောတော့ နင်တို့ရဲ့အဘိုး ဦးဇေယျမြတ်စံက ပန်းပင်တွေစိုက်တာ သိပ်ဝါသနာပါတယ်တဲ့၊ အဲဒါကြောင့် သစ်ပင်ပန်းပင်နဲ့ ပတ်သက်တဲ့စာအုပ်တွေ ဝယ်စုလေ့ရှိပြီး သူ့ရဲ့ ပထမခြံစောင့်ကို ပေးဖတ်ခဲ့တာတဲ့ ...။

အဲဒီခြံစောင့်ကြီး အလုပ်ကထွက်သွားတော့ အဲဒီစာအုပ်တွေ အိမ်လေးထဲမှာကျန်ခဲ့တာတဲ့၊ ဦးလေးရန်ကနားက တော့ စာမတတ်လို့မဖတ်ဘဲ ဒီအတိုင်းထားတာနဲ့ စာအုပ်တွေရဲ့အပေါ်မှာ ဖုန်တွေတက်နေတာတဲ့၊ ငါကအားတဲ့အခါ အဲဒီစာအုပ်တွေဖတ်ကြည့်ဖြစ်တော့ သစ်ပင်ပန်းပင် ပြုစုပျိုးထောင်နည်းတွေသိတာပေါ့''

''အေး ... နင်ပြောတာမှန်တယ်၊ ငါ့ရဲ့အဘိုးတော်က သစ်ပင်ပန်းပင်စိုက်တာ ဝါသနာသိပ်ပါတယ်၊ မယ်မယ်လည်း ဝါသနာပါတာပဲ၊ ဒါပေမဲ့ မယ်မယ်က စာတွေဘာတွေဖတ်ပြီး မလေ့လာတော့ ... ပြုစုပျိုးထောင်နည်းကို သိပ်မသိဘူးပေါ့''

မင်းလတ်က ... ရေပန်းကရားကို မြေပြင်ပေါ်ချလိုက်ပြီး မြယွန်းမီ၏မျက်နှာလှလှလေးကို စိုက်ငေးကြည့်လိုက်ရင်း

''ဒါထက် မြယွန်းမီ ... နင့်ရဲ့အမေက ဒီအိမ်ကြီးကနေ



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားတယ်ဆို''

ဟု မေးလိုက်ရာ မြယွန်းမီ၏မျက်နှာလေးမှာ ညှိုးသွားပြီး လေသံတိုးတိုးဖြင့် ခပ်လေးတွဲ့တွဲ့ပြန်ဖြေသည်။

''ဟုတ်တယ် မင်းလတ် ... ပြီးခဲ့တဲ့နှစ်ကပဲ''

''ဘာဖြစ်လို့ ထွက်သွားရတာလဲဟ ... နှင့်ကိုရော ဘာဖြစ်လို့ခေါ်မသွားရတာလဲ''

''မယ်မယ်ထွက်သွားတာ ဒွေးတော်နဲ့ စကားများပြီး ထွက်သွားတာဟ''

''စကားများပြီး ထွက်သွားတာ ... ဟုတ်လား၊ ရန်ဖြစ်သွားတာလား''

မြယွန်းမီက ခေါင်းလေးညိတ်ပြလိုက်ပြီး ...

''အေး ... ဒွေးတော်နဲ့မယ်မယ် တစ်ယောက်ကိုတစ်ယောက် အော်ဟစ်ပြီး စကားများကြတာဟ၊ ရန်ဖြစ်တယ်ထင်တာပဲ၊ အဲဒီတုန်းက မိုးတွေရွာနေတဲ့ ညဘက်ကြီးဟ၊ ဒွေးတော်ရဲ့အခန်းထဲမှာ ဘာတွေပြောကြမှန်းမသိဘူး၊ ငါတို့အိမ်ပေါ်ထပ်က အခန်းတွေဟာ အခန်းတံခါးပိတ်ထားရင် အပြင်က ဘာမှမကြားရဘူးဟ၊ ဆူညံအော်ဟစ်ပြောတာပဲ သဲ့သဲ့ကြားရတယ်၊ ဘာတွေပြောကြတယ်ဆိုတာ သဲသဲကွဲကွဲမကြားရဘူး ...။

အဲဒီလိုစကားများကြပြီး မနက်လည်းရောက်ရော မယ်မယ်က အိတ်ကြီးတစ်လုံးလွယ်ပြီး အိမ်ကထွက်သွားတာပဲ၊





ငါ့ကိုတော့ ဒီမှာပဲနေခဲ့တဲ့ ... မယ်မယ် ခရီးသွားစရာရှိလို့တဲ့ ပြောပြီး ထွက်သွားတာပဲ''

''ဘယ်ကိုသွားတာလဲ ... ဘာလုပ်ဖို့ သွားတာလဲဟ''

''အဲဒါတွေ ငါ့ကိုပြောမသွားဘူးဟ၊ ငါကလည်း မမေးလိုက်မိဘူး၊ ငါထင်တာက လေးငါးရက်နေရင် ပြန်လာမယ်ထင်တာ''

''မြယွန်းမီ ... နှင့်အမေက နှင့်အခေါ်ခေါ်မြမင်းသာလိုပဲ စိတ်ထက်သလား''

''ဟာ ... ထက်တာပေါ့၊ ငါ့ဒွေးတော်ထက်တောင် ပိုထက်ဦးမယ်၊ ဒေါသလည်း ဒွေးတော်လိုပဲ၊ ဒါကြောင့် အဲဒီတုန်းက မယ်မယ်ဘယ်သွားမလို့လဲလို့ ငါမမေးရဲတာပေါ့ဟ''

မင်းလတ်က ခေါင်းကိုတဆတ်ဆတ်ညိတ်လိုက်ပြီးမှ မြယွန်းမီ၏မျက်နှာကို မော့ကြည့်လိုက်ပြီး ...

''ဒါထက် မြယွန်းမီ ... နှင့်ရဲ့ဦးလေး ... အဲ ... ဦးမင်းစက်သာကို နှင်မှတ်မိလား''

ဟုမေးလိုက်ရာ မြယွန်းမီက ဖဲပြားဝါဝါလေးများနှင့် ကြက်တောင်လေးတစ်ဖက်စည်းထားသော ဦးခေါင်းလေးကို ယမ်းပြလိုက်ပြီး ...

''ဟင့်အင်း ... ဘိုးဘိုးနှင်ချလို့ ဦးရိုးတော် ဒီစံအိမ်ကြီးပေါ်က ဆင်းသွားတုန်းက ငါက ... ကလေးပဲရှိသေးတာဟ''



www.burmeseclassic.com

www.burmeseclassic.com



ဦးရိုးတော်ကို သိပ်မမှတ်မိဘူး၊ သူ့ရဲ့ဓာတ်ပုံတော့ တွေ့ဖူးတယ် အိမ်ပေါ်ထပ်မှာ ဦးရိုးတော်ရဲ့ဓာတ်ပုံရှိတယ်''

မင်းလတ်က စိတ်ဝင်စားစွာဖြင့် မျက်တောင်တဖျပ်ဖျပ်ခတ်လိုက်ရင်း ...

''မြယွန်းမီ ... နင့်ဦးရိုးတော်ရဲ့ မျက်နှာမှာထူးခြားချက် ဘာရှိသလဲ''

ဟု မေးလိုက်ရာ မြယွန်းမီကမျက်မှောင်လေးကြုတ်ကာ စဉ်းစားလိုက်ပြီးနောက် ... သွက်လက်စွာဖြေသည်။

''ထူးခြားတာကတော့ ဦးရိုးတော်ရဲ့ မျက်နှာကဘယ်ဘက်ပါးမှာ မှဲ့ကြီးတစ်လုံးရှိတယ်ဟ''

''အင်း ... ဒါထက် ... နင့်ရဲ့ဦးရိုးတော်က ထွက်သွားပြီးကတည်းက ဒီအိမ်ကို လုံးဝပြန်မလာဘူးလား''

''မလာဘူးဟ ... ဆယ်နှစ်ကျော်ပြီလို့ ဒွေးတော်ပြောဖူးတယ်၊ ဒွေးတော်ကတော့ ပြန်မလာတာ အေးတယ်တဲ့၊ ဦးရိုးတော်ကို လောင်းကစားသမား၊ လူရှုပ်လူပွေတဲ့၊ မိဘကို ကောင်းကျိုးမပေးတဲ့ကောင်တဲ့၊ ငါ့ရဲ့မယ်မယ်ကတော့ ဦးရိုးတော်ကို အဲဒီလိုမပြောဖူးဘူး''

မင်းလတ်က သက်ပြင်းရှိုက်လိုက်ပြီး

''မြယွန်းမီ ... နင့်ရဲ့ဦးလေးပြန်မလာတာ သေသွားတာရော မဖြစ်နိုင်ဘူးလား''

---





ဟုမေးရင်း မြယွန်းမီ၏မျက်နှာကို အကဲခတ်သလို ကြည့်လိုက်လေ၏။ မြယွန်းမီက သက်ပြင်းလေးချလိုက်ပြီး တိုးတိုးပြောသည်။

''အေးဟ ... ဦးရိုးတော်က တော်တော်ဆိုးတယ်လို့ ပြောတယ်၊ မိန်းမရှုပ်ပြီး လောင်းကစားလည်း တအားလုပ်တာပဲတဲ့၊ ဒါကြောင့် တစ်နေ့နေ့မှာတော့ ဘေးတွေ့လိမ့်မယ်လို့ ဒွေးတော်ကပြောဖူးတယ်၊ မယ်မယ်ကတော့ သူ့မောင်လေးကို သိပ်ချစ်ပြီး ပြန်ရှာခေါ်ထားချင်တယ်လို့ ပြောဖူးတယ်ဟ၊ အဲဒီလို ပြောတိုင်း ဒွေးတော်နဲ့ ရန်ဖြစ်ရတာချည်းပဲ''

''ဟုတ်လား ... ဒါဆို နင့်ရဲ့အမေထွက်သွားတာ နင့်ရဲ့ဦးလေးကိုသွားရှာတာ ဖြစ်ချင်ဖြစ်မှာပေါ့''

''အဲဒါတော့ ငါမသိဘူး ... ဟုတ်မလား မသိဘူး၊ ဒွေးတော်ကိုတော့ မမေးရဲဘူး၊ ဒွေးတော်က စည်းကမ်းကြီးသလောက် ဒေါသလည်းကြီးတယ်ဟ၊ ခုတောင် သူအပြင်သွားလို့ ငါ ခြံထဲဆင်းရဲတာ၊ ကဲ ... ငါ အိမ်ပေါ်တက်တော့မယ်၊ ဒွေးတော်သွားတာ ကြာပြီ ... ပြန်လာတော့မယ် ထင်တယ်၊ သွားပြီးနော် မင်းလတ်''

''အေး ... အေး''

မြယွန်းမီက နှုတ်ဆက်ပြီး စံအိမ်ကြီးဘက်သို့ထွက်သွားရာ မင်းလတ်မှာ ငေးကြည့်ကျန်ရစ်ရင်းမှ ...

---



www.burmeseclassic.com

www.burmeseclassic.com



"မြယွန်းမီက တွေ့စတုန်းကတော့ အတော်စွာတယ် ထင်တာ ... ခုတော့လည်း ငါ့ကို ရင်းရင်းနှီးနှီး စကားပြော သွားပဲ၊ သဘောကောင်းပုံလည်း ရတယ်"

ဟု ကျေနပ်စွာတွေးနေမိ၏။ မည်သို့ဖြစ်စေ သူ့အတွက် မြယွန်းမီလို သူငယ်ချင်းမလေးတစ်ဦးရခြင်းကို ပီတိဖြစ်စွာ သဘောကျမိသည်သာ။

# မသက်ာဖွယ်လူနှစ်ဦး

တစ်နေ့သ၌ ...

ဩမန္တစံအိမ်ဝင်းကြီး၏ ခြံတံခါးအကျွင်းဘက် အဝင် လမ်းနံဘေးဝယ် ပန်းအိုးများ တန်းစီချထားပြီး ပိန်းပန်းများစိုက် ပျိုးရန် ရန်ကနားနှင့်အတူ မင်းလတ်က အုတ်နီခဲကျိုး၊ အုန်း ဖတ်နှင့် မီးသွေးခဲတို့ကို ပန်းအိုးများထဲသို့ ရောစပ်ထည့်လျက် ရှိလေ၏။

မိုးဦးကျကာလဖြစ်သဖြင့် ပိန်းပန်းများစိုက်ပျိုးရန် အသင့်လျော်ဆုံးအချိန်ဖြစ်ရာ ရန်ကနားက ပျိုးသေတ္တာများဖြင့် ပျိုးစေ့ကိုပျိုးပြီးမှ ယခုကဲ့သို့ ပန်းအိုးများထဲ ပြောင်းရွှေ့ထည့်သွင်း စိုက်ပျိုးခြင်းဖြစ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မင်းလတ်မှာ ရန်ကနားအား ကူညီလုပ်ကိုင်ပေးရင်းမှ ခြံတံခါး၏အပြင်ဘက်လမ်းမဆီသို့ မကြာခဏ အကြည့်ရောက် လျက်ရှိလေသည်။

"ကန်ကလေး . . . ဒီပိန်းပန်းကိုရေလောင်းတဲ့အခါ သိပ် ရွှဲအောင်မလောင်းရဘူးနော် . . . မှတ်ထားပါ၊ သူကနော် ရေဝပ် တဲ့ဒဏ်ကို လုံးဝမခံနိုင်ဘူး"

ရန်ကနားက ပိန်းပန်းပင်ပျိုတို့ကို ပန်းအိုးခြေထဲ ထည့် စိုက်နေရင်းမှ ပိန်းပန်းပင်ပြုစုပျိုးထောင်နည်းကို ပြောပြနေသော် လည်း သူ့စကားကို မင်းလတ်က စိတ်ဝင်စားခြင်းမရှိဘဲ သံတံ ခါးကြီး၏အပြင်ဘက်မှ လမ်းမသို့သာ ကွက်ကြည့်ကွက်ကြည့် လုပ်နေသည်ကို ရန်ကနားသတိပြုမိသွားရာ ဒေါပွသွားလေ၏။

"ဟ . . . ကန်ကလေး . . . နင် ငါ့စကားနားမထောင် ဘဲ ဘာကိုကြည့်နေတာလဲ"

မင်းလတ်က ရန်ကနားကို ခေါင်းငဲ့ကြည့်လိုက်ပြီး . . .

"ဦးလေးရန်ကနား . . . ဟိုလူသုံးယောက်က မြောင်းထဲ မှာ ငါးရှဉ့်ဖမ်းသလိုလို ငါးဖမ်းသလိုလိုနဲ့ ဒီခြံရှေ့မှာပဲ တလည် လည်လုပ်နေတယ်ဗျ"

ဟုပြောလိုက်ရာ ရန်ကနားလည်း မျက်မှောင်ကြုတ်က မင်းလတ်မေးငေါ့ပြရာ ခြံအပြင်ဘက်လမ်းမဆီသို့ ကြည့်လိုက် လေ၏။





သက္ကလတ်ဦးထုပ်အဟောင်းအစုတ်တို့ကို မျက်နှာ ဖုံး လုခမန်း ဆောင်းထားကြပြီး အကျီချိုင်းပြတ်နှင့် ပုဆိုးတိုတိုဝတ် ထားသည့် အသက် (၃၀) ကျော်ခန့်လူနှစ်ဦးမှာ ခါးတွင်ဝါးပလိုင်း တစ်လုံးစီချိတ်ထားကာ လက်ထဲဝယ် ဝါးခြမ်းတံလေးတစ် ချောင်းစီဖြင့် မြောင်းစပ်၌ ဟိုထိုးသည်ထိုးလုပ်နေကြသည်ကို တွေ့ရလေ၏။

အမှန်တော့ လမ်းနံဘေးရေမြောင်းထဲမှ ငါးရှဉ့်တွင်း အဝသို့ တုတ်တံအဖျားမှကြိုးအစကို ချနေကြခြင်းဖြစ်ပါ၏။ ယင်းကြိုး၏အဖျားဝယ် အစာတပ်ထားပြီး တွင်းထဲမှငါးရှဉ့်ကို မျှားကာ ခေါ်ထုတ်နေပုံမျိုးဖြစ်၏။

"သူ့ဘာသာ ငါးရှဉ့်ဖမ်းဖို့လုပ်နေတာပါ ကန်ကလေးရဲ့"

"မဟုတ်ဘူး ဦးလေးရန်ကနား . . . သူတို့ ဒီနားမှာ အဲဒီလိုလုပ်နေတာ နှစ်ရက်,သုံးရက်ရှိပြီ၊ သူတို့ ငါးရှဉ့်တကယ် မျှားနေတာမဟုတ်ဘူး . . . မျှားချင်ဟန်ဆောင်နေတာဗျ . . .။

သူတို့ ငါးရှဉ့်တစ်ကောင်မှရတာလည်း မတွေ့ရဘူး၊ သူတို့ရဲ့မျက်နှာတွေက ဒီစံအိမ်ကြီးဘက်ပဲ ကြည့်ကြည့်နေတယ်၊ ကန္တ ဒီခြံနဲ့စံအိမ်ကြီးကို အကြောင်းတစ်ခုခုကြောင့် အကဲခတ် နေပုံရတယ် ဦးလေးရန်ကနားရဲ့"

"ဘာလဲ ကန်ကလေး . . . အဲဒီလူနှစ်ယောကနော် . . . ငါတို့ရဲ့ခြံထဲ ဝင်ခိုးဖို့ချောင်းနေတာလို့ ဆိုချင်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"မပြောနိုင်ဘူးလေ၊ သူတို့မှာ ဘယ်လိုအကြံအစည်ရှိသလဲတော့မသိဘူး။ လာချောင်းနေတာတော့ သေချာတယ်ဗျ။ နေဦး . . . ဦးလေးရန်ကနား ကျွန်တော်မြို့ပြင်ထွက်သွားပြီး အဲဒီလူတွေကို မေးစမ်းအကဲခတ်ကြည့်ဦးမယ်"

မင်းလတ်က ပြောပြောဆိုဆိုဖြင့် လက်ထဲမှယူရီးယားခတ်မြေသြဇာအိတ်ကိုချထားလိုက်ကာ ထိုင်ရာမှထပြီး ခြံတံခါးဆီ ရောက်သွားလေ၏။

သူက ခြံတံခါးသော့ခလောက်ကို ဖြုတ်လိုက်ပြီး သံတံခါးကိုဆွဲဖွင့်ကာ အပြင်သို့ထွက်လိုက်လေ၏။ ပြီးမှ ခြံတံခါးကို ပြန်စေ့ကာ . . . လက်ကို အတွင်းသို့ပြန်လျှိုသွင်းပြီး မျောက်လက်ဝယ် သော့ခလောက်ကို ပြန်ခိုတ်ထားလိုက်လေ၏။

ထို့နောက် လက်ဖဝါးနှစ်ဖက်ကို ပွတ်ကာလက်ဖဝါးပေါ်မှ မြေမှုန့်သဲမှုန့်တို့ကို ခါထုတ်လိုက်ရင်း . . . လမ်းမပေါ်သို့ လှမ်းထွက်ခဲ့တော့၏။

မသ်ကာဖွယ်လူနှစ်ဦးမှာ ဘြဲမန္တစံအိမ်ကြီး၏ရှေ့ ဘေးလွယ်ခုတ်ရှိ လမ်းတစ်ဖက်မှ မြောင်းစပ်နားဝယ် ကုန်းကုန်းကွကွဖြင့် ငါးရှဥ့်မျှားနေလေ၏။

မင်းလတ်က သူတို့အနီးတွင်ရပ်လိုက်ပြီး

"ငါးရှဥ့်ဘယ်နှစ်ကောင်ရပြီလဲဗျ"

ဟု မေးလိုက်လေ၏။





ထိုအခါ ပုဆိုးကွက်တုံးဝတ်ထားသူက မင်းလတ်ကို လှည့်ကြည့်လိုက်ပြီး . . .

"သိပ်မရသေးပါဘူးကွာ"

ဟုဖြေလိုက်ရင်း မင်းလတ်ကို စူးစမ်းသလို၊ အကဲခတ်သလို စိုက်ကြည့်လိုက်လေ၏။ ထို့နောက် ထိုလူက ဘြဲမန္တစံအိမ်ကြီးဘက်သို့ မေးငေါ့ပြရင်း . . .

"ဒါထက် . . . ညီလေးက ဒီအိမ်ကလား"

ဟု စူးစမ်းသလိုမေးလိုက်လေ၏။

"ဟုတ်တယ်ဗျ . . . ကျွန်တော်က ဒီစံအိမ်ကြီးက အလုပ်သမားလေးတစ်ယောက်ပါ"

"ဪ . . . ဟုတ်လား . . . ဒီအိမ်ကြီးက ခြံကြီးကလည်း ကျယ်, အိမ်ကြီးကလည်း အကြီးကြီးပဲနော်၊ အိမ်ရှင်မိသားစုရော များသလားကွ"

"မများဘူးဗျ . . . နှစ်ယောက်တည်းရယ်"

"ဟင် . . . ဟုတ်လား"

"ဟုတ်တယ် . . . အလုပ်သမားကတော့ လေးယောက်ရှိတယ်။ ကျွန်တော်ရယ်, ဦးလေးရန်ကနားရယ်, နောက် ထမင်းချက်တဲ့ မိန်းမကြီးတစ်ယောက်နဲ့ အိမ်ဖော်တစ်ယောက်တို့ပဲဗျ"

"ဪ . . . ဒါထက်အိမ်ရှင်တွေက ယောက်ျားတွေလား, မိန်းမတွေပါကွ၊ ငါတို့ ဒီအိမ်ရှေ့နားမှာ ငါးရှဥ့်လာမျှားတိုင်း



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအိမ်ကအိမ်ရှင်ကို မတွေ့မိဘူး''

''အိမ်ရှင်က အမျိုးသမီးနှစ်ယောက်ဗျ၊ တစ်ယောက်က အဒေါ်ကြီး, နောက်တစ်ယောက်က ကျွန်တော်နဲ့ရွယ်တူ ကောင်မလေးပဲ''

''ဟင် ... ဟုတ်လား။ အဲဒီအိမ်ရှင်တွေထဲမှာ အစ်ကိုတို့အရွယ် ယောကျ်ားတစ်ယောက် ရှိတယ်မဟုတ်လား ... ညီလေးရ''

''မရှိဘူးဗျ''

ထိုလူက ခေါင်းကိုအသာယမ်းလိုက်ပြီး ...

''မဟုတ်ဘူးညီလေး၊ ဒီအိမ်မှာ လူတစ်ယောက်ရှိသေးတယ်မဟုတ်လား၊ သူ့နာမည်က မင်းစက်သာလို့ခေါ်တယ်လေ''

ဟု ပြောလိုက်ရာ မင်းလတ်မှာ သူထင်သည့်အတိုင်း သည့်လူနှစ်ဦးမှာ အကြောင်းတစ်ခုခုကြောင့် ဤစံအိမ်ဝင်းအနီးဝယ် ယောင်လည်လည်လုပ်ကာ လာရောက်စူးစမ်းနေသူများဖြစ်ကြောင်း သေချာစွာရိပ်မိသွားရာ သူတို့၏စကားကိုဆက်လက်မျှောလိုက်ကြည့်ရန် ဆုံးဖြတ်လိုက်လေ၏။

''အစ်ကိုတို့က ကိုမင်းစက်သာကို သိနေသလား၊ အဲဒီကိုမင်းစက်သာက ဒီစံအိမ်ကြီးကနေ ထွက်သွားတာဖြင့် ဆယ်နှစ်လောက်ရှိပြီဗျ''

ထိုအခါ ပုဆိုးကွက်စိပ်နှင့်လူက ခါးပိုက်ထဲမှ ကွမ်း





တစ်ယာကိုပါးစပ်ထဲ ထည့်လိုက်ပြီး ...

''ဒီလို ညီလေးရ ... အစ်ကိုတို့က ဟိုဘက်ရပ်ကွက်မှာ နေပြီး အရင်တုန်းက မြင်းလှည်းမောင်းတယ်၊ ဒီလမ်းထိပ်က မြင်းလှည်းဂိတ်မှာ မြင်းလှည်းနားတဲ့အခါ ကွေ့ပစ်တမ်းဆော့ကြတယ်၊ အဲဒီအခါ ဒီစံအိမ်ကြီးက မင်းစက်သာ ရောက်ရောက်လာပြီး အစ်ကိုတို့နဲ့ ကွေ့ဝင်ပစ်လေ့ရှိတယ်ကွ၊ သူက လောင်းကစား သိပ်ဝါသနာကြီးတာ၊ ဒါကြောင့် အစ်ကိုတို့က မင်းစက်သာနဲ့ ဟိုးအရင်ကတည်းက သိပြီးရင်းနှီးနေကြတာ''

ဟု ရှင်းပြရာ မင်းလတ်က ခေါင်းညိတ်ပြလိုက်ပြီး

''ဟုတ်တယ်အစ်ကိုတို့ရ ... ကိုမင်းစက်သာက လောင်းကစားဝါသနာကြီးလွန်းလို့လည်း သူ့အဖေနဲ့ ပြဿနာဖြစ်ပြီး ဒီစံအိမ်ကြီးပေါ်က ဆင်းသွားရတာပဲလေ၊ အဲဒီလို ဆင်းသွားကတည်းက ခုအထိ ပြန်ကိုမလာတော့ဘူး''

ဟုပြောလိုက်ရာ ငါးရှဉ့်များသူနှစ်ဦးမှာ တစ်ဦးကိုတစ်ဦး ကြည့်လိုက်ပြီးမှ ပုဆိုးကွက်တုံးနှင့်လူက မင်းလတ်ကို ခေါင်းငုံ့ကြည့်လိုက်ပြီး ...

''ညီလေး ... ဒီရက်ပိုင်းအတွင်းမှာ မင်းစက်သာ ဒီစံအိမ်ကြီးဆီ ပြန်ရောက်လာတယ်မဟုတ်လားကွ''

ဟု ခပ်လောလောမေးလိုက်လေ၏။

''မရောက်လာပါဘူးဗျာ ... လုံးဝမရောက်လာဘူး''



www.burmeseclassic.com

www.burmeseclassic.com



မင်းလတ် ခေါင်းခါရင်းပြောသည်ကို ... ထိုလူက မပ ကြည်သလို အရောင်တဖျပ်ဖျပ်လက်လျက်ရှိသော မျက်လုံ စူးစူးတို့ဖြင့် စိုက်ကြည့်လိုက်ကာ ...

"သေချာရဲ့လား ညီလေးရာ ... အစ်ကိုတို့တော့ မင် စက်သာ သူ့အိမ်ကို ပြန်ရောက်နေပြီလို့ သတင်းကြားမိတာပဲ သူ့ကို အစ်ကိုတို့တွေ့ချင်လို့ ဒီနားမှာ ငါးရှဉ့်လာမျှားရင်း ချောင် မြောင်းနေတာကွ"

ဟုပြောလိုက်ရာ မင်းလတ်မှာ သူထင်ထားသည့်အတိုင် ဤလူနှစ်ဦးမှာ တြိမန္တစံအိမ်ကြီးနှင့်ပတ်သက်ပြီး စူးစမ်းရ မယောင်မလည်ရောက်သူများဖြစ်ကြောင်း သေချာသွားရာ သူက တန်ပြန်ထောက်လှမ်းရန် ကြိုးစားလိုက်လေ၏။

"ကိုမင်းစက်သာ ဒီစံအိမ်ကြီးဆီ ပြန်လာတယ်လို အစ်ကိုတို့ ဘယ်ကဘယ်လိုကြားလာတာလဲဗျ"

ဟု မင်းလတ်ကမေးလိုက်ရာ ထိုလူနှစ်ဦးမှာ တစ် ယောက်မျက်နှာကို တစ်ယောက်ကြည့်လိုက်ပြီးမှ ပုဆိုးကွက်စိတ် နှင့်လူက မင်းလတ်ကိုလှည့်ကြည့်ပြီး ...

"အသိတစ်ယောက်က ပြောလိုက်လို့ကွ ... မင်းစက် သာ မန္တလေးရထားနဲ့ ပါသွားတာကို တွေ့လို့ပြောလိုက်တာ အစ်ကိုတို့သိရတာပဲ ဆိုပါတော့ကွာ"

ဟု ပြောရာ မင်းလတ်က ခေါင်းယမ်းလိုက်ပြီး ...





"ကိုမင်းစက်သာ ဒီစံအိမ်ကြီးဆီ ပြန်မလာတာတော့ သေချာပါတယ်ဗျာ"

ဟု ယတိပြတ်ပြောလိုက်လေ၏။

ထိုသူနှစ်ဦးလည်း မင်းလတ်ကိုတစ်လှည့်၊ တြိမန္တစံ အိမ်ကြီးကိုတစ်လှည့် မကျေချမ်းသလို ကြည့်ပြီးနောက် ...

"ကဲပါ ပါပူးရာ ... ငါးရှဉ့်မရမယ့်အတူ ပြန်ကြပါစို့၊ ညကျမှပဲ ဖားထွက်ရိုက်သွားမယ်"

"အေး ... ဟုတ်ပါရဲ့ကွာ၊ ဒီနေရာမှာ ငါးရှဉ့်မျှားနေလို့ အကျိုးမရှိဘူး၊ ညဘက် ဖားထွက်ရိုက်တာကမှ သေချာဦးမယ် ညောင်စီရေ"

ဟုပြောကာ ပုဆိုးကွက်စိတ်နှင့်လူမှာ သူ့အဖော်ညောင် စီဆိုသူနောက်သို့ ခပ်သုတ်သုတ် လိုက်ပါသွားပါတော့၏။

မင်းလတ်လည်း မသက်ာဖွယ် ထိုလူနှစ်ဦးကို မျက် မှောင်ကြုတ်ငေးကြည့်ကျန်ရစ်ရာမှ တြိမန္တစံအိမ်ဝင်းကြီးဘက် သို့ ပြန်လျှောက်လာတော့၏။

"ဘယ့်နှယ့်လဲ ကန်ကလေး ... ဟိုလူနှစ်ယောက်က သူခိုးတွေလား၊ ဓားပြတွေလား"

ခြံထဲဝင်လာသော မင်းလတ်ကို ရန်ကနားက ပျိုးပြီးစ ပန်းပန်းပင်တို့အား ရေလောင်းနေရင်းမှ မေးလိုက်လေ၏။

"သူတို့ဟာ သူခိုးလား၊ ဓားပြလားတော့မသိဘူး ဦး



www.burmeseclassic.com

www.burmeseclassic.com



လေးရန်ကနားရဲ့ . . . ဒီစံအိမ်ကြီးကနေ ထွက်သွားတဲ့ ကိုမင်းစက်သာပြန်ရောက်လာပြီမဟုတ်လားလို့ မေးတယ်၊ ကိုမင်းစက်သာနဲ့ သူတို့က အသိအကျွမ်းတွေတဲ့၊ ကျွန်တော်က ကိုမင်းစက်သာ လုံးဝပြန်မလာဘူးလို့ ပြောတာကို သူတို့ ယုံပုံမရဘူးဗျာ ဘာပဲဖြစ်ဖြစ် အဲဒီလူတွေက ငါးရှဉ့်များဖို့လာတာမဟုတ်တာတော့ သေချာတယ်၊ ဒီစံအိမ်ကြီးကို အကြောင်းတစ်ခုခုကြောင့် လာပြီ အကဲခတ်တာ သေချာတယ်ဗျ''

''ဟုတ်လား . . . ဒါဆို ဘာပဲဖြစ်ဖြစ် ငါတို့ ဒီခြံကြီးနဲ့ အိမ်ကြီးလုံခြုံဖို့ ဂရုပိုစိုက်မှဖြစ်မယ် ကန်ကလေးရဲ့''

''ဟုတ်တယ် ဦးလေးရန်ကနား . . . အဲဒီလူတွေရဲ့ ရုပ်ရည်ကြည့်ရတာ လူကောင်းသူကောင်း ဖြစ်ပုံမရဘူးဗျ၊ သူတို့ရဲ့ မျက်လုံးတွေက ဂနာမငြိမ်ဘူး၊ ကောက်ကျစ်စဉ်းလဲတဲ့ မျက်လုံးတွေ ကျွန်တော်ရဲ့စိတ်အထင်တော့ အဲဒီလူတွေဟာ ဒီစံအိမ်ကြီးကို တစ်နေ့နေ့မှာ ဒုက္ခလာပေးမှာ သေချာတယ်ဗျ၊ ကျွန်တော်တို့ လုံခြုံရေးကို ပိုဂရုစိုက်ရမယ်''

မင်းလတ်က မှတ်ချက်ချရင်း တြိမန္တစံအိမ်ကြီးဘက်သို့ မျက်လုံးဝေ့ကြည့်လိုက်သည်တွင် ရန်ကနားမှာ မင်းလတ်၏စကားကိုထောက်ခံသည့်အနေဖြင့် ဦးခေါင်းကိုတညိတ်ညိတ်ပြုနေပါတော့၏။

♛ ♛ ♛





မင်းလတ်မှာ ညောင်စိန့်ပါပူးဆိုသူနှစ်ဦးကို သံသယဖြစ်မိသည်နှင့်အညီ တြိမန္တစံအိမ်ကြီး၏လုံခြုံရေးကို ပိုမို ဂရုစိုက်နေခဲ့တော့၏။

ကုလားအဘိုးအို ရန်ကနားမှာမူ အသက်အတန်ကြီးပြီဖြစ်သဖြင့် တစ်နေ့လုံး ခြံထဲဝယ် ပေါင်းသင်၊ ပျိုးပင်စိုက်၊ ရေလောင်း စသည့်ခြံလုပ်ငန်းများကို တကုတ်ကုတ်လုပ်ခဲ့ပြီးနောက် ညသို့ရောက်သော် ပင်ပန်းသမျှ ပြေပျောက်ရန်ဟုဆိုကာ ချက်အရက်တစ်ပိုင်း ကုန်အောင်သောက်ကာ ခြေပစ်လက်ပစ် အိပ်လေ့ရှိရာ တြိမန္တခြံကြီး၏ ညပိုင်းလုံခြုံရေးတာဝန်မှာ မင်းလတ်၏ပခုံးပေါ်သို့သာ ကျရောက်လာပါတော့၏။

စံအိမ်ကြီး၏ပိုင်ရှင် . . . ဒေါ်မြမင်းသာမှာ ရန်ကနားအရက်သောက်မှန်းသိပါက လုံးဝခွင့်လွှတ်မည် မဟုတ်။ သို့သော် ရန်ကနားမှာ ပင်ပန်းမှုဒဏ်ကို မခံနိုင်တော့သဖြင့် ချက်အရက်ကို နိုးဂယ်ထားကာ ညဝယ်သောက်ပြီး ကုလားသေကုလားမှာ အိပ်လေ့ရှိသည်သာ ဖြစ်လေ၏။

ဤသို့ဖြင့် မိုးမှောင်ကျကာ ကောင်းကင်တစ်ခွင်လုံးဝယ် မိုးသားတိမ်လိပ်မည်းမည်းတို့ လွှမ်းမိုးလျက်ရှိသော တစ်ညနေ၌ . .

မင်းလတ်သည် မှန်အိမ်မီးဖြင့် စာအုပ်တစ်အုပ်ကို ဖတ်



www.burmeseclassic.com

ရှုလျက်ရှိလေ၏။ သူသည် ငယ်စဉ်ကတည်းက ဖခင်ကြီးနှင့် အတူ ဇာတ်ပွဲကရာနောက်သို့ တကောက်ကောက်လိုက်ပါနေရ သဖြင့် အတန်းပညာကို ကောင်းစွာမသင်ခဲ့ရသော်လည်း ဇာတ် ထဲမှပုဏ္ဏားဦးကြည်ဆိုသည့် ဇာတ်သမားကြီးတစ်ဦးထံဝယ် အရေးအဖတ်အတွက်ပညာများကို ကောင်းစွာသင်ယူခွင့်ရခဲ့ပြီး သူကိုယ်တိုင်ကလည်း ဉာဏ်ရည်ထက်မြက်သူဖြစ်သဖြင့် စာစုံ ဖတ်ကာ ဗဟုသုတမျိုးစုံကို ရှာမှီးမှတ်သားနိုင်ခဲ့သူဖြစ်၏။

မင်းလတ်မှာ စာပေပညာနှင့်ပတ်သက်ပြီး ပါရမီရှိသူ ဖြစ်သည့်အပြင် စာဖတ်ဝါသနာပါသူမို့ တွေ့ရာကြုံရာကို ဖတ် ရှုပြီး စာအုပ်စာပေတို့ထဲမှ သိမှတ်စရာ ဗဟုသုတများ၊ ဆင်ခြင် တွေးတောစရာ အတွေးအခေါ်များ၊ အသိအလိမ္မာများ များစွာ ရရှိထားသူဖြစ်ချေ၏။

တြိမန္တစံအိမ်ကြီး၏ ခြံစောင့်အိမ်လေးဝယ် နေထိုင်ခွင့် ရသောအခါတွင် အိမ်ထောင့်ရှိစားပွဲပေါ်၌ စာအုပ်ပုံတစ်ပုံကို တွေ့ရရာ မင်းလတ်မှာ စာသူရဲပီပီ အားလပ်ချိန်ရတိုင်း စာအုပ် များကို တစ်အုပ်ပြီးတစ်အုပ် ဖတ်ရှုခြင်းပြုလေ၏။

သူဖတ်ရှုရသောစာအုပ်များမှာ သစ်ပင်ပန်းမာလ်စိုက် ပျိုးနည်း၊ ကြက်ဝက်မွေးမြူနည်း စာအုပ်များမှအစ ဗေဒင် လက္ခဏာစာအုပ်၊ မဂ္ဂဇင်းအချို့၊ ဘဝတိုးတက်ရေးအတွေး အမြင်များကို ရေးသားထားသည့် တက်ကျမ်းစာအုပ်ငယ်များပင်





ဖြစ်ပါ၏။

ယနေ့ညအဖို့လည်း မင်းလတ်မှာ ညစာစားပြီးနောက် တြိမန္တခြံအတွင်းသို့ လက်နှိပ်ဓာတ်မီးဖြင့်ထိုးကာ ပန်းခြံများ၊ ပန်းရုံများအကြား ခြံအနှံ့လျှောက်သွားကာ စစ်ဆေးကြည့်ရှုခဲ့ ပြီး ဖြစ်လေ၏။ ယင်းသို့ ခြံဝင်းကြီး၏လုံခြုံရေးကို စစ်ဆေးပြီး နောက် ဝင်းတံခါးအဝင်ပေါက်ရှိ သံတံခါးကြီးမှာ သော့ခလောက် ခတ်ပြီး၊မပြီးကိုပါ စစ်ဆေးပြီးနောက် ခြံစောင့်အိမ်လေးသို့ ပြန် လာကာ မှန်အိမ်မီးရောင်ဖြင့် ကဝိမျက်မှန်မဂ္ဂဇင်းကို ဖတ်ရှု လျက်ရှိလေ၏။

မဂ္ဂဇင်းစာမျက်နှာများကို တစ်မျက်နှာပြီးတစ်မျက်နှာ ဖတ်ရှုနေစဉ်တွင် မင်းလတ်၏စိတ်အာရုံမှာ မဂ္ဂဇင်းစာအုပ်ထဲမှာ သာ နစ်မြုပ်နေလျက်ရှိရာ . . . ဂလောက်ခနဲမြည်ကာ သံတံခါး ကြီးမှ သော့ခလောက်ကြီးပြုတ်ကျသံကို ကောင်းကောင်းသတိ မမူလိုက်မိချေ။

မိုးမှောင်ကြီးကျလျက်ရှိသဖြင့် ဝန်းကျင်တစ်ခုလုံး ပိန်း ပိန်းပိတ်မှောင်နေရာ တြိမန္တစံအိမ်ခြံဝင်းတံခါးကြီးအနီးတစ် ဝိုက်မှာလည်း မှောင်အတိလွှမ်းနေသည်ဖြစ်ခြင်းကြောင့် လူရိပ် မည်းမည်းနှစ်ခု ခြံတံခါးကြီးအနီးသို့ တိတ်တဆိတ်ချဉ်းကပ် လာသည်ကို မည်သူမျှ သတိမထားမိချေ။

"ဟော့ကောင်ပါပူး . . . မင်းလုပ်လိုက်ရင် အရမ်းချည်း

www.burmeseclassic.com



ပဲ၊ သော့ခလောက်ကိုဖြုတ်ပြီးမှ လက်ကလွတ်ကျရတယ်လို့ကွာ''

"ဟ . . . ညောင်စိရ . . . ငါ ဒီအာမခံသော့ခလောက်ကြီးကို သော့ဝိဇ္ဇာနဲ့ဖြုတ်နိုင်တာပဲ ချီးကျူးဦး . . . မင်းက ဘာမှသာ အစွမ်းအစမရှိတယ် . . . သူတစ်ပါးကို အပြစ်တင်ဖို့တော့ တတ်တယ်''

"တော်ကွာ . . . တော်ကွာ . . . မင်းနဲ့ငါ အချင်းများတာနဲ့ လူမိနေဦးမယ်၊ လာ . . . ခြံထဲဝင်စို့''

ညောင်စိက ဦးဆောင်ပြီး တြိမန္တစံခြံကြီးထဲသို့ဝင်လာရာ ခဏချင်းမှာပင် သူတို့နှစ်ဦးသည် အိမ်ရှေ့ဆင်ဝင်ပေါ်တိကိုအောက်သို့ ရောက်ရှိသွားတော့၏။

ထို့နောက် သူတို့သည် သူတို့အချင်းချင်းနဂိုကတည်းက တိုင်ပင်ထားသည့်အတိုင်း အိမ်ပေါ်ထပ်သို့တက်ရန် ဆင်ဝင်တိုင်လုံးကြီးကို နွယ်တက်နေသည့် တိုက်ကပ်နွယ်ပင်ကို အားပြုလျက် ဆင်ဝင်ပေါ်သို့ စတင်တက်ကြလေတော့၏။

ယင်းအချိန်ဝယ် စာထဲတွင် အာရုံရောက်နေသည့် မင်းလတ်မှာ သူ့နားထဲဝယ် ဂလောက်ဟူသောအသံကို သဲ့သဲ့ကြားလိုက်ရသလိုရှိသော်လည်း အမှုမဲ့အမှတ်မဲ့နေခဲ့မိလေ၏။ သို့သော် သူသည်ဖျတ်လတ်နိုးကြားသော လူငယ်တစ်ဦးဖြစ်သည့်အတိုင်း သူ၏နားထဲ၌ကြားလိုက်ရသလိုလိုရှိသော အသံသဲ့သဲ့ကြောင့် စိတ်ဝယ် စနိုးစနောင့်ဖြစ်လာမိရာ ဖတ်လက်စစာအုပ်မှ





အာရုံကို ဖျတ်ခနဲ ရုပ်သိမ်းလိုက်ပြီး ခေါင်းထောင်ကာ နားစွင့်လိုက်လေ၏။

ထိုစဉ်မှာပင် သူသည် ခြေသံတဖျပ်ဖျပ်လိုလို ကြားလိုက်ရသောကြောင့် ထိုင်ရာမှ ဆတ်ခနဲထလိုက်ပြီး စားပွဲပုလေးပေါ်တင်ထားသည့် လက်ဆွဲမီးအိမ်ကို မီးထွန်းညှိလိုက်ပြီး လောက်လေးခွ၊ လောက်စာလုံး သုံးလေးလုံးတို့ကိုပါ ယူလိုက်လေ၏။

သူသည် လောက်စာလုံးများကို ခါးပိုက်ထဲထည့်ကာ လောက်လေးခွကို ခါးကြား၌ထိုးလိုက်ပြီး မီးအိမ်ကိုလက်တစ်ဖက်ဝယ်ဆွဲကိုင်လျက် ခြံစောင့်အိမ်လေးထဲမှ ထွက်လိုက်လေ၏။

ပြင်ပလောကကြီးသည်ကား မကြာမီ မိုးကြီးသဲသဲမဲမဲ ရွာတော့မည်ဟန်ဖြင့် ကောင်းကင်ထက်ဝယ် တိမ်တောင်ထုတို့ အလိပ်လိပ်တက်ကာ မှောင်နှင့်မည်းမည်း ဖြစ်နေပါတော့၏။

သို့သော် မင်းလတ်မှာ မျက်စိအမြင်စူးရှသူမို့ မှောင်ထဲမှာပင် အတော်အတန်မြင်နိုင်သူဖြစ်ရာ ဦးစွာ ခြံရှေ့မှဝင်းတံခါးကြီးဆီသို့ ကြည့်လိုက်ရာ သံဝင်းတံခါးကြီးမှာ ပိတ်လျက်သားတွေ့ရသဖြင့် စိတ်အေးသွားရလေ၏။

"ငါ စောစောကကြားလိုက်ရတဲ့ အသံဟာ . . . ခြံဝင်းတံခါးဘက်က ဖြစ်မယ်၊ ငါ့စိတ်ကပဲ ထင်လို့လားမသိဘူး''

သူသည် သက်ပြင်းချလိုက်ပြီးနောက် စံအိမ်ကြီးဘက်



www.burmeseclassic.com

www.burmeseclassic.com



သို့ အကြည့်လွှဲလိုက်ရာ မမျှော်လင့်ဘဲ တွေ့လိုက်ရသည့်မြင်ကွင်းကြောင့် ကြက်သေ ... သေသွားလေ၏။

"ဟာ ... မည်းမည်းမည်းမည်းနဲ့ လူရိပ်နှစ်ခု ဆင်ဝင်တိုင်ကြီးကို ဖက်တက်နေပါလား"

သူသည် အံ့အားသင့်လျက်ရှိရာမှ ချက်ချင်းသတိဝင်လာပြီး သူခိုးသူခိုးဟု အော်လိုက်မိမလိုဖြစ်သွား၏။ သို့သော် သူသည် သူခိုးဟုပင် အော်ဟစ်လိုက်ရမည်လား၊ ရန်ကနားကို နိုးပြီး တုတ်ဓားဆွဲကာ လက်ရဖမ်းဆီးရမည်လား ... ဝေခွဲမရဖြစ်သွားလေ၏။

"အင်း ... ဒီလူရိပ်နှစ်ခုဟာ မနက်က ခြံရှေ့မှာတွေ့ခဲ့ရတဲ့ ပါပူးနဲ့ညောင်စိဆိုတဲ့ လူတွေလားမသိဘူး"

"သူတို့သာ ညောင်စိနဲ့ ပါပူးတို့ဆိုရင်တော့ ဒီစံအိမ်ကြီးနဲ့ပတ်သက်ပြီး, ကိုမင်းစက်သာနဲ့ပတ်သက်တဲ့ အကြောင်းတစ်ခုခု, အကြံအစည်တစ်ခုခုရှိလို့ ဒီလိုအိမ်ကြီးပေါ် ခိုးကြောင်ခိုးဝှက်တက်လာကြတာပဲ ဖြစ်မယ်၊ ဒါဆိုရင်တော့ သူခိုးလို့ အော်လိုက်တာထက်စာရင် သူတို့အိမ်ကြီးပေါ်တက်ပြီး ဘာလုပ်မလို့လဲဆိုတာကို ငါလိုက်ကြည့်သင့်တယ်၊ ငါ့စိတ်အထင်တော့ သူတို့ဟာ ကိုမင်းစက်သာနဲ့ တစ်နည်းနည်းပတ်သက်နေရမယ်၊ သူတို့ဟာ ကိုမင်းစက်သာသေသွားပြီဆိုတာကို သိပုံမရဘူး၊ ကိုမင်းစက်သာကလည်း မန္တလေးနဲ့ ဆယ်နှစ်လောက်ကင်းကွာ





နေပြီး သေတော့လည်း ကျုံးထဲမှာ မထင်မရှားသေသွားရတာဆိုတော့ အဲဒီတုန်းက ဓားဒဏ်ရာတွေနဲ့ သေဆုံးသွားရသူဟာ တြိမန္တစံအိမ်ကြီးက မိသားစုဝင် မင်းစက်သာမှန်း ဘယ်သူမှ မသိခဲ့ကြဘူး၊ ပုလိပ်ဘက်ကလည်း သိခဲ့ပုံမရဘူး၊ ဒါကြောင့် ... မန္တလေးက မင်းစက်သာနဲ့ပတ်သက်သူအားလုံးလိုလိုဟာ ကိုမင်းစက်သာသေတာကို သိကြပုံမပေါ်ဘူး၊ ညောင်စိနဲ့ ပါပူးတို့ဟာ ကိုမင်းစက်သာမသေသေးဘဲ ဒီစံအိမ်ကြီးဆီ ပြန်လာခဲ့တယ်လို့ ထင်ထားပုံရတယ်၊ ဒါကြောင့် သူတို့ကိုယ်တိုင် အိမ်ကြီးပေါ်မှာ ကိုမင်းစက်သာကိုရှာဖွေချင်လို့ ခုလို တိတ်တဆိတ် ဖောက်ထွင်းဝင်ရောက်လာတာဖြစ်ရမယ်၊ ဘာပဲဖြစ်ဖြစ် အိမ်ကြီးပေါ်မှာ သူတို့ဘာလုပ်မလဲဆိုတာကို လိုက်ကြည့်ရမယ်"

မင်းလတ်သည် ချက်ချင်းဆုံးဖြတ်လိုက်ပြီး ရှေးဦးစွာ ခြံဝင်းတံခါးဝဆီသို့သွားကာ ခြံတံခါးသော့ကို စစ်ဆေးကြည့်လိုက်ရာ သော့ခလောက်ကြီးမှာ မျောက်လက်မှာတွဲလောင်းဖြစ်နေသော်လည်း သော့မှာ ပွင့်လျက်ရှိကြောင်းတွေ့ရလေ၏။

မင်းလတ်မှာ ပြုံးလိုက်ပြီး သော့ခလောက်ကို ပြန်ခတ်ကာ ပိတ်လိုက်လေတော့၏။

'ချောက်'

သော့ခလောက်ကြီးကို ဖိနှိပ်ကာပိတ်ပြီးနောက် စံအိမ်ကြီးဘက်လှမ်းကြည့်လိုက်ရာ ဆင်ဝင်ကြီး၏အပေါ်ဝယ် လူရိပ်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ခု၏အရိပ်အယောင်ကို လုံးဝမတွေ့ရတော့ချေ။

"သင်းတို့အိမ်ပေါ်ရောက်သွားပြီ၊ ငါ လျှို့ဝှက်လမ်းက လိုက်တက်ပြီး ကြည့်မှ"

သို့ဖြင့် မင်းလတ်သည် စံအိမ်ကြီးကိုပတ်ပြီး ခြံနောက်ပိုင်းသို့ခပ်သုတ်သုတ်လာခဲ့ကာ ရေတွင်းဟောင်းကြီးဆီသို့ ရောက်လာသည်တွင် ရေတွင်းနံဘေး၌ချထားသော မနီလာကြိုးခွေကို ယူကာ ကြိုးစတစ်စကို ရေတွင်းအနီးမှ သရက်ပင်ပျို၏ပင်စည်ဝယ် ချည်နှောင်လိုက်တော့၏။

ယင်းနောက် ကျန်သောကြိုးခွေကို ရေတွင်းထဲသို့တွန်းချလိုက်လေတော့၏။

ကြိုးခွေကိုချပြီးသည်နှင့် မင်းလတ်သည် ဖန်မီးအိမ်၏လက်ကိုင်ကို သွားဖြင့်ကိုက်ကာ ကြိုးကိုဆွဲပြီး ရေတွင်းကြီးထဲ ခြေကန်ဆင်းတော့၏။

သူသည် ရေတွင်းကြီး၏တစ်ဝက်သာသာသို့ ရောက်နေသည့် သစ်ကိုင်းသစ်ခက်အမှိုက်တို့ကို ဖယ်တန်ဖယ် . . . ခြေဖြင့် ဖိနင်းတန်နင်းပြီး အောက်ခြေဘက်ရောက်သည်အထိ ဆင်းလာတော့၏။

မင်းလတ်သည် မှောင်မည်းနေသော ရေတွင်းဟောင်းကြီးထဲ ဖန်မီးအိမ်၏အလင်းကိုအားပြုကာ ဆက်လက်ဆင်းလာရာ ဂူလိုဏ်ပေါက်ဝသို့ရောက်ရှိသွားသည်တွင် ဂူလိုဏ်ပေါက်ထဲ





လေးဖက်ထောက် ဝင်လိုက်တော့၏။

သူသည် ဂူလိုဏ်အတိုင်းလာခဲ့ရာမှ ဂူလိုဏ်ခန်းဆီ ရောက်ရှိသွားပြီး ယင်းဂူလိုဏ်ခန်းမှတစ်ဆင့် ကျောက်သားလှေကားထစ်များကို ခပ်သွက်သွက်နင်းတက်ခဲ့ပြီး လှေကားထိပ်သို့ အရောက်ဝယ် လျှို့ဝှက်တံခါး၏ ခလုတ်သံကွင်းကို ဆွဲလိုက်တော့၏။

လျှို့ဝှက်တံခါးပွင့်သွားသည်တွင် သူသည်တံခါးဝမှ ခေါင်းပြူကာ အိမ်အပေါ်ထပ်အခန်းကျယ်ကြီးအား အကဲခတ်ကြည့်ရှုရင်း အသံဗလံကို နားစွင့်နေလိုက်တော့၏။

မည်သည့်အသံဗလံမျှ မကြားရဘဲ တိတ်ဆိတ်နေရာ သူသည် လျှို့ဝှက်တံခါးပေါက်မှ ခြေဖော့နင်းထွက်ခဲ့ပြီး ဓာတ်ပုံနှင့်ပန်းချီကားများထားရာ စာကြည့်ခန်းကိုဖြတ်ကျော်ခဲ့တော့၏။

သူသည် တံခါးဝသို့ရောက်လေလျှင် ဖန်မီးအိမ်ကို တံခါးဝနံဘေးတွင် ချထားလိုက်ပြီး စေ့ရုံစေ့ထားသည့် တံခါးချပ်ကို ဖြည်းဖြည်းချင်းဆွဲဖွင့်လိုက်ကာ ခေါင်းပြူလျက်စင်္ကြံလမ်းကို အကဲခတ်ကြည့်လိုက်တော့၏။

ယင်းစင်္ကြံလမ်းမှာ အိမ်ပေါ်ထပ်ရှိ သီးသန့်ဧည့်ခန်းဆောင်ကြီးမှ အိမ်နောက်ပိုင်းအထိတည်ရှိနေသော စင်္ကြံလမ်းဖြစ်ပြီး ထိုစင်္ကြံလမ်း၏တစ်ဖက်တစ်ချက်ဝယ် တံခါးများနေ



www.burmeseclassic.com

www.burmeseclassic.com



ပိတ်ထားသည့် အခန်းလေးခန်းရှိလေ၏။ မင်းလတ်ရောက်ရ နေသောအခန်းမှာ စကြံလမ်း၏လက်ဝဲဘက် အိမ်နောက်ဘက် အကျဆုံးအခန်းပင် ဖြစ်ပါ၏။

ယင်းစကြံနှင့် ညှိခန်းဆောင်ဆုံရာ ထောင့်တွင်သာ ဖန်မီးအိမ်တစ်လုံးကို မီးစာလျှော့ပြီး ထွန်းညှိချိတ်ဆွဲထားရာ စကြံလမ်းတစ်ခုလုံးမှာ မှိန်ပျပျအလင်းရောင်သာ ရှိချေ၏။

ယင်းအလင်းမှိန်မှိန်အောက်မှာပင် လူရိပ်မည်းမည်း နှစ်ခုသည် ခြေသံမကြားရအောင် ခြေကိုဖွနင်းကာ စကြံလမ်း အတိုင်း လျှောက်လာလျက်ရှိသည်ကို တွေ့ရတော့၏။

သူတို့သည် စေ့ပိတ်ထားသောတံခါးချပ်တို့ကို အသာ တွန်းတွန်းကြည့်ပြီး ခြေဖွနင်းလျှောက်လာရာ စာကြည့်ခန်းတံခါး ဝအနီးသို့ရောက်လာသည့်တွင် မင်းလတ်မှာ တံခါးကိုအသာစေ့ ပိတ်လိုက်ကာ တံခါးကိုကျောမှီရပ်လိုက်ရင်းမှ တံခါးချက်ကိုပါ အတွင်းမှ ထိုးထားလိုက်တော့၏။

စကြံမှလူနှစ်ဦးမှာ စာကြည့်ခန်းတံခါးချပ်ကိုပါ တွန်း ကြည့်လိုက်ပြီးနောက် တစ်ဦးကိုတစ်ဦး တီးတိုးပြောရာ တံခါးရွက် ကို နားရွက်ကပ်ကာနားစွင့်နေသည့် မင်းလတ်က သူတို့၏ ပြောစကားတို့ကို ခပ်သဲ့သဲ့ကြားရချေ၏။

"ဒီတံခါးလည်း ပိတ်ထားတာပါလားကွ . . . ညောင်စိ"

"အေး . . . စေ့ရုံစေ့ထားတဲ့ တံခါးဆိုလို့ ဟိုအခန်းရဲ့တံ





ခါးပဲ ရှိတယ်၊ အဲဒီအခန်းထဲက သံခုတင်ကို ခေါက်ထားပေမယ့် နံရံမှာ မင်းစက်သာရဲ့ဓာတ်ပုံတွေ ကပ်ထားတာကိုကြည့်ရင် အဲဒီအခန်းဟာ မင်းစက်သာနေတဲ့အခန်းပဲ ဖြစ်ရမယ်ကွ"

"ဒါဆို ဒီအခန်းကရော"

"ဒီအခန်းက စာကြည့်ခန်းလေကွာ . . . အခန်းဝအပေါ် မှာ စာတန်းချိတ်ထားတာ မတွေ့ဘူးလား . . . Library Room လို့"

"အောင်မယ် ပါပူး . . . မင်းက အင်္ဂလိပ်ကျောင်းမှာ လေးတန်းအထိနေဖူးတော့ အဲဒီစာရဲ့အဓိပ္ပါယ်ကို သိမှာပေါ့ကွ၊ မင်းက ဖောက်ထွင်းဝိဇ္ဇာသူခိုးတွေအထဲမှာတော့ ပညာတတ် သူခိုးပေါ့ကွာ၊ ငါ့လို အေဘီစီဒီကို ပုတ်လောက်ရေးပြတာတောင် မသိတဲ့ကောင်ထက်စာရင် အများကြီး ပိုတော်ပါပေရဲ့ကွာ"

"ဟော့ကောင် . . . မင်းက အရေးထဲ စကားများနေ သေးတယ်၊ ဒီအိမ်ကြီးထဲမှာ မင်းစက်သာမရှိတာတော့ သေချာ သွားပြီကွ၊ သူ့အခန်းက ဟာလာဟင်းလင်းကြီး ဖြစ်နေတာပဲ"

ပြောရင်းခြေထောက် ရွေ့လျားသံများကြားရသည်။ တံခါးရှေ့မှ သူတို့ခွာသွားပုံရ၏။

"အေးကွာ . . . ဟောဒီသူ့အစ်မရဲ့ မှတ်တမ်းစာအုပ်ထဲ မှာရေးထားတဲ့ ကျောက်စိမ်းဘီလူးရုပ်တုကို သူ့ဆီကနေ မရ,ရ အောင်ယူမယ်ဆိုပြီးလာခါမှ သူက ဒီစံအိမ်ကြီးဆီ တကယ့်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်ရောက်လာပုံမရဘူးကွ''

ကျောက်စိမ်းဘီလူးရုပ်တုဆိုသည့် စကားပါလာသဖြ မင်းလတ်မှာ လွန်စွာစိတ်ဝင်စားသွားပြီး တံခါးချက်ကို အသံ မြည်အောင်ဖြုတ်ကာ တံခါးကိုသာသာလေးဟပြီး စကြံဆီသ ချောင်းကြည့်လိုက်လေ၏။

မှိန်ပျပျအလင်းရောင်ဖြင့် တံခါးနှင့် နှစ်ကိုက်ခန့်အကွ တွင်ရပ်ကာ တီးတိုးပြောဆိုနေကြသည့် လူနှစ်ဦးကို တွေ့ရ လေ၏။ မှောင်ထဲတွင် မျက်စိကျင့်သားရနေသော မင်းလတ်မှ ထိုလူနှစ်ဦး၏မျက်နှာကို မှုန်ဝါးဝါးအလင်းအောက်ဝယ် သေချ ပီသစွာ မြင်ရလေ၏။

''ငါထင်တဲ့အတိုင်း ပါပူးနဲ့ညောင်စိဆိုတဲ့ လူနှစ်ယောက် ပဲ၊ သူတို့က ကျောက်စိမ်းဘီလူးရုပ်တုရဲ့အကြောင်းကို သိနေပါ လား၊ သူတို့ပြောတဲ့စကားအရဆိုရင် သူတို့ရဲ့လက်ထဲမှာ ကိုင် ထားတဲ့စာအုပ်ထဲမှာ ကျောက်စိမ်းပန်းပုရုပ်တုရဲ့အကြောင်း ပါပ ရတယ်၊ အဲဒီစာအုပ်ကို ငါရရင်တော့ ကျောက်စိမ်းပန်းပုရုပ်တုရဲ့ အကြောင်း သေချာသိရမှာပဲ''

မင်းလတ်သည် ပါပူး၏လက်ထဲမှ အဖုံးနီနီလေးနှင့် စာအုပ်ကို စိတ်ဝင်စားခြင်းကြီးစွာဖြင့် စူးစိုက်ကြည့်လျက်ရှိ လေ၏။ ယင်းသို့ စူးစူးရဲရဲကြည့်ရင်းမှ အနီစာအုပ်လေးကို ရယူ လိုသောဆန္ဒလည်း ပြင်းစွာဖြစ်ပေါ်လာလေ၏။ ထို့ကြောင့် သူ





သည် ယင်းစာအုပ်လေးကို ပါပူးတို့၏လက်ထဲမှ မရ,ရအောင် ယူရန် ဆုံးဖြတ်လိုက်လေ၏။

''မင်းစက်သာပြန်မရောက်တာ သေချာမှတော့ ငါတို့ ပြန်ရုံရှိတာပဲ ...ညောင်စိ''

ပါပူးက ခပ်တိုးတိုးပြောကာ သူ့လက်ထဲမှ စာအုပ်ကို သူ၏ခါးကြားဝယ်ထိုးလိုက်ရာ စာအုပ်နီနီလေးမှာ ဘောင်းဘီရှည် ဝတ်ထားသော ပါပူး၏ ခါးပတ်ကြားဝယ် တစ်ဝက်တစ်ပျက်ပေါ် လျက်ရှိသည်ကို မင်းလတ်တွေ့ရလေ၏။

''ရထားပေါ်မှာ မင်းစက်သာတို့မောင်နှမဆီက အသက် ရှန့် လုယက်ယူပြေးခဲ့တာနဲ့မှ မကာမိဘူးကွာ၊ ဘာမှ အကျိုးမရှိ ဘူး''

''ဒီစံအိမ်ကြီးထဲ ဖောက်ထွင်းဝင်ရောက်ပြီးမှတော့ မထူး ဘူးကွာ ...ငါတို့အတွက် အကျိုးအမြတ်ရှိတာတစ်ခုခု ရအောင် ယူသွားမယ် ပါပူး''

''အေး ...လာ ...လာ ...အောက်ထပ်က ခတ် ပြားစက်ကြီးပဲ မ,သွားရအောင်''

ပါပူးတို့မှာ အောက်ထပ်သို့ဆင်းသော လှေကားကြီးရှိ ရာသို့ ခြေဖွနင်းလျှောက်သွားသည်တွင် မင်းလတ်မှာအခန်းအ တွင်းသို့ပြန်လှည့်ဝင်လိုက်ပြီး လျှို့ဝှက်တံခါးပေါက်မှပြန်ဝင်ကာ အတွင်းမှလျှို့ဝှက်ခလုတ်သံကွင်း ကိုဆွဲလိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



လျှို့ဝှက်တံခါးပေါက်ပြန်ပိတ်ပြီးသွားသည်တွင် ကျောက်သားလှေကားထစ်များအတိုင်း သွက်လက်စွာပြန်ဆင်းလာကာ ဂူလိုဏ်အခန်းထဲမှတစ်ဆင့် ဂူလိုဏ်ကို လေးဖက်ထောက်ပြီး ဖြတ်သန်းလာသည်တွင်မှ တစ်စုံတစ်ရာကိုသတိရသွားလေ၏။

"ဟိုက် ... မီး ... မီးအိမ် ဟိုအခန်းထဲမှာကျန်ခဲ့ပြီ"

မင်းလတ်မှာ ဆံပင်မွေးများထောင်ထသွားအောင် ထိတ်လန့်တုန်လှုပ်သွားတော့၏။ ပန်းချီပုံ ခေတ်ပုံကြီးများရှိရာစာကြည့်ခန်းထဲဝယ် သူတို့ခြေစောင့်တွေကိုင်တွယ်သုံးစွဲရန် သီးသန့်ပေးထားသော ဖန်မီးအိမ်ကို ဒေါ်မြမင်းသာတို့ တွေ့သွားပါက ရှင်း၍ရတော့မည် မဟုတ်ပေ။

ထို့ကြောင့် သူသည်လိုဏ်ခေါင်းတစ်ဝက်သို့ရောက်ခါမှ ကမန်းကတန်းနောက်ပြန်ထွက်လိုက်ပြီး ဂူလိုဏ်ခန်းထဲပြန်အရောက်ဝယ် ကျောက်သားလှေကားထစ်များအတိုင်း အပြေးတက်ခဲ့ရလေ၏။

ကျောက်သားလှေကားထစ်များအဆုံးသို့အရောက်ဝယ် လျှို့ဝှက်ခလုတ်သံကွင်းကို ခပ်မြန်မြန်ဆွဲလိုက်ကာ လျှို့ဝှက်တံခါးပွင့်လျှင်ပွင့်ချင်း စာကြည့်ခန်းထဲသို့ ကပျာကသီထွက်လိုက်ပြီး တံခါးဝအနီးတွင်ချထားသည့် ဖန်မီးအိမ်ကိုပြေးယူလိုက်လေ၏။

"တောက် ... ငါ ဒီမှာအချိန်ကြာနေတာနဲ့ ပါပူးတို့လွတ်သွားရင်တော့ ဒုက္ခပါပဲ"





သူသည်စိုးရိမ်ကြီးစွာဖြင့် ကမန်းကတန်းလှည့်ထွက်လိုက်ရာ နံရံနံဘေးမှဗီရိုပုလေးကို ဝင်တိုက်မိပြီး ...

'ဒုံး'

'ခွမ်း'

ဗီရိုလေးပေါ်တင်ထားသည့် စာကြည့်ဖန်မီးအိမ်ကြီးမှာလဲပြိုကာ ကြမ်းပြင်ပေါ်သို့ ပြုတ်ကျပြီး ကျယ်လောင်သောအသံဖြင့် ကွဲသွားတော့၏။

လွန်စွာတိတ်ဆိတ်လျက်ရှိသော ညဥ့်သန်းခေါင်ယံဝယ် ဖန်မီးအိမ်ကြီးကျကွဲသံမှာ မိုးခြိမ်းသံအလားကျယ်လောင်လွန်းလှလေရာ မင်းလတ်မှာလန့်ဖျပ်သွားပြီး ဘာလုပ်ရမှန်းမသိဖြစ်သွားတော့၏။

ထိုစဥ်မှာပင်

"ဟော့ ... ဘယ်သူလဲ"

ဟူသော ဒေါ်မြမင်းသာ၏အော်ဟစ်မေးသံကို ကြားရာမင်းလတ်မှာတွေဝေစဉ်းစားနေရန် အချိန်မရတော့ဘဲ လျှို့ဝှက်တံခါးပေါက်ထဲသို့ ပြေးဝင်လိုက်ပြီး လျှို့ဝှက်တံခါး၏ခလုတ်သံကွင်းကို ကပျာကသီဆွဲကာပိတ်လိုက်ရလေတော့၏။

ထို့နောက် သူသည်တုံ့ဆိုင်းမနေတော့ဘဲ ကျောက်သားလှေကားထစ်များအတိုင်း ပြေးဆင်းခဲ့ကာ ဂူလိုဏ်ခန်းကိုဖြတ်သန်းခဲ့ပြီး ကျောက်ဂူလိုဏ်ကျဉ်းကျဉ်းထဲ လေးဖက်



www.burmeseclassic.com

www.burmeseclassic.com



ထောက်လျက်ခပ်သွက်သွက်လာခဲ့တော့၏။

သူသည် ဂူလိုဏ်မှထွက်ပြီးသည်နှင့် ဖန်မီးအိမ်၏လက်ကိုင်ကို ပါးစပ်ဖြင့်ကိုက်ကာကြိုးကိုဆွဲလျက် ရေတွင်းနံရံကို ခြေကန်တက်တော့၏။

မင်းလတ်မှာ ကမန်းကတန်းလှုပ်ရှားခဲ့ရသဖြင့် မောပန်းလျက်ရှိကာ ရေတွင်းဘောင်ပေါ်အရောက်ဝယ် ခြေကုန်လက်ပန်းကျသလိုဖြစ်သွားတော့၏။ သို့သော် သူသည် ဖွဲကြီးသူပီပီ အားမာန်တင်းလိုက်ပြီး ဖန်မီးအိမ်ကိုနံဘေးဝယ်ချကာ ရေတွင်းထဲမှ ကြိုးဆွဲတင်လိုက်လျက် သရက်ပင်စည်၌ ချည်ထားသော ကြိုးစကိုပါ ဖြုတ်လိုက်လေ၏။ သူ့အဖို့ လက်စလက်နမကျန်အောင် ဖျောက်ဖျက်ရမည်မို့ ကြိုးစကိုပါ လုံးထွေးကာ ကားဂိုဒေါင်နောက်ဘက်သို့ ပစ်လိုက်ပြီးမှ မီးအိမ်ကိုလက်မှပြန်ဆွဲကာ ခြံရှေ့ဘက်သို့ ပြေးလာခဲ့စဉ် တြိမန္တစံအိမ်ကြီး၏အပေါ်ထပ်နှင့် အောက်ထပ်ရှိ မှန်ပြတင်းများမှ မီးရောင်ကိုတွေ့ရပြီး ဒေါ်မြမင်းသာ၏ အော်ဟစ်ပြောနေသော အသံစာစာကိုပါကြားရတော့၏။

"ဟဲ ...ပဒုမတို့ မမြစ်တို့ထကြစမ်း ...ထကြစမ်း ...အိမ်ထဲကို သူခိုးဝင်သလား မသိဘူး၊ စာကြည့်ခန်းထဲက စာကြည့်ဖန်မီးအိမ်ကြီး ကွဲနေတယ်ဟဲ့"

"အပေါ်ထပ် အိမ်ရှေ့တံခါးမကြီးရဲ့သော့ကိုပါ ဖျက်ဆီးထားတယ်ဟဲ့"





တြိမန္တစံအိမ်ကြီးထဲဝယ် ပြေးလွှားသံများအော်ဟစ်သံများကြားရချိန်မှာပင် မင်းလတ်မှာ ခြံတံခါးဝအနီးသို့ရောက်သွားရာ သူခတ်ခဲ့သောသော့ခလောက်ကြီးမှာ ပြုတ်ပွင့်လျက်ရှိပြီး ခြံတံခါးရွက်နှစ်ရွက်မှာ ဟလျက်ရှိကြောင်း အံ့အားသင့်စွာတွေ့ရလေတော့၏။

"မြတ်စွာဘုရား ...ဟိုသူခိုးတွေ ခြံတံခါးသော့ကို ဖြုတ် ဖွင့်သွားပါလား"

မင်းလတ်မှာ စိတ်ထဲမှ အံ့ဩစွာရေရွတ်ရင်း ခြံတံခါးဝမှ ပြေးထွက်လိုက်ရာ ရှေ့ ကိုက်ငါးဆယ်ခန့်အကွာဝယ် ...ပါပူးတို့ နှစ်ဦးသားမှာ ဓာတ်စက်ကြီးကိုမ,ပြီး ခပ်သုတ်သုတ်သွားနေသည်ကို တွေ့ရတော့၏။

"ဟေ့ သူခိုးတွေ ...မပြေးနဲ့"

မင်းလတ်က အသံကုန်အော်ရင်းပြေးလိုက်တော့ရာ ပါပူးတို့မှာ နောက်သို့ချာခနဲလှည့်ကြည့်ပြီးနောက် လမ်းချိုးတစ်ခုထဲသို့ သုတ်ခြေတင်ပြေးဝင်တော့၏။

ယင်းအချိန်မှာပင် တြိမန္တစံအိမ်ဝင်းထဲမှ ရန်ကနားနှင့် ဒေါ်မြမင်းသာတို့ လူစု တုတ်၊ ဓားများမြှောက်ကိုင်ကာ အော်ဟစ်ပြေးထွက်လာသည်ကို တွေ့ရကော့၏။ ကောင်းကင်ထက်မှတိမ်ညိုမည်းတို့မှာ လေတိုက်ရာလွင့်ပါသွားပြီးဖြစ်၍ ကောင်းကင်၏အလင်းက လမ်းမပေါ်သို့ ဖြန့်ကြက်ထားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မင်းလတ်မှာ ပါးစပ်မှ 'သူခိုး ... သူခိုး' ဟုအော်ဟစ်ပြီ တစ်ဟုန်ထိုးပြေးလိုက်ရာ ပါပူးတို့နောက်သို့ တဖြည်းဖြည်းမီလာ တော့၏။

ပါပူးမှာ နောက်သို့လှည့်ကြည့်ပြီး ...

"တောက် ... ဟိုခြံစောင့်ခွေးသားလေး လိုက်လာတယ် ကွ၊ တွေ့ကြသေးတာပေါ့ ... ညောင်စိ ... ဒါကို ခဏချလိုက် စမ်းကွာ"

ဟု စိတ်တို ဒေါသကြီးစွာပြောလိုက်ရာ ညောင်စိလည်း ပါပူးနှင့်အတူ လက်ထဲမှခါတ်စက်ကြီးကို ကတ္တရာလမ်းမပေါ်ချ လိုက်တော့၏။

မင်းလတ်လည်း ကိုယ်ရှိန်သတ်လိုက်ပြီး ခါးကြားမှ လောက်လေးကိုယူကာ ခါးပိုက်ထောင်ထဲမှ လောက်စာလုံးကို သုံးလေးလုံးယူလိုက်လျက် လောက်လေးဖြင့် ပါပူးတို့ကိုပစ်တော့ ၏။

'ဗိုး ..ခွပ်'

'အားလားလား'

'ဗိုး ..ဒုတ်'

'အီး ... အားရှီးရှီး'

ဆယ့်ငါးပေခန့်အကွာအဝေးမှ အားကုန်ပစ်လွှတ်လျက် ရှိသော လောက်စာလုံးများကို ညအမှောင်ထဲဝယ် မရှောင်နိုင်



BURMESE CLASSIC .com



သဖြင့် လောက်စာလုံးတစ်လုံးက ပါပူး၏နဖူးပြောင်ပြောင်ကို မှန်ကာ ပါပူးမှာမူးသွားပြီး ဒယီးဒယိုင်ဖြစ်သွားရာမှ ကတ္တရာ လမ်းပေါ် ဒူးညွှတ်ကျသွားတော့၏။

ညောင်စိမှာမူ လောက်စာလုံးက သူ့ဒူးခေါင်းကို ဒါရိုက် ဟစ်မှန်တော့ရာ သူ့ဒူးကိုသူလက်နှစ်ဖက်ဖြင့် ဖိရင်း၊ ကတ္တရာ လမ်းပေါ် ခုန်ဆွခုန်ဆွဖြစ်နေတော့၏။

"ဟော့ ... ဘယ်သူတွေလဲ"

ထိုစဉ် လမ်းချိုးအကွေ့ဆီမှ ပတ္တရောင်ပုလိပ်သားများ ပြေးထွက်လာသည်ကိုတွေ့ရသလို မင်းလတ်နောက်မှ ပြေးလိုက် လာကြသည့် ရန်ကနားနှင့် ဒေါ်မြစ်ပုံ၊ မပဒူ၊ ဒေါ်ကံသာတို့မှာ သူတို့အနီးသို့ရောက်ရှိလာတော့၏။

"ဟော့ ... သူ ... သူခိုး ... ထစမ်း ... ထစမ်း"

မင်းလတ်က ပါပူး၏ခေါင်းကိုလေးခွဖင်ဖြင့် ထုတော့မ လိုဟန်ပြင်ရင်း လက်တစ်ဖက်က ပါပူးကို ဆွဲထူလေ၏။

ပါပူးမှာ ကတ္တရာလမ်းမပေါ် ဒူးညွှတ်ကျနေရာမှ စုတ် သပ်ရင်း ကုန်းကုန်းကွကွထစဉ် မင်းလတ်က ပါပူး၏ခါးကြားမှ ဓာအုပ်ငယ်ကို ဆွဲယူလိုက်ပြီး ထိုသို့ဆွဲယူသည်နှင့်တစ်ချိန်တည်း မှာပင် ပါပူး၏ခေါင်းကို လေးခွဖင်ဖြင့်ထုချလိုက်တော့၏။

'ခွပ်'

"အောင်မယ်လေး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာအောင်မယ်လေးလဲ ... ထပ်ထုလိုက်ရ"

"ဟော့ ... ဟော့ကောင်လေး မလုပ်နဲ့တော့"

ဟု ပုလိပ်သားဆားပုလင်းတစ်ဦးက မင်းလတ်ကို တာ လိုက်ပြီး ပါပူးကို လက်ထိပ်ခတ်လိုက်တော့၏။ နောက် ပုလိ စာသင်တစ်ဦးကလည်း ညောင်စိ၏လက်ကို လက်ထိပ်ခတ် လိုက်တော့၏။

မင်းလတ်မှာ စာအုပ်ကိုင်ထားသည့် ဝဲဘက်လက်ကို သူ၏ခါးနောက်ကျောဘက်ဝယ် မသိမသာထားလိုက်ရင် နောက်သို့ဆုတ်ပေးလိုက်စဉ် ရန်ကနားတို့လည်း အနီးသို့ရောက် ရှိလာကြတော့၏။

"ကန်ကလေး ... နင် သိပ်တော်တယ်နော်၊ နင့် ကြောင့် သူခိုးတွေမိပြီး နင့်ကို အစ်မတော်ကြီးက ဘောက်ဆူးချ လိမ့်မယ်"

ပုလိပ်အရာရှိတစ်ဦးနှင့် ပုလိပ်သားတို့မှာ အိမ်ပိုင်ရှင် အား တရားလိုအဖြစ်အမှုဖွင့်ဖို့ ဂတ်သို့လိုက်ခဲ့ရန် မှာကြားပြီး နောက် ခိုးရာပါသက်သေခံပစ္စည်းဖြစ်သော ဓာတ်စက်ကြီးနှင့် အတူ ပါပူးတို့ကို ကုပ်မှဆွဲကိုင်လျက် ခေါ်သွားပါတော့၏။

♛ ♛ ♛ ♛ ♛

## မရဏမင်းကိုရှာဖွေနေသူ

'တြိမန္တစံအိမ်ကြီးထဲသို့ သူခိုးနှစ်ယောက်ဖောက်ထွင်း ဝင်နိုင်ခဲ့ခြင်းမှာ ခြံစောင့်တို့၏ပေါ့လျော့မှုကြောင့်ဟု ဒေါ်မြမင်း သာက ယူဆပြီး နောက်တစ်နေ့ နံနက်ဝယ် ရန်ကနားနှင့် မင်းလတ်တို့အား စံအိမ်ကြီး၏ညှော်ခန်းသို့ဆင့်ခေါ်ကာ ဆုပူခြင်း ပြုတော့၏။

"ဒီလောက်ခိုင်ခံ့တဲ့ ခြံတံခါးကသော့ခလောက်ကြီးကို ဖွင့်ဝင်ပြီး သူခိုးတွေအိမ်အပေါ်ထပ်အထိရောက်ခဲ့တာတောင် မသိခဲ့တာ နင်တို့မှာ အပြစ်ရှိသလား၊ မရှိဘူးလား ရန်ကနား"

"ဟုတ် ... ဟုတ်ကဲ့ ... ရှိပါတယ် အစ်မတော်ကြီး"

"ရန်ကနား ... နင် ညတိုင်း ဟိုဘက်အောက်ချိုင့်



www.burmeseclassic.com

www.burmeseclassic.com



ရပ်ကွက်က ချက်အရက်ဝယ်ဝယ်လာပြီး အရက်ခိုးသောက်တာ ငါမသိဘူး ထင်လို့လား''

''ဟုတ် ... ဟုတ်ကဲ့၊ နောက်နော် ... ရန်ကနား မသောက်တော့ပါဘူး အစ်မတော်ကြီး''

''ဘာ ... ခုမှ နောက်မသောက်တော့ပါဘူးလဲ၊ နှင် အရက်ခိုးသောက်ပြီး ကုလားသေကုလားမောအိပ်ပျော်နေလို့ ခု လို သူခိုးတွေရဲ့ ဖောက်ထွင်းခိုးယူတာခံရတာပေါ့၊ တော်ပါသေး ရဲ့ ... ဒီမောင်မင်းလတ်က သူခိုးတွေရဲ့နောက်ကို အမီလိုက်ပြီး လက်ရဖမ်းနိုင်လို့''

''ဟုတ်ကဲ့ ... ဒီကန်ကလေးနော် ... တော်ပါတယ် အစ်မတော်ကြီး''

''ဘာတော်ပါတယ်လဲ ... သူက တော်ပေမယ့် နှင်ညံ့ လို့၊ အသုံးမကျလို့ ခုလိုသူခိုးဖောက်ထွင်းခိုးယူတာခံရတာပေါ့၊ ဒီမှာ နှင့်ကိုငါ နောက်ဆုံးပြောလိုက်မယ် ... နောက်တစ်ခါ ဒီခြံထဲမှာ တာဝန်ထမ်းဆောင်တုန်း အရက်ခိုးသောက်လို့ကတော့ နှင့်ကို ခြံစောင့်မာလီအလုပ်က အပြုတ်ပဲ ... နားလည်လား''

''ဟုတ် ... ဟုတ်ကဲ့ ... နားလည်ပါတယ် အစ်မတော် ကြီး၊ ရန်ကနားနော် ... သူခိုးအဝင်ခံရတာကို အများကြီး စိတ် မကောင်းပါဘူး၊ ရန်ကနားကိုနော် ဒီတစ်ခါခွင့်လွှတ်ပါ အစ်မ တော်ကြီး''





''ခွင့်မလွှတ်ဘူး ... နှင့်ကို အခု ခွင့်မလွှတ်လို့ နောက် ...ုံးအကြိမ်အဖြစ် သတိပေးတာပေါ့၊ ငါက သူခိုးခိုးလို့ပစ္စည်းဥစ္စာ ...ုံးရှုံးတာထက် ငါ့ရဲ့ဟောဒီ ကြီးမန္တစ်အိမ်ကြီးဟာ လုံခြုံမှုမရှိ ...ူး ... သူခိုးဝင်ဖို့ အလွယ်လေးလို့ အထင်ခံရတာကို ပိုခံပြင်း ...တယ် ... သိလား၊ နောက်ဆို နှင်တို့နှစ်ယောက်စလုံး သတိ ...ရိယရှိရှိနဲ့ လုံခြုံရေးတာဝန်ကို ယူပါ''

''ဟုတ် ... ဟုတ်ကဲ့ အစ်မတော်ကြီး''

''ဟုတ်ကဲ့ ဒွေးတော်''

''ရော့ ... မောင်မင်းလတ် ... သူခိုးတွေကိုလက်ရ ...မ်းပေးတဲ့အတွက် မင်းကိုဆုချတာ''

မင်းလတ်မှာ မငြင်းဝံ့သဖြင့် ဒေါ်မြမင်းသာကမ်းပေး ...ားသော 'ရှိုး'တိုက်ထုတ် ဝတ်စုံတစ်စုံကို လက်ခံယူလိုက်ရလေ ...၏။

''ကဲ ... နှင်တို့သွားနိုင်ပြီ''

ဒေါ်မြမင်းသာ၏ ခွင့်ပြုချက်ရသည်နှင့် ရန်ကနားမှာ ...လံပေးပြီး ခပ်ရှိုရှိုဖြင့် အိမ်ရှေ့တံခါးဝသို့ထွက်သွားရာ မင်း ...လတ်မှာလည်း ခပ်မဆိတ်ပင်နောက်မှ လိုက်ပါသွားတော့၏။

♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com



မင်းလတ်အဖို့ ဒေါ်မြမင်းသာချီးမြှင့်ထားသော ရိုးတိုက်ထုတ်ဘောင်းဘီရှည်နှင့် စပို့ရှပ်ဝတ်စုံသစ်အတွက် စိုးစဉ်းမျှ ဝမ်းသာခြင်းမရှိဘဲ မမျှော်လင့်စွာ လက်ဝယ်ပိုင်ပိုင်ရရှိလိုက်သည့် ဒေါ်မြချိုးသာ၏ မှတ်တမ်းစာအုပ်အတွက်သာ ဝမ်းသာမဆုံး ဖြစ်နေတော့၏။

သူသည် လူပင် ငယ်သော်လည်း ထူးခြားဆန်းကြယ်သော အဖြစ်အပျက်တို့ကို လွန်စွာစိတ်ဝင်စားသူဖြစ်သည့်အတိုင်း သူ့နိုးပါပူးထံမှ နှိုက်ယူထားလိုက်သည့် ဒေါ်မြချိုးသာ၏ မှတ်တမ်းစာအုပ်ကို ဂဏာသေချာစွာဖတ်ရှုချင်သောဆန္ဒသာ ရင်ဝယ်ပြင်းထန်စွာ ဖြစ်ပေါ်နေပါတော့၏။

သို့ဖြင့် . . . ထိုနေ့ ညဘက်သို့ရောက်သောအခါ ရန်ကနားနှင့်အတူ ခြံကြီးတစ်ခုလုံး လိုက်လံစစ်ဆေးပြီးနောက် ခြံစောင့်အိမ်လေးသို့ ပြန်အရောက်ဝယ် . . .

“ဦးလေးရန်ကနား . . . အိပ်ချင်အိပ်လေ၊ ကျွန်တော် မအိပ်ဘဲစောင့်ပါ့မယ်”

ဟု ရန်ကနားအိပ်မှ ဒေါ်မြချိုးသာ၏မှတ်တမ်းစာအုပ်ကို သေချာစွာဖတ်ရမည်မို့ ရန်ကနား မြန်မြန်အိပ်စေရန် လောကွတ်စကား ဆိုလိုက်လေ၏။

ရန်ကနားမှာ အိမ်နံရံကိုကျောမှီထိုင်ရင်း ဘီလီဆေးလိပ်





လေးကိုခဲကာ ခပ်မှုန်းမှုန်းဖွာနေရာမှ . . .

“မလုပ်ပါနဲ့ ကန်ကင်လေးရယ် . . . တော်ကြာ အစ်မတော်ကြီး ရောက်လာပြီး . . . ငါအိပ်နေတာတွေ့မှ မာလီအလုပ်က ပြုတ်သွားပါဦးမယ်”

ဟုပြောကာ မလှုပ်မယှက်ထိုင်မြဲထိုင်နေရာ မင်းလတ်မှာ ခေါင်းကုတ်ကာ မချင့်မရဲဖြစ်နေတော့၏။

သို့သော် မည်သည့်အခါကမျှ ညဉ့်နက်အောင်မနေဖူးသော ညကိုးနာရီကျော်သည်နှင့် ကွေးကွေးလေးအိပ်လေ့ရှိသည့် ရန်ကနားမှာ . . . ဆယ်နာရီနီးပါးရှိသည်နှင့် တဝါးဝါးသမ်းလာတော့၏။

“ဦးလေးရန်ကနား အိပ်ပါဗျာ။ ကျွန်တော့်ကိုအားမနာပါနဲ့၊ ဒေါ်မြမင်းသာဖြစ်ဖြစ်, ဒေါ်မြမင်းသာကြည့်ခိုင်းလို့ မပဒူကိုဖြစ်ဖြစ် လာရင် ခြေသံကြားတာနဲ့ ကျွန်တော်နှိုးပါမယ်ဗျ”

ယင်းသို့ မင်းလတ်ကအခါခါပြောမှ ရန်ကနားမှာ အိပ်ချင်စိတ်ကို တားမထားနိုင်တော့ဘဲ . . . သူ၏အိပ်ရာဖြစ်သော အိမ်လေး၏နံရံတစ်ဖက်နားရှိ သင်ဖျူးဖျာလေးပေါ် ခွေခွေလေးမှကာ ဘာဘူစောင်ကိုခေါင်းမြီးခြုံလျက် အိပ်လိုက်ပါတော့၏။

မင်းလတ်မှာ အတန်ကြာသည်၌ ရန်ကနားထံမှဟောက်သံ တခေါခေါထွက်ပေါ်လာသည့်တွင် ခြံစောင့်အိမ်လေး၏ ရှေ့ခန်းချက် ထထိုးလိုက်ပြီး မျက်နှာကြက်၌ တွဲလောင်းဆွဲထား



www.burmeseclassic.com

www.burmeseclassic.com



သည့်မှန်အိမ်ကို ခွေးခြေပုလေးတစ်လုံးပေါ်တက်ကာ ဖြုတ်ယ
လိုက်လေ၏။

မှန်အိမ်လေး၏ မီးစာကိုမြှင့်လိုက်ကာ အခန်းထောင့်
စားပွဲပုလေးပေါ်တင်လိုက်ပြီးနောက်မှာတော့ မင်းလတ်မှာ သ
၏သေတ္တာလေးထဲဝယ် ဝှက်သိမ်းထားသည့် ဒေါ်မြခြူးသာ
မှတ်တမ်းစာအုပ်လေးကို ထုတ်ယူလိုက်တော့၏။

မှတ်တမ်းစာအုပ်လေးမှာ မှတ်စုစာအုပ်အလတ်စား
ရွယ်ဖြစ်ပြီး လက်တစ်လုံးခန့်ထူကာ သားရေဖုံးအနီရောင်ဖြ
အကျအနချုပ်ထားသော စာအုပ်လေးဖြစ်လေ၏။

မင်းလတ်သည် မှန်အိမ်၏အလင်းရောင်ဖြင့် ဒေါ်မြခြ
သာ၏ မှတ်တမ်းစာအုပ်လေးကိုဖွင့်ကာ ရှေ့ဆုံးစာမျက်နှာမှ
စ၍ ဖတ်ရှုလေတော့၏။

ရှေ့ဆုံးစာမျက်နှာတွင် ဒေါ်မြခြူးသာဟု စာအုပ်လက်
ယာဘက်အပေါ်ထောင့်၌ စာလုံးဝိုင်းဝိုင်းလေးများဖြင့် သေသ
စွာရေးထိုးထားသည်ကို တွေ့ရလေ၏။

ပထမဦးဆုံး စာမျက်နှာကိုလှန်လိုက်သည့်တွင် ဒုတိယ
စာမျက်နှာ၌ ကိုယ်ရေးမှတ်တမ်းဟူသော စာလုံးဝိုင်းဝိုင်းကြ
ကြီးနှင့် စာတန်းတစ်တန်းတည်းကိုသာ စာမျက်နှာ၏အလယ်
ခန့်လောက်ဝယ် ရေးထိုးထားလေ၏။

ထို့နောက် တတိယစာမျက်နှာမှစ၍ ဒေါ်မြခြူးသာသည်





မှတ်တမ်းမှတ်ရာများကို ရေးမှတ်ထားရာ ဤမှတ်တမ်းမှာ သူမ
၏ခင်ပွန်းသည် ကွယ်လွန်ပြီးချိန်မှစ၍ မှတ်တမ်းရေးထားခြင်း
ဖြစ်ကြောင်း တွေ့ရလေ၏။

ရှေ့ပိုင်းမှ ဒေါ်မြခြူးသာ၏ရေးသားချက်မှာ မင်းလတ်
အတွက် စိတ်ဝင်စားစရာလုံးဝမရှိသဖြင့် ခပ်မြန်မြန်ဖတ်ခဲ့ရာ
စာမျက်နှာဆယ်မျက်နှာကျော်မှ စပြီး လွန်စွာစိတ်ဝင်စားစရာ
ကောင်းလာရာ မင်းလတ်မှာ အာရုံစူးစိုက်စွာသေချာဖတ်ရှုမိ
လေတော့၏။

ဤနေရာတွင် ဒေါ်မြခြူးသာ၏မှတ်တမ်းရေးသားမှု
များမှာ အဖွဲ့အနွဲ့မပါဘဲ မှတ်တမ်းသဘောသက်သက်မျှသာ
ရိုးစင်းစွာရေးသားထားရာ ကျွန်ုပ်က စာဖတ်သူများဝတ္ထုသွား
သဘောမျိုးဖြင့် ဖတ်ရှုနိုင်ရန် ပြုပြင်ရေးသားတင်ဆက်လိုက်ရ
ပါကြောင်း ...။

စာရေးသူ

♛ ♛ ♛

တစ်နေ့သ၌ ...

ဧရာဝတီမြစ်ကြီး၏ အရှေ့ဘက်ကမ်းပေါ်တွင် မေးတင်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လျက်တည်ရှိသော သပိတ်ကျင်းမြို့လေး၏ အရှေ့ဖျားမြို့စွန် ဇရပ်အိုကြီးပေါ်သို့ မျက်နှာပေါ်ဝယ်မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေ များရှိသည့် လူဝဝကြီးတစ်ဦးသည် ပိတ်စတစ်စဖြင့် ထုပ်ထာ သည့် အထုပ်ကြီးတစ်ထုပ်ကို ဝါးစိမ်းတုတ်တစ်ချောင်းဖြင့် လျှိုကာ ပခုံးထက်မှာ ထမ်းရင်း . . . လေကားသုံးထစ်အတိုင်း တစ်လှမ် ချင်းတက်လာလေ၏။

ထိုလူကြီးသည် ဇရပ်ပေါ်ရောက်သည်နှင့် ထမ်းလာ သောအထုပ်ကိုချကာ ဇရပ်အဝင်ဝ၏လက်ယာဘက်တွင်ရှိသော သောက်ရေအိုးစင်သို့သွားပြီး ရေအိုးထက်ဝယ်မှောက်ထားသည် အုန်းမှုတ်ခွက်ရေခွက်ကို ယူလိုက်လေ၏။

သူသည် အုန်းမှုတ်ခွက်တပ်ရေခွက်၏ လက်ကိုင်ဝါးရိုး ကို လက်ယာလက်ဖြင့်ကိုင်ကာ လက်ဝဲလက်က ရေအိုးစင်ထက် ရှိ ရေအိုး၏မြေအဖုံးကို ဖွင့်လိုက်ပြီး ရေတစ်ခွက်ခပ်ကာ ဖြည်း ဖြည်းသာသာသောက်လိုက်လေ၏။ သူကထိုသို့ ရေသောက် သည့်အခါ လက်ကိုင်ရိုးကို ဘေးတိုက်ကိုင်ပြီး အလိုက်သင့် သောက်ခြင်းမပြုဘဲ လက်ကိုင်ရိုး၏ ဖင်ဘက်မှထောင်ကာ လက်ကိုင်ရိုး၏ထိပ်တည့်တည့်ဖြစ်သော အုန်းမှုတ်ခွက်၏ထိပ် တည့်တည့်မှ သောက်ခြင်းဖြစ်လေ၏။

သူသည် ဤနည်းအတိုင်း ရေသုံးလေးခွက်သောက်ပြီး နောက် ရေအိုးအဖုံးနှင့် ရေခွက်တို့ကို နေသားတကျပြန်ထား





လိုက်လေ၏။

ပြီးနောက်မှ သူသည် ဝါးစိမ်းတုတ်နှင့်အဝတ်ထုပ်ကြီး ကို ယူကာ ဝါးစိမ်းတုတ်နှင့် အဝတ်ထုပ်ကြီးကို နံဘေး၌ချလိုက် လျက် ဇရပ်၏ဝရန်တာကို ကျောမှီထိုင်ချလိုက်လေ၏။

သူသည်အတန်ကြာ အမောအပန်းဖြေပြီးနောက် ခါး ပိုက်ထဲမှ ကွမ်းယာထုပ်ကိုထုတ်ယူကာ ပါးစောင်ထဲပစ်သွင်း ပြီး ဝါးလိုက်လေ၏။ အတန်ကြာဝါးပြီးမှ ဝရန်တာသစ်ချောင်း များကြားမှ ကွမ်းတံတွေး ပျစ်ခနဲထွေးလိုက်ပြီးနောက် သူ၏ ချင်ကြမ်းတိုက်ပုံ ပင်နီအင်္ကျီကြီး၏ အတွင်းအိတ်ထဲမှ ငွေစအ ချို့ကိုနှိုက်ယူလိုက်ကာ သူ့ရှေ့မှကြမ်းပြင်ပေါ်ချပြီး ငွေအကြွေ စေ့များကို ပါးစပ်မှခပ်လေးလေး ရေရွတ်ကာ ရေတွက်လျက်ရှိ လေ၏။

"ဟော . . . ဒါကတစ်ပြား . . . နှစ်ပြား . . . သုံးပြား . . . လေးပြား"

"လေးပြားဆိုတော့ တစ်ပဲ"

"ဟောဒီလို နှစ်ပဲချင်းပေါင်းတော့ တစ်မတ်"

လူဝကြီးက သူ၏ပိုက်ဆံများကိုရေရွတ်နေစဉ် ဇရပ် ပေါ်သို့ အဝတ်အစားညို့ညို့နွမ်းနွမ်းနှင့် လူရွယ်တစ်ဦးတက်လာ လေ၏။ လူရွယ်မှာ အရောင်လွင့်နေပြီး အနားများဖွာကာ နူး နေရာမှ စုတ်လျက်ရှိသည့် သက္ကလတ်ဘောင်းဘီဟောင်းကြီးနှင့်



www.burmeseclassic.com

www.burmeseclassic.com



အတော်ပေကျံလျက်ရှိသည့် ရှပ်အင်္ကျီလက်ရှည်ကိုဝတ်ထားပြီး စုတ်ပြတ်နေသည့် သက္ကလတ်ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းထားလေ၏။

လူရွယ် ဇရပ်ပေါ်တက်လာသည်ကို သတိပြုမိသည်နှင့် လူဝကြီးမှာ သူ၏ပိုက်ဆံများရေတွက်နေခြင်းကို ရပ်တန့်လိုက်ကာ လူရွယ်ကို မျက်ခုံးထူထူကြီးများကြုတ်လျက် အကဲခတ်ကြည့်လိုက်လေ၏။

လူရွယ်၏သဏ္ဍာန်မှာ ခရီးဝေးမှလာခဲ့ရဟန် မောပန်းနွမ်းနယ်နေပုံရပြီး နဖူးမှချွေးတို့ စီးကျနေလေ၏။ လူမှာလည်း ပိန်လှီလှီလေးဖြစ်ကာ အထူးသဖြင့် သူ၏အသားအရေမှာ ဖြူဆုတ်ဆုတ်နီစပ်စပ်ဖြစ်လျက်ရှိလေ၏။ သူ၏နှာခေါင်း၊ နားရွက်တို့မှာအတော်လေးရဲတွတ်နေပြီး ထူအမ်းအမ်းလည်း ဖြစ်နေချေ၏။

ထိုလူရွယ်၏တစ်ကိုယ်လုံးကို ခြုံငုံသုံးသပ်ရလျှင် ကျန်းမာရေးချို့ယွင်း ... ကျန်းနာစွဲကပ်စပြုနေသော လူဖြစ်ကြောင်း သိသာလေ၏ ရုပ်သွင် ဝယ် ထူးခြားသည်မှာ သူ၏လက်ဝဲဘက်ပါး၌ မှဲ့နက်ကြီးတစ်လုံး ရှိနေခြင်းပင်ဖြစ်ပါ၏။

ထိုလူရွယ်သည် သူ့ထက်အရင် ဇရပ်ပေါ်ရောက်နေ သည့် လူဝကြီးကို တစ်ချက်စောင်းကြည့်လိုက်ပြီးနောက် ရေအိုး စင်သို့ ခပ်မြန်မြန်သွားကာ မြေရေအိုးအဖုံးကို လက်ဝဲလက်ဖြ





မ ယူလိုက်လေ၏။ ထို့နောက် လက်ယာလက်ဖြင့် သောက်ရေခွက်၏ ဝါးလက်ကိုင်ရိုးကိုကိုင်လိုက်ကာ ရေအိုးထဲမှရေကိုခပ်ယူလိုက်တော့၏။

သူသည်လည်း လူဝကြီးကဲ့သို့ပင် လက်ကိုင်ရိုးကို ဘေးတိုက်ကိုင်ပြီး အလိုက်သင့်သောက်ခြင်းမပြုဘဲ လက်ကိုင်ရိုး၏ ဖင်ဘက်မှထောင်ကာ လက်ကိုင်ရိုး၏ ထိပ်တည့်တည့်ဖြစ်သော အုန်းမှုတ်ခွက်၏ ထိပ်တည့်တည့်မှ မော့သောက်လိုက်လေ၏။

လူရွယ်သည် ဤနည်းအတိုင်း ရေကိုသုံးလေးခွက်ဆင့်ကာ ဆက်တိုက်သောက်ချလိုက်ပြီးနောက် ပါးစပ်နှင့် မေးစေ့တို့၌ ပေကျံနေသည့် ရေတို့ကိုအင်္ကျီလက်မောင်းနှင့် သုတ်လိုက်လေ၏။ ပြီးမှ သူသည် မြေရေအိုးအဖုံးနှင့်ရေခွက်တို့ကို နေသားတကျပြန်တင်ထားလိုက်တော့၏။

ထိုစဉ် ဇရပ်ဝရန်တာကိုကျောမှီထိုင်နေသည့် လူဝကြီး ထံမှ ဟက်ဟက်ပက်ပက် ရယ်သံကြီးထွက်ပေါ်လာတော့၏။

"ဟား ..ဟား ..ဟား ..ဟား ..ကျလည်းကျပါ ရဲ့ကွာ ..ဟား ..ဟား ..ဟား"

လူရွယ်သည် ထောင်းခနဲဒေါသထွက်သွားဟန်ရှိကာ လူဝကြီးဘက်သို့ ချာခနဲလှည့်ကြည့်လိုက်ပြီး ...

"ဟေ့လူကြီး ... ဘာရယ်တာလဲဗျ၊ ကျုပ် ရေသောက်တာ ရယ်စရာလား"



www.burmeseclassic.com

www.burmeseclassic.com



ဟု လက်ညှိုးငေါက်ငေါက်ထိုးကာ ရန်တွေ့လိုက်တော့၏။ လူဝကြီးက သူ၏ပိုက်ဆံအကြွေစေ့များကို လက်ဖဝါးတစ်ဖက်ပေါ်တင်ပြီး မြှောက်ကာမြှောက်ကာ ကစားနေရင်းမှ . . .

"မင်းဟာ လူကသာ နူနာစွဲနေတယ် . . . တော်တော်ဖင်ခေါင်းကျယ်တဲ့ကောင်ပါလားကွ . . ဟား . . ဟား . . လူနေချုံကြား, စိတ်နေဘုံဖျားဖြစ်နေတဲ့ ကောင်နဲ့တူပါရဲ့ . . ဟား . . ဟား . . ဟား"

ဟု ရယ်သွမ်းသွေးရင်းပြောလိုက်ရာ လူရွယ်မှာပို၍ ဒေါကန်သွားပြီး လူဝကြီး၏ရှေ့သို့သွားကာ ခြေထောက်ကို ခပ်ကားကား ချဲရပ်လိုက်လျက် လက်နှစ်ဖက်ဖြင့် ခါးထောက်လိုက်လေ၏။

"ခင်ဗျားက ကျုပ်ကို အသားလွတ်စော်ကားလှချည်လားဗျ"

"စော်ကားတာမဟုတ်ပါဘူးကွာ . . . မင်းကို သဘောကျလို့ပါ၊ မင်းက လူကသာ နူနေတယ် . . . အတော်ရှုံတတ်တဲ့ကောင်ပါလား၊ အများတကာသောက်တဲ့ ဒီလိုသာလာယံဇရပ်ကသောက်ရေကို မလွှဲမကင်းသာ သောက်နေရတဲ့ဘဝရောက်နေတာတောင် သူတစ်ပါးသောက်တဲ့ ရေခွက်ဘေးတိုက်နေရာကသောက်ရမှာရွံ့လို့ အများမသောက်တဲ့ ရေခွက်ရဲ့ထိပ်တည့်တည့်က သောက်တာမဟုတ်လား"

---

ခု နှစ် စဉ် ကြွယ် စာ ပေ



"ဟုတ်တယ်ဗျ . . . ဟုတ်တယ်၊ ကျုပ်ဘာသာ နူနူဘာဖြစ်ဖြစ် ရွံတတ်တာရွံတတ်တာပဲ"

"ဟား . . ဟား . . ဟား . . မင်းရွံတတ်မနေနဲ့၊ မင်းသောက်တဲ့နေရာကပဲ စောစောက ငါသောက်ပြီးပြီကွ . . . သိရဲ့လား . . ဟား . . ဟား . . ဟား"

လူဝကြီးက သူ့စကားသူသဘောကျပြီး တဟားဟားရယ်လျက်ရှိရာ ထိုအခါမှ လူရွယ်မှာ လူဝကြီး၏စကားကိုနားလည်သွားပြီး လူဝကြီးကို ဘုကြည့်ကြည့်လျက်မှ ကြမ်းပြင်ပေါ်သို့ ခြေပစ်လက်ပစ်ထိုင်ချလိုက်တော့၏။

"ဒါတော့ ဘယ်တတ်နိုင်မလဲဗျာ . . . ခင်ဗျားလည်းကျုပ်လို ရွံတတ်တော့ အကြံတူသွားတာပေါ့"

ဟု ပြောပြီးနောက် . . .

တိုင်တစ်တိုင်၏ ခြေရင်းမှကြမ်းပြင်ကို လေဖြင့်မှုတ်လိုက်ပြီးနောက် ဇရပ်တိုင်တစ်တိုင်ကို ခြေပစ်လက်ပစ် ကျောမှီထိုင်လိုက်လေတော့၏။

လူဝကြီးလည်း လူရွယ်ကို မျက်မှောင်ကြီးကြုတ်ကြည့်လိုက်ပြီးမှ သူ၏လက်ထဲရှိငွေစများကို ဆက်လက်ရေတွက်နေပါတော့၏။

"ဟောဒီလို နှစ်မူးကျတော့ . . . တစ်မတ်"

"လေးမတ်ကျတော့ . . . တစ်ကျပ်"

---

ခု နှစ် စဉ် ကြွယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ ... ဒီမှာတစ်ကျပ်, နှစ်ကျပ်, သုံးကျပ်"

"အားပါးပါး ... ဒီနေ့မနက် သပိတ်ကျင်းဈေးမှာ ရောင်း ရတဲ့ငွေတွေ မနည်းပါလား၊ ဈေးအထွက် မြင်းလှည်းဂိတ် နားက ထမင်းဆိုင်မှာ စိမ်းညို့နေတဲ့ရေချိုပုစွန်တုပ်ကြီးတွေကို ဆီပြန်ချက်ထားတဲ့ဟင်းနဲ့ နှစ်မူးပေးပြီး တစ်ဝကြီးကိုစားပစ်လိုက် မယ် .. ဟင်း .. ဟင်း .. ဟင်း"

လူဝကြီးက မစားရဝခမန်းပြောလျက်ရှိရာ လွန်စွာဆာ လောင်နေပုံရသော လူရွယ်မှာ သွေ့ခြောက်နေသော နှုတ်ခမ်းကို လျှာဖြင့်သိမ်းသပ်လိုက်ပြီး လည်ချောင်းထဲမှတံတွေးကို ဂလုခနဲ မျိုချလိုက်လေတော့၏။

လူဝကြီးက သူ၏ပိုက်ဆံအကြွေစေ့များကို ရေတွက်ပြီး ပြီဖြစ်သဖြင့် သူ၏ပင်နီတိုက်ပုံအင်္ကျီကြီး၏အတွင်းထဲသို့ ပြန် ထည့်ရင်း သူ့ရှေ့တည့်တည့် ဆယ်ပေခန့်အကွာဝယ် တိုင်ကိုမှီ ထိုင်နေသည့် လူရွယ်အား အကဲခတ်ကြည့်လိုက်လေ၏။

လူရွယ်က သူ့ကို လူဝကြီး အကဲခတ်ကြည့်နေမှန်း သိသဖြင့် မျက်လုံးကိုမှိတ်လိုက်ပြီး မသိဟန်ဆောင်နေလိုက်လေ ၏။ လူဝကြီးကတော့ သူ့ကိုမမှုသလိုလုပ်နေသည့် လူရွယ်ကို စိတ်ဝင်စားသည်ထက် စိတ်ဝင်စားလာပြီး ... လူရွယ်၏ ခန္ဓာ ကိုယ်ကို ခြေဆုံးခေါင်းဆုံးကြည့်နေတော့၏။

အတန်ကြာမှ လူဝကြီးသည် ချောင်းဟန့်ပြီး စကား





စလိုက်တော့၏။

"အဟမ်း .. အဟမ်း .. ဒီမှာ သူငယ် ... မင်းကြည့် ရတာ လူကသာ ဣန္ဒြေနူနာစွဲနေပေမယ့် သူတောင်းစားတော့ ဟုတ်ဟန်မတူဘူးကွ"

လူဝကြီး၏မှတ်ချက်ပြုသံကြောင့် ... လူရွယ်က မျက် လုံးဖွင့်ကာ ဘုကြည့်လှည့်ကြည့်လိုက်လေ၏။

"ဟုတ်တယ် ... ကျုပ်ဟာ သူတောင်းစားမဟုတ်ဘူး၊ ကျုပ်က တကယ်တော့ သူဌေးသားတစ်ယောက်ဗျ၊ ကျုပ်ရဲ့ မိဘဘိုးဘေးတွေဟာ မျိုးမျိုးမတ်နွယ်က ဆင်းသက်လာတာဗျ၊ ကျုပ်ရဲ့အဖေဆို မန္တလေးမြို့က သူဌေးတစ်ဦးပဲဗျ၊ ကျုပ်နေခဲ့ရတဲ့ အိမ်ကြီးဟာ နန်းတော်ကြီးလို ခမ်းခမ်းနားနားဆောက်လုပ်ထား တဲ့ အိမ်ကြီးဗျ ... သိရဲ့လား၊ ခင်ဗျား စောစောကပြောတဲ့ ပုစွန်တုပ်ကြီးဆီပြန်ဟင်းတွေဆို ကျုပ် မစားချင်မှ အဆုံးပေါ့"

လူရွယ်က မခံချင်သံဖြင့်ပြောရင်းမှ သူ့နှုတ်ခမ်းသူ လျှာ ဖြင့် သိမ်းသပ်လိုက်လေ၏။

လူဝကြီးက လူရွယ်ကို ပိုမိုစိတ်ဝင်စားသွားပြီး သူ၏ ဦးခေါင်းကို တဆတ်ဆတ်ညိတ်ကာ ...

"ဟုတ်ပါပြီ ... မင်းပြောတာကို ငါယုံပါတယ်၊ မင်းရဲ့ ပင်ကိုအခြေခံ ရုပ်လက္ခဏာကြည့်ရတာ ဆင်းဆင်းရဲရဲဘဝမျိုးက လာသူတော့ မဟုတ်ဘူး၊ ဒါပေမဲ့ မင်းဟာ နေပုံထိုင်ပုံက



www.burmeseclassic.com

www.burmeseclassic.com



ဆောင့်ကြွားကြွားနိုင်ပြီး လက်ချောင်းတွေက ပျော့ပျောင်းလွန်းတယ်၊ ဒီလိုလူမျိုးက အကောင်းကြိုက်တတ်ပေမယ့် ဘယ်တော့မှ ပင်ပင်ပန်းပန်းလုပ်ကိုင်ပြီး ငွေကိုရှာဖွေလိုသူ မဟုတ်ဘူး၊ ဒါကြောင့် ဒုက္ခရောက်စရာရှိရင် သူတစ်ပါးထက် ပိုရောက်တယ်၊ ပြီးတော့ မင်းရဲ့လက်ဆစ်တွေကလည်း ကြီးလွန်းတယ်၊ ဒါကြောင့် လက်ချောင်းတွေကိုစေ့လိုက်တဲ့အခါ လက်ချောင်းတစ်ခုနဲ့ တစ်ခု အကြားမှာ အပေါက်ကျယ်ကြီးတွေ ဖြစ်နေရော၊ အဲဒီလိုလူမျိုးဟာ အသုံးအဖြုန်းကြီးပြီး လက်ထဲမှာ ငွေမမြဲတတ်ဘူး၊ ဒါကြောင့် ဒုက္ခရောက်စရာရှိရင် သူများထက်ရောက်တတ်တယ်''

ဟု ရှည်လျားစွာ ပြောဆိုဝေဖန်လျက်ရှိရာ လူရွယ်က သူ၏ခေါင်းမှ ဦးထုပ်ကိုချွတ်ပြီး ယပ်ခတ်ရင်းမှ လူဝကြီးကိုမျက်မှောင်ကြုတ်ကြည့်လိုက်လေ၏။ သူ၏မျက်နှာမှ ဒေါသအရိပ်အယောင်တို့မှာမူ လျော့ပါးသွားပြီဖြစ်ပါ၏။

လူဝကြီးသည် လူရွယ်၏ဦးခေါင်းကို တစ်ချက်ကြည့်လိုက်ပြီး . . . ခါးပုံစထဲမှ ကွမ်းတစ်ယာကိုထုတ်ယူဝါးလိုက်ပြန်ကာ . . . ကွမ်းတံတွေးကို ဇရပ်ဝရန်တာရှိ သစ်ချောင်းများကြားမှ ပျစ်ခနဲထွေးလိုက်ပြီးလျှင် ဆက်လက်ဝေဖန်ပြန်လေ၏။

''မင်းရဲ့နောက်စေ့က ပြားချပ်လို့ပါလားကွ . . . အေး အဲဒီလိုလူမျိုးဟာ ဦးနှောက်နည်းတတ်တယ်ကွ''

လူရွယ်က စိတ်ပျက်စွာလက်ကာပြလိုက်ပြီး





''တော်ပါတော့ဗျာ . . . ကျုပ်အခုအချိန်မှာ စိတ်သိပ်ညစ်နေတယ်ဗျ၊ စိတ်ဓာတ်လည်း သုညရဲ့အောက်အထိ ရောက်နေတယ်၊ ကျုပ်ဟာ လောကကြီးမှာ ပြားပြားဝပ်ကျဆုံးနေတဲ့သူ၊ ဒီလိုလူမျိုးကို ဝေဖန်နေလို့ ခင်ဗျားမှာ အကျိုးမရှိပါဘူးဗျာ၊ အေး . . . အကျိုးရှိချင်ရင်တော့ ကျုပ်ရှာဖွေနေတဲ့သူကို ဗိုင်းကူရှာပေးပါလားဗျာ''

ဟု လေသံကိုနှိမ့်ကာ ပြောလိုက်ရာ လူရွယ်၏သွင်ပြင်မှာ စောစောကလို ဆောင့်ကြွားကြွားဟန်မျိုး မရှိတော့ရုံသာမက လေသံကပါ တောင်းပန်တိုးလျှိုးသံပေါက်နေရာ လူဝကြီးမှာ လူရွယ်အပေါ် ကရုဏာသက်သလိုဖြစ်သွားပြီး . . .

''ဘယ်သူ့ကို မင်းရှာနေတာလဲကွ . . . ပြော . . . ငါရှာနိုင်ရင် ဗိုင်းကူရှာပေးပါ့မယ်ကွာ''

ဟု အားတက်သရောလေသံဖြင့် ပြောလိုက်ရာ လူရွယ်က မချိပြုံးပြုံးလိုက်ပြီး . . .

''ဟင်း . . . ဟင်း . . . ကျုပ်ရှာနေတဲ့ လူက ကျုပ်ကိုသတ်မယ့်လူပဲဗျ''

ဟု သွားကြားထဲမှ ထွက်လာသောလေသံဖြင့်ပြောလိုက်ရာ လူဝကြီးမှာ မျက်လုံးပြူးသွားပြီး ကမန်းကတန်း ပြန်မေးလေ၏။

''ဘာကွ . . . မင်းကိုသတ်မယ့်သူများ မင်းက လိုက်ရှာ



www.burmeseclassic.com

www.burmeseclassic.com



နေတာ ...ဟုတ်လား ...ကြားသားမိုးကြိုးကွာ၊ လူဆိုတာ ကိုယ့်ရဲ့အသက်ကို ကိုယ်အချစ်ဆုံး၊ နှမြောဆုံးပါကွ ...မင်းက ခုတော့ ကိုယ့်ကိုသတ်မယ့်သူကို လိုက်ရှာနေတယ်ဆိုတော့ မင်း ဟာက ဘာသဘောလဲကွ''

''ဘာသဘောရမလဲဗျာ ...သေချင်တဲ့သဘောပေါ့၊ ကျုပ်ရဲ့ဘဝကိုလည်း ကြည့်ဦးလေ ...ကျုပ်ဟာ ချမ်းသာတဲ့ ဘဝက လာပြီး ခုလိုနူနာစွဲကပ်နေတော့ ဘယ်လိုလူကြားထဲမှ တိုးလို့မရတော့ဘူး၊ ကျုပ်ရဲ့အစ်မတွေရှိရာ မန္တလေးစံအိမ်ကြီးဆီ လည်း မပြန်ရဲတော့ဘူး၊ ကိုယ့်ဘာသာကိုယ်လည်း ရှာမစားတတ် ဘူး၊ လက်ထဲမှာ တစ်ပြားမှလည်းမရှိဘူး၊ ကျုပ်က သူတောင်း စားမဟုတ်လို့ တောင်းလည်းမစားတတ်ဘူး၊ အခု ထမင်းငတ် နေတာ သုံးရက်လုံးလုံးရှိပြီ ...ဒီတော့ ဒီလိုအခြေအနေရောက် နေမှ လူ့လောကကြီးထဲ ဘယ်လိုလုပ်ပြီး ဆက်နေလို့ဖြစ်မှာ လဲဗျာ ...သေတာပဲ အေးတယ်မဟုတ်လား''

''ဩ ...မင်းက ဒါကြောင့် မင်းကိုသတ်ပေးမယ့်လူကို လိုက်ရှာနေတာပေါ့ ...ဟုတ်လား''

''ဟုတ်လိုက်လေဗျာ''

''ဒါများ အလွယ်လေးပါကွာ ...မင်းကိုသတ်ပေးမယ့် သူ ကို တကူးတကရှာစရာမလိုဘူး၊ ဟောဒီသပိတ်ကျင်းမြို့ကြီး ရဲ့ အနောက်ဘက်မှာ ဧရာဝတီမြစ်ကြီးရှိတယ်လေကွာ ...





ဆိပ်ကမ်းက ကမ်းပါးယံကလည်း ဆောင်းနှောင်းကာလအခုလို ရေကျချိန်မှာဆို အမြင့်ပေ လေးဆယ်လောက်ရှိတာကွ ...အဲဒီ ကမ်းပါးယံကနေ မင်း ခုန်ချပြီးသေလိုက်ပေါ့ကွာ''

''ကျုပ် အဲဒီလိုစိတ်ကူးဖူးပါတယ်ဗျာ၊ ဒါပေမဲ့ လက် တွေ့မှာ ကိုယ့်ဘာသာ အဲဒီလိုမလုပ်ရဲဘူးဗျ''

ထိုအခါ လူဝကြီးက သူ၏မျက်တောင်ကို ပုတ်ခတ်ပုတ် ခတ်ပြုရင်း ...

''ဒါထက် နေစမ်းပါဦးကွ ...မင်းနာမည် ဘယ်လိုခေါ် သလဲ၊ ပြီးတော့ မင်းက ငယ်ငယ်ရွယ်ရွယ်လေးနဲ့ ဘာဖြစ်လို့ သေချင်ရတာလဲ''

ဟု စိတ်ဝင်စားစွာမေးလိုက်လေ၏။

''ကျုပ်ရဲ့နာမည်က မင်းစက်သာလို့ခေါ်တယ်ဗျ၊ ကျုပ် သေချင်ရတဲ့ အဓိကအကြောင်းရင်းကတော့ ဟောဒီ ကျုပ်ရဲ့ ကိုယ်မှာစွဲကပ်နေတဲ့ ကုဋ္ဌနူနာရောဂါကြောင့်ပေါ့ဗျာ၊ ဒီရောဂါ ဖြစ်လာကတည်းက ကျုပ် ပိုက်ဆံတွေအကုန်ခံပြီး အမျိုးမျိုး ကုခဲ့ပေမယ့် မပျောက်ဘူးဗျ၊ ဆရာတွေလည်းစုံပြီ၊ နောက်ဆုံး ဆရာအားလုံးက လက်လျှော့လိုက်တယ်ဗျ၊ ကျုပ်ရဲ့ဘဝဟာ လုံးဝမျှော်လင့်ချက်မရှိတော့ပါဘူးဗျာ၊ အဲဒီလို မျှော်လင့်ချက် ကုန်ဆုံးပြီး လူလုံးမလှဖြစ်နေရတဲ့ဘဝမှာ ဘယ်သူကဆက်ပြီး အသက်ဆက်ရှင်ချင်ဦးမှာလဲဗျာ''



www.burmeseclassic.com

www.burmeseclassic.com



ဟု မင်းစက်သာက ဝမ်းနည်းကြေကွဲသံကြီးဖြင့်ပြော ကာ မျက်ဝန်းထဲမှ မျက်ရည်ဥတို့က သူ၏ပါးပြင်နှစ်ဖက်ပေါ် သို့ လိမ့်စီးကျလာတော့၏။

လူဝကြီးသည် မင်းစက်သာအား အတန်ကြာ ဂရုဏာ သက်စွာ စိုက်ကြည့်နေပြီးနောက် ...

''ဒီမှာ မင်းစက်သာ ... မင်းရဲ့ ကုဋ္ဌနူနာရောဂါပျောက် သွားရင် မင်း သေချင်ပါဦးမလား''

ဟု မေးလိုက်ရာ မင်းစက်သာက နှုတ်ခမ်းကိုမဲ့လိုက်ပြီး ... ''ဟင်း ..ဟင်း ..မဖြစ်နိုင်တာချည်းပဲဗျာ၊ ကျုပ်ရဲ့ ရောဂါက နယ်တကာစုံ၊ ဆရာတကာစုံပြီဗျ၊ ဘယ်ဆေးမှ မတိုး ဘူး။ ဝဋ်နာကံနာဆိုပါတော့ဗျာ၊ အင်း ... ဒါတွေကလည်း ကျုပ်ရဲ့မိုက်ပြစ်ကြောင့် ဖြစ်လာရတာပါ၊ အခုတော့ ကျုပ် ကောင်းကောင်းကြီးကို နောင်တရပါပြီဗျာ''

ဟု ငိုသံပါကြီးဖြင့် ပြောလိုက်ပြန်လေ၏။

လူဝကြီးကမူ မင်းစက်သာ၏မျက်နှာကို စိတ်အားထက် သန်စွာကြည့်ရင်း မေးလိုက်လေ၏။

''မင်းစက်သာ ... မင်းကိုကြည့်ရတာ ချမ်းသာတဲ့ဘဝ က လာပြီး ပေတေလေလွင့်ပျက်စီးခဲ့ပုံရတယ်၊ မိန်းမလည်း ရှုပ်ခဲ့ပုံရတယ်၊ အဲဒါကြောင့် မင်းမှာ အခုလို ကိုယ်ရေပြားရောဂါ စွဲကပ်လာတာ မဟုတ်လား''

---

ခု နှစ် စဉ် ကြယ် တ ပေ



''ဟုတ် ... ဟုတ်ပါတယ်ဗျာ''

''အေး ... မင်းရဲ့ရောဂါပျောက်စေချင်ရင် ငါပြောမယ် ... မင်း ငါ့ရဲ့ဆရာ ဘရသေ့ဆီလိုက်ခဲ့၊ ဘရသေ့ဆီလိုက်ခဲ့ပြီး ဘရသေ့ရဲ့စကားကို မင်း တစ်သဝေမတိမ်းနားထောင်ရင် မင်းရဲ့ရောဂါ ပျောက်ကိုပျောက်စေရမယ်ကွာ ... ဘယ့်နှယ့်လဲ''

ဟု လူဝကြီးက စိတ်အားထက်သန်စွာမေးလိုက်ရာ ...

မင်းစက်သာမှာ အစပထမတွင် သူ့နားကိုပင် သူ မယုံ နိုင်အောင် ဖြစ်သွားပြီးနောက် ...

''ဟုတ် ... ဟုတ်ရဲ့လားဗျာ၊ ကျုပ်ရဲ့ရောဂါ တကယ် ပျောက်မယ်ဆိုရင် ဘယ်ကိုပဲသွားရသွားရ၊ ဘယ်သူ့စကားပဲ နားထောင်ရ နားထောင်ရပါ''

ဟု မယုံမရဲပြောလိုက်တော့၏။

''ဟုတ်ပြီ ... ဒါဆို မင်း ငါနဲ့လိုက်ခဲ့ပေတော့၊ ဘရသေ့ ဆီလိုက်ပို့မယ်၊ လောလောဆယ် မင်း ဒီကစောင့်နေ၊ မင်းရောဂါ ရော စားဖို့ ထမင်းနှစ်ထုပ်သွားဝယ်လိုက်ဦးမယ်၊ ပုစွန်တုပ်ကြီး ဆီပြန်ဟင်းနဲ့ ဝယ်ခဲ့မယ်''

ဟုပြောကာ လူဝကြီးမှာသူ၏အိတ်ကိုထားရစ်ခဲ့ပြီး ဇရပ် ပေါ်မှဆင်းသွားရာ မင်းစက်သာမှာ ပါးစပ်အဟောင်းသားနှင့် ကျန်ရစ်ခဲ့ပါတော့သတည်း။

♛ ♛ ♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

## ကြမ္မာဆိုး၏သားကောင်

ရောဝတီမြစ်ရေပြင်သည် နံနက်နေခြည်နွေးနွေးအောက် ဝယ် လှိုင်းကြက်ခွပ်လေးများ တဖျပ်ဖျပ်ထလျက်ရှိလေ၏ မြစ်ရေပြင်ကို ရှပ်တိုက်ဖြတ်သန်းပြေးလွှားလာသော အေးမြ သည့် လေပြည်နုနုက စိတ်ကိုလန်းဆန်းကြည်နူးစေပါသည်။

မိမိ၏ဘဝအတွက် စိတ်ဓာတ်လွှန်စွာကျကာ မိမိကိုယ် ကိုယ် သတ်သေချင်စိတ်ပေါက်လောက်အောင် စိတ်ညစ်ည ခဲ့ရသူ မင်းစက်သာမှာ ယခုတော့ ဘဝရှေ့ရေးအတွက် မျှော် လင့်ချက်ရောင်ခြည်ကို မြင်လိုက်ရသလိုရှိသည်မို့ စိတ်အတော် အတန်ငြိမ်းချမ်းလျက်ရှိကာ နံနက်ဦး၏ လေပြည်နုနုအေးအေး လေးကို တစ်ဝရှူရှိုက်ရင်း ရင်ဝယ် ဖြစ်တောင့်ဖြစ်ခဲကြည်နူးမှု





လေး ဖြစ်ပေါ်လာရ၏။

မင်းစက်သာသည် လောင်းကိုယ်လှေကြီး၏ ရှေ့ဦးပိုင်း မှ ရွက်တိုင်ကိုမှီကာထိုင်ရင်း လှေဦးမှ တိုးဝင်လျက်ရှိသော လေပြည်အေးအေး၏အရသာကို ခံစားလျက်ရှိစဉ် သူ၏ဂရုဏာ ရှင်လူဝကြီးမှာ သူ၏အနီးတွင်လာထိုင်ရင်း . . .

"ဘယ့်နှယ့်လဲ မင်းစက်သာ . . . ဟောဒီမြစ်ပြင်ကြီး ရဲ့ အလှနဲ့ သဘာဝတောတောင်ရေမြေတို့ရဲ့အလှက စိတ်ကြည် နူးမြတ်နိုးစရာမကောင်းဘူးလားကွ၊ ဒီလောက် သာယာလှပ အောင် သဘာဝလောကကြီးက ဖန်တီးပေးထားပါလျက်နဲ့ လူ တွေက သဘာဝပေးထားတဲ့ အခွင့်အရေးတွေကို ရယူခံစားရင်း အလိုက်အထိုက်မနေတတ်တာ ဘယ်သူ့အပြစ်လို့ထင်သလဲ၊ တကယ်ဆို သဘာဝလောကကြီးက အဆင်သင့်ဖန်တီးပေးထား တဲ့ သာယာလှပချမ်းမြေ့မှုတွေကို အေးအေးဆေးဆေးရယူ ခံစား ရင်း အလိုက်သင့်အလျားသင့်နေထိုင်မှ လူဖြစ်ရကျိုးနပ်မှာကွ"

ဟု ပြောလိုက်ရင်း လောင်းကိုယ်လှေ၏ နံရံကိုကျော်ကာ ကွမ်းတံတွေးကို ပျစ်ခနဲထွေးလိုက်လေ၏။

"ဟုတ်ပါတယ် ဦးလေးနော်ဂန်ရယ် . . . ကျွန်တော်ဟာ သဘာဝပေးတဲ့ အခွင့်အရေး ဘဝကပေးတဲ့အခွင့်အရေးတွေ ကို အေးအေးဆေးဆေးရယူခံစားပြီး အလိုက်သင့်, အလျားသင့် မနေနိုင်ခဲ့ဘဲ ဆန့်ကျင်ဖီလာပြုလုပ်ခဲ့တယ်၊ အလွဲသုံးစားပြု



www.burmeseclassic.com

www.burmeseclassic.com



ပြုလုပ်ခဲ့တယ်၊ အဲဒီလို စိတ်ထင်တိုင်း နှစ်များစွာ ပရမ်းပတာ လုပ်ခဲ့လို့ ခုလိုအဖြစ်ဆိုး လူဖြစ်ရှုံးရတဲ့ဘဝကိုရောက်ခဲ့ရတာပါ ပဲဗျာ၊ ကျွန်တော် နောင်တရပါပြီ''

''မင်း တကယ်ပဲ နောင်တရတာဟုတ်ရဲ့လား၊ တချို့လူ တွေက အမှားကိုပြုလုပ်မိလို့ အဲဒီအမှားကြောင့် အပြစ်ဒဏ်ကိုခံ ရပြီလားဆိုရင် ကြောက်ရွံ့တုန်လှုပ်ပြီး နောင်တရသလိုဖြစ်လေ့ရှိ တယ်ကွ၊ ဒါပေမဲ့ အဲဒီလိုအပြစ်ဒဏ်ခံနေရရာက လွတ်မြောက် သွားပြီး ကိုယ်ထင်ရာလုပ်နိုင်တဲ့ အခွင့်အရေးပြန်ရတဲ့အခါကျ တော့ နောင်တရ နောင်ကျဉ်ခဲ့တာတွေကိုမေ့ပြီး ထင်တိုင်းကြ ကြလေ့ရှိတယ်ကွ၊ အဲဒီလိုနဲ့ပဲ နောက်ဆုံးတော့ သူတို့ဟာ ပြဿ နာတွေနဲ့ ထပ်ကြုံပြီး ဒုက္ခရောက်လေ့ရှိတယ်၊ မင်းလည်း အဲဒီလို တော့ မဖြစ်စေနဲ့တော့ပေါ့ကွာ''

''ဟာ ...မဖြစ်စေရပါဘူး ဦးရီးနော်ဂန်ရယ်၊ ကျွန် တော်ဟာ ငယ်ငယ်က မိဘရဲ့အလိုလိုက်မှုကြောင့် မိဘရဲ့ပိုက်ဆံ တွေကို နည်းမျိုးစုံနဲ့ သုံးဖြုန်းခဲ့မိတယ်ဗျာ၊ နောက်ဆုံး ပိုက်ဆံ တောင်းလို့မရရင် အိမ်က ရွှေငွေလက်ဝတ်လက်စားပစ္စည်း ရရင် ရသလို ခိုးဝှက်ရောင်းစားပြီး လောင်းကစားဝိုင်းတွေမှာ သုံးဖြုန်း၊ မကောင်းတဲ့မိန်းမတွေနဲ့ပျော်ပါးနဲ့ ... အရွယ်နဲ့မလိုက်အောင် သောင်းကျန်းမိပါတယ်၊ အဲဒါနဲ့ ကျွန်တော့်ရဲ့ဒဏ်ကို မခံနိုင်တော့ ဘဲ အဖေက နှင်ချလိုက်လို့ ကျွန်တော် အိမ်ပေါ်ကဆင်းခဲ့ရတယ်၊





တောင် အိမ်ပေါ်ကအဆင်းမှာ ကျွန်တော့်အစ်မကြီး မြခြူးသာ က သူ့ရဲ့ပတ္တမြားဒေါင်းဘယက်ကြီးနဲ့ မြလက်ကောက်နှစ်ကွင်း ကို ခမည်းတော်ကြီးမသိအောင် ပေးခဲ့သေးတယ်ဗျာ ...။

ကျွန်တော်ရဲ့အစ်မကြီး မြခြူးသာက မောင်အငယ်ဆုံး၊ အထွေးဆုံးဆိုပြီး ကျွန်တော့်ကို သိပ်ချစ်တာဗျ၊ သူ့ဘဝကလည်း သနားစရာပါဗျာ ... ငယ်ငယ်ရွယ်ရွယ်နဲ့ ကလေးတစ်ယောက် အမေ မုဆိုးမဖြစ်ရရှာတယ်၊ ကျွန်တော့်ရဲ့ အစ်မလတ်ကတော့ ကျွန်တော်နဲ့ အထက်အောက်မို့လား မသိဘူး ...သိပ်မတည့် ဘူး၊ သူက အပျိုကြီးပီပီ ကပ်စေးနည်းပြီး သူ့ပစ္စည်းသူ သိတတ် လွန်းတယ်ဗျ၊ တစ်ခါ ကျွန်တော်ငွေလိုလို့ သူ့ရဲ့အိပ်ခန်းထဲက မှန်တင်ခုံပေါ်ပေါ် တင်ထားတဲ့ မောင်းကွင်းလက်စွပ်လေးကို ကျွန်တော်ယူမိပါတယ်၊ တစ်ခါတည်း ဆွေ့ဆွေ့ခုန် မိုးမီးလောင် မတတ် ဒေါသတွေပေါက်ကွဲပြီး ကျွန်တော့်ကို ပိုးစိုးပက်စက် ရန်တွေ့တော့တာပါပဲ၊ ကျွန်တော် အိမ်ပေါ်ကဆင်းရတာ သူ့ နက်လည်း ပါတယ်ဗျ၊ သူက ခမည်းတော်ကြီး ကျွန်တော့် အပေါ် ဒေါသဖြစ်တိုင်း အဆင်းမှာ ဘီးတပ်ပေးလေ့ရှိတယ်လေ၊ ကာပဲဖြစ်ဖြစ် ဒါတွေအားလုံးဟာ ကျွန်တော့်ရဲ့မိုက်မဲမှုကြောင့်ပါပဲ ဦးရီးနော်ဂန်ရယ်''

''ဒါပေါ့ကွ ...ဘယ်သူမပြု မိမိမှုတဲ့၊ ကိုယ်ပြုတဲ့ကံ ကိုယ့်ဆီပြန်ရစမြဲပဲ မဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ဦးရီးနော်ဂန်ရယ် ... ကျွန်တော် အိမ်ကထွက်လာပြီးတဲ့နောက် အစ်မကြီးပေးလိုက်တဲ့ ပတ္တမြ ဒေါင်းဘယက်ကြီးနဲ့ လက်ကောက်တွေကို ရောင်းချခဲ့တ ရတဲ့ငွေတွေနဲ့ မြို့တကာ, နယ်တကာလျှောက်လှည့်ပြီး လေ ကစားခဲ့တယ်၊ ပျော်ပါးခဲ့တယ်ပေါ့ဗျာ၊ လောင်းကစားတဲ့အ ကံလိုက်တဲ့အခါ နိုင်လိုက်, ကံမွဲတဲ့အခါ ရှုံးလိုက်နဲ့ ပိန်လို ဖောင်းလိုက်ဖြစ်ရင်း နယ်တကာက လူစုံနဲ့ ပေါင်း, နေချင်ရာ ပျော်ချင်ရာပျော်ပြီး စိတ်လေလွင့်ရာက မကောင်းတဲ့မိန်းက တွေကို စုစည်းပြီးနိုင်းစားတဲ့ မနန်းဇာဆိုတဲ့ မိန်းမကြီးနဲ့ လေးနှစ်လောက် ညားခဲ့သေးတယ်ဗျ ...။

အဲဒီတုန်းကတော့ ကိုယ့်ကိုယ်ကိုယ် လောကနိဗ္ ရောက်နေတယ်လို့ ထင်ခဲ့တာပေါ့ဗျာ ...။

ကျွန်တော်က ငွေကိုသုံးတဲ့နေရာမှာ စည်းကမ်းမရှိသ မိန်းကလေးတွေနဲ့ ရှုပ်တဲ့နေရာမှာလည်း စည်းကမ်းမရှိဘူး ကြုံရင်ကြုံသလိုပဲ၊ အဲဒီလို ပရမ်းပတာနေထိုင်ခဲ့လို့လည်း ကို ရေပြားရောဂါ ရခဲ့တာပါပဲ ဦးရီးနော်ဂန်ရယ် ...။

ဒီရောဂါကြီးစွဲကပ်ကတည်းက ကျွန်တော်ဟာ ငွေက ကြေးကျခံပြီး ဆရာမျိုးစုံနဲ့ကုသပေမယ့် ဘယ်လိုမှမပျောက် ပိုဆိုးလာခဲ့တယ်၊ နောက်ဆုံး လူလုံးမလှဖြစ်လာတဲ့ ကျွန်တော် ကျွန်တော့်ရဲ့မိန်းမ မနန်းဇာက အိမ်ပေါ်ကမောင်းချလိုက်တယ်





သူ့အိမ်ပေါ်ကမောင်းချလိုက်တော့ ကျွန်တော့်ရဲ့ လက် ထဲမှာ ငွေနှစ်ရာလောက် ပါလာသေးတယ်၊ အဲဒီငွေနဲ့ပဲ ဘဝကို ရပ်တည်ပြီး သူငယ်ချင်းအပေါင်းအသင်းတွေရှိရာဆီ သွားအကူ အညီတောင်း တည်းခိုခဲ့တယ် ...။

ဒါပေမဲ့ ... ကြာတော့ အဲဒီအပေါင်းအသင်းတွေ ကလည်း ကျွန်တော့်ကိုမကြည့်ဖြူတော့ဘဲ အားလုံးက ခါထုတ် ကြတယ်လေ ...။

ဒီလိုနဲ့ ကျွန်တော်ဟာ လမ်းဘေးရောက်ပြီး သပိတ် ကျင်းမြို့က အနီထောင်စိုင်းမှာ ဒိုင်လုပ်ဖက်ဖြစ်တဲ့ သူငယ်ချင်း တစ်ဦးဆီ ခိုကပ်နေဖို့လာခဲ့တာဗျ၊ သူက ကျွန်တော့်ကို အဲတော့ မခံဘဲ ရှောင်နေတယ်လေ၊ ကျွန်တော်လည်း ကျွန်တော့်ရဲ့ကျေး ဇူးရှိဖူးတဲ့သူကို သပိတ်ကျင်းမြို့ဝန်းကျင်မှာလိုက်ရှာရင်း သုံးရက် လုံးလုံး ထမင်းငတ်ခဲ့ရာက ဦးရီးနော်ဂန်နဲ့ ဆုံစည်းရတာပါပဲ၊ ခုတော့ လူ့လောကကြီးရဲ့အကြောင်း, လူတွေရဲ့အကြောင်း ကောင်းကောင်းသိသွားပါပြီ၊ တော်ပါပြီ ဦးရီးနော်ဂန်ရယ်၊ ... မကောင်းမှုတွေကိုပါ ကြောက်သွားပါပြီ၊ နောင်တ တကယ်ရပါ ပြီဗျာ"

ဦးနော်ဂန်က ကွမ်းဝါးရင်းမှ ခေါင်းကိုတဆတ်ဆတ် ညိတ်လိုက်ရင်း ...

"အင်း ... မင်း တကယ်ပဲနောင်တရပြီဆိုတာသိရပေါ့



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာပါတယ်ကွာ၊ ပြောသာ ပြောရတယ် ... ငါလည်း တစ်ချိန်က အတော်ဆိုးခဲ့တာကွ''

ဟု ခပ်ပြုံးပြုံးအမူအရာဖြင့် ပြောလိုက်ရာ မင်းစက်သာမှာ စိတ်ဝင်စားသွားပြီး ဦးနော်ဂန်၏မျက်နှာကို တည့်တည့်လှည့်ကြည့်လိုက်ကာ ...

''အဲ ... ဟုတ်ပါရဲ့ ... ကျွန်တော့်အကြောင်းပဲ ဦးရီးနော်ဂန်ကို ပြောပြနေရတယ်၊ ဦးရီးနော်ဂန်ရဲ့အကြောင်းကိုလည်း ပြောပြပါဦး၊ ဦးရီးနော်ဂန်မှာ မိသားစုမရှိဘူးလား၊ တစ်ကိုယ်ရေတစ်ကာယသမားပဲလား''

ဟုမေးလိုက်ရာ ဦးနော်ဂန်က ကွမ်းကိုတမြုံ့မြုံ့ဝါးရင်းမှ သူ့အကြောင်းကို စကားတစ်လုံးချင်းပြောပြလေ၏။

''ငါက နမ္မားဘက်ကကွ၊ နမ္မားနားက ကချင်ရွာလေး တစ်ခုက ကချင်တိုင်းရင်းသားဆိုပါတော့ကွာ၊ ငါငယ်ငယ်ကတည်းက ငါ့ရဲ့မိဘနှစ်ပါးဆုံးပါးသွားတော့ ငါဟာ ရွာကမုဆိုးကြီးတစ်ဦးဖြစ်တဲ့ ဦးဒေါင်တူးဆီမှာပဲ မုဆိုးပညာသင်ရင်း တပည့်ခံနေထိုင်ခဲ့ရတယ်ဆိုပါတော့ကွာ၊ ဦးဒေါင်တူးကလည်း လူပျိုကြီးကွ ... သဘော လွတ်ကောင်းတယ်၊ ငါ့ကို သူ့ရဲ့မွေးစားသားလိုသဘောထားပြီး မုဆိုးတို့တတ်အပ်တဲ့ပညာစုံ သင်ပေးတယ် ...။

ဒီလိုနဲ့ ငါအရွယ်ရောက်လာတော့ မုဆိုးဖြစ်လာခဲ့တယ်''

---





''ဩော် ... ဦးရီးနော်ဂန်က မုဆိုးတစ်ဦးလား''

''အေး ... အဲဒီတုန်းကတော့ မုဆိုးပေါ့ကွာ၊ အဲဒီလိုနဲ့ ငါ မုဆိုးအဖြစ် အသက်မွေးလာလိုက်တာ ဆယ်နှစ်လောက်ကြာတော့ ငါ့ရဲ့မွေးစားအဖေ ဆရာသမားကြီးဦးဒေါင်တူးဟာ လူကြီးရောဂါနဲ့ ဆုံးသွားရောကွ ...။

အဲဒီမှာတင် ငါလည်း အဲဒီရွာလေးမှာမနေချင်တော့တာနဲ့ တောတကာ, တောင်တကာလှည့်ပြီး သားကောင်တွေကို ပစ်ခတ်လိုက်, သားကောင်ရတဲ့အခါ နီးစပ်ရာမြို့ပေါ် တက်ရောင်းလိုက်နဲ့ တောထဲတောင်ထဲမှာပဲ နှစ်များစွာ ခြေသလုံးအိမ်တိုင် လှည့်လည်ပြီး ဒူးလေးတစ်လက်, မြားကျည်တောက်တစ်တူးနဲ့ ကျင်လည်ခဲ့တယ်ဆိုပါတော့ကွာ ...။

ငါ့ရဲ့ ပင်ကိုဗီဇစရိုက်အရ တေတေပေပေ, ကြမ်းကြမ်းတမ်းတမ်းနေခဲ့ပြီး ငါဆိုးတယ်ဆိုတာက သားကောင်တွေကို ပစ်ခတ်သတ်ဖြတ်တဲ့နေရာမှာ ရက်ရက်စက်စက်လုပ်တတ်တာပဲကွ၊ ပြောရရင် မုဆိုးစည်းကိုဖောက်ပြီး ဖိုးရှိတဲ့သားကောင်တွေကအစ မရှောင်စတမ်း ပစ်ခတ်သတ်ဖြတ်ခဲ့တယ် ...။

ဒီလိုနဲ့ ရက်ရက်စက်စက်အမဲလိုက်ပြီး အကုသိုလ်အလုပ်မှာပဲ အပျော်မွေ့ကြီးပျော်မွေ့ခဲ့ရာက တစ်နေ့မှာတော့ ထူးခြားတဲ့ဘဝအလှည့်အပြောင်းတစ်ခု ကြုံခဲ့ရတယ်ကွ''

''ဟုတ်လား ... ပြောပါဦး ဦးရီးနော်ဂန်ရဲ့''

---



www.burmeseclassic.com

www.burmeseclassic.com



"အေး . . . ပြောပြရမှာပေါ့ကွာ၊ ငါအခုပြောပြမယ့် ငါ့ရဲ့ဘဝ ထူးခြားစွာအလှည့်အပြောင်းဖြစ်ရတဲ့ ဖြစ်ရပ်ဆန်းမှာ မင်း အခုသွားတွေ့ပြီး မင်းရဲ့ဘုရွှနနားရောဂါကို ပျောက်အောင်ကု သပေးမယ့် ဘရသေ့က အဓိကကဏ္ဍက ပါနေတယ်လေ၊ ဖြစ်ပုံ က ဒီလိုကွ . . ."

ဤသို့ဖြင့် ဦးနော်ဂန်မှာ သူ၏ဘရသေ့နှင့် စတင်ဆုံ စည်းရပုံဖြစ်ရပ်ဆန်းကို အောက်ပါအတိုင်းပြောပြပါလေ၏။

❦ ❦ ❦

ထိုနေ့က ကောက်ကွေ့ချောင်းရိုး၏အရှေ့ဘက်ရှိ နက် ရှိုင်းလှစွာသော တောနက်ကြီးထဲဝယ် တောလည်ခဲ့သည်မှာ နေမွန်းတည့်လုပြီဖြစ်သည့်တိုင် မည်သည့်သားကောင်မှ မရ သဖြင့် မုဆိုးကြီးနော်ဂန်မှာ ကျွဲမြီးတိုလျက်ရှိတော့၏။

သူက တောနက်ကြီးကိုအုပ်မိုးလျက်ရှိသော လွှယ်ပေါ် တောင်ကြီးကိုမော်ကြည့်လိုက်ရင်း ရေဆာလာသဖြင့် ခါး၌ချိတ် ထားသော ဘူးသီးခြောက်ရေဘူးကိုဖြုတ်ကာ မော့သောက်လိုက် လေ၏။

ပြီးနောက် ဒူးလေးကိုထမ်းကာ ခင်တန်းတစ်ခုကိုဖြတ်





ကျော်လိုက်စဉ် ခင်တန်းအလွန် ဆင်ခြေလျှော၏အောက်ဘက် မြောင်အတွင်းဝယ် ဒရယ်နှစ်ကောင်ကို မမျှော်လင့်ဘဲ တွေ့လိုက် ရာ အနီးမှဘန့်ပွေးပင်ကြီး၏ပင်စည်ကိုကွယ်ကာ ဒူးလေးကို သင့်ပြင်လိုက်လေ၏။

ဒရယ်နှစ်ကောင်မှာ အဖို၊အမစုံတွဲဖြစ်ပြီး မြောင်အတွင်း စမ်းချောင်းငယ်ဝယ် ရေအတူသောက်လိုက်၊ တစ်ကောင်နှင့် တစ်ကောင် လည်ချင်းယှက်ကာ ကလူကျီစယ်လိုက်ဖြင့် လော ကကြီးကိုမေ့လောက်အောင် ကြည်နူးမွေ့လျော်လျက်ရှိလေ၏။

မုဆိုးကြီးနော်ဂန်က ပြုံးလိုက်ပြီး နှစ်ဖွေ့ခုန်အဆိပ်လူး မြားကို လေးပေါ်တင်လိုက်ကာ ဒရယ်ဖိုကို ချိန်လိုက်လေ၏။ ရှိုအကောင်ထွားသောဒရယ်ဖိုကို သူက ဦးစွာအပိုင်ပစ်လို၍ ဖြစ်သည်။

'ထောင်း . . .'

လေးညှို့မှ မြားပြေးထွက်သွားစဉ် ဒရယ်ဖိုက ဒရယ်မကို ကျီစယ်လိုဟန်ဖြင့် ရှေ့သို့လွှားခနဲခုန်လိုက်သည်နှင့် တိုက်ဆိုင် များရာ မြားမှာ ပစ်မှတ်ကိုလွဲချော်သွားပြီး ဒရယ်နှစ်ကောင်၏ ကစ်ဖက်မှ သဲချောင်းစပ်ဝယ် စိုက်ဝင်သွားတော့၏။

ထိုအခါမှ ချစ်ကျီစယ်လျက်ရှိသော ဒရယ်ဖိုမစုံတွဲမှာ လန့်ဖျပ်သွားပြီး သပွတ်ချုံများနောက်သို့ လုစ်ခနဲ ခုန်ထွက်ပြေး တော့၏။ မုဆိုးကြီးနော်ဂန်မှာ ဒေါကန်သွားပြီး ဒရယ်များထွက်



www.burmeseclassic.com

www.burmeseclassic.com



ပြေးသွားရာနောက်သို့ ဒေါသတကြီး ပြေးလိုက်သွားတော့၏
သူသည် သပွတ်ချုံများကိုလက်ဖြင့်ဖယ်ရှားပြီး ဆ
ခြေလှျောကုန်းကိုတက်ခဲ့ရာ ချုံများရှင်းချိန်ဝယ် ရှေ့ဆီမှ အံ့အ
သင့်ဖွယ်မြင်ကွင်းကို တွေ့လိုက်ရသဖြင့် ကြက်သေ သေသွ
ရတော့၏။

"ဟင်"

သူတွေ့လိုက်ရသည့်မြင်ကွင်းသည်ကား ရှေးခေတ် နှ
ဝတ်နန်းစားများ ဝတ်ဆင်ထားသည့် လုလင်ပျိုတစ်ဦးနှင့် လုံ
ပျိုတစ်ဦးတို့ တစ်ဦး၏လက်ကို တစ်ဦးကဆုပ်ကိုင်ရင်း တေ
လမ်းလေးအတိုင်း ဖြည်းဆေးသက်သာစွာ လှမ်းလျှောက်သွားနေ
ကြသည်ကို ကျောဘက်မှတွေ့နေရခြင်းပင်တည်း။

လုလင်ပျိုမှာ ပိုးပဝါပန်းရောင်နုနုလေးကို ဦးခေါင်းဝယ်
ပေါင်းထားပြီး သိုရင်းအင်္ကျီကိုဝတ်ကာ ခါးဝယ် ... အဖြူ
အနီရောင်ပြောင်ပြောင်လက်လက် အချိတ်ဆင်ပါသော ရာကျပ်
ပုဆိုးကိုဝတ်ဆင်ထားလျက် ကျောက်ရောင်စုံစီခြယ်ထားသည့်
ကဏ္ဍီပါခြေနင်းကို စီးနင်းထားလေ၏။

လုံမပျိုမှာမူ ဦးခေါင်းထက်ဝယ် မြိတ်စို့ဆံထုံးပွံ့ပွံ့လေး
ထုံးထားလျက် နားနှစ်ဖက်နောက်သို့ ဆံမြိတ်တို့ခွေညွှတ်ကျ
လျက်ရှိရာ ... စာဆိုရှင်နတ်ရှင်နောင်၏ မယ်ဘွဲ့ရတုထဲကကဲ့သို့
မြသွင်လိုလို၊ ရွှေကိုရှိမ်းရှိမ်း၊ ပြစ်ယိမ်းကင်းနေ၊ သွယ်ခွေရွက်ညို





ဖြူမြိတ်စို့လည်း နားသို့ညွတ်ညွတ် ဆိုသကဲ့သို့ နားတောင်းလုလု
လေးများဆွဲထားသည့် နားဖြူဖြူလေးများ၏နောက်သို့ ခွေညွှတ်
နေသည့် ဆံနွယ်တို့၏ အလှကပင် ရှုမောမဆုံးဖွယ်ဖြစ်ဘိ၏။

သူမသည် ထိုင်မသိမ်းအင်္ကျီ အဝါဖျော့ရောင်လေးနှင့်
ခါးဝယ် အဝါနုအောက်ခံပေါ်၌ လိမ္မော်ရောင်သုံးစင်း ဂမုန်းနွယ်
ယက်ဖော်ထားသော လွန်းတစ်ရာချိတ်ထဘီကို လှပစွာဝတ်
ဆင်ထားပြီး ထဘီ၏အနားအမြိတ်ဖြူမှာ သူမ၏နောက်ဝယ်
မြေပြင်ပေါ်သို့ ပုံကျလျက်ရှိချေ၏။

ယင်းလုလင်ပျိုနှင့် လုံမပျိုတို့၏ ရှေးခေတ်မင်းညီမင်း
သား နန်းတွင်းသူအဆင်အပြင်မျိုး ဝတ်ဆင်ထားသည်ကို မဆိုး
ကြီးဦးနော်ဂန်မှာ သေချာစွာ အသေးစိတ်ခွဲခြမ်းစိတ်ဖြာသိသည်
မဟုတ်ပါ။ သူမြင်သိသည်က ဇာတ်ပွဲများတွင် တွေ့ရလေ့ရှိသည့်
မင်းသား၊ မင်းသမီးအဝတ်အစားပြောင်ပြောင်လက်လက်များ
ဝတ်စားထားသည့်ဟုသာ သိမြင်ခြင်းဖြစ်ပါ၏။

မည်သို့ဖြစ်စေ ဤသို့တောကြီးစိမ့်မြိုင်ထဲဝယ် ရှေးခေတ်
မင်းသားမင်းသမီးဝတ်စုံမျိုးဖြင့် လုလင်ပျို လုံမပျို စုံတွဲတစ်တွဲကို
မမျှော်လင့်ဘဲတွေ့ရသည်မှာ ဦးနော်ဂန်အတွက် အံ့ဖွယ်သရဲဖြစ်
ကာ မိမိ၏မျက်လုံးကိုပင် မိမိမယုံနိုင်အောင် ဖြစ်နေရတော့၏။

သို့သော် သူသည် ရှေ့ဝါးတစ်ရိုက်ခန့်အကွာအဝေးမှ
ဖြည်းဖြည်းချင်း လက်တွဲလျှောက်သွားသော ချစ်သူစုံတွဲ၏နောက်



www.burmeseclassic.com

www.burmeseclassic.com



မှ အိပ်မက်မက်ပြီး လမ်းထလျှောက်သူနှယ် တစ်လှမ်းချင်း လှမ်းကာ လိုက်ပါသွားနေမိပါတော့၏။

သူသည် မှင်တက်မိနေသလိုဖြစ်ကာ သူ၏နားထဲဝယ် အဝေးဆီမှ ဒေါင်းကုလားတစ်ကောင်၏ အုံးဝေအိုးဝေဟု အော် မြည်သံသဲ့သဲ့ကိုလည်းကောင်း၊ ခင်တန်းအထက်ရှိ သစ်ဆိမ့်ပင် ကြီးပေါ်မှ မျောက်လွှဲကျော်တစ်အုပ်၏ ဝေ . . . ဝေ . . . ဟူသော အော်မြည်သံတို့ကိုလည်းကောင်း မကြားနိုင်တော့ဘဲ တစ်စုံတစ်ဦး ၏ ညှို့ငင်ခြင်းခံရသူလို မလှုပ်မယှက် လိုက်ပါသွားနေမိတော့၏။

သူ၏ရှေ့မှ လုလင်ပျိုနှင့် လုံမပျိုတို့မှာ လျှောက်ရင်း လျှောက်ရင်းဖြင့် . . . သစ်ပင်ချုံနွယ်တို့ကို လွန်မြောက်သွားပြီး နောက်မှာတော့ မြက်ခင်းစိမ်းနုနုလေးများသာရှိသည့် မြေကွက် လပ်လေးတစ်ခုသို့ ရောက်ရှိသွားပါတော့၏။

ယင်းမြေကွက်လပ်၏ တစ်ဖက်ဝယ် ညို့မှိုင်းနေသော ညောင်ညိုပင်ကြီးတစ်ပင်မှာ ထီးထီးမားမားကြီး တည်ရှိနေပြီး ညောင်ပင်ကြီး၏ခြေရင်းမှ ကျောက်ဖျာတစ်ခုထက်တွင်မူ သစ် ခေါက်ဆိုးဝတ်ရုံကို ဆင်မြန်းထားသည့် ရသေ့ကြီးတစ်ဦးမှာ မျက် လွှာချကာ တရားရှုမှတ်လျက်ရှိသည်ကို တွေ့ရလေ၏။

လုလင်ပျိုနှင့် လုံမပျိုလည်း ရသေ့ကြီး၏ရှေ့ဝယ် ဒူး တုပ်ထိုင်လိုက်ကြပြီး ရှိခိုးဂါရဝပြုလိုက်ကြရာ . . ယင်းမြင်ကွင်းကို ငေးကြည့်နေမိသည့် မုဆိုးကြီးဦးနော်ဂန်မှာ ပြဇာတ်တစ်ခုမှဇာတ်





င်ခန်းတစ်ခုကို ငေးိုက်ကြည့်နေရသလို ခံစားလာရတော့၏။

လုလင်ပျိုနှင့်လုံမပျိုတို့နှစ်ဦးသည် သုံးကြိမ်သုံးခါမျှ ရသေ့ကြီးကို ဦးခိုက်ပြီးနောက် သူတို့၏ခါးကို ပြန်မတ်လိုက်စဉ် သူတို့၏သွင်ပြင်မှာ လုလင်ပျိုနှင့် လုံမပျိုအဖြစ်မှ ဒရယ်ဖိုနှင့် ဒရယ်မအသွင်သို့ ပြောင်းသွားသည်ကို မုဆိုးကြီးဦးနော်ဂန် အံ့ အားသင့်ဖွယ်တွေ့လိုက်ရတော့၏။

"ဟာ . . . ဒါ တောခြောက်တာပဲ"

ထိုအခါမှ မုဆိုးကြီးနော်ဂန်မှာ သတိဖျတ်ခနဲ ပြန်ဝင် လာပြီး . . . ဒရယ်ဖိုနှင့်ဒရယ်မကိုကြည့်ကာ သားကောင်လွတ် သွားရသဖြင့် မခံချိမခံသာဖြစ်ရသော မုဆိုးတို့ ဒေါသသွေးများ သူ့ကိုယ်ထဲအနှံ့ ပွက်ပွက်ဆူ လှုပ်ရှားကြွလာတော့၏။

ထို့ကြောင့် သူသည် ဖျတ်ခနဲဖြစ်ပေါ်လာသော ဒေါသ နှင့်အတူ လက်တစ်ဖက်ဖြင့် လေးကိုဆွဲကိုင်မြှောက်လိုက်ပြီး နောက်လက်တစ်ဖက်ဖြင့် လေးညှို့ပေါ်သို့ အဆိပ်လှံမြားကို တင်ကာ ညှို့ကိုဆွဲတင်လိုက်တော့၏။

သူသည် အံကိုကြိတ်ကာ ရသေ့၏ရှေ့မှ ထွက်ခွာစပြု နေသော ဒရယ်ဖိုအား လေးဖြင့်ချိန်လျက် မောင်းခလုတ်ကိုဆွဲ ဖြုတ်မည်ပြုစဉ် . . .

"လူမိုက် . . . သင်ဟာ ကျွန်ုပ်လို လူတော်စင်ရဲ့ ရှေ့ မှာက်မှာတောင် ပါဏာတိပါတကံကို လက်ရဲဖက်ရဲ ကျူးလွန်ဝံ့



www.burmeseclassic.com

www.burmeseclassic.com



သလား''

ဟူသော ကြည်လင်ပြတ်သားသည့် အသံကိုကြားလိုက်ရရာ သူ၏ခန္ဓာကိုယ်ကြီးတစ်ခုလုံးမှာ ဆတ်ခနဲတုန်သွားပြီး ခံပင်မှအစ ခန္ဓာကိုယ်အနှံ့မှ မွေးညင်းလောမာအားလုံးသည် ထောင်ထသွားကာ ရသေ့ကြီးကို ထိတ်လန့်တကြား လှည့်ကြည့်လိုက်မိတော့၏။

ဒေါက်ခြာဆောင်းထားသော ရသေ့ကြီးသည်ကား ညောင်ညိုပင်ကြီးအောက်ဝယ် တင်ပလ္လင်ခွေထိုင်ရင်းမှပင် ရှုလက်သောမျက်လုံးများဖြင့် သူ့ကိုစူးစူးရဲရဲကြည့်နေသည်ကိုတွေ့ရရာ မုဆိုးကြီးဦးနော်ဂန်မှာ ခန္ဓာကိုယ်ရှိအင်အားတို့ ကုန်ခန်းသလိုဖြစ်သွားပြီး ဒူးလေးကြီးကိုလည်း အောက်သို့ပြန်ချထားလိုက်ရပါတော့၏။

ဒရယ်ဖိုနှင့်ဒရယ်မလေးတို့ ဒွိယံမောင်နှံသည်မူ တောနက်ထဲသို့ ဝင်ရောက်ပျောက်ကွယ်သွားပြီဖြစ်ပါ၏။

မုဆိုးကြီးဦးနော်ဂန်မှာ ရသေ့ကြီးကိုသာ ငေးငူငူကြီးရပ်ကြည့်လျက်ရှိရာ ရသေ့ကြီးက ကြည်လင်ပြတ်သားသော အသံဖြင့် ဆက်လက်ပြောဆိုပြန်၏။

''မုဆိုးကြီး ... သင်ဟာ လူမှန်းသိတတ်စကတည်းက သူတစ်ပါးအသက်ကို သတ်ဖြတ်ခြင်းဖြင့်သာ ပျော်မွေ့ အသက်မွေးခဲ့တယ်မဟုတ်လား၊ သားကောင်များစွာရဲ့ သွေးညှီနံ့တွေ





ရှူနံ့းထင်းခဲ့တဲ့ သင်ဟာ သင့်ရဲ့မကောင်းတဲ့အကုသိုလ်အလုပ်အသက်မွေးဝမ်းကျောင်းမှုကြောင့် လူမွေးလူတောင် ပြောင်ခဲ့လို့လား၊ မိမိအတွက် ဒီဘဝမှာ အကျိုးအမြတ်ကြီးကြီးမားမားမရှိတဲ့ မုဆိုးအလုပ်ကို သင်ဆက်လုပ်နေရင် နောက်ဘဝကျ နှိုင်းဆ၍ မပြနိုင်လောက်တဲ့ အပြစ်ကြီးတွေကို သင်ခံရမှာ မကြောက်ပေဘူးလား ...။

ပါဏာတိပါတ သူ့အသက်သတ်ခြင်းကြောင့် အခုဘဝမှာလည်း သင် ဝဋ်ကြွေးတုံ့တင် ပြန်လည်ခံစားရတတ်သလို နောင်ဘဝမှာလည်း အပါယ်ငရဲကျမှာ မကြောက်ပေဘူးလား''

ရသေ့ကြီး၏စကားအဆုံးဝယ် ဦးနော်ဂန်မှာ ရသေ့ကြီး၏ရှေ့၌ ဒူးညွှတ်ကျသွားတော့၏။ သူ၏လေးနှင့်မြားကျည်တောက်မှာလည်း မြေပေါ်သို့ ပုံကျသွားပါတော့၏။

''အို ... မုဆိုးကြီး ... ပါဏာတိပါတကံရဲ့ အပြစ်ကြီးမှုအကြောင်းကို ငါပြောပြမယ် ... သင်နားထောင်လော့ ...။

ငါတို့ရဲ့ မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူစဉ် ဟောကြားခဲ့တဲ့ နွားသတ်သမားရဲ့အဖြစ်ဆိုးပုံ ပုံဝတ္ထုမှာ သာဝတ္ထိပြည်က နွားသတ်သမားတစ်ယောက်ဟာ အမဲသားမပါရင် ထမင်းစားလို့မဝင် သူဖြစ်တယ်တဲ့၊ တစ်နေ့တော့ အိမ်မှာ အမဲသားမကျန်လို့ ဇနီးဖြစ်သူက အမဲသားဟင်း မချက်နိုင်တာကို ဒေါသဖြစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သူကိုယ်တိုင် မားဆွဲကာ ခြံထဲကနွားတစ်ကောင်ရဲ့ လျှာကို
ဖြတ်ပစ်လိုက်တယ်တဲ့ . . . ။

ပြီးတော့ အဲဒီသွေးသံရဲရဲနှင့် နွားလျှာကို ချက်ချင်းချ
ဖို့ ဇနီးဖြစ်သူကိုနိုင်းရော . . . လျှာဖြတ်ခံရတဲ့နွားကြီးကတေ
နေရာမှာပဲ အသက်ငင်ပြီး လဲကျသေဆုံးသွားရတယ်တဲ့ . . .

ဟင်းကျက်တာနဲ့ နွားသတ်သမားဟာ အမဲသားဟ
ကို အလောတကြီးခပ်စားလိုက်တဲ့အခါ သူ့လျှာဟာ ပူကျက်
လျှာရဲ့အရင်းက ပြတ်ကျလို့ ပါးစပ်ကနေ သွေးတွေယိုစီးကျလ
ရောတဲ့၊ သူလည်း ဖျတ်ဖျတ်ခါနာကျင်ခြင်းကြီးစွာဖြစ်ပြီး နွ
လိုအော်ကာ သေဆုံးသွားရတယ်၊ သေလွန်ပြီးတော့လည်း အ
ငရဲမှာ ကမ္ဘာပေါင်းများစွာ အပြစ်ဒဏ်ခံစားရတယ် . . . မှ
ကြီးရဲ့၊ ပါဏာတိပါတကံဟာ ဘယ်လောက်ကြောက်စရာကော
သလဲ . . . သင်လည်း အသက်အရွယ်ကြီးရင့်လာပြီ၊ ကို
ပြုလုပ်ခဲ့တဲ့ မကောင်းမှုတွေကို ပြန်ပြောင်းတွေးကြောက်ပြီး
ဒီမုဆိုးဆိုတဲ့ အကုသိုလ်အလုပ်ကို စွန့်လွှတ်သင့်ပြီ၊ ဘယ့်န
လဲ . . . သင် ဆက်မိုက်ချင်သေးသလား''

''တင် . . . တင်ပါ ဘုရားသခင်ဗျား . . . ကျွန် . . .
ကျွန်တော် ဒုစရိုက်အမှုကို ကြောက် . . . ကြောက်သွားပါ
ဒီ . . . ဒီနေ့ကစပြီး မုဆိုးအလုပ်ကို စွန့်လွှတ်လိုက်ပါတော့မ
ခင်ဗျာ၊ ဘုရားသခင်ပြောတာ မှန်ပါတယ် . . . ကျွန်တော်ရဲ့ ဘ





တစ်လျှောက်လုံး သားကောင်တွေရဲ့ အသက်ပေါင်းများစွာကို
သတ်ဖြတ်လုပ်ကြံပြီး အသက်မွေးခဲ့ပေမယ့် ကိုယ့်မှာသာ
အကုသိုလ်ကြီးမားသထက် ကြီးမားလာတယ်၊ လူကတော့ လူ
မွေးလူတောင်ပြောင်မလာခဲ့ပါဘူး၊ ရရှိတဲ့အကျိုးထက် ကိုယ်က
ပြန်ပြီးပေးဆပ်ရမယ့် အပြစ်ဒဏ်ခံရမှုက မမျှော်မှန်းနိုင်လောက်
အောင် ကြောက်စရာကောင်းမှန်း သိပါပြီခင်ဗျာ''

''ဒါ . . . ဒါပေမဲ့ ဘုရားသခင်ရယ် . . . ကျွန်တော်ကလည်း
မွေးကတည်းက ဒီတောဒီတောင်တွေထဲမှာပဲ ကျင်လည်ခဲ့ရသူ
ဆိုတော့ ဒီတော ဒီတောင်ကိုမှီပြီးပဲ လုပ်ကိုင်စားသောက်တတ်
ပါတယ်၊ သားကောင်တွေကို ပစ်ခတ်ဖမ်းဆီးရတဲ့ မုဆိုးအလုပ်
မှ မလုပ်ရဘူးဆိုရင် ဘယ်လိုဆက်ပြီး အသက်မွေးရမှန်းတောင်
မသိတော့ပါဘူးခင်ဗျာ''

''ရော် . . . ဒီတောတောင်ထဲမှာ သားကောင်တွေပဲ
ရှိသတဲ့လား၊ သဘာဝက ပေးအပ်ထားတဲ့သစ်ဥသစ်ဖု, ဆေးမြစ်
ဆေးနွယ်, ဂမုန်းအသွယ်သွယ်တို့ မရှိပေဘူးလား၊ အဲဒါတွေကို
ရှူးဆွတ်တူးဆွပြီး ဆေးဝါးပစ္စည်း, ပရဆေးပစ္စည်းအဖြစ် ရောင်း
ချ အသက်မွေးလို့ မရပေဘူးလား''

ရသေ့ကြီးဆိုမိန့်လိုက်မှ ဦးရော်ဂန်မှာ သတိရသွားပြီး

''အို . . . ဟုတ်ပေသားပဲ . . . ဘုရားသခင်ပြောမှ သတိရ
တယ်၊ ဟုတ်တယ် . . . ကျွန်တော် ဒီနေ့ကစပြီး အကုသိုလ်



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ဖြစ်တဲ့ တောလည်မုဆိုးဘဝကို စွန့်လွှတ်ပြီး တောခေါင်ထဲမှာ ဆေးဖက်ဝင်တဲ့ သစ်ဥသစ်ဖု, ဂမုန်းစတာတွေကို တောလည်ရှာဖွေတဲ့အလုပ်ပဲ လုပ်တော့မယ်၊ ရှာဖွေရရှိတဲ့ သစ်တောထွက် ပရဆေးပစ္စည်းတွေကို မြို့ဘက်ရောင်းပြီး အသက်မွေးတော့မယ်၊ အဲဒီအလုပ်ကမှ သမာအာဇီဝကျတဲ့ ဖြူစင်သန့်ရှင်းတဲ့ ကုသိုလ်လည်းရ ဝမ်းလည်းဝတဲ့ အလုပ်ပဲ''

ဦးနော်ဂန်မှာ ဝမ်းသာစွာပြောပြီးသည်နှင့် သူ၏လေးနှင့် မြားကျည်တောက်တို့ကို ခပ်လှမ်းလှမ်းရှိ ထမသိုင်းချုံကြားသို့ လွှင့်ပစ်လိုက်ပါတော့သတည်း။

♛ ♛ ♛

''ငါ ...မုဆိုးဘဝကနေလွတ်ပြီ၊ ခုလို ပရဆေးဖက်ဝင် သစ်မြစ်သစ်ဖု, ဂမုန်း စတဲ့သစ်တောထွက်ပစ္စည်းတွေ ရှာဖွေရောင်းချတဲ့ သမာအာဇီဝအသက်မွေးမှုဘဝရောက်ခဲ့ရတဲ့ အဖြစ်အပျက်ဆန်းကတော့ အဲဒီလိုပဲကွ မင်းစက်သာရဲ့''

''အင်း ...ဦးရီးနော်ဂန်ရဲ့အဖြစ်က အံ့သြစရာပဲနော်၊ တောကြီးမျက်မည်းထဲမှာ တောခြောက်တာတို့, တောတောင်ရဲ့ လှည့်ဖြားမှုမာယာဆိုတာတွေ တကယ်ရှိတာပဲနော်၊ ဒါထက်





...ဘရသေ့ဟာ ထူးခြားတဲ့ပုဂ္ဂိုလ်ကြီးဖြစ်တာတော့ ဟုတ်ပါပြီ၊ ဟို ...ကျွန် ...ကျွန်တော်ရဲ့ရောဂါကိုရော အဲဒီဘရသေ့က ပျောက်အောင်လုပ်ပေးနိုင်ပါ့မလား ...ကုပေးနိုင်ပါ့မလား ... ဦးရီးနော်ဂန်ရဲ့''

''ဒါ့အတွက်တော့ မပူပါနဲ့ကွာ ...ဘရသေ့တို့လို တောမှီရသေ့ သူတော်စင်ပုဂ္ဂိုလ်ကြီးတွေမှာ ငါတို့သာမန်လူတွေ မပြင်သိနိုင်တဲ့ စွမ်းရည်သိဒ္ဓိတွေ ရှိပါတယ်၊ တစ်ခုတော့ရှိတယ် ...မင်း သူ့ရဲ့စကားကိုတော့ တစ်သဝေမတိမ်း နားထောင်လိုက်နာရမယ် မင်းစက်သာ''

ဦးနော်ဂန်နှင့် မင်းစက်သာတို့မှာ မန္တလေးမှ ဗန်းမော်အထိ ဆန်တက်သော ကုန်တင်လှေကြုံဖြင့် လိုက်ပါခဲ့ခြင်းဖြစ်ရာ ရက်အတန်ကြာသည်တွင် ဗန်းမော်ဆိပ်ကမ်းသို့ ကုန်တင်လောင်းကိုယ်လှေကြီး ဆိုက်ကပ်တော့၏။

ဦးနော်ဂန်နှင့် မင်းစက်သာတို့လည်း ခရီးကြုံလိုက်ခကို လှေသူကြီးအား ရှင်းပေးပြီးနောက် ဗန်းမော်ဆိပ်ကမ်းသို့တက်ကာ ဆိပ်ကမ်းတွင်ဖွင့်လှစ်ထားသည့် ထမင်းဆိုင်မှာပင် နေ့လယ်စာထမင်းကို စားသောက်ကြလေ၏။

ခရီးစရိတ်ရော၊ လမ်းတစ်လျှောက်ဆိုက်ကပ်ရာ ဆိပ်ကမ်းများမှာ ထမင်းထုပ်၊ မုန့်စသည်တို့ ဝယ်ယူစားသောက်မှုစရိတ်ပါ ဦးနော်ဂန်က ကျခံလျက်ရှိရာ မင်းစက်သာမှာ သဘော



www.burmeseclassic.com

ကောင်းလှသော ကချင်တိုင်းရင်းသားကြီးအား လွန်စွာအားနာလျက် ရှိတော့၏။

ထို့ကြောင့် နေ့လယ်စာထမင်းစားသုံးရင်းမှ ဦးနော်ဂန်၏မျက်နှာကို မော့ကြည့်လိုက်ပြီး ...

''ဦးရီးနော်ဂန် ... ဦးရီးက ကျွန်တော့်အတွက် အလုပ်ပျက် အကိုင်ပျက်ခံ ခုလို လမ်းစရိတ်ရော, စားသောက်စရိတ်အတွက်ပါ ဒကာခံပြီး လိုက်ပို့တာကို ကျေးဇူးတင်လှပါတယ်ဗျာ၊ တကယ်လို့ ကျွန်တော် လူကောင်းသူကောင်းဘဝ ပြန်ရောက်လို့မန္တလေးက ကျွန်တော့်ရဲ့မိဘဘိုးဘွားပိုင် တြိမန္တစံအိမ်ကြီးဆီပြန်ရောက်တဲ့အခါ ကျွန်တော်ရဲ့အစ်မတွေကို ကျွန်တော့်ရဲ့ဘဝဖြစ်စဉ်ကိုပြောပြပြီး ဦးရီးရဲ့ကျေးဇူးကြီးမားလှပုံကိုပါ ပြောပြပါမယ်ဗျာ ...။

အစ်မလတ်ကတော့ မပြောတတ်ဘူး ... ကျွန်တော့်ကိုသိပ်ချစ်တဲ့ ကျွန်တော့်ရဲ့အစ်မကြီး မမြခြူးသာကတော့ ဦးရီးကိုသိပ်ကျေးဇူးတင်ပြီး ကျေးဇူးဆပ်မှာပါဗျာ၊ ကျွန်တော်ကိုယ်တိုင်လည်း ဘဝရဲ့အမှားတွေကို နောင်တရပြီး လောင်းကစား, မိန်းမလိုက်စားမှု စတာတွေ စွန့်လွှတ်ခဲ့ပြီမို့ ... မန္တလေးပြန်ရောက်ရင်ကောင်းရောင်းကောင်းဝယ် ပြုလုပ်မယ်၊ ကိုယ့်အစွမ်းအစနဲ့စီးပွားရှာဖွေမယ်ဗျာ၊ အဲဒီလို ရှာဖွေရရှိတဲ့အခါ ဦးရီးနော်ဂန်ကို ပြန်ပြီးကျေးဇူးဆပ်ပါ့မယ်ဗျာ''





ဟု အားပါးတရပြောရာ ဦးနော်ဂန်မှာ ပြုံးပြုံးကြီးလုပ်ကာ နားထောင်နေရာမှ ခေါင်းကိုဖြည်းညင်းစွာခါယမ်းလိုက်ပြီး

''ငါ့ကို အထူးကျေးဇူးတင်စရာမလိုပါဘူးကွာ၊ ငါ့ရဲ့ကူညီမှုကြောင့် လူတစ်ဖက်သားရဲ့ ရေတိမ်နစ် ဆုံးရှုံးပျက်စီးရမယ့်ဘဝလေး မပျက်စီးတော့ဘူးဆိုရင်ပဲ ငါကျေနပ်လှပါပြီ''

ဟု ပြောလိုက်ပါတော့၏။

♛ ♛ ♛

ဦးနော်ဂန်နှင့် မင်းစက်သာတို့မှာ ဗန်းမော်မှနေ၍ ဧရာဝတီမြစ်ကြီးကို ဆက်လက်ဆန်တက်ရမည်ဖြစ်ရာ ... ဗန်းမော်မြို့မှ အထက်ဘက်ဝယ် ယခုလိုဆောင်းနှောင်းရာသီ၌ သဲသောင်များထွန်းပြီး ဧရာဝတီမြစ်ကြီးသည် ရေရူးတိမ်သည့်နေရာ များသဖြင့် လှေကြီးများ၊ မော်တော်များနှင့် ဆက်လက်ဆန်တက်ရန် မဖြစ်နိုင်တော့ချေ။

ထို့ကြောင့် လှေဝမ်းပြားသည့် ဘောက်တူ (ခေါ်) သမ္ဗန်လှေတစ်စင်းကိုငှားကာ ... ခရီးဆက်ခဲ့ရလေ၏။

သူတို့၏ သမ္ဗန်လှေလေးမှာ ဗန်းမော်ဆိပ်ကမ်းမှ ထွက်ခဲ့ပြီးနောက် ... ညနေစောင်းလုလုဝယ် တာပိန်မြစ်ဝသို့

www.burmeseclassic.com



ရောက်ရှိခဲ့လေ၏။

တာပိန်မြစ်ဝမှ ကျော်သည်နှင့် ဧရာဝတီမြစ်၏ဝဲယ
ဝယ် သောင်များထွန်းလျက်ရှိကာ အချို့နေရာတို့တွင် မြ
ကြောင်းက လွန်စွာကျဉ်းသွားလေ့ရှိလေ၏။ သူတို့သမ္ဗန်လှေလေ
သည် တိမ်းဖာတောင်ခြေရှိ သဲသောင်ကမ်းစပ်ဝယ် တစ်ညတ
ခိုနားဆိုက်ကပ်ကြပြီးနောက် ...

နောက်နေ့နံနက်စောစောမှာပင် ခရီးဆက်ထွက်ခဲ့ရ
သုံးရက်လုံးလုံး ခရီးနှင်ခဲ့ပြီးနောက်မှာတော့ ... မြစေတီဆိုသည့်
ရွာအနီးသို့ရောက်ရှိလာတော့၏။

"ဟောဟိုမှာ ... စေတီတစ်ဆူပါလား"

မင်းစက်သာက ကမ်းစပ်တစ်နေရာမှ ထုံးဖွေးဖွေးနှင့်
စေတီတစ်ဆူကို လက်ညှိုးညွှန်ပြကာပြောလိုက်ရာ လှေသူကြီး
လုပ်သူက ...

"အဲဒါ မြစေတီလေ"

ဟု ပြောလိုက်ပြီးမှ ...

"အဲဒီမြစေတီရှိရာ အရပ်ဟာ ... ဟိုးရှေးခေတ်က
ငဆောင်ချမ်းလို့ခေါ်တဲ့ အရပ်ပေါ့"

ဟု ဆက်ပြောလေ၏။ မင်းစက်သာက အံ့သြဟန်ဖြင့်

"ဟုတ်လား ... ဘယ်လိုသမိုင်းဝင်တဲ့အရပ်လဲဗျ"

ဟုမေးလိုက်ရာ လှေသူကြီးက မြစေတီကိုငေးမျှော်ပြ





လိုက်ရင်းမှ

"လွန်ခဲ့တဲ့နှစ်ပေါင်း (၇၀၀) လောက်က အဲဒီငဆောင်
ချမ်းဒေသမှာ ရောမစစ်ပွဲကြီးတွေ ဖြစ်ဖူးခဲ့တယ်ဗျ"

ဟုပြောလိုက်ရာ မင်းစက်သာတင်မက ဦးနော်ဂန်ပါ
အံ့သြစိတ်ဝင်စားသွားကြပါတော့၏။

"ဟင် ... ဟုတ်လား၊ ဘယ်သူတွေနဲ့ ဘယ်သူတွေ
စစ်ဖြစ်ခဲ့တာလဲဗျ"

"ကျုပ်တို့မြန်မာနိုင်ငံကို ကျူးကျော်နယ်ချဲ့စော်ကားဖို့
ကြိုးစားလာတဲ့ မွန်ဂိုတာတာစစ်တပ်ကြီးနဲ့ ကျုပ်တို့ရဲ့ရှေးမြန်မာ
တိုင်းရင်းသားပေါင်းစုံပါဝင်တဲ့ စစ်တပ်ကြီးတို့ သုံးချီသုံးလား
ရောမစစ်ပွဲကြီးတွေ ဖြစ်ခဲ့တာဗျ"

"ဟုတ်လား ... အဲဒီလိုစစ်ပွဲကြီးတွေ ဆင်နွှဲတော့
နောက်ဆုံးဘယ်သူနိုင်သွားသလဲဗျ"

မင်းစက်သာက တကယ်ပင် စိတ်ဝင်စားစွာမေးလိုက်
ခြင်း ဖြစ်၏။ လှေသူကြီးလုပ်သူက အားရပါးရပြုံးလိုက်ပြီး ...

"ဘယ်သူနိုင်ရမှာလဲဗျာ ... ကျုပ်တို့မြန်မာတိုင်းရင်း
သားတွေ ,စည်းစည်းလုံးလုံးနဲ့ နယ်ချဲ့မိစ္ဆာတွေကို စွန့်လွှတ်စွန့်
စား တိုက်ထုတ်နိုင်ခဲ့လို့ ကျုပ်တို့မြန်မာစစ်တပ်ကြီးဘက်က နိုင်ခဲ့
တာပေါ့ဗျ၊ မွန်ဂိုတာတာစစ်သည်တွေဟာ သိန်းနဲ့ချီပြီး လိုမ့်
ဝင်လာခဲ့ပေမယ့် နောက်ဆုံး သူတို့ဟာ ကျုပ်တို့ရှေးမြန်မာတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ရင်းသားတွေရဲ့ စည်းလုံးညီညွတ်မှု, ဖွဲ့သတ္တိစွမ်းရည်ထက်မြက်မှု ဒဏ်ကို မခံနိုင်ဘဲ တပ်လန်ခဲ့ရတယ်ဗျ''

ဟု အားရပါးရကြီး ပြောပြရာ . . . မင်းစက်သာမှာ ပီတိဖြစ်စွာဖြင့် ခေါင်းတညိတ်ညိတ် ဖြစ်လျက်ရှိပါ၏။

ရှေးမြန်မာစစ်သည် အာဇာနည်ကြီးတို့ အောင်ပွဲခံခဲ့ရာ ငဆောင်ချမ်းအရပ်တည်ရှိခဲ့သည်ဆိုသော မြစေတီရွာလေးတည်ရှိရာ ဒေသတစ်ဝှမ်းသို့ မျက်လုံးဝေ့ကြည့်လိုက်မိသည့် မင်းစက်သာမှာ သူ၏နားထဲဝယ် ယခုပင် စစ်တံပိုးခရာသံများ၊ အောင်စည်အောင်မောင်း တီးခတ်သံများ၊ ဆင်တပ်တို့ တဝေါဝေါချီတက်လာသံများ၊ မြင်းခွာသံများ၊ အောင်ပွဲအတွက် ဝမ်းမြောက်အားတက်စွာ ဟစ်ကြွေးသံများကိုကြားယောင်မိသလိုလို ခံစားရလျက်ရှိပါတော့၏။

သို့သော် . . . ဤသို့လျှင် အံနိုငဆောင်ချမ်းအရပ်ဒေသ၌ ရှေးနှစ်ပေါင်း (၇၀၀) ခန့်က ဖြစ်ပွားခဲ့သော မွန်ဂိုတာတာတို့၏ ကျူးကျော်စစ်ကြီးကြောင့် သူ၏ဘဝဝယ် ထူးခြားဆန်းကြယ်သော အဖြစ်အပျက်များကို မကြာမီကာလများမှာပင် မလွဲမရှောင်သာစွာ ကြုံတွေ့ရပြီး သူကိုယ်တိုင် ကြေကွဲဖွယ်သေဆုံးရလိမ့်မည်ဖြစ်ကြောင်း မင်းစက်သာ မသိခဲ့ချေတကား။

## ဘုရသေ့နှင့်တွေ့ဆုံခြင်း

ဦးနော်ဂန်နှင့် မင်းစက်သာတို့၏သမ္ဗန်မှာ မြစ်ကမ်းတစ်ဖက်တစ်ချက်ဝယ် သဲသောင်ပြင်ကြီးများ၊ မြင့်မားသည့်တောင်ကမ်းပါးယံကြီးများရှိသည့် ဧရာဝတီမြစ်ကြီး၏ ပထမမြစ်ကျဉ်းထဲသို့ တရွေ့ရွေ့ဝင်ရောက်ခဲ့ရာ မြစ်၏အကျဉ်းဆုံးနေရာမှာ ကိုက်ငါးဆယ်ခန့်သာရှိကြောင်း တွေ့ရလေ၏။

ဧရာဝတီမြစ်ကြီး၏ ပထမမြစ်ကျဉ်းသည်ကား မြစ်ကြီးနားမြို့နယ် မြင်သာရွာမှ ဗန်းမော်မြို့နယ် မြစေတီကျေးရွာအထိ အလျား (၃၆) မိုင်ခန့်ရှိလေရာ မြစ်ကြောတစ်လျှောက်ဝယ် အောက်ချင်းငှက်များ၊ ကြိုးကြာငှက်ကြီးများနှင့် နှင်းကဲ့သို့ဖြူဆွတ်သောငွေဗျိုင်းဖြူတို့ မြူးထူးပျော်ပါးစွာ အစာရှာဖွေစား



www.burmeseclassic.com

www.burmeseclassic.com



သောက်လျက်ရှိသည်ကို တွေ့ရလေ၏။

ရှည်လျားလှစွာသော မြစ်ကျဉ်းအတိုင်းသုံးရက်ခန့်ခရီး နှင်လာပြီးနောက်မှာတော့ ဖိုးလုံးကျောက်ဆောင်ဟုခေါ်တွင်သည့် မြစ်ပြင်အတွင်းမှ ဖိုခုံလောက်ဆိုင်ကျောက်တုံးကြီး သုံးလုံးအနီး ရောက်ရှိလာရာ ယင်းကျောက်တုံးကြီးများနှင့် လွတ်စေရန် လက်ယာဘက်ကမ်းမှ ကပ်ကာ ဆန်တက်ခဲ့ရလေတော့၏။

သူတို့သမ္ဗန် ထိုနေရာသို့ရောက်ရှိလာချိန်မှာ ညနေခင်း နေဝင်ရီတရောအချိန် ဖြစ်လေ၏။ သူတို့သည် ရှေ့သို့ဆက်လက် ဆန်တက်လာရာ မြစ်ကွေ့တစ်ခုအလွန်ဝယ် ရောမဆင်ကြီးတစ်ကောင်မြစ်ပြင်ကို တရွေ့ရွေ့ဖြတ်ကူးနေသည်ကို တွေ့ရတော့၏။

''ဟာ ... ရှေ့မှာ ဆင်ကြီး ... ဆင်ကြီးတစ်ကောင်ပါ လား''

မင်းစက်သာက လက်ညှိုးထိုးပြရင်း ထိတ်လန့်တကြား အော်ဟစ်လိုက်လေ၏။ ညနေရီမှောင်ရီပျိုးစဝယ် မည်းမည်း သဏ္ဍာန်ဆင်ကြီးမှာ အလုံးအထည် လွန်စွာကြီးမားပြီး အရုပ်အ မောင်းကလည်း မြင့်မားလှပေရာ ရောမတောဆင်ရိုင်းကြီးဟု မင်းစက်သာက ယူဆသွားမိလေ၏။ ယင်းရောမတောဆင်ရိုင်း ကြီးအနီးသို့ သူတို့သမ္ဗန်လှေ ရောက်ရှိသွားပါက ဆင်ရိုင်းကြီးမှ အန္တရာယ်ပြုမည်ကို သူစိုးထိတ်သွားခြင်းပင်ဖြစ်သည်။

''ဟား .. ဟား .. ဟား .. အဲဒါ ကျောက်တုံးကြီးပါဗျ၊





ကယ် မဟုတ်ပါဘူး''

''ဟာ ... ဟုတ်လား''

မင်းစက်သာအံ့သြနေစဉ်မှာပင် သူတို့၏ သမ္ဗန်လှေ မြစ်လယ်ကောင်မှ ဆင်ပုံသဏ္ဍာန်ကျောက်တုံးကြီး၏အနီး သို့ ရောက်ရှိလာတော့၏။ ကျောက်တုံးကြီးသည်ကား အလျား (၅၀) ခန့်ရှိပြီး အမြင့် (၁၂) ပေခန့်ရှိရာ လွန်စွာကြီးမား လျက် ရင်သပ်ရှုမောအံ့သြဖွယ်ကောင်းလောက်အောင် ဆင် ကြီးတစ်ကောင်နှင့်တူလျက် ရှိလေ၏။ ယင်းဆင်သဏ္ဍာန် ကျောက်တုံးကြီးကို ညနေရီပိန်ပျပျအချိန်ဝယ် ... အဝေးမှတွေ့ရ သည်မို့ ရေလယ်ခေါင်၌ ဆင်ကြီးတစ်ကောင် တရွေ့ရွေ့ ဖြတ် ကူးနေဟန်ထင်ရလေ၏။

''ကဲ ... ရှေ့က ပတူကျောက်ဆောင်အနားရောက်ရင် ကမ်းရဲ့ဝဲဘက်မှာကပ်ပြီး ဒီညအဖို့ နားမယ်၊ ဒီနေရာဟာ ကျုပ် တို့ရဲ့ ခရီးလမ်းဆုံးပဲ''

ဦးနော်ဂန်၏ ဆုံးဖြတ်ချက်အတိုင်း လှေသမားတို့က မြစ်လယ်မှ (၁၂) ပေခန့်မြင့်သော ရေလယ်ကျောက်ဆောင်ကြီး အနီးရောက်ရှိလာသည်တွင် သမ္ဗန်ကို ဝဲဘက်ကမ်းရှိ သဲသောင် ပြင်၌ ကပ်လိုက်တော့၏။

ထိုနေ့ညဝယ် သဲသောင်ပြင်ပေါ်မှာ ညစာချက်ပြုတ်စား သောက်ကြပြီးနောက် အိပ်စက်ကြရာ မြစ်လယ်ကောင်ရှိ ပတူ



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဆောင်ကြီးဆီမှ တဝိဝိတဒိဒိအော်မြည်သံကြီးကို အ
ဆက်မပြတ်ကြားနေရရာ မင်းစက်သာက လဲလျောင်းနေရာမှ
ခေါင်းထောင်ကြည့်လိုက်ပြီး ...

''ဘာသံကြီးလဲ မသိဘူး၊ နားထဲမှာ ပတူကောင်တွေ
သိန်းသန်းချီပြီး အော်မြည်နေတဲ့အတိုင်းပဲ''

ဟု ပြောလိုက်ရာ ဦးနော်ဂန်က မှောင်ထဲမှာပင်ပြုံးလိုက်
ပြီး ...

''ရေလယ်ကောင်က ပတူကျောက်ဆောင်ကြီးရဲ့
အောက်ခြေနားမှာ နှစ်ပေပတ်လည်လောက်ရှိတဲ့ အပေါက်ကြီး
တစ်ပေါက် ရှိတယ်ကွ၊ အဲဒီအပေါက်ထဲ မြစ်ရေတွေ တဝိဝိ
တဒိဒိနဲ့အော်မြည်ပြီး စီးဝင်နေတဲ့အသံက ပတူကောင်တွေ အုပ်စု
လိုက်အော်မြည်သံနဲ့တူလို့ ... ပတူပေါက်လို့ ခေါ်ကြရာက ...
အဲဒီကျောက်ဆောင်ကြီးကို ပတူကျောက်ဆောင်လို့ ခေါ်ကြတာ
မင်းစက်သာရဲ့''

ဟု ရှင်းပြလိုက်ရလေ၏။ ထိုအခါမှ မင်းစက်သာက
...''သြော် ...'' ဟု အာမေဋိတ်သံပြုကာ ခေါင်းပြန်ချသွားပြီး
အိပ်စက်လိုက်ပါတော့၏။

♛ ♛ ♛





နောက်တစ်နေ့နံနက်ဝယ် ဦးနော်ဂန်က သမ္ဗန်လှေကို
ကမ်းစပ်မှာပင် နှစ်ရက်ခန့်စောင့်နေရန် မှာကြားပြီး မင်းစက်သာ
ကိုခေါ်လျက် ညို့မှိုင်းသောတောနက်ကြီးထဲသို့ စတင်ဝင်ရောက်
ခဲ့တော့၏။

''ဘရသေ့ဆီမှာ ဆေးကုခံရမှာက နှစ်ရက်လောက်ပဲ
ကြာမှာမို့လား ဦးရီးနော်ဂန် ... ဒါကြောင့် လှေသမားတွေကို
စောင့်ခိုင်းထားတာလား''

မင်းစက်သာက နားမလည်သဖြင့်မေးရာ ဦးနော်ဂန်က
ခေါင်းခါပြလိုက်ပြီး ...

''မဟုတ်ဘူးကွ ... မင်းကို လွယ်ပေါ်တောင်တန်းနား
က မဟာစက္ကနတောင်မှာ သီတင်းသုံးနေတဲ့ ဘရသေ့ဆီ လိုက်
ပို့ပြီးတာနဲ့ ငါက ဗန်းမော်ကိုပြန်ဆင်းမှာ၊ ဒါကြောင့် သမ္ဗန်ကို
စောင့်ခိုင်းထားခဲ့တာပဲ၊ ဗန်းမော်ကိုပြန်ဆင်းရတာက ဗန်းမော်မြို့
ကနေ အရှေ့ဘက် မိုင်နှစ်ဆယ်ကျော်လောက်အကွာမှာ တောင်
တန်းကြီးနဲ့ သစ်တောကြီးရှိတယ်ကွ၊ အဲဒီမှာ ငါလိုချင်တဲ့ ရှားပါး
မှုန်းဖြစ်တဲ့ ဂမုန်းဖြူရှိတယ်လို့ ဘရသေ့ပြောဖူးလို့ အဲဒီဂမုန်းဖြူ
ရှာဖွေဖို့ သွားရဦးမယ်''

ဟု ရှင်းပြလိုက်လေ၏။

''ဂမုန်းဖြူ ... ဟုတ်လား၊ ကျွန်တော်တော့ ဂမုန်းဖြူ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ မကြားဖူးဘူး၊ ဂမုန်းနီနဲ့ ဂမုန်းနက်ပဲ ကြားဖူးတယ် ဦးရိုးနော်ဂန်ရဲ့၊ သူက တော်တော်အဖိုးတန်သလား''

''အဖိုးတန်တာပေါ့ကွ ... ဂမုန်းဖြူဟာ သိဒ္ဓိဝင်ဂမုန်း (၁၀) မျိုးမှာ အဓိကပါဝင်တဲ့ဂမုန်းပဲ၊ သူက အရွက်စုံအောင် ထွက်ပြီးပြီဆိုတာနဲ့ တစ်နေရာတည်းမှာ အတည်မနေဘဲ သုံးနှစ်၊ ခုနစ်နှစ်, ဆယ်နှစ်စသည်ဖြင့် ကြာတာနဲ့ နေရာရွှေ့တော့တာပဲ ဒါကြောင့် ဂမုန်းဖြူကိုရဖို့ မလွယ်ဘူး၊ ဘရသေ့က ပြောတာတော့ သာမန်ဆေးဝါးအဖြစ်သာမက သိဒ္ဓိဝင်ဆေးစွမ်းကောင်းတစ် လက်အဖြစ် အသုံးပြုနိုင်တယ်တဲ့၊ ဂမုန်းဖြူဟာ များသောအား ဖြင့် ဟိမဝန္တာက အနောဝတတ်ရေအိုင်နားက ပစ္စေကဗုဒ္ဓါတို့ ပွင့်ရာ ဂန္ဓမာဒနတောင်သီလာကျောက်ဖျာရှိရာအရပ်မှာပဲ ဖြစ် ထွန်းတတ်တယ်၊ အခုပေ (၆၀၀၀) လောက်မြင့်တဲ့ ဗန်းမော်တို့ မိုးမောက်တို့ရဲ့ အရှေ့စူးစူးအရပ်က တောင်တန်းကြီးရဲ့အမြေ တောနက်ထဲမှာရှိတယ်လို့ သိရလို့ ... အေးအေးဆေးဆေး အချိန်ယူပြီး သွားရှာရဦးမယ်ကွ''

သူတို့သည် စကားတပြောပြောဖြင့် တောနက်ထဲသို့ဝင် ရောက်လာကြရာ တစ်နေ့တာခရီး ကုန်လွန်ခဲ့ပြီး ညဥ့်အမှောင် သို့ရောက်လုလုတွင်မှ ပေ (၆၀၀) ခန့်မြင့်မားသည့်တောင်ကုန်း တစ်လုံး၏ အခြေနားသို့ရောက်ရှိလာတော့၏။

''ဘရသေ့ရဲ့ဂူကို ရောက်ပြီကွ ... ရှေ့ကတောင်ကြီ





ဟာ မဟာစက္ကနုတောင်ပဲ၊ ဒါကြောင့် ဒီတောင်မှာ သီတင်းသုံးတဲ့ ဘရသေ့ကိုလည်း မဟာစက္ကနုရသေ့လို့ ဘွဲ့အမည်ခေါ်တွင်တယ်၊ ဘရသေ့မှာ ညီတစ်ဦးလည်း ရှိတယ်၊ ဘရသေ့ရဲ့ညီကလည်း ရသေ့ပဲ၊ ဒီတောင်ရဲ့ အနောက်စူးစူးအရပ်မှာရှိတဲ့ စူဠစက္ကနု တောင်မှာ သီတင်းသုံးတယ်၊ ဒါကြောင့် အဲဒီဘရသေ့ကိုလည်း စူဠစက္ကနုရသေ့လို့ ဘွဲ့အမည်ခေါ်တယ်ကွ ... မှတ်ထား၊ သူတို့ ရသေ့ညီနောင်ဟာ ဘယ်ဇာတိလဲတော့ ဘယ်သူမှမသိဘူး၊ ငါ လည်း မမေးရဲဘူး၊ စက္ကနုတောင် ညီနောင်မှာ တစ်တောင်စီခွဲပြီး ကေစာရိကျင့်ကြံနေကြတဲ့ သူတော်စင်တွေပဲ''

သူတို့သည် စကားပြောရင်း အတွင်းမှမီးရောင်လဲ့လဲ့မြင် ရသော ကျောက်ဂူ၏အဝသို့ရောက်ရှိလာကြတော့၏။

''လာ ... ငါတို့ ဂူထဲဝင်ကြစို့''

မင်းစက်သာတို့မှာ သဘာဝကျောက်ဂူကြီးထဲသို့ ဝင် ရောက်သွားရာ အေးစိမ့်နေသောဂူကြီးထဲဝယ် မီးဖိုတစ်ဖိုထား သဖြင့် အလင်းရောင်နှင့်အတူ အတော်အတန်အနွေးဓာတ်ကို ရရှိနေပါတော့၏။

ဘရသေ့သည်ကား မီးပုံ၏တစ်ဖက်မှ ဂူနံရံအနီးရှိ ကျောက်ဖျာတစ်ချပ်ပေါ်ဝယ် တည်ငြိမ်စွာထိုင်လျက်ရှိပြီး ... ဂူထဲ သို့ဝင်ရောက်လာသည့် မင်းစက်သာတို့ကို အေးချမ်းတည်ငြိမ် သောမျက်လုံး ညိုညိုများဖြင့် ခပ်မဆိတ်ကြည့်လျက်ရှိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘရသေ့မှာ သစ်ခေါက်ဆိုးဝတ်ရုံကို ဆင်မြန်းထား သော်လည်း ဒေါက်ခြာဆောင်းထားခြင်း မရှိဘဲ ဘရသေ့၏ ဒေါက်ခြာမှာ နံ့ဘေးရှိကျောက်တုံးတစ်တုံးပေါ်မှာ တွေ့ရလေ၏။

အသက်အားဖြင့်ခန့်မှန်းရခက်သော ရသေ့၏အသားအ ရေမှာ စိုပြည်ဝင်းဝါလျက်ရှိကာ ခန္ဓာကိုယ်က အတန်ငယ်ပိန်လို ဟန်ရှိလေ၏။ ဦးခေါင်းရှိဆံပင်စုကို ဦးခေါင်း၏ထိပ်တည့်တည့် ၌ လက်ယာရစ် ထုံးဖွဲ့ကျစ်ထားလေ၏။

ဘရသေ့သည် လက်ထဲမှာ ကိုင်ထားသည့်ပုတီးကိုစိပ် လျက်မှ ဦးနော်ဂန်ကို ခပ်ပြုံးပြုံးကြည့်နေရာ ဘရသေ့၏ မျက် နှာမှာ ကြည်ညိုဖွယ်ငြိမ်းချမ်းလှကြောင်း မင်းစက်သာမှတ်ချက် ချမိတော့၏။

ဦးနော်ဂန်နှင့် မင်းစက်သာမှာ ဘရသေ့၏ ရှေ့နှစ်လံ ခန့်အကွာ မီးပုံ၏နံဘေးဝယ် ရိုသေစွာထိုင်ချလိုက်ပြီး ရှိခိုးကန် တော့ဂါရဝပြုလိုက်ကြပြီးနောက် . . . ဦးနော်ဂန်က ပဋိသန္ဓာရ စကားဆိုလိုက်၏။

''ဘရသေ့ . . . ကျန်းမာတယ်နော်''

''အေး . . . ကျန်းမာပါရဲ့ကွယ်၊ ကဲ . . . အကြောင်းကိစ္စ ထူး ရှိလို့လာတာ မဟုတ်လား . . . ဆိုစရာရှိတာ ဆိုပါကွယ်''

ဘရသေ့က စကားလမ်းဖွင့်ပေးလိုက်သည်နှင့် ဦးနော် ဂန်မှာ လာရင်းကိစ္စကို ခရေစေ့တွင်းကျ ပြောပြလိုက်လေ၏။





ဘရသေ့သည် ဦးနော်ဂန်၏စကားကို ဆုံးအောင်နား ထောင်ပြီးမှ မင်းစက်သာအား စူးစိုက်ကြည့်လိုက်ပြီးလျှင် . . .

''မောင်မင်းစက်သာ . . . မိမိရဲ့မိုက်ပြစ်ကြောင့် မိမိ ...ဝ ပျက်စီးရပါလားလို့ သိမြင်ပြီး ကျူးလွန်မှားယွင်းခဲ့သမျှ ...ပေါ် နောင်တ တကယ်ရပြီဆိုရင် မင်းမှာခံစားနေရတဲ့ ကုဋ္ဌ ...နာရောဂါပျောက်ကင်းအောင် ကျုပ်ကုပေးပါ့မယ်၊ ကျုပ်ရဲ့ ...ကားကိုတော့ မြေဝယ်မကျနားထောင်ဖို့ လိုလိမ့်မယ်''

ဟု တစ်ခွန်းချင်းမိန့်ဆိုလိုက်ရာ မင်းစက်သာမှာ လွန် ... ဝမ်းသာသွားပြီး . . .

''ကျေးဇူးကြီးလှပါတယ် ဘရသေ့ခင်ဗျာ၊ ကျွန်တော် ...အမှားကို ကျွန်တော် တကယ်သိပြီး နောင်တရလှပါပြီ ခင်ဗျာ၊ ...ရသေ့ရဲ့စကားကိုလည်း မြေဝယ်မကျ နားထောင်ပါ့မယ်လို့ ...တိပြုပါတယ်ခင်ဗျာ၊ ကျွန်တော်ရဲ့ရောဂါကိုသာ ပျောက် ...အောင်ကုပေးပါခင်ဗျာ''

ဟု စိတ်အားထက်သန်စွာ တောင်းပန်ခြင်းပြုလေ၏။ ထို့နောက် မင်းစက်သာက မဝံ့မရဲဟန်ဖြင့် ဘရသေ့ကို ...မေလျှောက်ခြင်းပြုလေ၏။

''ဘရသေ့ခင်ဗျာ . . . ကျွန် . . . ကျွန်တော်မသိလို့ ...လျှောက်ပါရစေ . . . ကျွန်တော်ဟာမကောင်းတဲ့ မိန်းမတွေနဲ့ ...ပါးပြီး . . . ကာမဂုဏ်လွန်ကျူးမှုပြုလို့ ဒီကုဋ္ဌနူနာရောဂါ



www.burmeseclassic.com

www.burmeseclassic.com



ဓွဲကပ်လာရခြင်းဖြစ်ပါတယ် ဘုရားသေ့ ခင်ဗျာ ...။

ဒါပေမဲ့ ... ကျွန်တော့်လိုပဲ မိန်းမတွေနဲ့ပျော်ပါးလွ ကျူးတဲ့ ကျွန်တော့်ရဲ့မိတ်ဆွေတွေမှာ ဒီလိုဖြစ်တာမတွေ့ရပ ဘာကြောင့် ကျွန်တော့်မှာမှဖြစ်ရပါသလဲ ... ပြီးတော့ ကုသ ရော ပျောက်ပါ့မလားလို့ သံသယဖြစ်မိပါတယ် ခင်ဗျာ''

''ဒီလိုရှိတယ် မောင်မင်းစက်သာရဲ့ ... လူတွေဟ တစ်ဦးနဲ့တစ်ဦး အတိတ်ကံချင်း မတူဘူး၊ မကောင်းမှုတစ် မလျော်ကန်မှုတစ်ခုကို အတူတူပြုပါလျက် ... ငါ့ကျတော့ပြ တယ်, သူ့ကျတော့မဖြစ်ဘူးလို့ ပြောလို့မရဘူး၊ ဒါတွေဟ အတိတ်ကံနဲ့လည်း ဆိုင်တယ် ...။

ငါတို့ရဲ့ မြတ်စွာဘုရားရှင် နိဗ္ဗာဓာရုံကျောင်းတေ မှာ သီတင်းသုံးတော်မူနေစဉ်မှာ ရောဟိနီဆိုတဲ့ မင်းသမီးတေ ဟာ အလိုအလျောက်နေရင်းထိုင်ရင်း ကုဋ္ဌနူနာကိုယ်ရေပြ ရောဂါ ဖြစ်တော့ ရှက်ပြီး အိမ်ထဲကအိမ်ပြင်မထွက်ဝံ့ဘဲ တ တရယ်ရယ်နဲ့ သေချင်လောက်အောင် စိတ်ညစ်နေရတယ်၊ ဆရာအမျိုးမျိုးနဲ့ ငွေဘယ်လောက်အကုန်ခံပြီး ကုကု ရေ မပျောက်ဘူးတဲ့ ...။

အဲဒီအကြောင်းကို သိတော်မူသွားတဲ့ အနုရုဒ္ဓါ မထေရ်တစ်ပါးက မင်းသမီးကို သူ့ရဲ့ရှေ့မှောက်ခေါ်ယူပြီး ဆွမ်းစားဇရပ် ဆောက်လုပ်လှူဒါန်းစေတယ်၊ ပြီးတော့ ...





ပေါ်အောက် တံမြက်စည်းလှည်းပြီး သန့်ရှင်းရေးလုပ်စေတယ်၊ သောက်ရေအိုးတွေကို ရေဖြည့်စေတယ် ...။

အဲဒီလိုကောင်းမှုကုသိုလ်ဒါနတွေ ပြုနေတုန်းမှာပဲ ရော ဟိနီမင်းသမီးရဲ့ ခန္ဓာကိုယ်အရေပြားပေါ်က နူနာတွေဟာ ဖြည်းဖြည်းပျောက်ကင်းသွားစ ပြုလာခဲ့တယ် ...။

အဲဒီနောက် ... မထေရ်မြတ်က မြတ်စွာဘုရားအမှူး တဲ့ သံဃာတော်တွေကို ပင့်ဖိတ်ပြီး ဆွမ်းစားဇရပ်သစ်မှာ ဆွမ်းခဲဖွယ်တို့ကို ဆက်ကပ်လှူဒါန်းစေတယ် ...။

အဲဒီလိုနဲ့ အလှူနေ့မှာ မြတ်စွာဘုရားအမှူးရှိတဲ့ သံ ဃာတော်မြတ်တွေဟာ ရောဟိနီမင်းသမီး လှူဒါန်းဆက်ကပ်တဲ့ ဆွမ်းခဲဖွယ်တို့ကို ဘုဉ်းပေးပြီးတဲ့နောက် ရောဟိနီမင်းသမီးက မှဟာ ဘာကြောင့် ခုလိုရောဂါဆိုးကြီးစွဲကပ်ရပါသလဲ ဘုရား မေးလျှောက်တယ် ...။

အဲဒီအခါ မြတ်စွာဘုရားက ရောဟိနီမင်းသမီးရဲ့ ရှေး အတိတ်ဘဝက ကျူးလွန်ခဲ့တဲ့မကောင်းမှုကံကို ဟောပြတော်မူ တယ် မောင်မင်းစက်သာရဲ့ ...။

အတိတ်ဘဝ ဗာရာဏသီပြည့်ရှင်မင်းကြီးရဲ့ မိဖုရား စဉ်က ကချေသည်မတစ်ဦးကို မိဖုရားကြီးက ရန်ငြိုးဖွဲ့ပြီး ကချေသည်မရဲ့ အိပ်ရာကောဇောအခင်းတို့ပေါ်ကို ခွေးလေးယား မှုန့်တွေ ဖြူးထားဖို့ သူ့ရဲ့လူယုံအစေအပါးတွေကို ခိုင်းခဲ့



www.burmeseclassic.com

www.burmeseclassic.com



တယ် ...။

ကချေသည်မဟာ ခွေးလှေယားသီးမှုန့်တွေဖြူးထား
ကောဇောအခင်းအပေါ် နင်းလျှောက်လို့ အိပ်ရာပေါ် လှူး
အိပ်လိုက်မိတဲ့အခါ တစ်ကိုယ်လုံး မခံမရပ်နိုင်လောက်အေ
ယားယံပြီး ခန္ဓာကိုယ်တစ်ခုလုံးမှာ မီးလောင်ဖုတွေလိုဖြစ်
ခဲ့ရတယ် ...။

အဲဒီလို အတိတ်ဘဝမိဖုရားကြီးဖြစ်စဉ်က ပြုခဲ့မိ
မကောင်းမှုကံကြောင့် အခုဘဝမှာ ကိုယ်ရေပြားရောဂါဖြ
တာပဲလို့ မြတ်စွာဘုရားက ဟောကြားရှင်းပြတော်မူခဲ့တယ်ကွ

အဲဒီလိုဟောပြောတော်မူတဲ့ မြတ်စွာဘုရားဒေသ
တော် အဆုံးမှာ ရောဟိနီမင်းသမီးဟာ သတိသံဝေဂ နော
ကြီးစွာရပြီး ... မကောင်းမှုကံရဲ့ ဆိုးကျိုးကိုသိမြင်သွားခဲ့တ
အဲဒီလို တရားရသွားတဲ့အခါမှာလည်း သောတာပတ္တိဖိုလ်
တည်ပြီး ရောဟိနီရဲ့တစ်ကိုယ်လုံးက အရေပြားရောဂါဝေ
တွေဟာ ပိန်းကြာရွက်ပေါ်မှာ ရေမတင်သလို လုံးဝပျောက်
သွားပြီး ရွှေအဆင်းနဲ့တူတဲ့ ကိုယ်ခန္ဓာဖြစ်သွားတော့တယ်
မောင်မင်းစက်သာရဲ့ ...။

ဒါကြောင့် ... လူတွေသတ္တဝါတွေက အတိတ်ကံ
မတူဘူးလို့ ပြောရခြင်းဖြစ်တယ်၊ ပြီးတော့ ... ဘယ်ဆေးသ
သမားတော်မှ ကုမရတဲ့ ဝဋ်နာကံနာတို့ကို ဆေးဝါးနဲ့အ





ကောင်းမှုကုသိုလ်ပြုလုပ်ခြင်းတို့နဲ့ တွဲဖက်ကုရင် ပျောက်နိုင်တယ်
လို့ ဆိုရခြင်းဖြစ်တယ်ကွယ့် ...။

ဒီတော့ ... မင်းဟာ ကျွန်ုပ်ရဲ့ဆေးဝါးကုသမှုကိုလည်း
ခံယူရမှာဖြစ်သလို ... ကျွန်ုပ်ညွှန်ပြတဲ့အတိုင်း ကောင်းမှု
ကုသိုလ်အလုပ်တွေ တစ်သဝေမတိမ်း လိုက်နာလုပ်ဆောင်မယ်
ဆိုရင် မင်းရဲ့ဝေဒနာတွေ ပျောက်ကင်းစေမှာ အမှန်ပါပဲ''

ဘရသေ့၏ စိတ်ရှည်လက်ရှည်ရှင်းပြသော စကားအ
ဆုံးဝယ် ... မင်းစက်သာမှာ ရှင်းလင်းစွာ သဘောပေါက်သွား
သဖြင့် ဘရသေ့ကို ကျေးဇူးတင်လှစွာ ရှိခိုးဦးခိုက်ဂါရဝပြုလိုက်ပါ
တော့၏။

♛ ♛ ♛

ဦးနော်ဂန်ပြန်သွားသည့်နေ့မှစ၍ ဘရသေ့က မင်းစက်
သာကို ဂူတွင်းဂူပြင်သန့်ရှင်းရေး လုပ်စေ၏။ ဘရသေ့သောက်
ရန်၊ ချိုးရန်ရေကို မြောင်အတွင်းရှိ စမ်းချောင်းမှ ခပ်စေ၏။
ပြီးနောက် အချိန်ရသရွေ့ သမထအလုပ်ကို လုပ်စေ၏။

သမထအလုပ်ဖြစ်သော ဖြစ်ပျက်ကို ရှုမှတ်စေ၏။ အစ
ပထမတွင် မင်းစက်သာမှာ စိတ်ပျံ့လွင့်ပြီး စိတ်တည်ငြိမ်မှု



www.burmeseclassic.com

သမာဓိ လုံးဝမရချေ။

နေ့ရက်များစွာ သမထအလုပ်ကိုလုပ်လာမှ တစ်စ တစ်စဖြင့် သမာဓိရပြီး စိတ်တည်ငြိမ်လာ၏။ သမာဓိရလာသဖြင့် စိတ်ထဲဝယ် အကုသိုလ်လည်း ကင်းလာပါတော့၏။ သူသည် နေ့ဖက်တွင် ဂူတွင်းဂူပြင်သန့်ရှင်းရေး ပြုလုပ်ခြင်း၊ ဘရသေ့အတွက် သောက်ရေ,ချိုးရေခပ်ပေးခြင်း၊ တောတောင်ထဲလှည့်ကာ သစ်သီးသစ်ဥတို့ ခူးဆွတ်တူးဆွယူလာပြီး ဘရသေ့စားဖို့ ဆက်ကပ်လှူဒါန်းခြင်း စသည့်ကောင်းမှုကုသိုလ်များလုပ်သလို ညဘက်ဝယ် သမထအလုပ်ကို ညစဉ်မပျက် ပြုလုပ်လေ၏။ ယင်းအပြင် ဘရသေ့ဖော်စပ်ပေးသော ဆေးမှုန့်တို့ကို အရည်ဖျော်လျက် တစ်ကိုယ်လုံးအနှံ့ လိမ်းကျံကာ ဘရသေ့ပေးသည့် ဆေးမြစ်၊ ဆေးဥ၊ ဆေးခေါက်တို့ကို သွေး၍သောက်တန် သောက်၏။ ပြုတ်ပြီးသောက်တန် သောက်၏။

ဤသို့ ရက်ပေါင်းများစွာ ပြုလာပြီးနောက်မှာတော့ မင်းစက်သာ၏ ကိုယ်ရေပြားရောဂါတို့မှာ တစ်စတစ်စ သိသိသာသာ ပျောက်ကင်းလာခဲ့ပါတော့၏။

♛ ♛ ♛ ♛ ♛

## လျှို့ဝှက်ရတနာတို့၏ သပိုင်းအစ

တစ်နေ့သ၌ ...

လျော်တေသက်နုံးဝတ်ရုံကြီး ဝတ်ကာ ဒေါက်ခြာဆောင်းထားသော ရသေ့တစ်ဦးသည် မဟာစက္ကနုတောင်ခြေသို့ တောင်ဝှေးတစ်ချောင်းကိုင်ကာ ရောက်ရှိလာလေ၏။ ဤရသေ့မှာ စူဠစက္ကနုတောင်မှလာသော စူဠစက္ကနုရသေ့ပင် ဖြစ်ပါ၏။

စူဠစက္ကနုရသေ့သည် နောင်တော်မဟာစက္ကနုရသေ့ထံ လာရောက်ခြင်းဖြစ်ပေ၏။ မဟာစက္ကနုတောင်သို့ မင်းစက်သာ ရောက်ရှိခဲ့ပြီးသည့် တစ်နှစ်တာပတ်လုံး စူဠစက္ကနုရသေ့မှာ ယခုလို လုံးဝမလာရောက်ဖူးချေ။ ယနေ့မှ ထူးထူးခြားခြား ရောက်ရှိလာခြင်းဖြစ်လေ၏။

---

ခု နှစ် စဉ် ကြွယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



စူဠစက္ကနုရသေ့ ရောက်ရှိလာသည့်အချိန်က မင်းစက်သာမှာ စမ်းချောင်းမှရေခပ်ပြီးသဖြင့် နားနေသောအချိန်ဖြစ်လေ၏။ သူသည် ဂူဝနှင့်မျက်စောင်းထိုး ဝါးတစ်ရိုက်ခန့်အကွာရှိ သင်ဂဒူပင်ကြီး၏ပင်စည်ကို ကျောမှီကာ အပန်းဖြေထိုင်နားနေသည်။ စူဠစက္ကနုရသေ့သည် ဂူဝအနီးရောက်ရှိလာပြီးနောက် မင်းစက်သာကို တွေ့လေလျှင် မျက်မှောင်ကြုတ်ကာ အတန်ကြာရပ်ကြည့်နေပြီးမှ ဂူထဲသို့မဝင်သေးဘဲ မင်းစက်သာထံ လျှောက်လာလေ၏။

စူဠစက္ကနုရသေ့၏မျက်နှာမှာ စိတ်ရှုပ်ထွေးဟန် ဖြစ်ပေါ်လျက်ရှိပြီး မင်းစက်သာကို သဘောမကျသလိုကြည့်ကာ ခပ်ဆတ်ဆတ်မေးလိုက်လေ၏။

"ဟေ့ ... မောင်ရင် ... မင်းဘယ်သူလဲ"

မင်းစက်သာမှာ ဒူးတုပ်ထိုင်ကာ လက်အုပ်ချီလိုက်ပြီ

"တင်ပါ၊ ကျွန်တော့်နာမည် မင်းစက်သာပါ ဘရသေ့"

"မင်း ... ဒီဂူနားမှာ ဘာလာလုပ်နေတာလဲ ... မင်းဟာ တြိယက္ခတောင်က လူတွေထဲကမဟုတ်လား"

ရသေ့၏အမေးစကားကြောင့် မင်းစက်သာ အံ့အားသင့်သွားလေ၏။ တြိယက္ခတောင်ဆိုသည်မှာ ဤမဟာစက္ကနုတောင်မှ ဆယ်မိုင်ခန့်ဝေးသော ကောက်ကွေ့ချောင်းဖျားရှိ တောနက်ထဲမှာ ရှိကြောင်း ဘရသေ့ကပြောဖူးသဖြင့် ကြားရုံသာကြားဖူ





ပြီး လုံးဝမရောက်ဖူးသေးချေ။

"မဟုတ်ပါဘူးဘရသေ့ ... ကျွန်တော်က ဒီကဘရသေ့တပည့်ပါ"

"ဩော်"

စူဠစက္ကနုရသေ့မှာ အံ့သြသွားပြီး အလိုမကျသလို မျက်မှောင်ကြုတ်လိုက်ကာ မကျေမချမ်းရေရွတ်လိုက်လေ၏။

"ငါ့အစ်ကိုကလည်း လုပ်လိုက်ပြန်ပြီ ... လောကီလူပွတ် လူတို့ဇာတ်ကို စိတ်ရှုပ်,စိတ်ကုန်လို့ လူသူဝေးရာ တောက်ထဲ လာပြီး ကေစာရိကျင့်နေခါမှ လူပိုတွေ ခေါ်,ခေါ်ထားရတယ်လို့ ... ဟိုတစ်ခါလည်း အကုသိုလ်ကောင်မှုဆိုးကို ခေါ်ပြီးတပည့်မွေးလိုက်သေးတယ်၊ ခုလည်း တစ်ယောက်"

စူဠစက္ကနုရသေ့သည် သူ့ဘာသာ မြည်တွန်တောက်တီးညည်းညူနေရာမှ မကျေနပ်နိုင်သေးဘဲ မင်းစက်သာကို ဘုဆတ်ဆတ်မေးလိုက်ပြန်၏။

"ဟေ့ ... မောင်ရင် ... မင်းကရော ဘာလဲ"

"ကျွန် ... ကျွန်တော်မှုဆိုးမဟုတ်ပါဘူး ခင်ဗျာ ... ယောင်းကစား ... အဲလေ ... ဟို ... ဟို ... တစ်ရာ့ကိုး ... တစ်ရာ့တစ်ဆယ်ပါ"

"ဘာလဲကွ ... တစ်ရာ့ကိုး ... တစ်ရာ့တစ်ဆယ်"

"အလုပ်လက်မဲ့ပါ ဘရသေ့"



www.burmeseclassic.com

www.burmeseclassic.com



''ကောင်းကွာ''

ရူဠစက္ကနုရသေ့မှာ မင်းစက်သာအား စားတော့ဝါးတေ မလိုကြည့်လိုက်ပြီးနောက် ... ဟောက်လိုက်ပြန်၏။

''ဟော့ ... မောင်ရင် ... မင်း ... ငါရှိနေတုန်း ဂူ လုံးဝ မဝင်လာနဲ့ ... ငါ့အစ်ကိုနဲ့ငါ အရေးတကြီးပြောစ ရှိတယ် ... နားလည်လား''

''ဟုတ် ... ကဲ့''

ရူဠစက္ကနုရသေ့မှာ မင်းစက်သာကို မျက်လုံးတစ်ချ စွေကြည့်လိုက်ပြီးနောက် လျော်တေဝတ်ရုံကိုမ,ကာ ... ခြေလှ ကျဲကြီးများဖြင့် ဂူထဲသို့ ဝင်သွားပါတော့၏။

မင်းစက်သာမှာ သက်ပြင်းချလိုက်ပြီးနောက် ...

''အင်း ... လူအမျိုးမျိုး စိတ်အထွေထွေ အကျင့်စရိုက် သီးခြားဆိုတာ တယ်ဟုတ်ပါလား၊ အစ်ကိုဖြစ်သူ ဘရသေ့က သိမ်မွေ့ပြီး သဘောကောင်းတဲ့ တကယ့်မေတ္တာသမား၊ ညီဖြစ်တဲ့ ရူဠစက္ကနုရသေ့ကတော့ ရသေ့ဖြစ်ပြီး စကားပြော မသိမ်မွေ့ မချောင်လိုက်တာ ... ဒေါသလည်းအတော်ကြီးပုံရတယ်၊ သူ ... ငါ့ရဲ့ဘရသေ့ကို ဘာလာပြောမလို့ပါလိမ့် ... ငါ့ကို မောင် ထုတ်ဖို့ပါ ပြောချင်ပြောမှာ''

မင်းစက်သာမှာ တွေးရင်းတွေးရင်းဖြင့် ရူဠစက္ကနုရသေ့ ဘာစကားလာပြောမလဲဟု သိချင်စိတ် ပြင်းပြလာတော့၏။





ချင်ပါက ရူဠစက္ကနုရသေ့ဘာပြောသည်ကို နားထောင်ရန်ကိစ္စမှာ အလွယ်လေးဖြစ်၏။ ဤမဟာစက္ကနုတောင်ပေါ်သို့ သူအခါခါတက်ဖူးသဖြင့် အတွင်းလိုဏ်ဂူကြီးသို့ အမိုးဘက်မှလှည့်ဝင်နိုင်သော လျှို့ဝှက်လမ်းကိုတွေ့ထားပြီးဖြစ်လေ၏။ ယင်းလမ်းကိုလည်း သူက တောင်ပေါ်ဝယ်ပေါက်ရောက်နေသည့် မှိုများကို လိုက်ခူးရင်း မမျှော်လင့်ဘဲ တွေ့ခဲ့ရခြင်းဖြစ်လေ၏။

နောက်ဆုံးတွင် သူသည် ဒေါသကုပ္ပာရဖြစ်ပုံရသော ရူဠစက္ကနုရသေ့ကိုရော ... ယင်းရသေ့ပြောမည့်စကားကိုပါ စိတ်ဝင်စားသဖြင့် သူ ဘာစကားများပြောမည်ကို နားထောင်ရန် ဆုံးဖြတ်လိုက်ပြီး ထိုင်ရာမှထကာ မဟာစက္ကနုတောင်ပေါ်သို့ တက်ခဲ့ပါတော့၏။

သူသည် တောင်ကိုပတ်ကာ တစ်ဝက်နီးပါးခန့် တက်လာပြီးနောက် ... ချုံကြီးတစ်ခု၏ ခြေရင်းနားမှ ကျောက်တုံးကြီးတစ်လုံးကို အားစိုက်တွန်းလိုက်လေ၏။ ယင်းကျောက်တုံးကြီး၏ ပတ်ပတ်လည်နေရာမှာ မိုးဦးကျကာလဝယ် ... မှိုအလွန်ပွင့်သောနေရာ ဖြစ်လေ၏။

ကျောက်တုံးကြီး လိမ့်သွားသည်နှင့် သဘာဝဂူပေါက်ငယ်ကို တွေ့ရရာ ... ယင်းဂူပေါက်ထဲသို့ လေးဖက်ထောက်ဝင်ရောက်ခဲ့တော့၏။ မှောင်မည်းနေသော ဂူပေါက်အတိုင်း အတန်ကြာဝင်ရောက်ခဲ့ပြီးနောက် ဂူပေါက်မှာ တစ်စတစ်စ ကျယ်လာ



www.burmeseclassic.com

www.burmeseclassic.com



ကာ အလင်းရောင်ကို တွေ့လာရ၏။ သို့ဖြင့် ချောင်ချောင်ချိချိ လျှောက်လာနိုင်သော နေရာသို့အရောက်ဝယ် ရှေ့၌ ကျောက်ချပ်ကြီးတစ်ချပ်ထောင်ထားသည်ကို တွေ့ရပြီး ယင်းကျောက်ချပ်ကြီးပေါ်မှ ကျော်ကြည့်လိုက်သည်နှင့် အောက်ဘက်မှဂူလိုဏ်ကြီးကို တွေ့ရပါတော့သတည်း။

♛ ♛ ♛

''မင်းလည်း ... တောထွက်ရသေ့သာ လုပ်နေတယ်၊ လူဝတ်ကြောင်တုန်းကလိုပဲ ဒေါသကြီးတာတွေ့, စိတ်လောတာတွေ့, သောကအပူတွေရှိတုန်းပါလား ... ငါ့ညီရသေ့ရဲ့''

မင်းစက်သာရှိနေရာ ဂူအမိုးထောင့်ကျောက်ဖျာကြီး၏ အောက်တည့်တည့်ဂူလိုဏ်၏ကြမ်းပြင်ရှိကျောက်ဖျာပေါ်ဝယ် တင်ပျဉ်ခွေထိုင်နေရင်းမှ သူ့ညီရသေ့အားအပြစ်တင်လျက်ရှိလေ၏။

စူဠစက္ကနရသေ့မှာ နောင်တော်ရသေ့၏ရှေ့ဝယ် ဒူးတစ်ဖက်ထောက်ကာထိုင်ရင်း သူ့ရှေ့ရှိ ကြွေရည်သုတ်မြေရေနွေးကရားအိုးထဲမှ လက်ဖက်ခြောက်အစား ဥနှဲရွက်ခတ်ထားသော ရေနွေးကြမ်းကို ဝါးဆစ်ခွက်ထဲသို့ ငှဲ့ထည့်ကာမော့သောက်လိုက်ပြီးနောက် ...





''မဟုတ်ဘူးအစ်ကိုရ ... ဒီကောင်တွေအုပ်စုဟာ အဲဒီ ဂြိုယက္ခတောင်ကြီးရဲ့ လျှို့ဝှက်လိုဏ်ဂူထဲက ရှေးဟောင်းရတနာ တွေကို တစ်နေ့နေ့မှာ ရသွားနိုင်တယ် အစ်ကိုရ ... ကျွန်တော် အဲဒီရတနာပစ္စည်းတွေကိုမက်မောလို့ လောဘရမ္မက်တက်ပြီး ကားပြောနေတာ မဟုတ်ဘူး၊ ရှေးဟောင်းစေတီတစ်ဆူမှာ ပနာထားခဲ့တဲ့ ဘုရားနဲ့ဆိုင်တဲ့ပစ္စည်းတွေမို့ မသမာသူတွေရဲ့ က်ထဲ ရောက်သွားမှာစိုးရိမ်ပြီးလာပြောရတာ အစ်ကိုရသေ့ရ''

ဟု ကျယ်လောင်စွာပြောလိုက်ရာမှ ဂူဝဆီသို့လှည့် ကြည့်အကဲခတ်လိုက်ပြီးနောက် အသံတိုးတိုးဖြင့်ဆက်ပြောလေ၏။

''ဒီမှာ အစ်ကိုရ ... အဲဒီဂြိုယက္ခတောင်ကြီးထဲမှာ လိုရှေးဟောင်းရတနာပစ္စည်းတွေရှိနေတာကို အရင်က ကျွန် တော် လုံးဝမသိခဲ့ဘူးအစ်ကိုရ၊ သိတာမှ တစ်နှစ်ကျော်လောက်ပဲ ရှိပါသေးတယ်''

''အေး .. ဆိုစမ်းပါဦး .. မင်းက ဘယ်လိုသိခဲ့တာတုံး''

''ဒီလိုအစ်ကိုရ ... လွန်ခဲ့တဲ့တစ်နှစ်ကျော်လောက်က တစ်နေ့မှာ .. ကျွန်တော်ဟာ သစ်သီးသစ်ဥရှာဖွေရင်း အနောက် မြောက်ဘက်တောကြီးထဲမှာ မျက်စိလည်သွားရာက နေ့ဝက်ကျိုး ပြီးနောက်မှာ တောင်ကြီးတစ်လုံးရဲ့အနား ရောက်သွားခဲ့တယ်၊ အဲဒီတောင်ကြီးရဲ့တောင်ထွတ်ဟာ တောင်သုံးလုံးပူးနေသလိုမျိုး တောင်ထွတ်သုံးခုဖြစ်နေတာတွေ့ရပြီး အဲဒီတောင်ထွတ်တွေရဲ့



www.burmeseclassic.com

www.burmeseclassic.com



သဏ္ဍာန်က ဘီလူးသုံးကောင်ရဲ့ဦးခေါင်းပိုင်းနဲ့ တော်တော်
တယ်၊ ဒါကြောင့် အဲဒီတောင်ကြီးကို မိုးညှင်း, မိုးကော
ဆင်ဘိုဒေသတစ်ဝိုက်ကလူတွေက ဘီလူးသုံးကောင်တော
ကြိုယက္ခတောင်လို့ ခေါ်တွင်ကြမှန်း သိရတော့တယ် ...။

ကျွန်တော်လည်း အဲဒီတောင်ကြီးကို စိတ်ဝင်စားသွ
ရာက နာမည်သာကြားဖူးပြီး တစ်ခါမှ မရောက်ဖူးလို့ ကြိုယ
တောင်ကြီးကို လေ့လာကြည့်လိုက်ဦးမယ်ဆိုပြီး တောင်ကိုပ
ကြည့်ခဲ့တယ် ...။

တောင်ရဲ့ခြေရင်းမှာတော့ ဂူတွေ, လိုဏ်ဂူတွေ မတွေ
ရဘဲ တောင်ပေါ်တက်တဲ့လမ်းကို ကျောက်တုံးလေးတွေ အဆ
အဆင့်ဖြစ်နေတဲ့နေရာ ချုံကြီးတွေကြားမှာ တွေ့လိုက်ရလို့ ချုံ
တောင်ဝှေးနဲ့ရှင်းပြီး တက်ခဲ့တယ် ...။

အဲဒီတက်ရာလမ်းတစ်လျှောက်မှာ မြွေသုံးကောင်တွေ
ခဲ့ရတယ်၊ ကျွန်တော်လည်း သမာဓိတည်အောင်ထားပြီး မြွေ
တွေကို မေတ္တာပို့တယ်၊ မြွေနိုင်ဂါထာတွေလည်း ရွတ်ခဲ့တယ်
အဲဒီမှာ မြွေတွေရှင်းသွားတော့မှ ကျွန်တော်ဆက်တက်ခဲ့တယ်
အဲဒီလို ချုံတွေကိုရှင်းလိုက်, တက်လာလိုက်နဲ့ တောင်ခါးပန်
တစ်ခုဆီ ရောက်သွားပြီး ရောမချုံကြီးတစ်ချုံ ရှေ့မှာကာဆီးနေ
တာတွေ့ရတယ် ...။

အဲဒီချုံကြီးကို အတော်ကြာအောင်ဖယ်ရှားကြည့်လိုက်





အနုံငါးပေ, အမြင့်ခြောက်ပေလောက်ရှိတဲ့ ကျောက်ဖျာကြီး
စ်ချပ်ကို တောင်နံရံမှာ ထောင်လျက်သားတွေ့ရတယ်၊
သချာကြည့်မှ အဲဒီကျောက်ဖျာကြီးဟာ ဂူတစ်ခုရဲ့အဝကို တစ်
က်ကျော်ကျော်လောက် ပိတ်ထားမှန်း တွေ့ရတော့တယ် ...။

ဒါနဲ့ ... ကျွန်တော်လည်း ဂူထဲဝင်ခဲ့တယ်၊ ကျွန်တော်
တောတောင်ထဲ သစ်သီးသစ်ဥရှာသွားတိုင်း လွယ်အိတ်ထဲ
ကျောက်မီးခတ်နဲ့ကညင်ဆီခဲ ယူသွားလေ့ရှိတာမို့ ကျောက်
ခတ်နဲ့ခတ်ပြီး ကညင်ဆီခဲကို မီးထွန်းလိုက်တယ်၊ အဲဒီလိုနဲ့
ညင်ဆီခဲသုံးလေးခဲလောက်ထွန်းလိုက်တော့ ဂူကြီးတစ်ခုလုံး
င်းထိန်သွားတော့တာပဲ ...။

ဂူထဲမှာ ကင်းမလက်မည်းကြီးတစ်ကောင်နဲ့ တောကြီး
မြွေဟောက်တစ်ကောင်တွေ့ရလို့ မေတ္တာပို့ပြီး ရှင်းလင်းလိုက်ရ
ယ်၊ အဲဒီနောက် ဂူကြီးထဲကို သေချာလေ့လာကြည့်တော့
ကြီးရဲ့နောက်ဘက်နံရံနားမှာ ကျောက်ဖျာကြီးတစ်ချပ်ကို တွေ့
ပြီး အဲဒီကျောက်ဖျာကြီးရဲ့အပေါ်မှာ ပြောင်ပြောင်လက်လက်
တွေ့ရလို့ အနားသွားကြည့်တဲ့အခါ ရှေးစစ်သည်တော်တွေ
ချပ်ဝတ်တန်ဆာဝတ်စုံနဲ့ အဲဒီချပ်ဝတ်တန်ဆာတွေရဲ့အကြား
လူရိုးစုဖြူဖြူကိုတွေ့ရတော့တယ်၊ အမှန်တော့ ချပ်ဝတ်တန်
အပြည့်ဝတ်ဆင်ထားတဲ့ လူတစ်ဦးရဲ့အရိုးစုကို တွေ့ရတာ
ပါ၊ ထူးခြားတာက အဲဒီအရိုးစုရဲ့နံဘေးကျောက်ဖျာပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



စက္ကူလိပ်ကြီးတစ်ခုနဲ့ သံခမောက်တစ်ခုရယ်, ဓားတစ်စင်း
ကို တွေ့ရတယ်၊ သံခမောက်, ဓားနဲ့ ချပ်ဝတ်တန်ဆာတွေ
ကြည့်ရတာတော့ ရှေးမြန်မာစစ်သည်တော်တွေ ဝတ်ဆင်
ရှိတဲ့ ချပ်ဝတ်တန်ဆာ မိန်ညိုတွေနဲ့မတူဘဲ ရှေးခေတ် တ
စစ်သည်တွေရဲ့ ချပ်ဝတ်တန်ဆာတွေနဲ့တူနေတယ် ...။

စက္ကူလိပ်ကြီးကို ဖြည်ကြည့်လိုက်တော့လည်း
အနက်နဲ့ရေးထားတဲ့ အက္ခရာတွေဟာ တရုတ်စာလုံးတွေနဲ့
တော်တူနေတယ် ...။.

ဒီလိုနေရာမှာ ဒီလိုတရုတ်ရှေးဟောင်းစစ်သည်လို
လူရဲ့အရိုးစု, ချပ်ဝတ်တန်ဆာတွေနဲ့ မှတ်တမ်းလိုလိုရေးထား
စာလိပ်ကြီးတွေတွေ့ရတာ အတော်ထူးဆန်းတာနဲ့ အဲဒီစက္ကူလိ
ကြီးကို နောင်မှဘာသာပြန်တတ်သူတွေ့ရင် ဘာသာပြန်ကြ
ဖို့ရည်ရွယ်ပြီး ကျွန်တော်ယူလာခဲ့တယ် ...။

အရိုးစုကိုတော့ ချပ်ဝတ်တန်ဆာတွေနဲ့အတူ တော
အောက်ကိုယူလာပြီး လှိုဏ်တစ်ခုထဲမှာ သေချာမြှုပ်နှံပြီး သစ်ရွ
သစ်ခက်တွေနဲ့ ဖုံးလို့သင်္ဂြိုဟ်ခဲ့တယ် ...။

အဲဒီနောက် ကျွန်တော်ဟာ စက္ကူလိပ်ကိုယူပြီး
စက္ကနတောင်ဆီ ပြန်ဖို့ကြိုးစားခဲ့ရတယ်၊ ဒါပေမဲ့ မိုးချုပ်သွ
တာနဲ့ တြိယက္ခတောင်ခြေက သစ်အယ်ပင်ကြီးတစ်ပင်ပေါ်
တက်အိပ်ခဲ့ရတယ် ...။





မိုးလင်းတော့မှ အရပ်လေးမျက်နှာကို သေချာတွက်
ကြည့်ပြီး စူဠစက္ကနတောင်ရှိရာဆီမှန်းပြီး ပြန်လာခဲ့ရတယ်၊ က
အားလျော့စွာပဲ စူဠစက္ကနတောင်ဆီ ပြန်ရောက်လာခဲ့တယ် ...။

အဲဒီလိုနဲ့နေလာလိုက်တာ တစ်လကျော်ကျော်လောက်
ကြာတော့ ဆန်ဝယ်ဖို့ ဆင်ဘိုရွာဘက်ထွက်ခဲ့ရာက ဆင်ဘိုရွာ
ရဲ့ဆိပ်ကမ်းမှာ ကူလီထမ်းပြီး အသက်မွေးနေရတဲ့ တရုတ်ဘိန်း
စားတစ်ယောက်ကိုတွေ့ရတယ်၊ အဲဒါနဲ့ ဆိပ်ကမ်းရဲ့ ပေတစ်ရာ
လောက်မြင့်တဲ့ ကမ်းပါးစောက်ကြီးပေါ်မှာ တန်းစီပေါက်နေတဲ့
ညောင်ပိန္နဲပင်တန်းကြီးရဲ့အစွန်ဆုံး လူသူဝေးရာဆီ သူ့ကိုခေါ်
သွားပြီး ကျွန်တော်နဲ့အတူပါလာတဲ့ စက္ကူလိပ်ကြီးကိုဖြည်ပြလို့
ဘာသာပြန်ခိုင်းရတယ် ...။

အဲဒီမှာ အရိုးပေါ်အရေတင်သာရှိတော့တဲ့ အဲဒီတရုတ်
ဘိန်းစားက ဒီစာတွေဟာ ရှေးက မွန်ဂိုတာတာတွေရဲ့စာလို့
ပြောတယ်၊ မင်းဖတ်တတ်သလားဆိုတော့ ကျုပ်က မွန်ဂိုကုန်း
ပြင်မြင့်ဖာတိသားဗျ ... ဖတ်တတ်တယ်၊ ဒါပေမဲ့ ဘိန်းဖိုးပိုက်
ဆံရမှ ဖတ်ပြနိုင်မယ်လို့ပြောတာနဲ့ ကျွန်တော် ဆင်ဘိုရွာရောက်
ကုန်း အလှူခံရထားတဲ့ ငွေတစ်ကျပ်ကို ပေးလိုက်ရတယ် ...။

အဲဒီမှာတင် ဘသားချောက သေချာဖတ်ပြီး စာတစ်
ကြောင်းချင်း, တစ်တန်းချင်း ဘာသာပြန်ပြောပြခဲ့လို့ အဲဒီမှတ်
တမ်းပါ အကြောင်းအချက်အားလုံးကို သိခဲ့ရတယ် ...။



www.burmeseclassic.com

www.burmeseclassic.com



စိတ်မကောင်းစရာက အဲဒီတရုတ်ကူလီဟာ အဲဒီနေ့ ညနေပိုင်းမှာပဲ မူးယစ်ဆေးဝါးကို အလွန်အကျွံသုံးစွဲမိပြီး အသက်ပါ ပါသွားခဲ့ရတယ်၊ ကျွန်တော်လည်း ဆင်ဘိုရွာက ဘုန်းတော်ကြီးကျောင်းမှာ တစ်ညတာတည်းခိုပြီး နောက်နေ့မနက်စောစောမှာပဲ တောထဲပြန်ခဲ့တယ် ...။

အဲဒီအချိန်ကစပြီး တြိယက္ခတောင်ကြီးရဲ့အတွင်းပိုင်း ကလျှို့ဝှက်ဂူကြီးထဲမှာ ရှေးဟောင်းရတနာပစ္စည်းတွေ အမြောက်အများရှိတာကို သိခဲ့ရတာပဲအစ်ကိုရသေ့ရ''

''အေးပါ ... အဲဒီရတနာပစ္စည်းတွေထက် မှတ်တမ်းစာပါအကြောင်းအရာက ပိုပြီးစိတ်ဝင်စားစရာကောင်းတယ်မဟုတ်လားကွ''

''ဒါပေါ့ အစ်ကိုရသေ့ရာ ... အင်မတန်ကို စိတ်ဝင်စားစရာကောင်းတဲ့ အကြောင်းအရာပေါ့၊ အစ်ကိုရသေ့ကို တစ်နေ့လာတွေ့ဖြစ်တဲ့အခါ ပြောပြမယ်လို့တော့ စိတ်မှာရည်စူးထားတာအခုတော့ မလွှဲမရှောင်သာ တိုက်ဆိုင်ကြုံကြိုက်လာရပြီမို့ ပြောခွင့်ရပြီပေါ့ဗျာ၊ လောကီထုပ္ပတ် လူတို့ဇာတ် ပြဿနာအကြောင်းချင်းတသိုပေမယ့်လည်း ဘာသာသာသနာအကျိုး ထမ်းပိုးစောင့်ရှောက်နေတဲ့ ကျွန်တော်တို့လို သူတော်ကောင်းတရားကျင့်ကြံနေသူတို့ သိသင့်သိထိုက်စရာပါနေတယ်လေ၊ ဒီတော့ အစ်ကိုရသေ့ နားဆင်ပါတော့ ... ပြောပြရမှာပ''





ဗူဠစက္ကုနရသေ့သည် သူ့နောင်တော်ရသေ့အား ခပ်ပြုံးပြုံးဖြင့်ပြောလိုက်ရင်းမှ ရေနွေးကြမ်းအိုးထဲမှရေနွေးကို နောက်တစ်ခွက်ငှဲ့သောက်လိုက်ပြန်၏။ မင်းစက်သာလည်း ဂူအမိုးစွန်းထက်ထောင့်ရှိ ကျောက်ဖျာကြီးကိုကျော်ကာ အောက်သို့ငုံ့ကြည့်ရင်း စိတ်ဝင်စားစွာ နားစွင့်လျက်ရှိလေ၏။

''ဒီလို အစ်ကိုရသေ့ရ ... လွန်ခဲ့တဲ့နှစ်ပေါင်းခုနစ်ရာလောက်ကပေါ့ ... ကျွန်တော်တို့ မြန်မာပြင်စိုင်းခေတ်လောက်ကပေါ့ ... မွန်ဂိုတာတာတို့ဟာ ကျွန်တော်တို့နိုင်ငံကို ကျူးကျော်စစ်ဆင်နွှဲလာခဲ့တဲ့အခါမှာ မြန်မာစစ်သူကြီးလေးဦးတို့က ဦးဆောင်ပြီး ငဆောင်ချမ်းအရပ်ကနေ မြို့ရိုးကျုံးပြောင်း ခိုင်ခံ့အောင်ပြုလုပ်ပြီး အပြင်းအထန်ခုခံချေမှုန်းခဲ့တယ်ဗျ ...။

ရှေးက ငဆောင်ချမ်းအရပ်ဆိုတာ အခု မြစေတီဘုရားတည်ရှိရာဒေသနဲ့ ဗန်းမော်ဝန်းကျင်ဒေသပဲပေါ့ အစ်ကိုရသေ့ရာ ...။

အဲဒီငဆောင်ချမ်းအရပ်မှာ မွန်ဂိုတာတာတို့ရဲ့ အင်အားအလွန်များပြားတဲ့ ကျူးကျော်တပ်ကြီးကို မြန်မာစစ်တပ်ကြီးက ရွပ်ရွပ်ချွံချွံ အပြင်းအထန်ခုခံရာက ကြောက်ခမန်းလိလိစစ်ပွဲကြီး ဖြစ်ခဲ့ရတယ် ...။

ရောမစစ်ပွဲကြီး သုံးကြိမ်ဖြစ်ခဲ့ရပြီး ပထမ အင်အားအစ်သိန်းရှိတဲ့ ကျူးကျော်နယ်ချဲ့တပ်ကြီးကို မြန်မာစစ်သည်တို့က



www.burmeseclassic.com

www.burmeseclassic.com



ဖြိုခွင်းနှိမ်နင်းလိုက်တယ် ...။

နောက်ထပ် နှစ်ဆတိုးပြီးချီတက်လာတဲ့ မွန်ဂိုတာတ
တို့ရဲ့ အင်အားနှစ်သိန်းရှိတဲ့ ကျူးကျော်တပ်ကြီးကိုလည်း အပြ
တိုင် ချေမှုန်းပစ်လိုက်တယ် ...။

အဲဒီမှာ ကျူးကျော်စစ်ဘုရင် ဥတည်ပွားဟာ မကျေ
မချမ်းဖြစ်ပြီး နောက်ထပ် မွန်ဂိုတာတာစစ်သည်လေးသိန်း
ချီတက်လို့ ငဆောင်ချမ်းအရပ်က မြန်မာ့ခံတပ်ကြီးကို ဖြိုခွ
စေခဲ့တယ်၊ အဲဒီလိုဖြိုခွင်းဖို့ ချီတက်လာသူတွေထဲမှာ တာတ
စစ်သူကြီး လောင်လျှုပါလာခဲ့တယ် ...။

စစ်သူကြီးလောင်လျှုဟာ စစ်ပညာသာမက ဂမ္ဘီ
အတတ်, ယမ်းဘီလူးဖောက်ခွဲမှုအတတ်တွေပါ တတ်သူ
သတင်းကြီးသူဖြစ်တယ်၊ သူဟာ ဘာသာမဲ့သမားဖြစ်ပြီး နတ်
ပဲကိုးကွယ်သူလို့ မှတ်တမ်းမှာ ထည့်ရေးထားတယ်၊ သူဟာ
ငဆောင်ချမ်းအရပ်ကို အခြားတပ်မှူးကြီးတွေနဲ့အတူ ချီတက်ရ
စစ်ချီရာလမ်းကြောင်းက ရွာဟောင်းတစ်ခုနားက စေတီဟော
တစ်ဆူကို တွေ့တဲ့အခါ သူ့ရဲ့တပ်သားတွေနဲ့အတူ စေတီဟော
ဘုရားငုတ်တိုကို ဖြိုဖျက်ပြီး ဌာပနာတိုက်ကို ဖောက်ထွင်းခဲ့တယ်
အဲဒီမှာ သူဟာ ရှေးမြန်မာလူကြီးတွေလှူဒါန်းထားခဲ့တဲ့ များပြ
လှတဲ့ ရွှေငွေကျောက်သံပတ္တမြားတွေကိုရခဲ့တယ်၊ ရတာမှ အ
နှစ်ပေ, အလျားသုံးပေ, အမြင့်နှစ်ပေလောက်ရှိတဲ့ ကျွန်းသေတ္တ





ကြီးနဲ့ အပြည့်ရလိုက်တာတဲ့ ...။

သူ့ရဲ့တပ်သားတွေက စစ်ချီတက်ရာမှာ အဲဒီရတနာ
သေတ္တာကြီးကို ရတနာသေတ္တာမှန်းမသိအောင် အဝတ်ခြုံထည်
တွေနဲ့လွှမ်းပြီး လက်နက်ပစ္စည်းသေတ္တာလိုလို ရုပ်ဖျက်လို့သယ်
ခဲ့ကြတယ်တဲ့၊ လောဘရမ္မက်တက်နေတဲ့ တာတာစစ်သူကြီး
လောင်လျှုဟာ စစ်ပွဲထက် သူရလိုက်တဲ့ ရတနာသေတ္တာကြီးအပေါ်
မှာသာ အာရုံပိုရောက်ပြီး သေတ္တာကြီးကို မျက်ခြည်ပြတ်မခံဘူး။

အဲဒီလိုနဲ့ ငဆောင်ချမ်းအရပ်ကိုရောက်ပြီး တိုက်ပွဲလည်း
ဖြစ်ရော မျိုးချစ်စိတ်, နိုင်ငံချစ်စိတ်ပြင်းထန်ပြီး စည်းလုံးမှုကောင်း
တဲ့မြန်မာစစ်သည်တို့ရဲ့ ရှပ်ရှပ်ခွံ့ခွံ့တိုက်ခိုက်ဖြိုခွင်းမှုခံရပြီး ကျူး
ကျော်သူမွန်ဂိုတာတာတပ်ကြီးဟာ အစိပ်စိပ်အမြှာမြှာပြိုကွဲပြီး ခြေ
ဦးတည်ရာ ကစဉ့်ကလျားတပ်ပျက်ကာ ထွက်ပြေးရတော့တယ်။

အဲဒီမှာ မြန်မာတပ်တွေကလည်း နောက်က ထက်ကြပ်
မကွာလိုက်ကြီး အပြီးတိုင်ချေမှုန်းတော့တာပဲတဲ့ ...။

တာတာစစ်သူကြီးလောင်လျှုဟာ ရတနာသေတ္တာကြီး
ကို စစ်လှေတစ်စင်းပေါ်တင်ပြီး သူ့ရဲ့ကိုယ်ရံတော် စစ်သည်
တစ်ကျိပ်နဲ့အတူ ရောဝတီမြစ်ကြီးကို ဆန်တက်လို့ အပြေးအလွှား
လှော်ခတ်ထွက်ပြေးရတော့တယ်တဲ့ ...။

အဲဒီလို လှော်ခတ်လာရင်းနဲ့ မြစ်ကွေ့တစ်ခုကိုအလွန်
မှာ ရောမဆင်ကြီးတစ်ကောင်ရဲ့ ပုံသဏ္ဌာန်ကျောက်တုံးကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လယ်မှာ တွေ့ရတော့တာပဲတဲ့၊ တာတာစစ်သူကြီး လောင်လျူနဲ့ သူ့ရဲ့စစ်သည်တွေက ညဘက် လရောင်အောက်မှာ မြင်လိုက်ရတာဖြစ်လို့ တကယ့်ဆင်ရိုင်းကြီးတစ်ကောင် မြစ်ကြောင်းရဲ့အလယ်မှာ ဖြတ်ကူးနေတယ်လို့ ထင်သွားခဲ့တယ်တဲ့၊ အဲဒီမှာ ဆင်ကြီးက ရှေ့ကဆီးကာပြီး ရန်မပြုနိုင်မီ လက်ဦးမှုရအောင် ယူမယ်ဆိုပြီး လေးတွေနဲ့ပစ်, လုံတွေနဲ့ဝိုင်းပစ်ကြတော့တာပဲတဲ့၊ အနားရောက်မှ တကယ့်ဆင်မဟုတ်ဘဲ ကျောက်တုံးကြီးတစ်တုံး ဖြစ်နေမှန်းသိလို့ ငိုအားထက် ရယ်အားသန်ပြီး ခွက်ထိုးခွက်လန် ရယ်မိကြရာက ရေကြောင်းကိုမလွဲမိဘဲ လှေပဲ့ထိန်းဖို့ ပေါ့လျော့သွားတာနဲ့ လှေဦးဟာ ကျောက်ဆင်ကြီးရဲ့နှာမောင်းနေရာကို ဝင်တိုက်မိပြီး လှေဦးကွဲထွက်သွားတော့တယ် . . . ။

အဲဒီမှာတင် တာတာတွေအားလုံးဟာ လန့်ဖျပ်ပြီး လှေကိုကမ်းဘက်ကပ်ဖို့ ကမန်းကတန်းကြိုးစားပေမယ့် ကမ်းမရောက်မီမှာပဲ လှေထဲ ရေတွေတရဟောဝင်ပြီး လှေဟာ ရေထဲ စုန်းစုန်းနစ်မြုပ်သွားတော့တယ် . . . ။

စစ်သူကြီးလောင်လျူနဲ့ သူ့ရဲ့စစ်သူတွေဟာ ရင်ရှိလောက်ပဲရှိတဲ့ရေထဲ ခုန်ချလိုက်ကြပြီး ရတနာတွေပါတဲ့ ကျွန်သေတ္တာကြီးကို ကမ်းစပ်ဆီ ထမ်းယူလာခဲ့ကြတယ်၊ လှေကတော့ နစ်မြုပ်ခဲ့ပြီး လုံးဝပျက်စီးသွားခဲ့ရတယ် . . . ။

သူတို့ဟာ ကမ်းစပ်မှာ တစ်ညတာနားခဲ့ကြရပြီးနောက်မှာ အနောက်ဘက်တောထဲ နှစ်ရက်,သုံးရက်လုံးလုံး တိုးဝင်ခဲ့ရာက တောင်ဖွယ်သုံးခုရှိတဲ့ တောင်ကြီးရဲ့ခြေရင်း ရောက်ရှိလာခဲ့ကြတယ်၊ နောက် . . . အဲဒီတောင်ကြီးရဲ့အပေါ် တက်လှေ့လာကြည့်ရှုပြီး တောင်ခါးပန်းပေါ်မှာ ကျောက်ဂူကြီးတွေ့တာနဲ့ အဲဒီမှာစခန်းချဖို့ ဆုံးဖြတ်ခဲ့ကြတယ် . . . ။

မြန်မာတပ်တွေကလည်း အောင်စည်အောင်မောင်းတွေတီး, တံပိုးခရာတွေမှုတ်လို့ တောနင်းရှာရင်း ထက်ကြပ်လိုက်လာသံတွေ သဲ့သဲ့ကြားရလို့ တာတာတို့ဟာ ဂူကြီးထဲကနေ လုံးဝပထွက်ဝံ့ဘဲ ရက်အတော်ကြာ သိုသိုသိပ်သိပ်ပုန်းအောင်းနေရင်းက စားနပ်ရိက္ခာပြတ်လပ်လာရတယ်၊ ဆေးဝါးအစုံအလင်မပါလာလို့ ဖျားနာပြီး သေသူသေကြရတယ်၊ အဲဒီမှာတင် တာတာစစ်သူကြီးလောင်လျူက တစ်မျိုးတွေးတောကြံဆလာခဲ့တယ်။

သူတို့ဟာ ဒီဂူကြီးထဲမှာပဲ ကြာရှည်ခိုအောင်းနေလို့ မဖြစ်ဘူး၊ ဒီဂူကြီးထဲကထွက်ပြီး တောလမ်းခရီးကို ရပ်သန်းတိုးလို့ မိုးကောင်းဘက်ကနေ မြန်မာပြည်နယ်စပ်ဆီ ဦးတည်ဖြတ်ပြန်မှ ဖြစ်မယ်လို့ တွေးဆခဲ့တယ် . . . ။

မြန်မာစစ်သည်ရဲမက်တွေကလည်း နယ်စပ်အထိ ဖြန့်ကြက်လိုက်လာနိုင်တော့ သူတို့ဆုတ်ခွာထွက်ပြေးရာမှာ လေးလံလှတဲ့ ရတနာသေတ္တာကြီးကို ယူသွားလို့မဖြစ်ဘူး၊ ဒီတော့ သူတို့စခန်းချရာ တောင်ကြီးမှာပဲ လျှို့ဝှက်မြှုပ်နှံထားခဲ့ကြမယ်ရို





ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ခဲ့တယ် ...။

ဒါနဲ့ပဲ ယန္တရားအတတ်၊ လက်မှုအတတ်ပေါင်းစုံ ကျွမ်းကျင်တဲ့ တာတာစစ်သူကြီးလောင်လျူက ဦးစီးပြီး မူလသဘာဝ လိုဏ်ဂူကြီးရဲ့နောက်မှာ ဂူလိုဏ်အသစ်တစ်ခု ဖောက်လုပ်ခဲ့တယ်၊ သူဟာ အမြော်အမြင်ကြီးသူမို့ ဂူလိုဏ်ကို နှစ်ဆင့်ဖောက်ထွင်းစေခဲ့တယ် ...။

ပထမဂူလိုဏ်ကိုတော့ သူ့ရဲ့ရဲမက်စစ်သည်ခြောက်ဦးနဲ့အတူ ဖောက်လုပ်ခဲ့ပြီး ဒုတိယဂူလိုဏ်ကိုတော့ သူ့ရဲ့အယုံကြည်ရဆုံးစစ်သည် လုယံယံနဲ့ ' သူကိုယ်တိုင် ဖောက်လုပ်ပြီး စက်ယန္တရားတွေ လျှို့ဝှက်တပ်ဆင်ခဲ့တယ် ...။

ပြီးတော့ အဲဒီဒုတိယလျှို့ဝှက်လိုဏ်ဂူထဲမှာ ရတနာသေတ္တာကို ထည့်တယ်၊ အဲဒီရတနာသေတ္တာရှိရာ ဂူလိုဏ်ကို လျှို့ဝှက်တံခါးနဲ့ပိတ်ဆီးပြီး အဲဒီလျှို့ဝှက်တံခါးရဲ့ အပိတ်အဖွင့် လျှို့ဝှက်ခလုတ်ကို ဂမ္ဘီရအတတ်၊ ယန္တရားအတတ် နှစ်ခု ပေါင်းစပ်ပြုလုပ်ခဲ့တယ် ...။

ပြုလုပ်ပုံပြုလုပ်နည်းကတော့ ရတနာသေတ္တာထဲမှာ ပါလာတဲ့ တစ်ထွာလောက်ရှိတဲ့ ကျောက်စိမ်းတုံးကြီးတစ်တုံးကို ယူပြီး ဘီလူးရုပ်တု ထုလုပ်ခဲ့တယ်၊ ဘီလူးရုပ်တုထုရတဲ့ အကြောင်းကတော့ အဲဒီတောင်ကြီးရဲ့အထွတ်တွေဟာ ဘီလူးခေါင်းတွေနဲ့ တူနေလို့ ဒီတောင်ကို ဘီလူးတွေစောင့်ရှောက်တယ်





လို့ယူဆပြီး ဘီလူးရုပ်တု ထုလုပ်ရခြင်းဖြစ်တယ် ...။

အဲဒီကျောက်စိမ်းဘီလူး ရုပ်လေးရဲ့မျက်လုံးတွေမှာ ပတ္တမြားလုံးလေးတွေ တပ်ဆင်တယ် ...။

ပြီးတော့ ... အဲဒီဘီလူးရုပ်တုလေးနဲ့ အံကိုက် ... လျှို့ဝှက်ခလုတ်နေရာကို ကျောက်သားထွင်းထုပြုလုပ်ခဲ့တယ်၊ အဲဒီလျှို့ဝှက်ခလုတ်ကို ယမ်းဘီလူးတွေ၊ ယန္တရားတွေနဲ့ဆက်စပ်ပြုလုပ်ခဲ့တယ်၊ အဲဒီလျှို့ဝှက်ခလုတ် ပြုလုပ်ရာမှာ အခြားစစ်သည်တွေကို ဝေးရာအရပ်ဆီ ရှောင်ရှားနိုင်းထားပြီး လုယံယံနဲ့ သူနှစ်ဦးတည်း လျှို့ဝှက်ပြုလုပ်ခဲ့တာဖြစ်တယ် ...။

ဒါကြောင့် လျှို့ဝှက်ခလုတ်ကို ဘယ်လိုဖွင့်ရမယ်ဆိုတာကို လုယံယံနဲ့သူ နှစ်ဦးတည်းပဲ သိတယ်၊ လျှို့ဝှက်ခလုတ်ဖွင့်ရာမှာ အဖွင့်မှန်ရင် ရတနာဂူ ပွင့်သွားမှာဖြစ်ပြီး အဖွင့်မှားရင်တော့ စက်ယန္တရားတွေ နိုးကြွလာပြီး ပြင်းထန်လှတဲ့ ယမ်းဘီလူးတွေပေါက်ကွဲလို့ ဂူကြီးတစ်ခုလုံး ပြိုကျသွားမှာဖြစ်တယ် ...။

အဲဒီလို အတွင်းဆုံး လျှို့ဝှက်လိုဏ်ဂူရဲ့ လျှို့ဝှက်တံခါးခလုတ်ကိုပြုလုပ်ပြီးမှ စစ်သူကြီးလောင်လျူဟာ ကျောက်စိမ်းဘီလူးရုပ်တုလေးကို ပထမလျှို့ဝှက်လိုဏ်ဂူထဲက ကျောက်ကလပ်တစ်ခုလေးပေါ် တင်ထားလိုက်တယ် ...။

နောက် ... အဲဒီပထမလျှို့ဝှက်ဂူကို လျှို့ဝှက်တံခါးတစ်ချပ်နဲ့ ပိတ်ဆီးခဲ့တယ်၊ လျှို့ဝှက်တံခါးဖွင့်တဲ့ ခလုတ်ကိုတော့



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့စစ်သည်အားလုံးရဲ့ရှေ့မှာပဲ ပြုလုပ်ခဲ့တယ် ...။

ပထမလျှို့ဝှက်ဂူကိုဖွင့်တဲ့ လျှို့ဝှက်ခလုတ်ဟာ ပင်မဂူ ကြီးထဲမှာပဲ ရှိတာမို့ တော်ရုံလူက သေချာရှာရင်တွေ့နိုင်တာပဲတဲ့ လျှို့ဝှက်ခလုတ်ကတော့ ဂူနံရံအောက်ခြေက ကျောက်တုံးငယ် တစ်တုံးပဲတဲ့၊ အဲဒီကျောက်တုံးငယ်ကို ဖိနှင်းလိုက်တာနဲ့ လျှို့ဝှက် တံခါးချပ်ဟာ ပွင့်သွားမှာပဲ ...။

အဲဒီလို စနစ်တကျစီရင်ထားပြီးတဲ့နောက်မှာ ... သူတို့ ဟာ ပုန်းအောင်းနေခဲ့ရာ လိုဏ်ဂူကြီးထဲက ထွက်ပြီး မြောက်ဖူ စူးအရပ်ဆီ ဦးတည်လို့ တောလမ်းခရီးအတိုင်း ချီတက်ခဲ့ကြတယ် လျှို့ဝှက်ထားခဲ့တဲ့ ရတနာတွေကိုတော့ နောက်တစ်ခါ ထိုးစစ် ကြီးဆင်နွှဲမှ လာယူမယ်လို့ ရည်မှန်းထားခဲ့ကြတယ်တဲ့ ...။

အဲဒီအချိန်မှာ စစ်သူကြီးလျှောင်လျူအပါအဝင် တာတာ စစ်သည်နှစ်ဦးပဲ ရှိတော့တယ် ...။

သူတို့ဟာ တောလမ်းခရီးကိုဖြတ်ပြီး တစ်ရက်ပဲချီတက် ခဲ့ရသေးတယ် ... သူတို့ကို တောနင်းရှာနေတဲ့ မြန်မာစစ်သည် ရဲမက်တစ်စုနဲ့ ရင်ဆိုင်တွေ့ပြီး မြောင်ကြီးတစ်ခုထဲမှာ အနီး ကပ်တိုက်ပွဲ ဆင်နွှဲခဲ့ရတယ် ...။

အဲဒီတိုက်ပွဲငယ်မှာ တာတာစစ်သူကြီး လောင်လျူ တာတာအားလုံး ကျဆုံးသွားရပြီး လုယံယံက ဒဏ်ရာအတော် သွားခဲ့တယ်၊ လုယံယံက ဒဏ်ရာရတာနဲ့ ထွက်ပြေးလာခဲ့တယ်





သူဟာ ပြေးရင်းပြေးရင်းနဲ့ မျက်စိလည်သွားရာက နောက်ဆုံးမှာ သူတို့ပုန်းခိုနေခဲ့ရာ တြိယက္ခတောင်ကြီးရဲ့အနား ပြန်ရောက် လာလို့ သူတို့ကျန်ရစ်ခဲ့တဲ့ စားကြွင်းစားကျန်အချို့ကို ဂူကြီးထဲမှာ ရှာကြံစားရာက ဒဏ်ရာမသက်သာဘဲ ပိုပိုသည်းလာတာနဲ့ သူ မကြာခင် သေရတော့မယ်ဆိုတာကို သိလာခဲ့တယ် ...။

ဒါနဲ့ ... သူက ဒီလိုတွေးတယ် ... သူသာ သေဆုံး သွားခဲ့ရင် သူတို့လျှို့ဝှက်ထားခဲ့တဲ့ အဖိုးတန်ရတနာတွေကို ဘယ်သူမှ ရယူနိုင်မှာ မဟုတ်ဘဲ ကမ္ဘာဆုံးတိုင် လျှို့ဝှက်ဂူကြီး ထဲမှာပဲ တိမ်မြုပ်နေလိမ့်မယ်၊ တကယ်လို့ သူတို့ရဲ့တာတာစစ် တပ်ကြီး နောက်တစ်ကြိမ်ထိုးစစ်ကြီးဆင်နွှဲရင်း ... ဒီတောင် ဒီဂူကြီးဆီ ရောက်လာခဲ့ရင် လျှို့ဝှက်ရတနာတွေရရှိသွားပါစေ ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သူသေခါနီးမှာ အဲဒီမှတ်တမ်းကို ရေးထား ခဲ့တာတဲ့''

မဟာစက္ကနရသေ့မှာ ညီရသေ့ဖြစ်သူ၏ စကားအဆုံး ဝယ် ခေါင်းကို တဆတ်ဆတ်ညိတ်လိုက်ပြီး ...

''ဒီအတိုင်းဆို မင်းတွေ့ခဲ့ရတဲ့ အရိုးစုက လုယံယံရဲ့ အရိုးစုပဲ ဖြစ်ရမယ်''ဟု မှတ်ချက်ပြုလိုက်လေ၏။

''ဒါပေါ့ အစ်ကိုရသေ့ရယ် ... လုယံယံမျှော်လင့်ခဲ့သ လို မွန်ဂိုတာတာတပ်တွေ မြန်မာပြည်ကို ထပ်ပြီးမကျူးကျော်ဝံ့ တော့ တြိယက္ခတောင်ကြီးထဲက လျှို့ဝှက်ရတနာဂူကြီးဟာ



www.burmeseclassic.com

www.burmeseclassic.com



ဒီအတိုင်းပဲ တောကြီးမျက်မည်းထဲမှာ လူမသိသူမသိ တိမ်မြုပ် နေတာပေါ့၊ အဲဒီလို နှစ်ပေါင်းခုနစ်ရာလောက် တိမ်မြုပ်နေရာ က ကျွန်တော် ပထမဦးဆုံး စပြီးတွေ့ရှိခဲ့တာပါပဲ''

''မင်းက ... အဲဒီတာတာစစ်သူကြီး ဖန်တီးပြုလုပ်ခဲ့တဲ့ လျှို့ဝှက်ဂူထဲ ဝင်ကြည့်ခဲ့သေးသလား''

''ဟုတ်ကဲ့ ... ပထမလျှို့ဝှက်ဂူထဲတော့ ကြည့်ခဲ့ပြီးပြီ''

''ဒါဆို ကျောက်စိမ်းဘီလူးရုပ်တုကို တွေ့ခဲ့ပြီးပြီပေါ့''

''တွေ့ခဲ့ပြီးပြီ အစ်ကိုရသေ့ ... အတော်လက်ရာ မြောက်တဲ့ ပန်းပုရုပ်တုပါပဲ၊ ဘီလူးရုပ်တုရဲ့ မျက်လုံးနှစ်လုံးမှာ ပတ္တမြားလုံးလေးတွေတပ်ထားတော့ မျက်လုံးနှစ်လုံးဟာ ရဲရဲ တောက်ပြီး အတော်ကိုအသက်ဝင်တာ အစ်ကိုရသေ့ရဲ့''

''မင်း ... ဒုတိယလျှို့ဝှက်ဂူရဲ့ တံခါးကိုရော ဖွင့်ကြည့် သေးသလား''

''အဲဒါတော့ ဖွင့်မကြည့်ဖြစ်သေးဘူး''

မဟာစက္ကနရသေ့က ညီဖြစ်သူရသေ့ကို ခပ်ပြုံးပြုံးဖြင့် ကြည့်ရင်း ခေါင်းကို တဆတ်ဆတ်ညိတ်ကာ ...

''မင်းရဲ့သမာဓိကို မင်း အစမ်းသပ်မခံရဲသေးဘူးပေါ့ ... ဟုတ်လား''

ဟု မေးလိုက်ရာ စူဠစက္ကနရသေ့မှာ ခေါင်းကို ငိုက်စိုက် ချလိုက်ပြီး အသံတိုးလျှစွာဖြေသည်။





''ဟုတ်ပါတယ် အစ်ကိုရသေ့ ... ကျွန်တော်ဝန်ခံပါ ယ်၊ ကျွန်တော်တို့ညီအစ်ကိုဟာ နမ္မားမှာ အဖေရယ်, အမေ ယ်, ညီမလေးရယ်နဲ့ မိသားစုပျော်ပျော်ပါးပါးအတူနေထိုင်ရင်း ျွန်တော်နဲ့ အစ်ကိုက တောထဲမှာ သစ်ခုတ်ပြီး မိသားစုကိုရှာ ွေကျွေးခဲ့တယ်နော်၊ အဲဒီမှာ မိုးလလယ်ကြီး မိုးသည်းထန်လွန်း ို့ တောင်တွေပြိုတော့ တောင်စောင်းအောက်မှာရှိတဲ့ ကျွန် တော်တို့မိသားစုရဲ့အိမ်လေးပေါ် တောင်ပိကျပြီး အဖေ, အမေနဲ့ ီမလေးတို့ မရှုမလှသုံးပါးခဲ့ရတယ်နော်၊ အဲဒီမှာ ကျွန်တော် ို့ညီအစ်ကိုဟာ ကမ္ဘာပျက်သလိုခံစားရပြီး ... တရားသံဝေဂ ည်းရပြီး ... မိုးညှင်းကျောင်းထိုင်ဆရာတော်ဘုရားကြီးရဲ့ ရားဓမ္မကိုကြားနာရာက သမုဒယသံယောဇဉ်တို့နဲ့ဝေးရာ လော ုတ္တရာနယ်ထဲမှာပဲ ကျင်လည်တော့မယ်လို့ ဆုံးဖြတ်ခဲ့တယ် ော်၊ အဲဒီလိုနဲ့ တောထွက်ပြီး ရသေ့ရဟန်းဝတ်ခဲ့ကြတယ်၊ လောကီထုပ္ပတ် လူတို့ဇာတ်တွေနဲ့ ဝေးရာ ဟောဒီလိုတောကြီး ျက်မည်းထဲမှာ ကေစာရီကျင့်ကြံနေထိုင်ပြီး တရားအလုပ်နဲ့ ျှပျော်ခဲ့တယ် ...။

ဒါပေမဲ့ ကျွန်တော်တို့ဟာ ပုထုဇဉ်အဆင့်မျှပဲ ရှိသေး ာမို့ လောဘတဏှာကို သတ်နိုင်ပါပြီလို့ ရဲရဲမဆိုဝံ့သေးပါဘူး စ်ကိုရသေ့ ...။

အစ်ကိုရသေ့အနေနဲ့ ကျွန်တော့်ထက် အသက်အရွယ်



www.burmeseclassic.com

www.burmeseclassic.com



ပိုကြီးပြီး ပိုရင့်ကျက်လို့ သမာဓိပိုတည်နိုင်ကောင်း တည်နို
ပါလိမ့်မယ် ... ကျွန်တော့်ရဲ့ သမာဓိကိုတော့ ကျောက်သားသ
ဏ်လို မြဲမြံပါပြီလို့ မဆိုဝံ့သေးပါဘူး၊ ဒါကြောင့် များပြားလှ
ရတနာမျိုးစုံကို တွေ့လိုက်ရရင် ဘုရားနဲ့ဆိုင်တဲ့ပစ္စည်းတွေ
လားလို့ မဆင်ခြင်နိုင်ဘဲ လောဘတက်မိမှာကို ကျွန်တော် အမှ
ပဲ စိုးရိမ်မိပါတယ် အစ်ကိုရသေ့၊ ကျွန်တော့်ကိုယ်ကျွန်တေ
စိတ်မချလို့ အတွင်းလျှို့ဝှက်တံခါးကို ဖွင့်မကြည့်သေးကြော
ဝန်ခံပါတယ်''

ဗူဠစက္ကုနရသေ့သည် ရေနွေးကြမ်းတစ်ခွက်ကို ထပ်
သောက်လိုက်ပြန်ပြီးမှ ... စကားဆက်သည်။

''ဒါနဲ့ ... ကျွန်တော်ဟာ တြိယက္ခတောင်ဆီ မသွ
ဖြစ်တော့ဘဲ လပေါင်းအတော်ကြာသွားခဲ့တယ်၊ ရှင်းရှင်းပြောရရ
တရားအလုပ်ကို အာရုံပြုနှိုက်လုပ်နေတာနဲ့ပဲ ... တြိယက
တောင်ကိစ္စကို မေ့တောင်နေခဲ့တယ် ...။

အဲ ... လွန်ခဲ့တဲ့လကတော့ သမထထိုင်ရင်း အာရုံ
မှာ တြိယက္ခတောင်မှာ လူသူရှုပ်ရှုပ်ထွေးထွေးတွေ မြင်လာ
တယ်၊ ဒါနဲ့ တြိယက္ခတောင်က ရတနာတွေအတွက် စိတ်ပူပြ
သွားကြည့်ခဲ့တယ်၊ ရတနာတွေကို မက်မောတဲ့စိတ်ကြောင့်တော
မဟုတ်ပါဘူး၊ ဘုရားနဲ့ဆိုင်တဲ့ အဖိုးတန်ပစ္စည်းတွေ မသမာသ
တွေရဲ့လက်ထဲ ရောက်သွားမှာစိုးလို့ပါ''

---





''မင်း အဲဒီလိုသွားကြည့်တော့ ရှုပ်ရှုပ်ထွေးထွေးတွေ
တကယ်ပဲ တွေ့ခဲ့တယ်ဆိုပါတော့''

''ဟုတ်ပါ့ အစ်ကိုရသေ့ရာ ... ကျွန်တော် တြိယက္ခ
တောင်ခြေနားအရောက်မှာပဲ ရှေ့ဆီက မြင်းခွာသံတွေကြားရလို့
ထမသိုင်းတောထဲကနေ ကဲကြည့်လိုက်တော့ ဘောင်းဘီရှည်,
ရှပ်အင်္ကျီနဲ့ ဘိုမိန်းမတွေလို ဝတ်စားထားတဲ့ မိန်းမတစ်ယောက်
က သက္ကလတ်ဦးထုပ်ကိုဆောင်း, ခါးမှာ ခြောက်လုံးပြူးတစ်
လက်ကို ကျည်ဆံခါးပတ်နဲ့ ပတ်ချိတ်ထားပြီး, မြင်းတစ်စီးကိုစီးလို့
ရှေ့ဆုံးကနေ တြိယက္ခတောင်ခြေဆီ ဦးဆောင်လာနေတာကို
တွေ့ရတယ်၊ သူ့ရဲ့နောက်က ယောကျာ်းလေးငါးယောက် မြင်း
ကိုယ်စီ, ဆောင်ခားကိုယ်စီနဲ့ လိုက်ပါလာတာတွေ့ရတယ် ...။

''သူတို့ဟာ မြင်းတွေကို တောင်ခြေမှာလှန်ထားခဲ့ပြီး
တောင်ခါးပန်းပေါ်တက်သွားကြတယ်၊ တောင်ခါးပန်းပေါ် ပတ်
တက်တဲ့လမ်းတစ်လျှောက်မှာလည်း အရင်ကလို ချုံတွေနွယ်တွေ
နဲ့ ရှုပ်ထွေးမနေဘဲ အတော်အတန်ရှင်းနေတာကို တွေ့ရတယ်။

သူတို့ဟာ အချိန်တော်တော်ကြာတဲ့အထိ တောင်ခါးပန်း
ပေါ်က ပြန်မဆင်းလာတော့ဘူး၊ ကေန္တတော့ သူတို့ဟာ ဟိုဂူ
လိုဏ်ကြီးထဲမှာ စခန်းချနေပြီလို့ ထင်လိုက်တယ်၊ သူတို့ရဲ့ ပုံ
သဏ္ဍာန်ဟန်ပန်တွေကလည်း လူကောင်းသူကောင်းပုံ လုံးဝ
မပေါက်ဘူး ... သူခိုးဓားပြတွေနဲ့တူတယ် ...။

---



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ဟာ အနီးက တောင်စွန်းပင်ကြီးပေါ်တက် ကြည့်တော့ တောင်ခါးပန်းပေါ်က ဂူအဝမှာ သေနတ်ပြောင်းရှ တစ်လက်ကိုင်ထားတဲ့ လူတစ်ယောက်ကို တွေ့ရပြီး လှိုဏ်ဂူ က စကားပြောသံတွေ, ရယ်မောသံတွေကြားရတယ်၊ သူတို့ဟ လူဆိုးသူခိုးတွေဖြစ်တာသေချာသွားပြီမို့ ...ကျွန်တော်ဟ စိတ်မချမ်းမြေ့စွာ ပြန်လာခဲ့ရတယ် ...။

တောထဲမှာ ထင်းရှာ,သစ်ရှာလာတဲ့ တောစပ်ကျ သားအချို့ကို တောထဲမှာတွေ့လို့ မေးမြန်းကြည့်တော့ ...အ တလော မိုးကောင်းချောင်းနဲ့ ကောက်ကွေ့ချောင်းရိုးတစ်လျှော ကရွာတွေမှာ ... မိန်းမတစ်ယောက်ဦးဆောင်တဲ့ ဓားပြအဖွဲ့တ ဖွဲ့သောင်းကျန်းနေတယ်လို့ သတင်းကြားရတယ် ...။

အဲဒီဓားပြခေါင်းဆောင်မိန်းမဟာ နမ်းခမ်းတို့, မန် တို့ဘက်က စော်ဘွားကျတစ်ဦးလို့ပြောကြတယ်၊ နာမည်က သ ပန်လှဒေဝီတဲ့၊ သူ့ရဲ့တပည့်ဓားပြတွေကတော့ အစ်မတော် ခေါ်ကြတယ်ဆိုပဲ အစ်ကိုရသေ့ရဲ့ ...။

အဲဒီသတင်းတွေကြားရတော့ ...ကျွန်တော်ဟာ ဖြ ယက္ခတောင်ကြီးရဲ့ လျှို့ဝှက်လှိုဏ်ဂူထဲက ရတနာတွေအတွ တအားကို စိတ်ပူသွားမိတယ်၊ စဉ်းစားကြည့်လေ အစ်ကိုရ ရဲ့ ...သိန်းသောင်းပေါင်းများစွာတန်တဲ့ ဘုရားနဲ့သက်ဆိုင် ရှေးဟောင်းရတနာတွေဟာ တကယ့်မသမာသူ သူခိုးဓားပြတွေ





အနီးဆုံးမှာ အချိန်တိုင်းရှိနေတဲ့အဖြစ်ဟာ ဘယ်လိုမှ စိတ်မချနိုင်တဲ့အဖြစ်ပါပဲ၊ အဲဒီရတနာတွေဟာ မူလလှူဒါန်းထားတဲ့ အလှူရှင်တွေရဲ့ ဆန္ဒအတိုင်း ... စေတီပုထိုးတစ်ဆူတည်ရာမှ ဘုရားရဲ့ဂုဏ်တော်ကို ရည်စူးပူဇော်ဌာပနာရမယ့် အမွန်အမြတ် ပစ္စည်းရတနာတွေပဲ မဟုတ်လား ...။

သုံးပန်လှဒေဝီတို့ ဓားပြအုပ်စုဟာ တစ်ချိန်ချိန်မှာ အပြင်လျှို့ဝှက်လှိုဏ်ရဲ့ လျှို့ဝှက်ခလုတ်ကို မတော်တဆ တွေ့သွားနိုင်တယ်၊ အပြင်လျှို့ဝှက်လှိုဏ်ရဲ့ လျှို့ဝှက်တံခါးပွင့်သွားတာနဲ့ သူတို့ဟာ ကျောက်စိမ်းဘီလူးရုပ်တုလေးကို တွေ့သွားတော့မှာအမှန်ပဲ၊ အဲဒီရုပ်တုနဲ့သာ ဒုတိယအတွင်းလျှို့ဝှက်လှိုဏ်ရဲ့တံခါးလျှို့ဝှက်ခလုတ်ကို ဖွင့်ဖို့ကြိုးစားခဲ့ရင် ဘယ်လိုလုပ်မလဲ။

သူတို့လျှို့ဝှက်ခလုတ်ကိုဖွင့်တာမှန်ရင် ...ဘုရားကို ပူဇော်ဆက်ကပ်ရမယ့် ရတနာတွေဟာ ဓားပြလူဆိုးတွေရဲ့လက်ထဲ ပါသွားရမယ်၊ လျှို့ဝှက်ခလုတ်ကို ဖွင့်တာမှားသွားရင်လည်း ... ယမ်းဘီလူးတွေထပေါက်ပြီး တောင်ကြီးတစ်ခုလုံး ပြိုကျသွားမယ်၊ ဘယ်ဘက်ကကြည့်ကြည့် ဘုရားဌာပနာရမယ့် ရတနာပစ္စည်းတွေ ဆုံးရှုံးရမယ့်ကိန်းချည်းပဲ၊ ကျွန်တော်ကိုယ်က လိုတာပါ ...အစကတည်းက ကျောက်စိမ်းဘီလူးရုပ်ယူထားမိခဲ့ရင် အကောင်းသား၊ ဒါလည်း ရတနာပစ္စည်းတစ်ခုကို ရယူလိုမှုနဲ့ ယူထားသလိုမျိုးအပြစ်ဖြစ်မှာ စိုးရသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



သုံးပန်လှဒေဝီ လူဆိုးဓားပြအဖွဲ့ တြိယက္ခတောင်က ဂူကြီးထဲမှာ စခန်းချနေတယ်လို့ ရွာသားတွေကတစ်ဆင့် ပုလိပ်အဖွဲ့ကို သတင်းပေးရအောင်လည်း လောကီရေးရာကိစ္စမှာ ဝင်ရှုပ်သလိုဖြစ်မှာ စိုးရတယ်၊ ကိုယ့်ပယောဂကြောင့် သူတစ်ပါး ဒုက္ခရောက်ရတာမျိုး မဖြစ်စေချင်ဘူး။ ဘုရားဥပနာ ဇရမယ့်ရတာ နာတွေဆုံးရှုံးသွားမှာလည်း တစ်ဖက်ကစိုးရိမ်ရသေးတယ်၊ အခုမှ ဒုက္ခသစ္စာနဲ့ ဆုံတွေ့နေရတာပါပဲ အစ်ကိုရသေ့ရယ်''

ဂူလိုဏ်အမိုးစွန်းကျောက်ဖျာကြီးနောက်မှ ချောင်းငုံ့ကြည့်ကာ ပြောသမျှစကားတို့ကိုနားစွင့်နေသော မင်းစက်သာမှာ ကြားရသည့် စကားများကြောင့် လွန်စွာအံ့သြစိတ်ဝင်စားလျက်ရှိတော့သည်။

ထိုစဉ် မင်းစက်သာ၏အကြည့်မှာ ဂူအဝဘက်သို့ အမှတ်မထင်ရောက်ရှိသွားရာ အံ့သြတုန်လှုပ်သွားမိလေ၏။ ဂူအမိုးစွန်းအပေါ်စီးမှ ကြည့်နေခြင်းဖြစ်သဖြင့် သူက ဂူအဝမှ ခေါင်းတစ်လုံးထွက်ပြူနေခြင်းကို အတိုင်းသားတွေ့နေရလေ၏။ လူတစ်ဦးသည် ဂူဝမှနေ၍ ဂူအတွင်းမှစကားတို့ကို ချောင်းနားထောင်နေခြင်းပင်။

''ဟာ ... အဲဒီလူဟာ ဘယ်သူလဲမသိဘူး၊ သူ ... သူဘရသေ့တို့ပြောတဲ့စကားအားလုံးကို ကြားသွားပြီနဲ့တူရဲ့''

ဂူအဝမှ ချောင်းနားထောင်နေသူ၏ ရုပ်လက္ခဏာက်





သူက ထင်ရှားစွာတွေ့နေရရာ နှုတ်ခမ်းမွေး၊ ပါးမြိုင်းမွေးတို့ရှိသော ညှင်းသိုးသိုးအသွင်ရှိသည့် ထိုလူသည် လူကောင်းသူကောင်း မဖြစ်နိုင်ချေ။ ဂျပိုးသူခိုးတစ်ယောက်သာ ဖြစ်ချေမည်။ သူသည် ဤတောဤတောင်အတွင်းဝယ် ကျက်စားလျက်ရှိသည့် သုံးပန်လှဒေဝီ၏ ဓားပြဂိုဏ်းမှ ဓားပြတစ်ဦးဖြစ်ပါမူ ငါးပါးမှောက်ချေရော့မည်။

ထိုလူစိမ်း ချောင်းမြောင်းနားထောင်လျက်ရှိကြောင်း ဘရသေ့တို့ကို အော်ဟစ်ပြောလိုက်ရလျှင်ကောင်းမည်လား ... မဖြစ်ချေ။ သူ ... ထိုသို့အော်ဟစ်အသိပေးပါက ... သူချောင်းနားထောင်တာပါ ပေါ်သွားမည်ဖြစ်၏။ ကိုယ့်ကိုယ်ကိုယ်ဖော် မသူတော်ဖြစ်သွားချေရော့မည်။ သို့ဆိုလျှင် မည်သို့လုပ်ရပါ့။

သူသည် ဆုံးဖြတ်ချက်တစ်ခုကို ချက်ချင်းချလိုက်ပြီး ... အနီးအနား ကျောက်နံရံအကြိုအကြားမှ ကျောက်ခဲအပဲ့အရွဲ့တစ်ခုခုကို လျင်မြန်စွာရှာဖွေလေတော့၏။

''ဟော ... တွေ့ပြီ''

သူရပ်နေရာနှင့် နှစ်လံကွာခန့်ရှိ ကျောက်တုံးနှစ်တုံးကြားမှ လက်ဖဝါးခန့်ရှိကျောက်ချပ်အပဲ့တစ်ခုကို ကောက်ယူလိုက်စဉ်မှာပင် ဂူလိုဏ်ထဲမှ မဟာစက္ကနရသေ့၏အသံထွက်ပေါ်လာသည်။

''မင်း စောစောကပြောတဲ့ ... အတွင်းလျှို့ဝှက်လိုဏ်ဂူ



www.burmeseclassic.com

www.burmeseclassic.com



ကိုဖွင့်တော့ ကျောက်စိမ်းဘီလူးရုပ်တုကို ခလုတ်ထဲထည့်ပြီး ဘယ်ဘက်လှည့်ဖွင့်ရမှာလဲကွ''

''ဖွင့်ပုံဖွင့်နည်း ရှိတယ်အစ်ကိုရ . . . နှစ်ဆင့်လှည့်ဖွင့်ရမှာ၊ မှားပြီးဖွင့်ရင်လည်း ပထမလှည့်လိုက်တဲ့အဆင့်မှာ မပေါက်ကွဲသေးဘူး၊ ဒုတိယအဆင့်ထပ်လှည့်လိုက်တာနဲ့ တာတာစစ်သူကြီးဆင်ထားတဲ့ ယန္တရားတွေလှုပ်ရှားပြီး ယမ်းဘီလူး ပေါက်ကွဲမှာပဲ အစ်ကိုရသေ့ရ၊ အဲဒီအခါ ရတနာသေတ္တာကြီးရော၊ ဂူထဲရှိသမျှ လူတွေအားလုံးပါ ဂူကြီးအစိတ်စိတ်အမြွာမြွာ ကွဲကြေပြီး ကျလို့ သေကျေပျက်စီးကုန်မှာပဲ၊ မှတ်တမ်းရေးထားပုံအရ ယမ်းဘီလူးရဲ့ပေါက်ကွဲအားက တော်တော်ကြီးကို ပြင်းတယ်ဆိုပဲ . . .။

အဲ . . . ဖွင့်ပုံဖွင့်နည်းအမှန်မှာလည်း နှစ်ဆင့်ရှိတာပဲ၊ ပထမတစ်ဆင့် လှည့်ဖွင့်ပြီးတာနဲ့ မပွင့်သေးဘူး၊ နောက်တစ်ဆင့်ထပ်လှည့်ဖွင့်မှ ချောက်ခနဲပြည်ပြီး လျှို့ဝှက်တံခါးပွင့်သွားမှာတဲ့ဗျ . . .။

တကယ်တော့ . . . ဘယ်ဘက်ကို နှစ်ဆင့်လှည့်ရမှာလား၊ ညာဘက်ကို လှည့်ရမှာလားဆိုတာ ခွဲခြားသိထားဖို့လိုတယ် အစ်ကိုရသေ့ရ''

''ဟုတ်ပါပြီကွာ . . . ဒါဆို အမှန်ဘက်က ဘယ်ဘက်လှည့်ရမှာလား . . . ညာဘက်လှည့်ရမှာလား''

စူဠစက္ကနုရသေ့က တစ်စုံတစ်ရာဖြေမည်အပြုတွင် ဂူ





မှချောင်းမြောင်းနားထောင်နေသူသည် ပိုမိုစိတ်ဝင်စားလာမှုကို ထိန်းသိမ်းနိုင်ခြင်းမရှိတော့ဟန်ဖြင့် ဦးခေါင်းကိုရှေ့သို့ ပိုတိုးကာ ထဲသို့ကဲကြည့်ကာ နားစွင့်လိုက်လေ၏။

ထိုသူ၏ ပိုကဲလာသော အတင့်ရဲလှသည့်အပြုအမူကို တွေ့ရလေသော မင်းစက်သာမှာ သူ၏ဒေါသဖြစ်နေသောစိတ်ကို ထိန်းသိမ်းနိုင်ခြင်းမရှိတော့ဘဲ လက်ထဲမှ ကျောက်ပြားပဲ့ဖြင့် ဂူဝမှ လူဆီမှန်းကာပစ်ပေါက်ထည့်လိုက်တော့၏။

'ဝိုး . . ခွမ်း'

ကျောက်ပြားပဲ့မှာ လေကိုခွင်းသွားပြီး ဂူဝမှ ကျောက်တုံးတစ်တုံးကို ထိမှန်ကာ ကွဲကြေသွားရာ . . . ဂူဝမှာချောင်းမြောင်း ချောင်းနေသောလူမှာ လန့်ဖျပ်ပြီး နောက်သို့ခုန်ဆုတ်ကာ တစ်ချိုးတည်း ထွက်ပြေးတော့၏။

ဂူအဝမှကျောက်ပြားပဲ့၏ ပဲ့ကြွေသံကြောင့် ရသေ့နှစ်ဦးမှာ ဂူဝဆီသို့ ဖျတ်ခနဲလှမ်းကြည့်လိုက်ကြလေ၏။

''ဘာဖြစ်တာလဲ''

''ဘာမှမဖြစ်ပါဘူး အစ်ကိုရသေ့ရာ . . . ဒီကျောက်ဂူကြီးတွေက ရှေးနှစ်ပေါင်းများစွာက ကျောက်ဂူကြီးတွေဆိုတော့ ကျောက်သားတွေဆွေးပြီး ဒီလိုပဲ ပဲ့ကြွေတာပေါ့ . . . စူဠစက္ကနုတောင်က ကျွန်တော့်ရဲ့ဂူလိုဏ်မှာဆို ပိုဆိုးသေး''

''ဒါထက် မင်းရဲ့စကားကိုဆက်ပါဦးကွ . . . ကျောက်



www.burmeseclassic.com

www.burmeseclassic.com



စိပ်းဘိလူးရုပ်ကို ဘယ်ဘက်လှည့်ရတာအမှန်လဲ ... ဝဲဘက်လာ ... ယာဘက်လား''

''လက်ယာဘက် အစ်ကိုရ ... အဲဒါ ဘယ်လို ဆက်လုပ်ကြရင်ကောင်းမလဲလို့ အစ်ကို့ဆီလာတိုင်ပင်တာ''

စူဠစက္ကနရသေ့၏ စကားကိုကြားပြီးသည်နှင့် မင်းစက်သာမှာ ဆက်လက်နားစွင့်ရန်မလိုတော့သဖြင့် ကျောက်ဖျာသို့မှခွာပြီး ဥပင်လမ်းအတိုင်း ကျောက်တောင်ကြီး၏အပြင်ဘက်သို့ ပြန်ထွက်ခဲ့တော့၏။

သူသည် ကျောက်တောင်ခြေသို့ရောက်လေလျှင် မူလထိုင်နားနေရာ သင်ဂဒူပင်ကြီး၏ခြေရင်းသို့ ပြန်သွားပြီး ပင်စည်ကိုကျောမှီကာ ထိုင်နေလိုက်တော့၏။

ကွမ်းတစ်ယာညက်ခန့်အကြာဝယ် ... ကျောက်ဂူဝမှ ရသေ့နှစ်ဦး စကားတပြောပြောဖြင့် ထွက်လာပြီး စူဠစက္ကနရသေ့မှာ ဂူဝအပြင်ဝန်းကျင်သို့ မျက်စိဝေ့ကြည့်လိုက်သည်တွင် မင်းစက်သာကိုတွေ့သွားသည်၌ မျက်မှောင်တစ်ချက်ကြုတ်ကြည့်ပြီးနောက် ... အစ်ကိုရသေ့ကို ရှိသေစွာနှုတ်ဆက်ကာ တောင်ဝကို ပြေပှာမထောက်ဘဲ လက်မှာကိုင်လျက် အနောက်ဘက်တောထဲ ဝင်ရောက်သွားပါတော့သတည်း။

# ကျောက်စိပ်းဘီလူးရုပ်တုရယူခြင်း

နောက်နှစ်ရက်အကြာဝယ် ...

နံနက်ပိုင်း ဘရသေ့၏ဝေယျာဝစ္စများကို တာဝန်ကျေပွန်စွာ လုပ်ဆောင်ပေးပြီးနောက် ...

မင်းစက်သာသည် ဂူကြီးအတွင်းမှ ကျောက်ဖျာပေါ်ဝယ် ...ရားရှုမှတ်ရန်ပြင်ဆင်နေသော ဘရသေ့၏ထံမှောက်၌ ဒူး...ပ်ခစားလိုက်ကာ လက်အုပ်ချီလိုက်ပြီး ...

''ဘရသေ့ခင်ဗျာ ... ဘရသေ့ရဲ့ လမ်းညွှန်မှု၊ ဆေး...ကုသပေးမှုတို့ကြောင့် ကျွန်တော့်ရဲ့အရေပြားဝေဒနာ လုံးဝ...ပျောက်ကင်းသွားပါပြီခင်ဗျာ၊ ဒါကြောင့် ကျွန်တော့်ကို မူလဇာတိ...ပ်ထံ ပြန်ခွင့်ပြုပါခင်ဗျာ''

ခု နှစ် စဉ် ကြယ် စာ-ပေ

www.burmeseclassic.com

www.burmeseclassic.com



ဟု တောင်းပန်လျှောက်ထားလိုက်လေ၏။

ဘရသေ့မှာ ချပ်းပြေ့အေးငြိမ်းသော ကရုဏာမျက်နှာဖြင့် မင်းစက်သာကို စိုက်ငေးကြည့်နေရာမှ ...

''အေးပေါ့လေ ... လောဘ, ဒေါသ, မောဟပြွမ်းတီးတဲ့ လူ့ဝတ်ကြောင်တို့ရဲ့ဘဝဝက်ပါထဲမှာလည်း ရမွက်တဏှာသီးတဲ့ ချိုဆိမ့်တဲ့သစ်သီးက ရှိလေတော့ ဒုက္ခသမုဒယ ထပ်းပိုးတို့အောက်မှာ ခေါင်းလျှိုပြီး ဆုံလည်နွားလိုရုန်းဖို့ရာ ဝန်မလေးကြဘူးပေါ့ ...။

အင်း ... ရှိစေတော့ ... ဆုံးရှုံးလုလု လူသားတစ်ဦးရဲ့ဘဝနဲ့အသက်ကို ကျွန်ုပ်ကယ်ပြီးခဲ့ပြီပဲ၊ ပင်းလည်း ကျွန်ုပ်ကိုခြေဆုပ်လက်နယ် ဝတ်ကြီးငယ်ကိုနေ့စဉ်ပြုခဲ့လို့ ကျေးဇူးဝန်တို့ကျေခဲ့ပြီပဲ ... ကျွန်ုပ်ခွင့်ပြုပါတယ်၊ မူလဇာတိရပ်ထံ ပြန်နိုင်ပါပြီ တပည့်ရယ်''

ဟု ကရုဏာမေတ္တာသံဖြင့် အေးမြငြိမ်းချမ်းစွာ ခွင့်ပြုစကားကိုဆိုမိန့်ရာ ...

''ကျေးဇူးကြီးလှပါတယ် ... ဘရသေ့''

ဟုဆိုလျက် မင်းစက်သာမှာ ရင်ထဲမှ အကယ်ပင် လှိုက်လှိုက်လှဲလှဲကျေးဇူးတင်စွာဖြင့် ကျေးဇူးစကားဆိုကာ ဦးသုံးကြိမ်ချကန်တော့လိုက်ပါတော့၏။

ထို့နောက် သူသည် ကျေးဇူးရှင်ဘရသေ့ကို နောက်သုံး





ဖူးခြင်းဖြင့် မော်ဖူးလိုက်ပြီးနောက် ... မဟာစက္ကနတောင်ကိုကျောခိုင်းကာ ရောဝတီမြစ်ကြီးရှိရာ အရှေ့ဘက်အရပ်သို့ ခရီးထွက်ခဲ့တော့၏။

တောတောင်ထဲ၌ နှစ်နှစ်နီးပါးခန့် ကျင်လည်ခဲ့ပြီးသူမို့ မင်းစက်သာ တောကျွမ်းလျက်ရှိပြီဖြစ်ကြောင်းသိရာ ဘရသေ့က ခရီးလမ်းကို ညွှန်ပြခြင်းမပြုတော့ချေ။

အမှန်တော့ ဘရသေ့ရှေ့မှာမို့ အရှေ့ဘက်အရပ်ကို ခရီးနှင်ဟန်ဆောင်ခဲ့ပြီး ... ခင်တန်းနှစ်ခုကိုကျော်ပြီးနောက်မှာတော့ ... တြိယက္ခတောင်ရှိရာအရပ်ဖြစ်သော အနောက်မြောက်အရပ်သို့ ဦးတည်ချိတက်လာပါတော့၏။

''စူဠစက္ကနဘရသေ့ပြောသလိုပဲ ဘုရားစေတီမှာ ဌာပနာဖို့ ရှေးခေတ်အလှူရှင်တွေရဲ့ လှူဒါန်းမှုအစုစု ရှေးဟောင်းရတနာတွေကို ဓားပြလူဆိုးမသမာသူ လူယုတ်မာတွေရဲ့လက်ထဲတော့ အပါမခံနိုင်ဘူး၊ ဘာသာသာသနာအတွက် အဲဒီရတနာတွေဘက်က ကာကွယ်ရမယ်၊ ဖြစ်တဲ့နည်းနဲ့ကာကွယ်ရမယ်၊ ငါ့ရဲ့ဘဝမှာ ကြီးမားတဲ့ကောင်းမှုကုသိုလ်ပြုတဲ့အနေနဲ့ ငါ့ရဲ့အသက်ကို စွန့်ချင်စွန့်ရစေတော့ ... တြိယက္ခတောင်ကြီးထဲကရတနာတွေကို ဓားပြတွေရဲ့လက်ထဲ မရောက်အောင် ဖြစ်တဲ့နည်းနဲ့ ကာကွယ်မယ်''

သူသည် သံမဏိအဓိဋ္ဌာန်ချကာ ... တြိယက္ခတောင်



www.burmeseclassic.com

www.burmeseclassic.com



ကြီး ရှိရာဆီသို့ သုတ်ခြေတင်ချီတက်လာပါတော့၏။

♛ ♛ ♛

မင်းစက်သာသည် ဖျင်ကြမ်းအင်္ကျီဟောင်းကို တံတောင်ဆစ်အထိ လက်ခေါက်ဝတ်ထားလျက် ရှမ်းဘောင်းဘီအနက်ရောင်ကို ဝတ်ကာ လွာပါးမိနပ်ကိုစီးထားပြီး . . . ရှမ်းလွယ်အိတ်တစ်လုံးကို လွယ်ထားလေ၏။ လွယ်အိတ်ထဲဝယ် ထမင်းခြောက်ကြော်ထုပ်၊ ဘူးသီးခြောက်ရေဘူးငယ်၊ ကြေးမီးခြစ်ဟောင်း တစ်လုံးတို့သာ ပါလေ၏။

သူသည် နက်ရှိုင်းလှသောတောကြီးထဲဝယ် အနောက်ပြောက်စူးစူးအရပ်သို့ဦးတည်ကာ ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လှမ်းဖြတ်သန်းခဲ့ရာ ဤမှာဘက် တောနက်ပိုင်းသို့ တစ်ကြိမ်တစ်ခါမျှပရောက်ဖူးခဲ့သောကြောင့် ပျက်စီလည်မသွားစေရန်အရပ်မျက်နှာ၏တည်ရာကို သတိထားပြီးလျှို့မြောင်အထပ်ထပ်ကို ဖြတ်သန်းခဲ့ရခြင်းဖြစ်ပါ၏။

မင်းစက်သာသည် အာဟာရအဖြစ်လမ်း၌ခူးဆွတ်၍ရသော သစ်သီးအချို့နှင့် ထမင်းခြောက်ကြော်ကိုစားကာ ဘူးသီးခြောက်ရေဘူးထဲမှရေကိုသောက်ကာ မိုဝဲရင်းတစ်နေ့တာလုံး





တာကြီးဟေမဝါကို ဖြတ်သန်းလာခဲ့ရာ ညနေရီစောင်းလုလုယ် တောင်ထွတ်သုံးခုရှိသော တောင်ကြီးတစ်တောင်၏အနီးသို့ ရောက်ရှိသွားတော့၏။

"ဟော . . . ရှေးကတောင်ကြီးရဲ့တောင်ထွတ်တွေကဂ်လူးခေါင်းတွေနဲ့တူလှပါလား၊ ဒါဟာ တြိယက္ခတောင်ပဲဖြစ်ရယ်"

သူသည် ရည်မှန်းချက်ဖြစ်ရာ တြိယက္ခတောင်ကြီးနှင့်းလာပြီဖြစ်သဖြင့် ခြေသံလုံအောင်လျှောက်ရင်း ဝါးဖယောင်းတာ၊ ဘီစပ်ချုံတောတို့ကို တိုးကာ သင်္ဂဒူ၊ မလွှပင်ကြီးတို့၏ရိပ်ကိုခိုကာ . . . သတိကြီးစွာ မျက်စိရှင်ရှင်ထားပြီး တောင်ခြေနီးသို့ ရောက်ရှိလာရာ သူ တောင်ခြေကို ကောင်းစွာမမြင်ရည့် အချိန်မှာပင် မြင်းခွာသံများကို ကြားရလေ၏။

မင်းစက်သာမှာ သစ်ဆိမ့်ပင်ကြီး၏ပင်စည်ကို ကွယ်ကာချောင်းမြောင်းကြည့်လိုက်ရာ သက္ကလတ်ဦးထုပ်ကိုဆောင်းလျက်၌ ကျည်ခါးပတ်နှင့်အတူ ခြောက်လုံးပြူးသေနတ်တစ်လက်ကို သားရေအိတ်ဖြင့် ဟန်ပါပါချိတ်ဆွဲထားသော အမျိုးသမီးချာတစ်ဦး ဦးဆောင်သည့်မြင်းစီးသမား (၆) ဦးတို့သည် တြိယက္ခတောင်ကြီး၏တောင်ခြေသို့ မြင်းတို့ကို အသားကျစီးကာရောက်ရှိလာတော့၏။

မြင်းခွာသံများကြားသည်နှင့် တြိယက္ခတောင်ပေါ်မှ ခါး



www.burmeseclassic.com

www.burmeseclassic.com



၌ တောလိုက်ဓားမြောင်ကိုယ်စီတိုးထားသော ဘောင်းဘီရှည်ဝတ် လူနှစ်ဦးပြေးဆင်းလာကာ ခေါင်းဆောင်အမျိုးသမီး မြင်းပေါ်မှ ဆင်းလိုက်သည်နှင့် သူမ၏မြင်းဇက်ကြိုးကို တစ်ဦးကဆွဲကာ သစ်ပင်ငယ်တစ်ပင်၏ပင်စည်ဝယ် ချည်ထားလိုက်လေ၏။

နောက်တစ်ဦးကမူ အခြားမြင်းစီးသမားတို့၏ မြင်းဇက်ကြိုးတို့ကို နီးရာသစ်ပင်ငယ်တို့ဝယ် လိုက်ချည်လေ၏။

အမျိုးသမီးသည် ဦးခေါင်းမှသက္ကလတ်ဦးထုပ်ကိုချွတ်ပြီး ကျောလယ်အထိရှည်လျားသော ဆံနွယ်တို့ကို ခါလိုက်ကာ တောင်ခါးပန်းပေါ်သို့ ရှေ့မှ ဦးဆောင်တက်သွားလေ၏။ သူမသည် ဘိုမအချို့ဝတ်သော ဘောင်းဘီရှည်ဖင်ကျပ်ကို ရှပ်အင်္ကျီအကွက်ဖြင့် တွဲဝတ်ထားရာလွန်စွာဗိုလ်ဆန်ကာ ကြည့်၍ကောင်းလေ၏။

''အင်း . . . သူတို့ဟာ ရွာစဉ်ကွေ့လှည့် ဓားပြတိုက်ပြီး ပြန်လာတာဖြစ်မယ်၊ သူတို့က လက်နက်တွေရှိပြီး လူအင်အားကောင်းတယ်၊ ငါ . . . ဒီအနားက တစ်ညလုံးစောင့်ပြီး နောက်နေ့မနက် သူတို့ဓားပြတိုက်ဖို့ထွက်မှ ဂူကြီးထဲဝင်နိုင်ဖို့ကြိုးစားရမယ်''

မင်းစက်သာသည် စိတ်ကိုဆုံးဖြတ်လိုက်ပြီးနောက် အနီးရှိသစ်ဆိမ့်ပင်ကြီးပေါ်သို့တက်ခဲ့ကာ သူ့ကို တော်ရုံလူမမြင်နိုင်သော ခွကောင်းကောင်းနေရာကို ရွေးချယ်ထိုင်လိုက်တော့၏။





ပြောင်းရှည်သေနတ်များ၊ ဓားလွတ်များ ဆွဲကိုင်ထားသည့် ဓားပြအဖွဲ့သားအားလုံးမှာမူ တောင်ခါးပန်းပေါ်သို့ တက်သွားပြီဖြစ်ပါ၏။

ထမင်းခြောက်ကြော်ကိုစားကာ ဘူးသီးခြောက်ရေဘူးထဲမှ ရေကိုသောက်လျက် မှက်၊ ခြင်တို့အကိုက်ခံပြီး မြိုင်ဟောဟာအတွင်းမှ ညတစ်ညကို ဖြတ်သန်းရပေဦးမည်။

ထိုညက လ အတန်ငယ်သာပြီး ကြယ်ကွဲတောင်ကြီး၏ တောင်ခါးပန်းပေါ်ရှိ လှိုဏ်ဂူကြီးထဲမှ ဓားပြအဖွဲ့သားတို့၏ စကားပြောသံ၊ ရယ်မောသံ၊ အဝေးဆီမှ ချေဟောက်သံ၊ ဆတ်တစ်သံ တရိန့်ရိန့်နှင့် တစ်ချက် တစ်ချက် ကျားဟိန်းသံတို့ကိုပါ နားခံရင်း ခရီးပန်းစွာ သစ်ဆိမ့်ပင်၏ပင်စည်ကို မှီလျက် အိပ်ပျော်သွားပါတော့၏။

♛ ♛ ♛

သူသည် ယမန်နေ့က ခရီးပန်းလာသဖြင့် တစ်ညလုံး နှစ်ခြိုက်စွာအိပ်ပျော်ခဲ့ရာ စာပုတီးတို့၏ကြွက်ကြွက်ညံအော်သံကြောင့် အိပ်ပျော်နေရာမှလန့်နိုးတော့ နေပင်အတော်မြင့်လျက်ရှိချေပြီ။

ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် မြင်းခွာသံများကြားရသဖြင့် သစ်ဆိမ့်ပင်ကြီးပေါ်မှလှမ်းကြည့်လိုက်ရာ သုံးပန်လှဆိုသည့် ဓားပြခေါင်းဆောင်အမျိုးသမီးနှင့် ဓားပြအဖွဲ့မှာမြင်းကိုယ်စီဖြင့် ထွက်ခွာသွားသည်ကို တွေ့လိုက်ရလေ၏။ မင်းစက်သာသည် သစ်ဆိမ့်ပင်ကြီးပေါ်မှပင် တောင်ခါးပန်းဆီ လှမ်းကြည့်လိုက်ရာ ဂူဝကိုလှမ်းမြင်ရပြီး . . . ဂူဝ၏ရှေ့၌ အဘိုးကြီးတစ်ဦး မီးမွှေးကာ ထမင်းအိုးတည်နေသည်ကို တွေ့ရလေ၏။ ဘောင်းဘီရှည်အပြာနုရောင် ခပ်နွမ်းနွမ်းဖြင့် ရှပ်အင်္ကျီလက်တိုကို အကွက်စိတ်ဝတ်ထားသည့် မုတ်ဆိတ်ပါးသိုင်းမွေးများရှိသော လူပိန်ပိန်မှာ ထမင်းခြောက်များကို မီးပုံအနီးသို့ သယ်ပေးလျက်ရှိလေ၏။

''အင်း . . . စောစောက အပြင်ကိုထွက်သွားတာ ရှစ်ယောက်၊ ဂူမှာ အစောင့်အဖြစ်ထားခဲ့တာက နှစ်ယောက်ဆိုတော့ သူတို့လူစုဟာ (၁၀) ယောက်လောက်ရှိတာပဲ၊ ဟို . . . မုတ်ဆိတ်ပါးသိုင်းမွေးနဲ့လူပိန်ပိန်ဟာ ဟိုနေ့က ဘရသေ့တို့ရဲ့စကားကို ခိုးနားထောင်သွားသူပဲ''

မင်းစက်သာသည် ဓားပြအဖွဲ့သားများ ဓားပြတိုက်ရန်ထွက်သွားစဉ် တြိယကွတောင်မှ လျှိုပျက်လိုဏ်ဂူကြီးထဲ ဖြစ်သည့်နည်းဖြင့်ဝင်ကာ ကျောက်စိမ်းဘီလူးရုပ်တုကို ရယူရန်ဆုံးဖြတ်လေ၏။ ကျောက်စိမ်းဘီလူးရုပ်တုမှာ ရတနာသေတ္တာရှိရာ ဒုတိယလျှို့ဝှက်လိုဏ်ဂူကိုဖွင့်ရန် အဓိကသော့ချက်ပင်ဖြစ်သ





ဖြင့် သူသာ ကျောက်စိမ်းဘီလူးရုပ်တုကို ရအောင်ယူနိုင်ပါက သုံးပန်လှဓားပြအဖွဲ့မှာ ရတနာများရှိရာလျှို့ဝှက်လိုဏ်ဂူကို မည်သည့်နည်းနှင့်မျှ ဖွင့်၍ရတော့မည် မဟုတ်ပေ။

ထို့ကြောင့် သူက ကျောက်စိမ်းဘီလူး ရုပ်တုကိုရအောင်ယူကာ ဤဟေမာတောကြီးထဲမှ ထွက်ပြေးမည်။ အနီးဆုံးမြို့သို့ရောက်ပါက သုံးပန်လှဓားပြအဖွဲ့ကြီး တြိယကွတောင်၌ စတည်းချနေသည်ဟု ပုလိပ်ဌာနကိုသတင်းပေးမည်။

ဤသို့ဖြင့် ပုလိပ်တပ်ဖွဲ့မှ သုံးပန်လှဓားပြအဖွဲ့ကြီးကို အပြီးတိုင်ချေမှုန်းပြီးနောက် တြိယကွတောင်၌ အန္တရာယ်အားလုံးကင်းရှင်းသွားလိမ့်မည်။

ထိုအခါမှ သူက မန္တလေးသို့ပြန်ပြီး အစ်မတို့နှင့်တိုင်ပင်ကာ စိတ်ချရသောလူယုံတို့စုစည်းပြီး တြိယကွတောင်သို့ ပြန်သွားမည်။ တြိယကွတောင်သို့ရောက်သော် အပြင်လျှို့ဝှက်လိုဏ်ဂူခန်းရော၊ အတွင်းလျှို့ဝှက်လိုဏ်ဂူခန်းပါ ဖွင့်လှစ်ပြီး ရတနာသေတ္တာကိုယူမည်။ ထို့နောက် . . . စေတီတစ်ဆူတည်သည့်အခါ ယင်းရတနာပစ္စည်းများ၏ မူလအလှူရှင်တို့ကို ရည်စူးအမျှပေးဝေလျက် စေတီ၌ဌာပနာလိုက်မည်။

ယင်းသို့လျှင် . . . မင်းစက်သာသည် ကြံစည်စိတ်ကူးပြီး သစ်ဆိမ့်ပင်ကြီးပေါ်မှ ခပ်သွက်သွက်ဆင်းလာခဲ့ပါတော့၏။

မင်းစက်သာသည် သစ်ဆိမ့်ပင်ကြီး၏ခြေရင်းသို့ ရောက်



www.burmeseclassic.com

www.burmeseclassic.com



သည်နှင့် ခြေသံမကြားရအောင် တောင်ခြေသို့ချဉ်းကပ်လာပြီးလျှင် တောင်တက်လမ်းလေးမှ တောင်ခါးပန်းပေါ်သို့သတိကြီးစွာထားကာ တက်ခဲ့တော့၏။

သူသည် တောင်ခါးပန်းပေါ်သို့ရောက်သည်နှင့် ကျောက်တုံးကြီးတစ်တုံးကိုကွယ်ကာ ဂူဝ၏ရှေ့သို့ချောင်းကြည့်လိုက်သည်တွင် ထမင်းအိုးတည်နေသည့် အဘိုးအိုရော၊ မုတ်ဆိတ်ပါးမြိုင်းမွေးတို့နှင့်လူရွယ်ကိုပါ ဂူရှေ့ဝယ် မတွေ့ရတော့ချေ။

''သူတို့ ဂူထဲဝင်သွားပြီထင်တယ်''

မင်းစက်သာက ကျောက်တုံးသုံးတုံးကို ဖိုခုံလောက်ဆိုင်ပြုကာ ထင်းမီးဖြင့်တည်ထားသော ထမင်းအိုးကြီး ပွက်ပွက်ဆူနေသည်ကို ကြည့်လိုက်ပြီးနောက် မသင်္ကာသလိုဖြစ်လာသဖြင့် ဂူအနီးသို့ ခြေဖွနင်းကာချဉ်းကပ်သွားတော့၏။

ဂူဝသို့ရောက်သည်အထိ မည်သည့်အသံလှုပ်ရှားမှုမှ မတွေ့၊ မကြားသောအခါ ပို၍သင်္ကာမကင်းဖြစ်လာပြီးလျှင် ဂူဝမှ ဂူအတွင်းသို့သတိကြီးစွာထားပြီး ခေါင်းပြူကြည့်လိုက်တော့၏။

''ဟာ . . . ဂူထဲမှာလည်း အဘိုးကြီးနဲ့ဟိုလူရဲ့အရိပ်အယောင်မတွေ့ရပါလား''

သို့သော် ဂူကြီးထဲသို့သေချာကြည့်လိုက်သောအခါ ဂူကြီး၏လက်ယာဘက်ထောင့်ဝယ် ဂူပေါက်တစ်ခုဖြစ်နေသည်ကိုတွေ့ရလေတော့၏။





ယင်းအပြင် . . . ထိုအတွင်းဂူပေါက်ထဲမှ လူနှစ်ဦး၏ကားပြောသံများကို ကြားနေရလေ၏။

''အင်း . . . ငါထင်တဲ့အတိုင်း မုတ်ဆိတ်ပါးမြိုင်းမွေးနဲ့လူဟာ ဘရသေ့တို့ပြောတာကိုကြားခဲ့ပြီး အပြင်လျှို့ဝှက်လိုဏ်ခန်းရဲ့ လျှို့ဝှက်တံခါးကိုဖွင့်ဝင်နေပြီပဲ၊ ထမင်းချက်တဲ့ အဘိုးကြီးနဲ့ အဲဒီလူတို့ရဲ့ စကားသံပဲဖြစ်မယ်''

မင်းစက်သာသည် ဂူလိုဏ်မကြီးကိုခြေဖော့နင်းကာဖြတ်သန်းဝင်ရောက်ခဲ့ပြီး အပြင်လျှို့ဝှက်လိုဏ်ဂူ၏အနားသို့ရောက်လာတော့၏။

ဤတွင် ယင်းဂူလိုဏ်ခန်းထဲမှ စကားပြောသံတို့ကို သေချာစွာကြားရပါတော့၏။

''သား . . . ဒီဘီလူးရုပ်တုလေးနဲ့ ဒီလျှို့ဝှက်ခလုတ်ကိုဖွင့်လို့ ဖွင့်နည်းမမှန်ရင် ယမ်းဘီလူးတွေ ထပြီးပေါက်ကွဲလိမ့်မယ်နော်''

''ဒါကြောင့် ကျွန်တော်လည်း ချီတုံချတုံဖြစ်နေတာပေါ့အဖေရ . . . ဒီအတွင်းလျှို့ဝှက်လိုဏ်ဂူအခန်းကို ဒီကျောက်စိမ်းဘီလူးရုပ်တုလေးနဲ့ လှည့်ဖွင့်ရင် လျှို့ဝှက်တံခါးကို ဖွင့်လို့ရမှန်းသိပေမယ့် ဘယ်ဘက်ကိုလှည့်ပြီးဖွင့်ရမှန်း မသိလို့ခက်နေတာပေါ့၊ တကယ့်ဖွင့်နည်းအမှန်ကို ဟိုရသေ့ကပြောမလို့ လုပ်တုန်းအပိုးပေါ်က ကျောက်ပြားတစ်ချပ်ဟာ ကျွန်တော့်ရဲ့ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



နားကကျောက်တုံးပေါ် ပြုတ်ကျပြီး ခွမ်းခနဲကွဲသွားတော့ ကျွန်
တော်လည်း လန့်ပြီးထွက်ပြေးခဲ့ရတာနဲ့ ရသေ့ပြောတဲ့စကားကို
ဆုံးအောင်နားမထောင်လိုက်ရဘူး၊ ဒါကြောင့် လှျို့ဝှက်ခလုတ်
ဖွင့်ဖို့ လက်ဝဲဘက်လှည့်ရမှာလား၊ လက်ယာဘက်လှည့်ရမှာ
လားဆိုတာ မကြားလိုက် . . . မသိလိုက်တော့ဘူး အဖေရ''

''ရမ်းပြီးတော့ မလှည့်လိုက်ပါနဲ့ကွာ . . . ရတနာတွေ
မရဘဲ မာလကီးယားနေပါဦးမယ် ငါ့သား ဖာလုံရယ်''

''အဖေကလည်း ဓားပြအဖွဲ့ဝင်ဖြစ်ပြီး ဒီလောက်
ကြောက်နေရသလားဗျ၊ ရှင်ရင်ဒွေထီး သေရင်မြေကြီးပေါ့၊ ဟို
အစ်မတော်တို့အဖွဲ့ ပြန်မလာခင် ရတနာဂူကိုဖွင့်ပြီး ရသလောက်
သယ်ပြေးမှအဖေရ . . . သူတို့ကို ဒီအကြောင်းတွေဖွင့်မပြော
. . . ကျွန်တော်တို့သားအဖအခုလို ကျိတ်ကြံတာကိုသိသွားလို့က
တော့ ဒီနေရာမှာတင် အသတ်ခံရမှာဗျ၊ မထူးဘူး အဖေရ
. . . ကျွန်တော့်ရဲ့ချောင်းဆိုးသွေးပါရောဂါအတွက် တောထဲမှာ
ဆေးရွက်ထွက်ရှာရင်း မျက်စိလည်ပြီး ဟိုရသေ့တွေရဲ့ ဂူနား
ရောက်သွားလို့ ဒီဂူကြီးထဲမှာ ရတနာတွေရှိနေတာကိုသိခဲ့ရတာ
ဒီတော့ . . . ကျွန်တော်နဲ့ ကံစပ်လို့ရတာလို့မှတ်ပြီး ရတနာတွေ
ကို မရ ရအောင်ယူရမယ် အဖေရ၊ ကဲ . . . အချိန်မရှိဘူး၊ ဖြစ်ချင်
ရာ ဖြစ် . . . ဟောဒီ လှျို့ဝှက်ခလုတ်ရဲ့ သော့ချက် ကျောက်သား
ချိုင့်ခွက်ထဲ . . . ဟောဒီကျောက်စိမ်းဘီလူးရုပ်တုကို နေသာ





ကျထည့်ပြီး လှည့်ဖွင့်တော့မယ်ဗျာ''

ဖာလုံသည် ပြောပြောဆိုဆိုဖြင့် ကျောက်စိမ်းဘီလူးရုပ်
ကို သော့ချက်ကျောက်ခွက်ထဲ အံကျထည့်ကာ ဝဲဘက်သို့
လှည့်ရန်ဟန်ပြင်လိုက်စဉ် . . .

''ဟေ့ . . . ဟေ့ . . . မှားမယ် . . . မှားမယ် အဲဒီဘက်မ
လှည့်နဲ့''

မင်းစက်သာက အလန့်တကြားအော်ဟစ်ရင်း အပြင်
လှျို့ဝှက်လိုဏ်ခန်းထဲသို့ ခုန်ဝင်လိုက်ရာ ဖာလုံနှင့်သူ၏အဖေတို့
မှာ လန့်ဖျပ်သွားပြီး ပြူးတူးပြဲတဲ ကပျာကသီလှည့်ကြည့်လိုက်
ကြလေ၏။

''ဟာ . . . မင်း . . . မင်းဘယ်သူလဲ''

ဖာလုံကပြောပြောဆိုဆိုဖြင့် ခါးကြားမှာထိုးထားသော
ဓားမြှောင်ကို ထုတ်ယူကာ . . . မင်းစက်သာ၏မျက်နှာရှေ့သို့
ချိန်လိုက်တော့၏။

ဖာလုံ၏အဖေ အဘိုးကြီးကလည်း မင်းစက်သာကို
ဓက် ညှိုးငေါက်ငေါက်ထိုးပြီး . . .

''ဟေ့ကောင်လေး . . . မင်း . . . မင်း ဘယ်သူလဲဟင်
. . . ဘယ်ကနေ ဘယ်လိုဒီဂူထဲကို အတင့်ရဲရဲဝင်လာရတာလဲ
. . . သေသွားချင်လို့လား''

ဟု ဒေါသတကြီးရန်တွေ့လိုက်ရာ မင်းစက်သာက မ



www.burmeseclassic.com

www.burmeseclassic.com



ထိမ့်မြင် ပြုံးလိုက်ပြီး ပိန်ညှောင်နေကြသော ဖာလုံတို့သားအဖကို မယုံသလိုကြည့်လိုက်ကာ . . .

''ဒီမှာဗျ . . . အဲဒီအတွင်းလှိုဏ်ဂူမှာ အဖိုးမဖြတ်နိုင်တဲ့ ရှေးဟောင်းရတနာတွေရှိနေတယ်ဆိုတာကို ခင်ဗျားတို့ထက် ကျုပ်က အရင်သိခဲ့တာဗျ၊ ကျုပ်က ခင်ဗျား လာပြီးခိုးနားထောင်သွားတဲ့ ရသေ့ဂူမှာနေသူ ဘရသေ့ကြီးတပည့်ပဲ၊ အဲဒီနေ့က ခင်ဗျားဂူဝကနေ ဘရသေ့တို့ညီနောင် စကားပြောနေတာကို ခိုးနားထောင်နေတာတွေ့လိုက်ရလို့ ကျုပ်ကကျောက်ပြားချပ်နဲ့ ပစ်ထည့်လိုက်တာဗျ . . . သိရဲ့လား၊ အဲဒီမှာ ခင်ဗျား လန့်ပြီး လစ်ပြေးသွားမှ ဘရသေ့ရဲ့ညီက လျှို့ဝှက်ခလုတ်လှည့်နည်း အမှန်ကို ပြောခဲ့တယ်၊ ဒါကြောင့် ဒီရတနာလျှို့ဝှက်ဂူ ဖွင့်တဲ့ နည်းအမှန်ကို ကျုပ်ပဲသိတယ်''

''ဒီတော့ . . . အဲဒီလျှို့ဝှက်ခလုတ်ကို ကျုပ်ကိုယ်တိုင် ဖွင့်ပေးမယ်၊ ဘေးရန်ကင်းကင်းနဲ့ ဖွင့်လို့ရပြီဆိုရင် . . . တွေ့ရတဲ့ ရတနာသေတ္တာထဲက ရတနာတွေကို ခင်ဗျားတို့သားအဖနဲ့ ကျုပ် တစ်ဝက်စီခွဲယူမယ် . . . ဘယ့်နှယ့်လဲ''

မင်းစက်သာ၏စကားကြောင့် ဖာလုံတို့သားအဖမှာ တွေဝေသွားတော့၏။ အတန်ကြာမှ ဖာလုံသက်ပြင်းချလိုက်ပြီး မင်းစက်သာ၏မျက်နှာကို ဓားဖြင့်ချိန်ထားသည့် လက်ကိုပါ အောက်သို့ချလိုက်လေတော့၏။





''ကောင်းပြီလေ . . . ခင်ဗျားက ဒီလျှို့ဝှက်ခလုတ်ရဲ့ ဖွင့်နည်းအမှန်ကိုသိသူဆိုတော့ ခင်ဗျားပဲဖွင့်ပါဗျာ၊ ရတနာသေတ္တာကိုရရင် ကျုပ်တို့သားအဖက တစ်ဝက်၊ ခင်ဗျားက တစ်ဝက် ယူ . . . မြန်မြန်လည်းလုပ်ဦး . . . ပေါ်ကြာနေရင် ဟိုအဖွဲ့တွေ 'လာကြဟော့မှာဗျ''

ထိုအခါ မင်းစက်သာက ရှေ့သို့ခြေလှမ်းတိုးလိုက်ပြီး လျှို့ဝှက်သေ့ခွက်ထဲမှ ကျောက်စိမ်းဘီလူးရုပ်တုကို ယူလိုက်ကာ ယင်းဘီလူးရုပ်တုကို သေချာစွာကိုင်တွယ်ကြည့်လိုက်လေ၏။

''မြန်မြန်လုပ်ပါဗျ''

''အင်းပါ''

မင်းစက်သာသည် ကျောက်စိမ်းဘီလူးရုပ်တုကို သေ့ခွက်ထဲပြန်ထည့်ရန် ဟန်ပြင်လိုက်ရာမှ ချာခနဲလှည့်လိုက်ပြီး ဖာလုံ၏ချိုစောင်းကို ကျောက်စိမ်းရုပ်တုဖြင့် တအားလွှဲကာရိုက်ချလိုက်တော့၏။

'ခွပ်'

ဖာလုံသည် မမျှော်လင့်ဘဲခံလိုက်ရသဖြင့် အသံပင် မထွက်နိုင်ဘဲ ကျောက်ကြမ်းပြင်ပေါ်သို့ ပုံလျက်သားလဲကျသွားတော့၏။

''ဟင် . . . မင်း . . . မင်း ဘယ်လိုလုပ်တာလဲ''

ဖာလုံ၏အဖေ ပိန်ပိန်လှိုလှိုအဘိုးကြီးက အံ့အားသင့်



www.burmeseclassic.com

www.burmeseclassic.com



တုန်လှုပ်ဒေါသထွက်ကာ မင်းစက်သာ၏အင်္ကျီကော်လံကို ဖမ်းဆွဲလိုက်သည့်တွင် ...

''သွားစမ်းပါဗျာ''

မင်းစက်သာက ဓားပြအဘိုးကြီး၏ရင်ဘတ်ကို လက်ဖြင့်ဆောင့်တွန်းလိုက်ရာ ဓားပြအဘိုးအိုမှာ နောက်ဘက်သို့ ပစ်လဲကျသွားပါတော့၏။

ထိုအခါမှ မင်းစက်သာမှာ ကျောက်စိမ်းဘီလူးရုပ်တုကို ယူပြီး ဂူကြီးထဲမှပြေးထွက်လာစဉ် ...

'ခွပ် .. ခွပ် .. ခွပ် .. ခွပ်'

''ဟာ ... မြင်းခွာသံတွေကြားရပါလား၊ အပြင်ထွက်တဲ့ ဓားပြအဖွဲ့ကြီးပြန်ရောက်လာပြီပဲ၊ မဖြစ်ဘူး ... ငါ ဒီက အမြန်ဆုံး ပြေးမှ''

သို့ဖြင့် မင်းစက်သာသည် ကျောက်စိမ်းဘီလူးရုပ်တုကို ရှမ်းလွယ်အိတ်ထဲ ထိုးထည့်လိုက်ပြီး တောင်းခါးပန်းပေါ်မှ အမြန်ဆုံးပြေးဆင်းခဲ့ကာ တောင်ခြေသို့ရောက်သည်နှင့် တြိယက္ခကျောက်တောင်ကြီးနှင့်ဝေးရာသို့ သုတ်ခြေတင်ခဲ့ပါတော့သတည်း။

♛ ♛ ♛ ♛ ♛

## မောင်နှမနှစ်ဦး၏ဆုံစည်းမှု

ဤနေရာတွင် မင်းစက်သာ၏အခန်းကဏ္ဍကို ခေတ္တရပ်နား၍ ...

မန္တလေးမြောက်ပြင်အရပ်ရှိ 'တြိမန္တ' စံအိမ်ကြီးမှာ ကျန်ရစ်ခဲ့သော မင်းစက်သာ၏အစ်မကြီး ဒေါ်မြခြူးသာ၏အကြောင်းကို ဆက်လက်ဖော်ပြလိုပါသည်။

တစ်နေ့သ၌ ဒေါ်မြခြူးသာထံသို့ ကသာရှိမိတ်ဆွေတစ်ဦးထံမှ ကြေးနန်းတစ်စောင်ရောက်ရှိလာပါလေ၏။

ယင်းကြေးနန်းရရှိသည့် နေ့၏ညမှာပင် ဒေါ်မြခြူးသာသည် ကြေးနန်းကိုကိုင်လျက် ညီမဖြစ်သူ အပျိုကြီးမမ ဒေါ်မြမင်းသာအား အောက်ပါအတိုင်းပြောလေ၏။

---

ခု နှစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



''မြမင်းရေ . . . ခမည်းတော်ကြီး စိတ်ဆိုးပြီးမောင်းချလိုက်တဲ့ ငါတို့ရဲ့မောင်လေး မင်းစက်သာရဲ့ သတင်းအစအနတော့ ရပြီဟေ့၊ ကသာက မမကြီးရဲ့မိတ်ဆွေ သစ်ကုန်သည်ဒေါ်သင်းသင်းမြက်က ကသာဘူတာမှာ လွန်ခဲ့တဲ့အပတ်က မင်းစက်သာနဲ့ အတော်တူတဲ့ လူတစ်ယောက်ကိုတွေ့လို့ နှုတ်ဆက်မလို့ လုပ်တုန်း ပျာယီးပျာယာနဲ့ ရထားပေါ်တက်ပြီး အစုန်ရထားနဲ့ပါသွားကြောင်း နောက်သုံးရက်လောက်ကြာလို့ သစ်ကိစ္စအတွက် သူ့ယောက်ျားနဲ့အတူ ကောလင်းကိုရောက်တော့ ကောလင်းဘူတာနားမှာ ယောင်လည်လည်လုပ်နေတဲ့ မင်းစက်သာကိုတွေ့ရပြန်ကြောင်း၊ အဲဒီအခါတော့ သူက သစ်တင်တဲ့ကားပေါ်က မို့ မနှုတ်ဆက်ခဲ့ရကြောင်း ကြေးနန်းရိုက်ပြီး သတင်းပို့လာတယ် . . . ညီမတော်ရဲ့''

''အဲဒီတော့ ဘာဖြစ်လဲမမကြီးရဲ့ . . . သူ့လို လောင်ကစားသမား, လူပေလူရှုပ်မို့ ခမည်းတော်ကြီးရိုကတည်းက စွန့်ပစ်ထားတာပဲဟာ . . . သူ့ဘာသာ ကောလင်းမှာ ယောင်လည်လည်ဖြစ်ရုံမကလို့ အဲဒီမှာ အခြေချပြီး တစ်အိုးတစ်အိမ်ထူထောင်နေနေ ညီမတော်တို့ရဲ့ အပူတစ်ပြားသားမှ မပါပေါင်''

''ဒီလိုတော့ ပစ်စလက်ခတ်မပြောပါနဲ့ ညီမတော်ရယ် . . . ခမည်းတော်ကြီးလည်း ဆုံးပါးသွားပြီမို့ တို့များရဲ့တစ်ဦးတည်းသော မောင်ငယ်လေးကို ရှာဖွေပြန်ခေါ်ပြီး သူ ရသင့်ရထိုက်တဲ့





အမွေအနှစ်ကို ခွဲပေးသင့်တယ်မဟုတ်ဘူးလား''

''အို . . . ဘာမှ သူ့ကိုအမွေခွဲပေးစရာမလိုဘူး၊ သူ့ကို တကူးတကရှာဖွေခေါ်ယူစရာလည်း မလိုဘူး၊ ခမည်းတော်ကြီးက ဒီကောင့်ကို အိမ်ရိပ်ကောင်မနင်းစေနဲ့လို့ တစ်ချက်လွှတ်ပြောပြီးသား ဒီတြိမန္တစံအိမ်ကြီးနဲ့ သူနဲ့ ဘာမှမဆိုင်တော့ဘူး''

''ဒီလိုတော့ မပြောပါနဲ့ ညီမတော် . . . ခမည်းတော်ဒေါသဖြစ်တုန်း ကရုဏာဒေါသောနဲ့ပြောတဲ့ စကားကို မမကြီးတို့ အတည်ယူလို့မဖြစ်ဘူးလေ . . . ခမည်းတော်ကြီးက သူ့သားအပေါ် အမွေပြတ်လို့ တရားဝင်ကြော်ငြာထားတာမှ မဟုတ်တာ၊ မမကြီးတော့ ကောလင်းကိုလိုက်သွားပြီး မောင်လေးမင်းစက်သာကို မရရအောင် ရှာပြီး ပြန်ခေါ်ဖို့ဆုံးဖြတ်ထားတယ် ညီမတော်''

''အို . . . ဘာမှလာမပြောနဲ့ . . . ဘာမှရှာစရာမလိုဘူး၊ ဒီအိမ်နဲ့ သူ ဘာမှမဆိုင်ဘူး''

''ဘာဖြစ်လို့ မဆိုင်ရမှာလဲညီမတော် . . . ဆိုင်တယ် . . . ပြီးတော့ မောင်လေးကြည့်ရတာ တော်တော်လေးဒုက္ခရောက်မနေပုံရတယ်၊ မမကြီးသွားရှာပြီး ခေါ်မယ်''

''မသိဘူး . . . မသိဘူး . . . လာမပြောနဲ့''

ထိုညက ညီအစ်မနှစ်ယောက် အော်ကြဟစ်ကြစကားများခဲ့ကြလေ၏။

♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် နောက်နေ့နံနက်မှာပင် ဒေါ်မြခြူးသာသည် ရှ
မမည်သမီးငယ် . . . မြယွန်းမီကို ညီမဖြစ်သူနှင့်ပင် ထားရစ်ခဲ့ပြီ
ငွေအလုံအလောက်ယူကာ . . . မောင်ဖြစ်သူ၏ သတင်းအစအ
ရရှိခဲ့သော ကောလင်းမြို့သို့ မီးရထားဖြင့်လိုက်ပါသွားတော့၏။

ဒေါ်မြခြူးသာမှာ စိတ်ထက်ပြီး ရဲရင့်ကာ ဖွဲ့နပဲကြီးသူ
မည်သည့်အရာကိုမဆို တစ်ဇွတ်ထိုးလုပ်တတ်သူဖြစ်သည့်အတိုင်
မောင်ဖြစ်သူအား ရှာဖွေရန် တစ်ဦးတည်းရဲရင့်စွာ ခရီးထွက်ခဲ့
ခြင်းဖြစ်လေ၏။

ဒေါ်မြခြူးသာသည် ကောလင်းမြို့ရှိ ထမင်းဆိုင်တစ်
ဆိုင်တွင် အခကြေးငွေပေးကာ တည်းခိုနေထိုင်ရင်း ကောလင်း
မြို့၏ဝန်းကျင်ဝယ် လွန်ခဲ့သောဆယ်နှစ်ကျော်ကာလကတည်းက
ပျောက်ဆုံးသွားသည့် မောင်ဖြစ်သူကို လိုက်ရှာနေခဲ့လေ၏။

သို့သော် ကောလင်း၌ တစ်ပတ်လုံးလုံးနေထိုင်ကာ စုံ
စမ်းရှာဖွေသော်လည်း မင်းစက်သာ၏သတင်းကို မရလေသဖြင့်
အဆန်မီးရထားဖြင့် ဝန်းသိုသို့လိုက်ပါသွားကာ ဝန်းသိုဝယ် ရက်
သတ္တပတ်ကျော်ကျော် စတည်းချပြီး ရှာဖွေစုံစမ်းခြင်း ပြုပြန်၏။

တစ်ဖန် ဗန်းမော်ဘက်ဝယ် ရှိသလိုလို သတင်းကြားရ
ပြန်ရာ ဗန်းမော်သို့ ရထားတစ်တန်၊ သင်္ဘောတစ်တန်ဖြင့် လိုက်





ပါသွားရပြန်လေ၏။

သူမသည် မောင်ဖြစ်သူကို ဖွဲ့နပဲကြီးစွာရှာဖွေရာ၌
ရောက်ရာမြို့ရွာ၏ လောင်းကစားဝိုင်းမှန်သမျှသို့ပါ ချဉ်းကပ်
မွှေနှောက်ရှာဖွေပြီး သူမ၏အတွေ့အကြုံမှန်သမျှကို သူမ၏
ဝါသနာအရ မှတ်တမ်းစာအုပ်တစ်အုပ်ဖြင့် နေ့စဉ်လိုလိုရေးသွင်း
မှတ်တမ်းပြုခဲ့လေ၏။

သို့ဖြင့် ဒေါ်မြခြူးသာမှာ မောင်ငယ်ကို ဖွဲ့နပဲကြီးစွာရှာ
ဖွေရင်း တစ်နှစ်နီးပါးခန့် ကြာညောင်းလာခဲ့တော့၏။ သူမသည်
ညီမဖြစ်သူ ဒေါ်မြမင်းသာကဲ့သို့ပင် စိတ်ကြီးသူပီပီ မောင်ဖြစ်
သူကိုမတွေ့ပါက မန္တလေးသို့မပြန်တော့ဟု ဆုံးဖြတ်ထားသည်
နှင့်အညီ မတွေ့မချင်း ဆက်လက်ရှာဖွေနေခဲ့လေ၏။

ပါလာသည့်ငွေများ ကုန်လုလုဖြစ်တော့ ဝတ်ဆင်လာ
သည့် လက်ဝတ်လက်စားတို့ ထုခွဲကာ စရိတ်အဖြစ်အသုံးပြုလေ
၏။ မန္တလေးရှိ ညီမဖြစ်သူထံ တစ်စုံတစ်ရာစာရေးအကူအညီ
တောင်းခြင်း လုံးဝမပြုခဲ့ချေ။

သို့ဖြင့် တစ်နေ့သော ညနေမွန်းလွဲပိုင်းဝယ် . . .

ဒေါ်မြခြူးသာသည် စတည်းချလျက်ရှိရာ မြို့၏ဘူတာ
ရုံဘက်သို့ သားရေအိတ်ငယ်တစ်လုံးကို ချိုင်းကြားဝယ်လွယ်၍
လည်းကောင်း၊ သားရေအိတ်ကြီးတစ်လုံးကိုလက်၌ ဆွဲ၍လည်း
ကောင်း ထွက်လာခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူမသည် ဤမြို့မှာ ဆက်မနေလိုတော့သဖြင့် အခြားမြို့သို့ မီးရထားဖြင့် ခရီးကြုံလိုက်သွားကာ ပြောင်းရွှေ့ရန်ရည်ရွယ်ထွက်ခဲ့ခြင်းဖြစ်လေ၏။

'တူ ‥ တူ ‥ တူ'

သူမ ဘူတာရုံသို့ရောက်ရှိပြီး မကြာမီမှာပင် အစုန်မီးရထားကြီးသည် ကသာဘက်မှလာကာ သူမ ရောက်ရှိနေရာဘူတာသို့ ဥသြသံပေးပြီး တရှူးရှူးတရဲရဲဖြင့် ဆိုက်ရောက်လာလေတော့၏။

သူမသည် ရထားပေါ်သို့တက်ပြီးမှ ရထားပြတင်းမှလှမ်းကြည့်လိုက်ရာ ဘူတာပလက်ဖောင်းဝယ် လူအများအကြားတိုးဝှေ့ထွက်သွားနေသည့် မင်းစက်သာကို မမျှော်လင့်ဘဲ တွေ့လိုက်ရရာ ...

''ဟယ် ... ဟိုမှာ မောင်လေးပါလား''

သူမသည် လွန်စွာဝမ်းသာသွားလျက် သားရေအိတ်ကိုဆွဲကာ ရထားပေါ်မှ ကပျာကသီပြေးဆင်းပြီး ...

''မောင်လေး ... မောင်လေး မင်းစက်သာ''

ဟုအော်ဟစ်ခေါ်ကာ လူကြားထဲမှ တိုးဝှေ့ပြေးလိုက်သွားရာ ရှေ့မှခပ်သုတ်သုတ်သွားနေသည့် မင်းစက်သာမှာနောက်သို့ချာခနဲလှည့်ကြည့်လိုက်ပြီး အစ်မကြီးဖြစ်သူကို မြင်လေလျှင် လွန်စွာအံ့သြသွားရာမှ ဝမ်းသာသွားသော်လည်း မျက်





ဝယ် ပူပင်သောကကြီးမားဟန် ရုတ်တရက်ဖြစ်ပေါ်လာပြီးလျှင် ...

''မမကြီးပါလား ... လာလာ''

ဟု ကသောကမျောဆိုလျက် မြခြူးသာ၏လက်တစ်ဖက်ကိုဆွဲပြီး မြင်းလှည်းဂိတ်သို့ ကပျာကသီလှမ်းလျှောက်သွားလေ၏။

''မောင်လေး နေပါဦး ... နင် ဘယ်လိုဖြစ်ပြီး ...''

''ရှူး ... မမ ... ဒီမှာ စကားသိပ်မပြောနဲ့ ... မြန်မြန်လာ ... အန္တရာယ်ကောင်တွေ ကျွန်တော့်နောက်က လိုက်နေလို့''

မင်းစက်သာက လွန်စွာအရေးကြီးသည့်မျက်နှာဖြင့် ဆိုကာ မြင်းလှည်းတစ်စီးပေါ် ကပျာကသီတက်ပြီး ... အစ်မကြီးဖြစ်သူကိုပါ ဟက်စေလျက် ...

''ဒီမြို့မှာ တည်းခိုခန်းတွေ ရှိတယ်မဟုတ်လား၊ မြို့စွန်ဘက်ကျတဲ့ တည်းခိုခန်းတစ်ခုခုဆီ မောင်းဗျာ''

ဒေါ်မြခြူးသာမှာ မောင်ဖြစ်သူနှင့် လိုက်ပါလာရသော်လည်း မြင်းလှည်းသမားရှိနေသဖြင့် ပွင့်ပွင့်လင်းလင်း မေးရန်မဖြစ်နိုင်သေးရာ နှုတ်ပိတ်နေရလေ၏။

မြို့စွန်ရှိ တည်းခိုခန်းသို့ရောက်မှ မြင်းလှည်းပေါ်မှဆင်းပြီး ... မောင်နှမနှစ်ယောက်မှာ တည်းခိုခန်း၌ အခန်းနှစ်ခန်း



www.burmeseclassic.com

www.burmeseclassic.com



ငှားရမ်းကာ တည်းခိုလိုက်လေ၏။

ယင်းတည်းခိုခန်းဝယ် နေသားတကျဖြစ်သွားပြီးဆို မင်းစက်သာသည် အစ်မကြီးဖြစ်သူဒေါ်မြခြူးသာအား သူမ အခန်းမှ လာရောက်ခေါ်ငင်ကာ တည်းခိုခန်းနှင့် တစ်ဖာလုံ ဝေးသည့် လူသူရှင်းလင်းရာ စေတီလေးတစ်ဆူ၏ ပရဝဏ် တွင်းသို့ သွားရောက်ကြပြီးနောက် ... ဘုရားကိုဝတ်ပြုပြီးသည် နှင့် သူကြုံဆုံခဲ့ရသမျှကို အစ်မကြီးဖြစ်သူအား ခရေစေ့တွင်းကျ ပြောပြခဲ့လေ၏။

လူနေရပ်ကွက်နှင့် အတော်လေးဝေးကာ လူသူကင် မဲ့ တိတ်ဆိတ်လျက်ရှိသော အေးငြိမ်းလှသည့် ဘုရားပရဝဏ် ထဲဝယ် ညနေရီဆည်းဆာ၏ လေညင်းနုနုကိုခံယူရင်း ဒေါ်မြ ခြူးသာမှာ မောင်ငယ်ဖြစ်သူ၏ အံ့မခန်းအတွေ့အကြုံတို့ကို အပ် ချပတ်ချကြားသိခွင့်ရခဲ့လေ၏။

မင်းစက်သာက သူ၏အတွေ့အကြုံအားလုံး ပြောပြပြီး သည်တွင် ...

"အဲဒီလိုနဲ့ ကျွန်တော်က မန္တလေးကိုအရောက်ပြေး ကြိုးစားပေမယ့် တြိယက္ခတောင်က ဓားပြဂိုဏ်းသားတွေဟာ ကျွန်တော်ရဲ့နောက်ကို အရိပ်လိုနောက်ယောင်ခံပြီး သဲကြီးမ ကြီးလိုက်နေလို့ ဟိုရှောင်ဒီပုန်းလုပ်နေရတယ် ... မမကြီးရဲ့ ဒီကြားထဲ စားဝတ်နေရေးအတွက် ခရီးစရိတ်အတွက် ရောက်ရာ





က ထမင်းဆိုင်တို့ စားသောက်ဆိုင်တို့မှာ ပန်းကန်ဆေးတဲ့ လုပ်ဝင်လုပ်ပြီး အသက်ဆက်ခရီးဆက်ခဲ့ရတယ် ...။

အခုလည်း အစုန်ရထားနဲ့ ဗိုးကုန်းကလိုက်လာတုန်း ဒီရထားပေါ်မှာ တြိယက္ခတောင်က ကောင်တွေပါလာလို့ သူ ကိုမျက်ခြည်ပြတ်ပြီး ဒီဘူတာအရောက်မှာ လူအုပ်နဲ့ရောလို့ င်းပြေးလာခဲ့ရတာပဲ"

ဟု မနားတမ်းရှင်းပြလေ၏။

"ဒါဆို ကျောက်စိမ်းဘီလူးရုပ်တုက မင်းနဲ့အတူပါလာ ယ်ပေါ့ ... ဟုတ်လားမောင်လေး"

"ဟုတ်တယ် မမကြီး ... ညကျမှ မမကြီးရဲ့အခန်းကို ယူလာပြမယ်"

သို့ဖြင့် ထိုညဝယ် ဒေါ်မြခြူးသာမှာ ထူးခြားသော ကျောက်စိမ်းပန်းပုရုပ်တုလေးကို သေချာစွာကိုင်တွယ်ကြည့်ရှုခွင့် ရခဲ့လေ၏။

သူတို့မောင်နှမသည် တြိယက္ခမှသုံးပန်လှ လူဆိုးဂိုဏ်း သားများကို မျက်ခြည်ပြတ်ရန် ယင်းတည်းခိုခန်းမှာပင် သုံးလေး ရက်ခန့် အခန်းအောင်းတည်းခိုနေထိုင်ခဲ့ရစဉ် ဒေါ်မြခြူးသာမှာ မင်းစက်သာ၏ တွေ့ကြုံခဲ့ရသမျှအဖြစ်အပျက်တို့ကို မှတ်တမ်း ပြုစုရေးသားလေတော့၏။

♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ... ရက်သတ္တပတ်အကြာ၀ယ် တြိယက္ခလူဆိုးဂိုဏ်းသားတို့အား မျက်ခြည်ပြတ်ထားနိုင်လောက်ပြီဟု ယူဆကာ မြစ်ကြီးနားအစုန်ညရထားဖြင့်လိုက်ပါရန် မောင်နှမနှစ်ယောက် ဘူတာရုံသို့ ဆင်းခဲ့လေ၏။

ဘူတာရုံ၀ယ်လက်မှတ်ဝယ်စဉ် ကောက်ကျစ်စဉ်းလဲသော ညှဉ်းသိုးသိုးရှိသည့် လူနှစ်ဦးသည် သူတို့ပါ လက်မှတ်အဟု ၀ယ်ပြီး ရထားလာသောအခါ ဒေါ်မြခြူးသာတို့တက်သည့် ရထားတွဲပေါ်သို့ လိုက်တက်ကြလေ၏။

ထိုသူနှစ်ဦးမှာ ဒေါ်မြခြူးသာထိုင်သည့် ထိုင်ခုံနှင့်တ လွယ်ခုတ် မီးရထား၏တစ်ဖက်ခြမ်း မျက်နှာချင်းဆိုင်ထိုင်ခုံ၀ယ် ထိုင်ကာလိုက်ပါလာရင်း သူတို့၏ ဂနာမငြိမ်သောမျက်လုံးတို့က ဒေါ်မြခြူးသာ၏ ပေါင်ပေါ်တင်ထားသော သားရေအိတ်ငယ် အပေါ်၀ယ် တရစ်ဝဲဝဲဖြစ်နေလေ၏။

''မောင်လေး ... ဟောဟိုလူနှစ်ယောက်ကို မမကြိ မသင်္ကာဘူး''

ဒေါ်မြခြူးသာက မောင်ဖြစ်သူကို တီးတိုးပြောကာထို လူနှစ်ယောက်ဘက်သို့ မသိမသာမေးဆတ်ပြလိုက်ရာ ... မင် စက်သာက ငဲ့ကြည့်လိုက်ပြီး





''သူတို့က တြိယက္ခ လူဆိုးဂိုဏ်းကတော့ မဟုတ်ဘူး မမကြီး''

ဟု တိုးတိုးပြန်ပြောလေ၏။

''ဒါဆိုရင် တော်ပါသေးရဲ့ ... ကြည့်ရတာ ဂျပိုးသူခိုး တောက်ပြားတွေနဲ့ တူပါရဲ့''

သို့ဖြင့် ဒေါ်မြခြူးသာမှာ သာမန်ဂျပိုးသူခိုးအဆင့်ရှိသူ နှစ်ဦးကို ဂရုမပြုတော့ဘဲ ရထားထွက်သည်နှင့် ဘူမ၏သားရေ အိတ်ငယ်ထဲမှ မှတ်တမ်းစာအုပ်ကို ထုတ်ယူကာရေးရန် ကျန် သော အချက်အလက်အချို့ကို ဆက်ရေးနေစဉ် ... တောက်ပြား နှစ်ဦးမှာလည်း သူတို့ကြည့်ဖူးသော မန္တလေးမှဇာတ်ပွဲအကြောင်း များကို အလုအယက်ပြောလျက်ရှိရာ တစ်ဦးကိုတစ်ဦး နာမည် ခေါ်ကာ ခေါ်ကာပြောကြသဖြင့် တစ်ဦး၏အမည်မှာ ပါပူးဖြစ်ပြီး တစ်ဦး၏အမည်မှာ ညောင်စိဖြစ်ကြောင်း ဒေါ်မြခြူးသာ ကြားသိ လိုက်ရလေ၏။ ရယ်စရာကောင်းသောအမည်များ ဖြစ်သည်ဟု သာ ဒေါ်မြခြူးသာ မှတ်ချက်ချမိပါတော့၏။

ဤနေရာ၀ယ် ဒေါ်မြခြူးသာ၏မှတ်တမ်းမှာ ပြီးဆုံးသွား ပါတော့သတည်း။



www.burmeseclassic.com

မှန်အိမ်အလင်းရောင်ဖြင့် ဒေါ်မြခြူးသာ၏ မှတ်တမ်းစာအုပ်ငယ်ကို မင်းလတ်ဖတ်ရှုပြီးသွားသောအခါဝယ် ... လင်းကြက်ပင် တွန်ကျူးလျှက်ရှိချေပြီ။

မင်းလတ်သည် သားရေဖုံးနီနီလေးနှင့် မှတ်တမ်းစာအုပ်လေးကို ပိတ်လိုက်ပြီးနောက် အောက်ဖော်ပြပါအတိုင်း တွေးဆနေမိလေ၏။

''အင်း ... ကေန္တ ... အဲဒီမြစ်ကြီးနားအစုန်ညရထားပေါ်မှာပဲ ဒေါ်မြခြူးသာရဲ့ မှတ်တမ်းစာအုပ်ရေးပြီးထည့်ထားတဲ့ လက်ဆွဲသားရေအိတ်ကို ပါပူးနဲ့ညောင်စိတို့ သူခိုးခါးပိုက်နှိုက်နှစ်ယောက်က သက်စွန့်ဆံဖျား အတင်းလုယက်ပြီး ရထားပေါ်က ခုန်ချသွားခဲ့ကြသလားမသိဘူး၊ ရထားသူခိုးဂျပိုးတွေကလည်း အများသား ... ဒေါ်မြခြူးသာရဲ့ သားရေအိတ်ထဲမှာပါတဲ့ ငွေတွေနဲ့အတူ ဒီမှတ်တမ်းစာအုပ်ကို ညောင်စိတို့ ရသွားခဲ့တာပဲ၊ ငွေတွေကိုတော့ သုံးပစ်ပြီး ... မှတ်တမ်းစာအုပ်ထဲက ကျောက်စိမ်းဘီလူးရုပ်တုကိုပါရယူလို့ တြိယက္ခတောင်က ရတနာသိုက်ကိုဖွင့်ယူဖို့ သူတို့သူခိုးနှစ်ယောက် မန္တလေးကိုဆင်းလာတာပဲကိုး။

အင်း ... ဒေါ်မြခြူးသာ ဘာဆက်ဖြစ်သွားသလဲတော့ မသိဘူး၊ ကေန္တတော့ ကိုမင်းစက်သာရဲ့နောက်ကို အရိပ်လိုလိုက်နေတဲ့ တြိယက္ခကသုံးပန်လှစားပြအဖွဲ့နဲ့ တစ်နေရာရာမှာ ပက်





င်းတိုးပြီး ရန်ပြုခြင်းခံရပုံရတယ်၊ အဲဒီမှာ ဒေါ်မြခြူးသာ သေဆုံးခဲ့ရပြီး ကိုမင်းစက်သာ လွတ်မြောက်ခဲ့ရာက မန္တလေးရောက်မှ ခွဲခင်းထဲမှာဖမ်းမိသွားပြီး အသတ်ခံလိုက်ရတာပဲ၊ သူတို့မောင်နှမနှစ်ယောက်ရဲ့အဖြစ်ဆိုးတွေက အဲဒီလို ဖြစ်ခဲ့ရပုံရတယ်၊ ဒါကြောင့် ဒေါ်မြခြူးသာ မန္တလေးကိုရောက်မလာတော့တာပေါ့။

ဘာပဲဖြစ်ဖြစ် ... အခုအချိန်မှာ ကျောက်စိမ်းဘီလူးရုပ်တုလေးဟာ ငါ့ရဲ့လက်ထဲမှာ ရောက်နေပြီပဲ ... တစ်နေ့မှာတော့ ကိုမင်းစက်သာရဲ့ဆန္ဒအတိုင်း တြိယက္ခတောင်က ရတနာလှို့ဝှက်ဂူလိုဏ်ကို ငါကိုယ်တိုင်သွားဖွင့်ပြီး ရှေးဟောင်းရတနာတွေကို ရယူလို့ ... စေတီတစ်ဆူဆူတည်ရာမှာ အဲဒီရတနာတွေအားလုံးကို ဌာပနာလိုက်ရမယ်၊ ပြီးရင် ... အဲဒီရတနာတွေလှူဒါန်းခဲ့တဲ့ ရှေးကကုသိုလ်ရှင်တွေကို အမျှပေးဝေရမယ် ...။

ခုအချိန်မှာတော့ ငါက နည်းနည်းငယ်သေးလို့ အဲဒီအလုပ်တွေမလုပ်နိုင်သေးဘူး၊ နောက် နှစ်နှစ်လောက် စောင့်ပြီးရင်တော့ ငါလည်း အတော်ကြီးပြီ၊ လခငွေလည်း အတော်စုမိလောက်ပြီ၊ အဲဒီတော့မှ စရိတ်ကြီးမားတဲ့ အဲဒီခရီးလမ်းကို မဖြစ်ဖြစ်အောင် သွားရောက်ပြီး ... ရတနာသိုက်ကိုဖော်ရတော့မှာပဲ''

မင်းလတ်မှာ ဆုံးဖြတ်ချက်ခိုင်ခိုင်မာမာချပြီးနောက်မှာတော့ မှတ်တမ်းစာအုပ်လေးကို သူ၏သံသေတ္တာထဲ ပြန်ထည့်သိမ်းဆည်းကာ သေတ္တာကိုသော့ခတ်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မှန်အိမ်မီးစာကိုလျှော့ကာ သူ၏အိပ်ရ ထက်ဝယ် ထိုးအိပ်လိုက်တော့သည်။

ထိုညက အိပ်မက်ထဲဝယ် ကျောက်စိမ်းဘီလူးရုပ်တ လေးက အသက်ဝင်လာပြီး ... သူ့ကိုလက်ထဲမှ သန်လျက်ဖြ ခုတ်မည်ထစ်မည် တကဲကဲလုပ်ကာ သူ့ကိုမူလနေရာဌာနသ ပြန်ပို့ပေးရန် ကြိမ်းမောင်းတောင်းဆိုလေ၏။

"အို ... ကျောက်စိမ်းဘီလူးရယ် ... သင့်ကို နောက နှစ်နှစ်လောက်ကြာရင် ဘုန်တော်ကြီးယက္ခတောင်က လျှို့ဝှ ဂူလိုဏ်နန်းဆီ ပြန်ပို့ပေးပါ့မယ်၊ ဘာသာသာသနာအကျိုး ဖျက်လိုဖျက်ဆီးလုပ်မယ့် သူတွေကိုသာ ဖယ်ရှားပေးပါ ...

သင့်ကို တာတာစစ်သူကြီးက ထုဆစ်ပြီးရုပ်လုံးဖေ အသက်သွင်းခဲ့ပေမယ့် သင့်ရဲ့မူလဘူတက ဗုဒ္ဓဘာသာ ရေ မြန်မာလူမျိုးအလှူရှင်တွေ လှူဒါန်းခဲ့တဲ့ ကျောက်စိမ်းရတနာ မဟုတ်လား၊ ဒီတော့ သင်ဟာ ဗုဒ္ဓရဲ့အကျိုးသယ်ပိုးသူ, သာ သနာကိုစောင့်ရှောက်သူပဲ ဖြစ်သင့်ပါတယ် ...။

ဒါကြောင့် ဘာသာသာသနာအကျိုးကို နှောင့်ယှက်ဖျက် ဆီးသူများရဲ့ရန်ကို ဝိုင်းကူလို့ ဖယ်ရှားပေးပါ"

မင်းလတ်မှာ အိပ်မက်ထဲဝယ် ထိုသို့လျှင် တတွတ်တွတ် ပြောဆိုလျက် ရှိပါတော့သတည်း။

♛ ♛ ♛ ♛ ♛

## အခန်း (၃)

- တြိမ္ဗန္တမှ ထွက်ခွာခြင်း
- စွန့်စားမှုခရီးအစ
- သုံးပန်လုဒေဗီ၏ကျဆုံးခန်း
- ချစ်သူနှုတ်ဆက်ခြင်း

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

# တြိမန္တမှ ထွက်ခွာခြင်း

ယခုဆို ...

တြိမန္တစံအိမ်ကြီးဝယ် မင်းလတ် အမှုတော်ထမ်းခဲ့သည်မှာ သုံးနှစ်သုံးမိုး ရှိချေပြီ။

သူ၏အသက်သည်လည်း ဆယ့်ခုနစ်နှစ်ကျော်ကာ ဆယ့်ရှစ်နှစ်သို့ ရောက်ရှိလာခဲ့ပြီ။

သူသည် အရွယ်ရောက်လာသည်နှင့်အမျှ ခန္ဓာကိုယ်ထွားကျိုင်းကာ လုပ်ရသောခြံစောင့်မာလီအလုပ်နှင့် မထိုက်တန်အောင် ရုပ်ရည်ရူပကာက သန့်ပြန့်လာခဲ့၏။

မင်းလတ်မှာ မိဘမဲ့တစ်ဦး ကျောင်းပညာမသင်ရသူတစ်ဦးအဖြစ် ကြီးပြင်းလာရသူဖြစ်သော်လည်း စာဖတ်ဝါသနာ





ပါသူမို့ စာမျိုးစုံကို ရသရွေ့ဖတ်ခဲ့သူဖြစ်ရာ အသိအလိမ္မာကြွယ်ဝပြီး ရည်မှန်းချက်ကြီးမားသူဖြစ်ချေ၏။

အသိအလိမ္မာပြည့်ဝ၍ ရည်မှန်းချက်ကြီးမားသူတို့မည်သည် နေထိုင် စားသောက် သွားလာ ပြောဆိုပုံ ပရမ်းပတာမနိုင်ဘဲ စည်းစနစ်တကျရှိတတ်သည်ဖြစ်ရကား ... မင်းလတ်၏နေထိုင်သွားလာပြောဆိုပုံမှာ ခြံစောင့်အလုပ်သမားနှင့်မတူဘဲသူဌေးသားအိမ်ပိုင်ရှင်နှင့် တူနေတော့၏။

မည်သို့ဖြစ်စေ မင်းလတ်၏ ရုပ်ရည်သန့်ပြန့်မှု၊ အပြောအဆိုလိမ္မာယဉ်ကျေးမှု၊ တာဝန်ဝတ္တရားကျေပွန်ကာ သစ္စာရှိမှုတို့ကြောင့် အိမ်ကြီးရှင် ဒေါ်မြမင်းသာမှာ နောက်ပိုင်းဝယ် မင်းလတ်ကို အလုပ်သမားနှင့်အလုပ်ရှင်ကဲ့သို့ ခွဲခြားဆက်ဆံခြင်းမပြုတော့ဘဲ တူသားတစ်ယောက်ကဲ့သို့ အားကိုးခြင်းပြုလာကာချိုသာနွေးထွေးစွာ ဆက်ဆံလာခဲ့လေ၏။

ကုလားအဘိုးအို ဦးရန်ကနားမှာ အသက်ကြီးလာပြီဖြစ်၍ အလုပ်မှအနားယူပြီး သူ၏အမျိုးများရှိရာ မန္တလေးအနောက်ပြင်သို့ ပြောင်းသွားရာ တြိမန္တစံအိမ်ကြီးနှင့် ခြံဝင်းကြီး၏လုံခြုံရေး၊ စည်ပင်သာယာရေးတာဝန်မှာ မင်းလတ်၏ပခုံးပေါ်သို့ လုံးလုံးကျရောက်ခဲ့တော့၏။

ဒေါ်မြမင်းသာက မင်းလတ်အား ကူညီလုပ်ကိုင်ပေးရန်ကုလားလေးတစ်ဦးဖြစ်သော ရန်တကူးကို လက်ထောက်ခြံစောင့်



www.burmeseclassic.com

www.burmeseclassic.com



မာလီအဖြစ် ခန့်ထားပေးလေ၏။

အပျိုဖားဖားဖြစ်လာပြီဖြစ်သော မြယွန်းမိမှာလည်း မ... သဒစ်ကျောင်းသူကြီးဖြစ်ကာ တစ်နေ့တခြား အလှသွေး ကြွ... လျက်ရှိပါတော့၏။

သူမသည် အရွယ်ရောက်လာသည့်တိုင် မင်းလတ်... ပေါ် အခေါ်အပြောမပျက်ဘဲ တိုးလို့သာခင်ကာ တိုးလို့သာ ရင်... နှီးခဲ့လေ၏။

သူနှင့်သူမတို့သည် လွန်ခဲ့သောသုံးနှစ်ကျော်ခန့် ပေ... သေးစဉ်ကပင် သူငယ်ချင်းများအဖြစ် သံယောဇဉ်နွယ်ယှက်... သည်ဖြစ်ရာ . . . ယခုကဲ့သို့ လူပျိုပေါ် အပျိုပေါ်ဝင်လာသည့်အ... တစ်ဦးနှင့်တစ်ဦး ရှိန်သွားခြင်း၊ စိမ်းသွားခြင်းမရှိဘဲ ခင်မြဲခ... လျက်သာရှိကြလေ၏။

ဒေါ်မြမင်းသာမှာ အိမ်မှထွက်သွားကြသော မောင်ဖြ... သူရော၊ အစ်မဖြစ်သူပါ လုံးဝပြန်မလာတော့သောအခါ အသ... လည်းထောက်လာပြီဖြစ်၍ အတော်ပင်မာန်ကျသွား စိတ်ကျသွ... တော့၏။

ဒေါ်မြမင်းသာသည် တြိမန္တစံအိမ်ကြီးဝယ် အရေး... ကြောင်းရှိပါက မားမားမတ်မတ်အားကိုးရသူဆို၍ မင်းလတ်... သော ယောကျ်ားသားတစ်ဦးသာရှိကြောင်း သိသဖြင့် မင်းလ... ကို တူသားကဲ့သို့ သဘောထားအားကိုးလာကာ စံအိမ်ကြီ... သို့ အိမ်သားတစ်ဦးကဲ့သို့ ဝင်ထွက်ခွင့်ပြုထားလေ၏။





အရေးကိစ္စကြုံက မင်းလတ်ကို မော်တော်ကား မောင်းတတ်အောင်လည်း သင်ပေးကာ ကိစ္စရှိသည့်အခါ ကားတစ်စီးဖြင့် ဟိုလွှတ်သည်လွှတ် လွှတ်ကာ ခိုင်းစေလေ့ရှိလေ၏။

သို့ဖြင့် မင်းလတ်၏ဘဝသည် ပျော်ရွှင်ချမ်းမြေ့ဖွယ်ရာများဖြင့် ပြည့်စုံလာသော်လည်း သူ၏ရည်မှန်းချက်ဖြစ်သော တြိယက္ခတောင်ကြီးရှိရာသို့ သွားရောက်ရန်အခွင့်ပေါ်လာသည့် နေ့ဝယ် အလုပ်မှထွက်ခွင့် တောင်းလေတော့၏။

"ဟင် . . . မင်းက ဘာဖြစ်လို့ အလုပ်ကထွက်ချင်ရတာလဲကွယ်"

ဒေါ်မြမင်းသာ အလိုမကျဟန်၊ မင်းလတ်ကိုနှမြောဟန်ဖြင့်မေးလေ၏။

"ကျွန်တော် ခရီးတစ်ခုထွက်ချင်လို့ပါ ဒွေးတော်"

"ဪ . . . ကွယ် . . . ခရီးထွက်တာပဲ ထွက်ပေါ့ . . . ခရီးထွက်ပြီးပြန်လာတဲ့အခါ အလုပ်ကို ပြန်ဝင်ပါကွယ်၊ ဒီစံအိမ်ကြီးမှာ ငါ့တူကိုပဲ အားကိုးနေရတာကွယ့်"

"ကျွန်တော်ထွက်ရမယ့် ခရီးလမ်းက ကြမ်းတမ်းပြီး ဝေးလံပါတယ် ဒွေးတော်၊ ပြီးတော့ အန္တရာယ်လည်းများပါတယ်၊ ကျွန်တော်ပြန်လာချင်မှ ပြန်လာနိုင်မှာပါ၊ ဒါကြောင့် အလုပ်က တစ်ခါတည်း ထွက်ခွင့်တောင်းရတာပါခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အို ... ဘယ်လိုခရီးမျိုးမို့လဲ ငါ့တူ"

"ဘယ်လိုခရီးလဲဆိုတာ ခုနေ ပြောလို့မဖြစ်သေးပါဘူး ခင်ဗျာ၊ ပြောလို့ဖြစ်တဲ့ တစ်နေ့ကျရင် ကျွန်တော်ပြောပြပါ့မယ်၊ ခုအခါမှာတော့ ကျွန်တော့်ကိုခွင့်လွှတ်ပါ"

ဒေါ်မြမင်းသာမှာ ညှော်ခန်းမကြီးထဲမှ ကနုတ်ဘောင်တပ် ကျွန်းကုလားထိုင်ကြီးပေါ် ထိုင်နေရင်းမှ သူမ၏ရှေ့ရှိဆက်တီခုံဝယ် ခေါင်းငုံ့ကာထိုင်နေသော မင်းလတ်ကို အတန်ကြာအောင် ဆိတ်ငြိမ်စွာစူးစိုက်ကြည့်နေလိုက်ပြီးမှ စကားတစ်လုံးချင်း လေးပင်စွာ ဆိုသည်။

"ကောင်းပြီလေ ... လူတွေမှာ သူ့အကြောင်းနဲ့သူတော့ ရှိကြတာပါပဲ၊ မင်း အလုပ်ကထွက်လိုတဲ့ ဆန္ဒရှိရင်လည်း ထွက်ပေါ့ကွယ်"

ထို့နောက် ဒေါ်မြမင်းသာသည် မြယွန်းမီအားခေါ်ပြီး

"သမီး ... ဒွေးတော်ရဲ့စာရင်းစာအုပ်ထဲမှာ မောင်မင်းလတ်ရဲ့လစာငွေထဲက လစဉ်စုထားတဲ့ ငွေစာရင်းကြည့်ပြီး ရှင်းစရာရှိတာ ရှင်းပေးလိုက်ပါကွယ်"

ဟုပြောဆိုကာ ထိုင်ရာမှထပြီး အိမ်ပေါ်ထပ်သို့ကျွန်းလှေကားကြီးအတိုင်း တက်သွားပါတော့၏။

မြယွန်းမီမှာ မင်းလတ်၏နံဘေးမှ ဆက်တီခုံဝယ်လာထိုင်ပြီး

---





"မင်းလတ် ... နင် အလုပ်ကထွက်တော့မလို့ဆို"

ဟု ဆိုနှင့်သောအသံလေးဖြင့် မေးလိုက်လေ၏။

"ဟုတ်တယ် ယွန်း ... ငါ ခရီးထွက်စရာရှိလို့ပါ"

"ခရီးထွက်စရာရှိတာပဲ အလုပ်ထွက်ရသလား မင်းလတ်ရယ်၊ ဘာလဲ ... သူတစ်ပါးအိမ်မှာ ခြံစောင့်ဆိုတဲ့ အလုပ်မျိုး မလုပ်ချင်တော့လို့လား။ ဒွေးတော်က မင်းလတ်ကို ခြံစောင့်လို့ သဘောမထားပါဘူး။ ဆွေမျိုးသားချင်းလို သဘောထားတာပါ၊ ပြီးတော့ မကြာခင် ဒွေးတော်တည်ထောင်မယ့် သစ်ခွဲစက်မှာ မင်းလတ်ကို မန်နေဂျာခန့်မယ်လို့ ဒွေးတော်က စီစဉ်ပြီးသားပါ၊ နင်သွားမယ့်ခရီးက ဘာလဲ ... ငါ့ကို ပြောမပြနိုင်ဘူးလား"

မင်းလတ်မှာ အတန်ကြာငိုင်တွေနေပြီးမှ သက်ပြင်းချကာ ...

"အေးဟာ ... အဲဒီခရီးအကြောင်း နင့်ကိုငါ ပြောပြချင်ပါတယ်၊ ပြောလည်း ပြောပြသင့်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ငါသွားမယ့်ခရီးဟာ နင်တို့တွေမန္တမိသားစုကြီးနဲ့ တစ်နည်းတစ်ဖုံ သက်ဆိုင်နေလို့ပဲ"

ဟု ပြောလိုက်ရာ မြယွန်းမီမှာ လွန်စွာအံ့သြစိတ်ဝင်စားသွားပါတော့၏။

"'ဘာ ... နင်သွားမယ့်ခရီးက ငါတို့မိသားစုနဲ့ သက်ဆိုင်နေတယ်ဟုတ်လား"

---



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ကယ် ယွန်း . . . ဒါကြောင့် . . . ငါ့ရဲ့ခရီးလမ်း အကြောင်း နင့်ကို ငါမသွားမီ ပြောပြခဲ့မှာပါ . . . ခုတော့ မဟုတ် သေးဘူး''

မင်းလတ်၏စကားကြောင့် မြယွန်းမီမှာ အလိုမကျဟန် ဖြင့် မျက်နှာလေးသုန်မှုန်သွားသော်လည်း ဘာမှမပြောတော့ဘဲ ဗီရိုထဲမှ စာရင်းစာအုပ်ကိုထယူကြည့်ရှုကာ တွက်ချက်ပြီး မင်းလတ်ရရန်ရှိသော ငွေကိုရှင်းပေးလိုက်လေ၏။

''နင့်ကတိအတိုင်း ငါ့ကို ပြောပြခဲ့နော်''

''အေးပါ''

''ကတိပျက်ရင်တော့ . . . နင်နဲ့ငါ သေခန်းပြတ်ပဲ''

မြယွန်းမီက နှုတ်ခမ်းလေးစူကာ ယတိပြတ်ပြောလိုက် ပြီးနောက် . . . ကျွန်းလေ့ကားကြီးဆီ ချာခနဲလှည့်ထွက်သွားက အိမ်ပေါ်ထပ်သို့ တက်သွားပါတော့၏။

ဆံပင်ကို ကျစ်ဆံမြီးတစ်ချောင်းတည်းကျစ်ပြီး ကျော လယ်သို့ချထားကာ ကျစ်ဆံမြီး၏အဖျားနား၌ ဖဲပြားအပြာရောင် လေးစည်းထားသော၊ နိုင်လွန်အင်္ကျီလက်ပြတ်လေးဝတ်ထား သဖြင့် ဝင်းနုစိုပြည်လှပသည့် ဆင်စွယ်ရောင် လက်မောင်းများ ရှိသော၊ ပန်းပွင့်လုလုကြီးများနှင့် ဘရိုကိတ်ထဘီအပြာရင့်ကို တင်းပြည့်နေသည့် ခါးအောက်ပိုင်းဝယ် ချပ်ချပ်ရပ်ရပ် ဝတ်ဆင် ထားသော အပျိုစင်မလေး၏ နောက်ကျောပိုင်းအလှကို ပေ





ကြည့်ရင်း ရင်ခုန်ကျန်ရစ်ရသူက မင်းလတ်ပင်ဖြစ်ပါ၏။

♛ ♛ ♛

''ရန်တကူး''

''ဗျာ''

''ရော့ . . . ဟောဒီယွန်းသေတ္တာလေးကို မင်းရဲ့မမ မြယွန်းမီရဲ့ လက်ထဲမနက်ကျရင်ထည့်လိုက် . . . ဟုတ်လား''

''ဟုတ်ကဲ့ အစ်ကိုလေး''

''ဘယ်သူမှ မမြင်စေ, မသိစေနဲ့၊ မြယွန်းမီရဲ့လက်ထဲ ရောက်အောင်ထည့် . . . ကြားလား''

''ဟုတ်ကဲ့''

ညဦးကပင် မြယွန်းမီအား ပေးရန် ယွန်းသေတ္တာငယ်ကို ရန်တကူး၏လက်ထဲ အပ်ထားပြီးနောက် နောက်နေ့ဝေလီဝေ လင်းမှာပင် မည်သူ့ကိုမှ နှုတ်မဆက်တော့ဘဲ မင်းလတ်မှာ တြိမန္တစံအိမ်ကြီးမှ ထွက်ခွာသွားရပါတော့၏။

♛ ♛ ♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com



## စွန့်စားမှုခရီးအစ

မင်းလတ်၌ လွန်စွာယုံကြည်စိတ်ချရပြီး အားလည်းကိုးရသည့် သူငယ်ချင်းနှစ်ဦးရှိလေ၏။

သူတို့၏အမည်မှာ စိုင်းလူနှင့်ဘရန်တောင်တို့ ဖြစ်၏။

စိုင်းလူမှာ ရှမ်းတိုင်းရင်းသားလူငယ်တစ်ဦးဖြစ်ပြီး မန္တလေးမြို့အနောက်ဘက်ရှိ ဧရာဝတီမြစ်ကမ်းမှ သဲသောင်မြေနှ လွင်ပြင်ဝယ် ယာခင်းများစိုက်ပျိုးသည့် ရှမ်းတိုင်းရင်းသား မိသားစုမှဖြစ်ပြီး ... အသားဖြူဖြူ အရပ်မြင့်မြင့်နှင့် နှစ်လိုဖွယ်အပြုံးရှိသော လူငယ်ချောလေးဖြစ်၏။

ဘရန်တောင်၏ဖခင်မှာ အဝေးပြေးကုန်ကားကြီးများ ထောင်ထားပြီး မန္တလေးနှင့်မြစ်ကြီးနားသို့ ကုန်တင်ပို့ဆောင်ရေး





လုပ်ငန်းလုပ်နေသူ လူချမ်းသာတစ်ဦးဖြစ်၏။

မေးရိုးကားကားနှင့်ကြံ့ခိုင်သော ဘရန်တောင်သည် မိဘကပိုက်ဆံရှိသော်လည်း ဘဝင်မြင့်တတ်ခြင်းမရှိဘဲ လွန်စွာရိုးသားပြီး သဘောကောင်းသူ၊ ဖွဲ့ကြိုးသူ၊ စွန့်စားမှုကိုခုံမင်သူ ဖြစ်၏။

မင်းလတ်၊ ဘရန်တောင်နှင့်စိုင်းလူတို့မှာ နန်းရှေ့ရှိ ရှပ်းမြန်မာ့သိုင်းဆရာကြီး ဆရာကြီးဦးကွမ်းလုံထံဝယ် ပန်တို၊ ပန်ရှည်၊ မြန်မာ့သိုင်းပညာရပ်များ၊ ရှမ်းဓားသိုင်းပညာရပ်များကို သည်းပူးသင်ယူနေသူများ ဖြစ်၏။ ဆရာကြီးဦးကွမ်းလုံ၏ သိုင်းသင်တန်းရှိ သင်တန်းသူသင်တန်းသားခုနစ်ဆယ်ကျော်အနက်မှ စိုင်းလူနှင့် ဘရန်တောင်မှာ မင်းလတ်နှင့်အခင်မင်ဆုံးဖြစ်ကာ နှစ်နှစ်တာကာလအတွင်း မှာပင် သူတို့သုံးဦး၏ရင်းနှီးခင်မင်မှုမှာ ညီရင်းအစ်ကိုသမျှ ဖြစ်လာပါတော့၏။

မင်းလတ်မှာ ရည်ရွယ်ချက်ရှိသူဖြစ်သဖြင့် ဘရန်တောင်နှင့် စိုင်းလူတို့၏စိတ်ကို အမျိုးမျိုးစမ်းသပ်ပြီးဖြစ်ရာ သူတို့နှစ်ဦး၏ စိတ်ရင်းဖြူစင်ဖြောင့်မတ်ရိုးသားမှု၊ ယောကျ်ားပီသသော စိတ်နေမြင့်မားကြံ့ခိုင်မှု သူ့အပေါ် အကယ်ပင်ချစ်ခင်ပြီး သစ္စာရှိမှု ကိုယ်ကျိုးမကြည့်မှု၊ အနစ်နာခံလိုမှု စိတ်ဓာတ်တို့ပြည့်ဝကြောင်းသေချာသိရှိထားပြီးဖြစ်ပါ၏။

သို့ကြောင့် တစ်နေ့သောအခါဝယ် သိုင်းသင်တန်းမှ ပြန်လာသော ညနေစောင်းအချိန်၌ မင်းလတ်သည် သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးအား မန္တလေးတောင်ပေါ်သို့ခေါ်သွားကာ လူသူရှင်းလင်း တိတ်ဆိတ်သော စောင်းတန်းတစ်နေရာ၌ ထိုင်ကြပြီးလျှင် သူ၏ ဤြိယက္ခတောင်သို့ ခရီးထွက်မည့်ကိစ္စကိုပွင့်လင်းစွာ တိုင်ပင်ပြော ဆိုဆွေးနွေးခဲ့လေ၏။ မင်းလတ်သည် ပြောဆိုစရာရှိသည်တို့ကို ပြောဆိုရှင်း ပြပြီးနောက် . . .

''အခု ငါသွားရမယ့်ခရီးမှာ လက်နက်ကိုင်လူဆိုးတွေ နဲ့ရင်ဆိုင်ရမှာမို့ အန္တရာယ်ကြီးမားတယ်၊ ဒါကြောင့် ငါ့ရဲ့အား အကိုးဆုံးအချစ်ဆုံး သူငယ်ချင်းတွေဖြစ်တဲ့ မင်းတို့နှစ်ယောက် ကိုခေါ်သွားချင်တယ်''

''အဲဒီအန္တရာယ်ခရီးလမ်းကိုသွားရောက်ပြီး အောင်မြင်မှု ရခဲ့ရင်လည်း ငါတို့အတွက်တော့ ဘာမှငွေကြေးဥစ္စာ အကျိုး အမြတ် တစ်စုံတစ်ရာ ရမှာမဟုတ်ဘူး၊ ရသမျှ ရတနာတွေ အားလုံးကို ဘုရားစေတီတစ်ဆူဆူတည်ရာမှာ ဌာပနာမှာပဲ ဖြစ်တယ်၊ ငါတို့ဟာ ဘာသာ, သာသနာရဲ့ အကျိုးသက်သက် သယ်ပိုးရွက်ဆောင်တဲ့သဘောပဲ၊ ခရီးလမ်းမှာအောင်မြင်မှု မရရင်လည်း ငါတို့ရဲ့အသက်ကို ပေးဆပ်လိုက်ရနိုင်တယ်''

''ကဲ ဘယ်လိုလဲ မင်းတို့ ငါနဲ့အတူလိုက်နိုင်ပါ့မလား''

ဟုမေးလိုက်ရာ စိုင်းလူရော၊ ဘရန်တောင်ပါ

''ဟာ . . လိုက်နိုင်ပြီလားကွာ၊ ဘာသာ,သာသနာ အ ကျိုးအတွက် ငါတို့ အာဖြစ်လို့ ကိုယ်ကျိုးမစွန့်လွှတ်နိုင်ရမှာလဲ''





''ဟုတ်တယ်မင်းလတ် . . . ငါလည်းလိုက်မယ်၊ အဖေ့ ကိုတော့ မြစ်ကြီးနားက အမျိုးတွေဆီ အလည်သွားချင်လို့လို့ ပြောရမှာပဲ၊ အဲမျှားအကျိုး, သာသနာရဲ့အကျိုးအတွက် စွန့်စားရ မှာကို ငါသိပ်သဘောကျတယ်''

ဟု အားတက်သရောပြောခဲ့ကြလေ၏။

သို့ကြောင့်လည်း မင်းလတ်သည် ဘြိမန္တစ်အိမ်ကြီးမှ ထွက်ခွာလာပြီးသည်နှင့် သူငယ်ချင်းသုံးဦး ကြိုတင်ချိန်းဆိုထား ရာ အဝေးပြေးကုန်ကားကြီးတို့ ဂိတ်ထိုးရာသို့ လာခဲ့လေ၏။

ကုန်ကားဂိတ်ဝယ် စိုင်းလူနှင့်ဘရန်တောင်တို့မှာ ရောက် နှင့်ပြီးဖြစ်ကြောင်း တွေ့ရလေ၏။

ဤသို့ဖြင့် သူတို့သူငယ်ချင်းသုံးဦးသည် ဘရန်တောင်၏ ဖခင်ပိုင်သော မြစ်ကြီးနားဘက်သို့ ဦးတည်သွားသည့် ကုန်ကား ကြီး၏ကုန်စည်များပေါ်မှ လိုက်ပါသွားကြပါတော့၏။

သူတို့သည် ကုန်ကားကြီးဖြင့် သုံးရက်လုံးလုံးလိုက်ပါခဲ့ ကြပြီး နောက်တစ်နေ့ နံနက်စောစောဝယ် မိုးညှင်းသို့ရောက် ရှိလာသည်၌ ကားပေါ်မှဆင်းနေရစ်ခဲ့ကြတော့၏။

''ဦးလေးသိန်းမောင် ဒီမိုးညှင်းက အဒေါ်တစ်ယောက် ဆီသွားလည်ချင်လို့ ဒီမှာဆင်းနေခဲ့မယ်''

ဘရန်တောင်က သူ့အဖေ၏တပည့် ကားဆရာကိုပြော ပြီး မိုးညှင်းမှာဆင်းနေခဲ့ကြခြင်းဖြစ်လေ၏။ မင်းလတ်တို့သည်



www.burmeseclassic.com

www.burmeseclassic.com



မိုးညှင်းမှာပင် နံနက်စာစားသောက်ပြီး ဝယ်ယူဖြည့်တင်းစရာရှိ သည်တို့ကို ဝယ်ယူဖြည့်တင်းကြပြီးနောက် မိုးညှင်းဝယ် ဘရန် တောင်၏အမျိုးများရှိရာ သူ့အမျိုး ဘကြီးတစ်ဦးထံမှ မြင်းသုံးစီး ငှားရမ်းခဲ့ကာ မြင်းများဖြင့် ခရီးဆက်နှင်ခဲ့ကြလေ၏။

မင်းလတ်တို့ သူငယ်ချင်းသုံးဦးမှာ ဤခရီးမထွက်မီမှာ ပင် မန္တလေးမှာရှိစဉ်ကတည်းက ဆရာကြီးကွမ်းလုံ၏အကူအညီ ဖြင့် မြင်းစီးလေ့ကျင့်ခဲ့ကြပြီးဖြစ်ရာ ယခုလိုတောလမ်းခရီးဝယ် မြင်းကို ကျွမ်းကျင်စွာ အသားကျစီးနိုင်ခဲ့ကြလေ၏။ ညနေရီသို့ ရောက်ချိန်ဝယ် . . . သူတို့သူငယ်ချင်းသုံးဦးသည် လူသူနှင့်ဝေး ရာ လွန်စွာတောခေါင်သော ကောက်ကွေ့ချောင်းဖျားရှိတောနက် ကြီးထဲ သတိကြီးစွာဖြင့် စတင်ဝင်ရောက်ခဲ့ကြလေတော့၏။

တောထဲဝယ် တစ်ညအိပ်ပြီး နောက်နေ့နံနက်စောစော မှာပင် . . . မင်းလတ်ကဦးဆောင်ပြီး သူတို့ မန္တလေးမှဝယ်လာခဲ့ သည့် ကချင်ဒေသ၏မြေပုံကြီးကို ဖြန့်ကြည့်လိုက် . . . ရှေ့သို့ တက်လိုက်ဖြင့် သတိကြီးစွာထားကာ ခရီးဆက်ခဲ့ကြတော့၏။

အရှေ့မြောက်ဘက်သို့ နေ့ဝက်ခရီးနှင်ပြီးနောက် လျှို မြောင်ကြီးတစ်ခုကို ဖြတ်ကျော်အပြီးဝယ် . . .

“ငါတော့ တြိယက္ခတောင်နဲ့နီးလာပြီထင်တာပဲကွ၊ ဒီ တောင်ကုန်းရဲ့အမြင့်ဆုံးသစ်ပင်ထိပ်ကနေ တက်ကြည့်စမ်းမယ်”

ဟုမင်းလတ်ကပြောကာ မြင်းပေါ်မှဆင်းပြီး မြင့်မားလှ





သော ကညင်ပင်ကြီးပေါ်သို့တက်ကာ အရှေ့မြောက်အရပ် အ နောက်မြောက်အရပ်သို့မျှော်ကြည့်သည့်တွင် တောင်ထွတ်သုံးခု ရှိသော တောင်ကြီးတစ်လုံး၏ထိပ်ဖျားကို အရှေ့မြောက်အရပ် ခရီးနှစ်မိုင်ခန့်အကွာဝယ် တွေ့ရှိရတော့၏။

“ငါတို့ ရှေ့ကတောင်ကြောတစ်ခုကို ဖြတ်ဆင်းပြီးတာ နဲ့ တြိယက္ခတောင်ခြေကိုရောက်ပြီကွ တောင်ခြေနားရောက်ရင် တော့ မြင်းတွေကို ချုံကောင်းကောင်းအောက်မှာ လှန်ထားခဲ့ပြီး ခြေကျင်ပဲ တောင်ခြေဆီ ချဉ်းကပ်သွားရမှာပဲ”

သို့ဖြင့် သူတို့သည် တောင်ကြောကြီးတစ်ခုကိုဖြတ်တက် ကြပြီး ယင်းတောင်ကြောပေါ်မှာပင် ညအိပ်နားလိုက်ကြကာ နောက်တစ်နေ့နံနက်၌ တောင်ကြောပေါ်မှ ဆင်းခဲ့ကြတော့၏။

မင်းလတ်တို့သည် တောင်ကြောပေါ်မှဆင်းခဲ့ပြီးနောက် သူတို့၏မြင်းများကို နဘူးချုံကြီးတစ်ချုံ၏အောက်မှာ လှန်ထား ကာ ဇက်ကြိုးတို့ကို အနီးမှ နဘဲပင်၊ ဘန့်ပွေးပင်၊ သက်န်းပင်တို့ ၏ ပင်စည်တို့ဝယ် ချည်နှောင်ထားခဲ့ကြလေ၏။

မြင်းတို့ကို ယင်းသို့လှန်ထားခဲ့ကြပြီးနောက် မင်းလတ် တို့ သူငယ်ချင်းသုံးဦးသည် ရှေ့ဆီ၌ ထီးထီးမားမားမြင်နေရပြီ ဖြစ်သော တြိယက္ခတောင်ကြီးဆီ ဦးတည်ကာသတိကြီးစွာဖြင့် ချီတက်ခဲ့ကြပါတော့သတည်း။

♛ ♛ ♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

၁



# သုံးပန်လှဒေဝီ၏ ကျဆုံးခန်း

မင်းလတ်တို့သူငယ်ချင်းသုံးဦးစလုံးသည် ရှမ်းဘော ဘီအနက်များနှင့် ဂျပ်ခုတ်ထည် အင်္ကျီလက်ပြတ်ကို တောလ ခရီးစတင်ကတည်းက ဝတ်ခဲ့ကြခြင်းဖြစ်၏။ ခြေထောက်ဝ လွှာပါးဖိနပ်စီးထားကြပြီး ခါးတို့၌ တောလိုက်ဓားမြှောင်ကိုယ ချိတ်ဆွဲထားကြ၏။ သူတို့သည် ပေါက်ဓားငယ်တို့ကိုလည်း ရ ဘတ်ထဲဝယ် ထည့်လွယ်ထားပြီး ဘရန်တောင်ကမူ ဒူးလေး လက်မှကိုင်ကာ မြားကျည်တောက်ဘူးကို ကျော၌လွယ်ပိုး လေ၏။

ဘရန်တောင်မှာ သူ့အစ်ကိုဝမ်းကွဲမုဆိုးများရှိရာ မြစ် နားအထက်ပိုင်းရှိ မန်ခရိန်ရွာသို့သွားလည်တိုင်း အစ်ကိုတို့





အတူ ဒူးလေးတစ်လက်ဖြင့် အမဲ မကြာခဏလိုက်ဖူးသူဖြစ်ရာ ယခုခရီးမှာလည်း တောလည်မည်ဟုဆိုကာ မိုးညွှင်းရှိသူ့ဘကြီး ထံမှ ငှားလာခဲ့ခြင်းဖြစ်လေ၏။

သူတို့က ကျောပိုးအိတ်တို့ကို မြင်းများနှင့်အတူ ထားခဲ့ ကြပြီး မင်းလတ်မှာကျောက်စိမ်းဘီလူးရုပ်တုလေးကို ကတ္တီပါ အဝတ်အနီဖြင့်ပတ်ထုပ်ကာ အင်္ကျီရင်ဘတ်ကြားထဲထည့်လျက် ယူဆောင် လာခဲ့လေ၏။

'ခွပ် ..ခွပ် ..ခွပ် ..ခွပ်'

ရှေ့ဆီမှမြင်းခွာသံများ ကြားရသဖြင့် မင်းလတ်တို့မှာ းရာသစ်ပင်ချုံနွယ်တို့နောက်သို့ ခိုကပ်ကာပုန်းကွယ်လိုက်ကြ ပြီး ရှေ့သို့ချောင်းမြောင်းကြည့်လိုက်ရာ ...

မြင်းကိုယ်စီစီးလျက် အမျိုးသမီးကြီးတစ်ဦးနှင့် ရုပ် ကြမ်းကြမ်းလူကြီးခြောက်ဦးတို့မှာ မြင်းတို့ကို တြိယက္ခတောင်ခြေ သို့ စိုင်းနှင်လာပြီးလျှင် သူတို့၏မြင်းတို့နောက်ဝယ် လူသုံးဦးကို ကြိုးတုပ်ကာ ခေါ်လာကြလေ၏။

သူတို့သည် တောင်ခြေသို့ရောက်လေလျှင် မြင်းတို့ပေါ် ဆင်းလိုက်ကြပြီး ဖမ်းဆီးလာသူသုံးဦးကို စုထိုင်စေလိုက်၏။

ဓားပြအုပ်စု၏ခေါင်းဆောင်ဖြစ်သော သုံးပန်လှဒေဝီက က်ထဲဝယ်ကျာပွတ်တစ်ချောင်းကိုင်ကာ ဖမ်းဆီးခံနေရသူသုံး ကို ကျာပွတ်ဖြင့် ရက်စက်စွာလှည့်ပတ်ရိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



'ရှမ်း ..ရှမ်း'

''အား''

'ရှမ်း'

''အောင်မယ်လေး''

''ခုမှ အော်မနေနဲ့၊ နင်တို့ကို မကြာခင် သတ်ပစ်တော့မှာ ...သိရဲ့လား၊ နင်တို့ရဲ့ရွာက နင်တို့ရဲ့မိသားစုတွေက နေထန်းတစ်ဖျားရောက်လို့မှ ငါတောင်းတဲ့ငွေကို လာမပေးရင် နင်တို့ကို သတ်ပစ်ပြီသာမှတ်''

သုံ့ပန်းအဘိုးအိုတစ်ဦးနှင့် လူရွယ်နှစ်ဦးမှာ ကြောက်ရွံလွန်းသဖြင့် ခန္ဓာကိုယ်များ ဆတ်ဆတ်တုန်ကာ သူတို့ကို မသတ်ဖြတ်ရန် ငိုယိုတောင်းပန်ကြလေ၏။

သို့သော် နေအတန်မြင့်လာသည်နှင့် သုံးပန်လုဒေဝီက သူ၏တပည့်ဓားပြကြီးတစ်ဦးအား သတ်မိန့်ပေးလိုက်လေ၏။

''မိုးသီး ... သင်းတို့ရဲ့ဖက်ကိုဖြတ်ပြီး သင်းတို့ရဲ့ခေါင်းပြတ်တွေကို သင်းတို့ရဲ့ရွာဆီ ပို့လိုက်''

အနောက်တိုင်းမှ ကောင်းဘွိုင်သို့နှယ် ဝတ်စားထားသော တပည့်တစ်ဦးနှင့်အတူ သုံးပန်လုဒေဝီသည် ယင်းသို့တစ်ချက် လွှတ်အမိန့်ပေးပြီးသည်နှင့် တောင်စောင်းပေါ်သို တက်သွားရာ ...

တောင်ခြေရှိ သုံ့ပန်းများအနီးဝယ် သေနတ်ကိုင်လူဆိုး





တစ်ဦးနှင့် ဓားလွတ်ကိုင်လူဆိုးလေးဦးသာ ကျန်ရစ်ခဲ့တော့၏။

''ဘရန် ...အဲဒါ သုံးပန်လုဒေဝီရဲ့ ဓားပြအဖွဲ့ပဲကွ၊ သူတို့မှာ သေနတ်သုံးလက်ပဲ ရှိတယ်၊ သုံးပန်လုဒေဝီမှာ ခြောက်လုံးပြူးတစ်လက်ရှိပြီး နောက်နှစ်ယောက်မှာ ပြောင်းရှည်သေနတ်တစ်လက်စီ ရှိတယ်၊ မင်းရဲ့ဒူးလေးနဲ့ အဲဒီသေနတ်သမားတွေကို လက်ဦးမှုရအောင်ရှင်း၊ ကျန်တာ ငါနဲ့စိုင်းလူ တာဝန်ယူမယ်''

မင်းလတ်က ယင်းသို့ပြောလိုက်သည်နှင့် ဘရန်တောင်သည် လေးညို့ပေါ်သို့ အဆိပ်လူးမြားကိုတင်ကာ သေနတ်ပြောင်းရှည်ကိုင်လူဆိုးကို ချိန်လိုက်လေ၏။

ယင်းအချိန်မှာပင် လူဆိုးကြီးမိုးသီးသည် သုံ့ပန်းသုံးဦးကို သူ့ရှေ့၌ တန်းစီထိုင်ကာ ဖက်ကိုဖြတ်နိုင်ရန် ဖက်စင်းထားင်းလေ၏။

သုံ့ပန်းသုံးဦးက ငိုယိုတောင်းပန်သော်လည်း မိုးသီးက းဝလက်မခံဘဲ သူ့လူများက သုံ့ပန်းတို့ကို ရိုက်ပုတ်ကာ တန်းစီင်ပြီးဖက်စင်းပေးစေလေ၏။

''ကြောက်လှပါပြီဗျာ ...မသတ်ပါနဲ့ဗျာ''

''ဘာဖြစ်လို့မသတ်ရမှာလဲ လူကိုဓားစာခံအဖြစ် ဖမ်းတာတောင်မှ နောက်က ငွေလိုက်မပေးလို့ကတော့ ဓားစာခံကို ဟောဒီလိုအပြတ်ရှင်းပြီလို့သာ မှတ်လိုက်ပေတော့''

ပြောပြောဆိုဆိုဖြင့် မိုးသီးက ဓားကြီးဖြင့် သုံ့ပန်းအဘိုး



www.burmeseclassic.com

www.burmeseclassic.com



အို၏ဖက်ပေါ်သို့ လွှဲခုတ်ချလိုက်တော့၏။

ထိုစဉ် မင်းလတ်ထံမှပေါက်ဓားငယ်သည် လေကိုခွင်း[illegible]
သွားပြီး

'ဗိုး ‥ ဒုတ်'

''အား''

ပေါက်ဓားသည် မိုးသီး၏နဖူးကိုစိုက်ဝင်သွားတော့၏။
မိုးသီးမှာအသံနက်ကြီးဖြင့် အော်ရင်း လက်ထဲမှဓားရှည်ကြီးလွှတ်[illegible]
ကျသွားကာ လူကလည်း ဒယိမ်းဒယိုင်ဖြစ်ပြီး ဒူးညွတ်ကျသွ[illegible]
ပါတော့၏။ မိုးသီး၏အဖြစ်ကြောင့် ကျန်ဓားပြများမှာရုတ်တရက်[illegible]
အံ့အားသင့်ကာ မှင်တက်မိသွားစဉ် …

'ထောင်း ‥ ဝှစ်'

အဆိပ်လူးမြားတစ်စင်းသည် ဘရန်တောင်၏လေးညို့[illegible]
ထောင်းခနဲမြည်ကာလေကိုခွင်းလျက် တစ်ဟုန်ထိုးပြေးထွက်[illegible]
ပြီး ပြောင်းရှည်သေနတ်ကို မြှောက်လိုက်သည့် ဓားပြလူဆို[illegible]
ရင်ဝသို့ထွင်းဖောက်သွားတော့၏။

''အီး''

''ဟာ … ရန်သူ … ရန်သူဟေ့''

ကျန်ဓားပြများချောက်ချားတုန်လှုပ်စွာ အော်ဟစ်လို[illegible]
စဉ် မင်းလတ်နှင့်စိုင်းလူတို့က ဓားကိုယ်စီစွဲကိုင်ကာ ထမသိုင်[illegible]
နောက်မှ ခုန်ထွက်လိုက်လျက် ဓားပြတို့ကိုပြေးခုတ်ချလိုက်[illegible]





တော့၏။

'ချွင် ‥ ချွင် ‥ ချွင်'

သံသံချင်း ထိခတ်သံတို့ထွက်ပေါ်လာပြီး တစ်ခဏချင်း
မှာပင်

'ဝှစ်'

''အား''

'ရှပ်'

''အောင်မယ်လေး''

လူဆိုးဓားပြတို့မှာ ငှက်ပျောပင်တို့ကိုအရင်းမှ ဓားဖြင့်
အပိုင်းခံရသည့်နှယ် တုံးခနဲပစ်လဲလျက်မိုက်ဇာတ်သိမ်းကုန်ကြပါ
တော့၏။

''ဦးရီးတို့ပြေးတော့ … ပြေးတော့''

သုံ့ပန်းသုံးဦးကို တုပ်နှောင်ထားသော ကြိုးတို့ကို ဓားဖြင့်
ဖြတ်ပေးပြီး ပြေးခိုင်းလိုက်ရာ အဘိုးအိုနှင့်လူရွယ်နှစ်ဦးမှာ
ကျေးဇူးစကားပင် ဆိုချိန်မရဘဲ ဝမ်းသာအားရ တောနက်ထဲသို့
ပြေးထွက်သွားကြပါတော့၏။

''ဟေ့ … အောက်က ဘာဖြစ်နေတာလဲ''

တောင်ခါးပန်းပေါ်မှ သုံးပန်းလှဒေဝီ၏အော်သံ ထွက်ပေါ်
လာပြီးနောက် … တောင်ခါးပန်းစောင်းမှ သူမ၏ ဦးခေါင်းပေါ်
ထွက်လာပြီးသည်နှင့်



www.burmeseclassic.com

www.burmeseclassic.com



''အို ... အောက်မှာရန်သူတွေပါလား ... တိုက်''

သုံးပန်လှဒေဝီက သူမ၏တပည့်ဓားပြတို့ကို တိုက်ခိုက်ရန်အမိန့်ပေးလိုက်ပြီး သူမကိုယ်တိုင်က မင်းလတ်တို့ကိုခြောက် လုံးပြူးဖြင့် စတင်လှမ်းပစ်တော့၏။

'ဒိုင်း .. ဒိုင်း'

သို့သော် မင်းလတ်နှင့်စိုင်းလူတို့က ကျောက်တုံးတို့ကို ကွယ်ပြီးတောင်ခါးပန်းပေါ်သို့ တောင်တက်လမ်းအတိုင်း ပြေး တက်ရင်း ပေါက်ဓားတို့ဖြင့်ပစ်ပေါက်တိုက်ခိုက်သလို ဘရ တောင်ကလည်း ဒူးလေးဖြင့် ပစ်တက်တက်လေ၏။

သုံးပန်လှဒေဝီနှင့် လက်ကျန်ဓားပြသုံးဦးတို့မှာ အပေါ် မှ ဆီးကာတိုက်ခိုက်သော်လည်း မင်းလတ်တို့က ပေါက်ဓား ကို အဆက်မပြတ်ပစ်လွှတ်ကာရဲဝံ့စွာ တစ်ဟုန်ထိုးပြေးတက်

'ဝုစ်'

'အား'

'ဝုစ် .. ဒုတ်'

''အီး''

သုံးပန်လှဝေဒီ၏ လက်ကျန်ဓားပြသုံးဦးအနက်မှ နှစ် ပစ်လဲကျသွားသလို မင်းလတ်တို့မှာလည်းတောင်ခါးပန်းပေါ် ရောက်ရှိသွားတော့၏။

'ဒိုင်း .. ဒိုင်း'





'ထောင်း'

ဘရန်တောင်၏လေးညှို့မှ မြားက လေကိုခွင်းကာ အမိုက်တကာ့ထိပ်ခေါင် ဓားပြခေါင်းဆောင်သုံးပန်လှဒေဝီ၏ ရင်ဝသို့ စူးဝင်သွားပါတော့၏။

''အား''

နောက်ဆုံး လက်ကျန်ဓားပြကိုမူ စိုင်းလူက ဓားချင်းယှဉ်ခုတ်ကာ ရှင်းပစ်လိုက်တော့သည်။ ဓားပြများအားလုံး မိုက်ဇာတ်သိမ်းသွားကြပြီဖြစ်သော်လည်း ဒေါ်မြခြူးသာ၏မှတ်တမ်း၌ပါသော ဓားပြအဖွဲ့မှထမင်းချက်အဘိုးအိုနှင့် သူ၏သား ဖာလုံဆိုသော ရောဂါသည်ဓားပြလူရွယ်ကိုမူ မတွေ့ရချေ။

''အင်း ... အဲဒီအဘိုးအိုနဲ့ ရောဂါသည်ဖာလုံတို့ကို သုံးပန်လှဒေဝီတို့ကပဲ သတ်ပစ်လိုက်ကြပြီလား၊ ဒါမှမဟုတ် သူတို့ ရောဂါနဲ့ သူတို့သေသွားကြပြီလား မသိဘူး''

မည်သို့ဖြစ်စေ မင်းလတ်တို့သည် မရှုမလှဇာတ်သိမ်းသွားကြပြီဖြစ်သည့် ဓားပြတို့၏အလောင်းများကို တြိယက္ခတောင်ကြီး၏ နောက်ဘက်ရှိလျှိုချိုင့်ကြီးထဲသို့ ပစ်ချကာ အပေါ်မှ သစ်ကိုင်းသစ်ခက်တို့ဖုံးလွှမ်းပြီး ကောင်းမွန်စွာသင်္ဂြိုဟ်ပေးလိုက်ကြလေ၏။

အန္တရာယ်အားလုံး ကင်းရှင်းသွားမှ မင်းလတ်တို့သူငယ်ချင်းသုံးဦးသည် တောင်တက်လမ်းအတိုင်း တောင်ခါးပန်းပေါ်



www.burmeseclassic.com

www.burmeseclassic.com



ပြန်တက်လာခဲ့ကြပြီး တြိယကွတောင်၏ ဂူကြီးထဲ လှမ်းဝင်ခဲ့ကြတော့၏။

"အပြင်လျှို့ဝှက်ဂူလိုဏ်ရဲ့ တံခါးကတော့ ဖွင့်ပြီးသားပါလားကွ၊ ကိုဖာလုံဖွင့်ထားပြီးကတည်းက အမြဲပဲဖွင့်ထားကြပုံရတယ်၊ အတွင်းလျှို့ဝှက်လိုဏ်ခန်းကိုတော့ သူတို့ မဖွင့်နိုင်ကြရှာဘူးကိုး"

မင်းလတ်က ခပ်ပြုံးပြုံးပြောရင်း အကျီရင်ဘတ်ကြားမှ ကတ္တီပါစဖြင့်ထုတ်ထားသည့်ကျောက်စိမ်းဘီလူးရုပ်တုလေးအား ထုတ်ယူလိုက်လေ၏။

သူသည် အပြင်လျှို့ဝှက်လိုဏ်ခန်းထဲလှမ်းဝင်ခဲ့ပြီး တစ်ကိုယ်လုံးစိမ်းဖန့်ကာ မျက်လုံးနှစ်လုံးရဲရဲတောက်နေသော ကျောက်စိမ်းဘီလူးရုပ်တုငယ်ကို လျှို့ဝှက်သော့ချက်ကျောက်သားတွင်းထုထားရာထဲသို့ အံကျထည့်လိုက်ပြီးလျှင် လက်ယာဘက်သို့ အားစိုက်လှည့်လိုက်လေ၏။

'ခြောက်'

ပထမအဆင့်လှည့်ပြီးနောက် နောက်တစ်ဆင့်ထပ်လှည့်ပြန်၏။

'ခြောက်'

ယင်းခဏမှာပင် 'ကျွီ . . . ဟီ . . . ဟီ' ဆိုသောအသံကြီးဖြစ်ပေါ်လာပြီး မင်းလတ်တို့၏ ရှေ့မှကျောက်သားနံရံမှာ





နှစ်ခြမ်းကွဲကာ ရွေ့လျားပွင့်သွားပါတော့၏။

အတွင်းလျှို့ဝှက်လိုဏ်ခန်း၏ လျှို့ဝှက်တံခါးပွင့်သွား

သည်နှင့် ခြောက်တောင်ပတ်လည်ခန့်ကျယ်ဝန်းသော ကျောက်

သားအခန်းထဲဝယ် ကျွန်းသေတ္တာကြီးတစ်လုံးကို တွေ့ရလေ၏။

ယင်းကျွန်းသေတ္တာမည်းမည်းကြီး၏ ပတ်လည်၌

တဂုတ်နဂါးပုံပတ်ခွေကာထုဆစ်ထားပြီး သေတ္တာကြီးတစ်ခုလုံးကို

အမည်းရောင်သုတ်ထားလေ၏။

မင်းလတ်သည် အနံနှစ်ပေ၊ အလျားသုံးပေ၊ အမြင့်နှစ်

ပေကျော်ခန့်ရှိသော ရှေးနှစ်ပေါင်း (၇၀၀) ခန့်မှ မွန်ဂိုတာတာ

တို့၏ ကျွန်းသေတ္တာကြီး၏အဖုံးကို မ,ဖွင့်လိုက်ရာ

"ဟာ" . . "အိုး" . . "မနည်းပါလားဟေ့"

သူငယ်ချင်းသုံးဦးမှာ ဘာသာသာသနာအတွက် ဝမ်း

သူငယ်ချင်းသုံးဦးမှာ ဘာသာသာသနာအတွက် ဝမ်း

မြောက်ဝမ်းသာ အာမေဋိတ်သံပြုလိုက်မိကြပါတော့၏။

ရှေးမြန်မာတိုင်းရင်းသားအလှူရှင်တို့ လှူဒါန်းထားသည့်

ကျောက်သံပတ္တမြားရွှေငွေတို့ ရတနာတို့သည်ကား သေတ္တာကြီး

နှင့်ပြည့်လုခမန်းရှိကာ ဖိတ်ဖိတ်လက် တောက်ပလင်းဖြာလျက်

ရှိတော့၏။

မြဒေါင်းရုပ်ပါ စိန်ဘယက်များ၊ ပုလဲသွယ်ကြီးများ၊

ရတနာရောင်စုံခြယ်ထားသည့် ရတနာခါးစည်းများ၊ ပတ္တမြားနှင့်

စိန်တို့စီထားသည့် ခါးစည်းများ စိန်သွယ်ချစိန်ကြိုးဘယက်များ၊



www.burmeseclassic.com

www.burmeseclassic.com



ပတ္တမြားနားကပ်၊ စိန်နားကပ်၊ စိန်နားတောင်း၊ ရတနာစီခြယ် ရွှေလက်ကောက်များ စသည်ဖြင့် ရတနာတို့မှာ စုံလှပြီး အပိုး မဖြတ်နိုင်လောက်အောင်ရှိပါ၏။

မင်းလတ်တို့သည် သေတ္တာကြီးထဲမှရတနာတို့ကို ပင်မ ဂူလှိုဏ်ကြီးထဲမှတွေ့ရသော ဂုန်လျှော်အိတ်ကြီးများထဲထည့်လိုက် ကြလေတော့၏။

ထို့နောက် သေတ္တာကြီး၏အဖုံးကို ပြန်ပိတ်ကာ အတွင်း လျှို့ဝှက်တံခါးကို ပြန်ပိတ်ပြီး ကျောက်စိမ်းဘီလူးရုပ်တုလေးကို သော့ချက်ကျောက်ပြားချပ်အနီးမှ ကျောက်ကလပ်ပေါ် တင်ထား လိုက်၏။

"သူက သူ့ရဲ့မူလနေရာမှာပဲနေရစ်ခဲ့ချင်တာကွ သူ့ကို ထားခဲ့ရမယ်"

မင်းလတ်က ထိုသို့ပြောပြီးနောက်လျှို့ဝှက်ခလုတ်နှိပ် ကာ အပြင်လျှို့ဝှက်လှိုဏ်ခန်းကို ပိတ်ပေးလိုက်လေ၏။

ထို့နောက်မှာတော့ မင်းလတ်တို့သူငယ်ချင်းသုံးဦးသည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိသော တြိယက္ခတောင်ကြီးကိုကျော နိုင်းကာ ရတနာအိတ်များထမ်းလျက် ထွက်ခွာခဲ့ပါတော့ သတည်း။

♛ ♛ ♛ ♛ ♛



# ချစ်သူ့နံနက်ခင်း

BURMESE CLASSIC .com

မင်းကွန်းတစ်ဖက်ကမ်းရှိ
မန္တလေးမြို့၏မြောက်ဘက်
ဧရာဝတီမြစ်ကြီး၏ ကမ်းနံ့ဖူးပေါ်ဝယ် ... ဉာဏ်တော်အမြင့်
(၁၈) တောင်ရှိသော မှန်စီရွှေချစေတီလေးတစ်ဆူ တည်ရှိလေ၏။
ယင်းစေတီလေး၏ ဘွဲ့အမည်ကို တြိရတနာစေတီဟု
ကမ္ပည်းမော်ကွန်းထိုးထားလေ၏။ ဆည်းလည်းသံတချွင်ချွင်နှင့်
စေတီလေးမှာ ဆောင်းနံနက်ဦး၏ နေရောင်ခြည်နွေးနွေးအောက်
ဝယ် ရွှေရောင်ဝင်းပြောင်ကာ ကြည်ညိုဖွယ်အတိ ရှိလေ၏။
တြိရတနာပြစေတီလေးကား မြက်ခင်းစိမ်းနုနုလေးများ
ပေါက်ရောက်လျက်ရှိသော မြစ်ကမ်းနှဖူးတောင်တန်းလေးပေါ်
ဝယ် အေးချမ်းစွာတည်ရှိနေကာ ဧရာဝတီမြစ်ပြင်မှ လေနုအေး



www.burmeseclassic.com

www.burmeseclassic.com

တဖြုးဖြုးတိုက်ခတ်လျက်ရှိချေ၏။

မင်းလတ်နှင့်မြယွန်းမီတို့သည် စေတီလေးကို ပန်းခ
မီးတို့ ပူဇော်ကာ ဦးခိုက်ရှိခိုးကန်တော့ကြပြီးနောက် ဘုရားပ
ဝုဏ်ကို တစ်ပတ်ပတ်လိုက်ကြလေ၏။

ပြီးတော့ သူနှင့်သူမတို့သည် ဘုရားပရဝုဏ်ထဲမှထွက်
ခဲ့ကြပြီး မြစ်ကမ်းနဖူးမှ မြက်ခင်းစိမ်းစိမ်းပေါ်ဝယ် အတူထိုင်
လိုက်ကာ မင်းလတ်က အတိတ်ကိုပြန်လည်တွေးလိုက်မိလေ၏။

မင်းလတ်နှင့်သူငယ်ချင်းနှစ်ဦးတို့သည် တြိယက္ခတောင်
ကြီးဆီမှအပြန်ခရီးဝယ် သူတို့သုံးဦး၏ ကျောပိုးအိတ်များထဲသို့
ရတနာမစွည်းတို့ကို အပြည့်ထည့်သယ်ဆောင်ခဲ့ကြကာ ...

မန္တလေးမြို့သို့ ပြန်ရောက်သည့်၌ မင်းလတ်၏ဦးဆောင်
မှုဖြင့် တြိမန္တစံအိမ်ကြီးသို့ လာခဲ့ကြလေ၏။

မင်းလတ်သည်ခရီးမထွက်မီက ယွန်းသေတ္တာလေးတစ်
လုံးကို မြယွန်းမီအား မာလီကုလားလေး ရန်တကူးမှတစ်ဆင့်
ပေးခဲ့ရာ ယင်းယွန်းသေတ္တာလေးထဲဝယ် သူသိသမျှ အကြောင်း
များရေးထားသည့်စာနှင့် ဒေါ်မြခြူးသာ၏ မှတ်တမ်းစာအုပ်နို
နီလေးကို ထည့်သွင်းပေးခဲ့ခြင်းဖြစ်လေ၏။

သို့ကြောင့် သူ ခရီးမှပြန်မလာမီမှာပင် မြယွန်းမီသည်
အကြောင်းခြင်းရာအစုံကို သိရှိကာ အဒေါ်ဖြစ်သူ ဒေါ်မြမင်းသာ
ကိုပါ ထပ်ဆင့်ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်လေ၏။

---





မင်းလတ်ရေးသားခဲ့သော စာထဲဝယ် သူသွားသောခရီး
လမ်း၌ အောင်မြင်မှုရပါက ရတနာများနှင့်အတူ တြိမန္တသို့ပြန်
လာမည်ဟု ရေးထားခဲ့ရာ မင်းလတ်တို့ တြိမန္တသို့ ဆိုက်ရောက်
လာသောအခါ ဒေါ်မြမင်းသာနှင့် မြယွန်းမီတို့က ဝမ်းသာလှိုက်လှဲ
ကြိုဆိုခဲ့ကြပါ၏။

ယင်းနောက် ဒေါ်မြမင်းသာသည် ရောဝတီမြစ်ကမ်းနဖူး
တစ်နေရာဝယ် တြိရတနာမြစေတီကို ဘုရားဒကာမ ပြုလုပ်ကာ
တည်ခဲ့ပြီး မင်းလတ်တို့ရရှိလာခဲ့သည့် ရှေးဟောင်းရတနာ အား
လုံးကို ယင်းစေတီဝယ်ဌာပနာထည့်သွင်း လှူဒါန်းလိုက်လေ၏။

ထို့နောက် ဘုရားအနေကဇာတင်ပြီးနောက် ဆရာတော်
သံဃာတော်ကိုးပါးအား ဆွမ်းဆက်ကပ်ကာ ရှေးဟောင်းရတနာ
တို့၏ မူလအလှူရှင်များကိုရော၊ သေဆုံးကွယ်လွန်သွားပြီဖြစ်
သည့် မောင်ဖြစ်သူမင်းစက်သာကိုရော၊ ကွယ်လွန်ခဲ့ပြီဟု ယူဆ
ရသော အစ်မဖြစ်သူဒေါ်မြခြူးသာကိုပါ ရည်စူးကာအမျှအတန်း
ပေးဝေခဲ့လေ၏။

အလှူဒါနကိစ္စများအားလုံးပြီးစီးသွားသည့်အခါတွင်မူ
ဒေါ်မြမင်းသာသည် မင်းလတ်ကို မွေးစားသားအဖြစ် တရားဝင်
မွေးစားလိုက်ပြီး တူမဖြစ်သူမြယွန်းမီနှင့် လက်ဆက်ပေးလိုက်
လေ၏။

ယနေ့နံနက်ဦးဝယ် မင်းလတ်နှင့်မြယွန်းမီတို့ဇနီးမောင်နှံ

---


www.burmeseclassic.com

www.burmeseclassic.com



မှာ လက်ထပ်ထိမ်းမြားခြင်းရက်သတ္တပတ်မြောက်အဖြစ် သူတို့မိသားစုမှ ဦးဆောင်ဒကာပြုကာတည်ထားသည့် ဤကြိုရတနာပြစေတီသို့ ဆွမ်းပန်းဆီမီးများ လာရောက်ကပ်လှူခြင်းဖြစ်ပါ၏။

ရောဝတီမြစ်ပြင်မှ တိုက်ခတ်လာသော လေနုအေးအေးသည် ချစ်သူဇနီးမောင်နှံအားအေးမြလန်းဆတ်ငြိမ်းမြမှုကို ပေးဆက်လျက်ရှိချေ၏။

''ယွန်း''

''ရှင်''

''တို့ခရီးမထွက်မီ ယွန်းကိုပေးခဲ့တဲ့ ယွန်းသေတ္တာလေးထဲမှာ တြိယကွဲတောင်နဲ့ပတ်သက်တဲ့စာရယ်, ယွန်းရဲ့မယ်မယ်ဒေါ်မြဒြူးသာရဲ့ မှတ်တမ်းစာအုပ်ရယ်အပြင် တို့ယွန်းကိုသိပ်ချစ်နေမိပြီလို့ရင်ဖွင့်ရေးခဲ့တဲ့စာကိုရော တွေ့တယ်မဟုတ်လား''

''ဟင် ... မတွေ့ပါဘူး''

''တကယ်မတွေ့ဘူးလား''


''မတွေ့ဘူး ... တကယ်''

''ဘယ်တွေ့မလဲ ... ရေးပြီးမှ မပေးထားရဲလို့ မပေးခဲ့ဖြစ်ဘူးလေ .. ဟား ဟား ဟား''

''သွား''

(ဆက်လက်ကြိုးစားပါဦးမည်)

စိတြာအာဂ္ဂ




နိယတေလောကော" တဲ့၊ လောကကြီးတစ်ခုလုံးကို စိတ်ကဦးဆောင်ထားတယ်၊ ကတိသစ္စာဟာ
တန်ဖိုးထားရမယ့်အရာလား၊ တန်ဖိုးမထားရမယ့်အရာလား။ တန်ဖိုးမထားသူတွေရဲ့

**သဗ္ဗသျှိုမိစ္ဆာကြီး**

ကံ၏အကျိုးကို မယုံကြည်သူတွေ၊ အကုသိုလ်နဲ့ထုံမွမ်းနေတဲ့ပုဂ္ဂိုလ်တွေ ကြုံတွေ့ခဲ့ရတဲ့

**မိစ္ဆာခြေထောက်**

ခြင်းဆိုတာ ကိုယ့်စိတ်ကို လွတ်လပ်ခွင့်ပေးတာတဲ့၊ ဒါဆို ကိုယ့်အပေါ် မတရားပြုသူတိုင်း
ခွင့်လွှတ်သင့်သလား။ အတိတ်ကံကိုပဲ ပုံချရမလား

**ပြိတ္တာဂူနှင့် နွယ်လောင်ကျောက်ကွဲ**

ကာက မိမိရဲ့အာရုံခံအင်္ဂါတွေကို အလွန်အားကိုးယုံကြည်ကြတယ်၊ သို့သော် သာမန်မျက်စိနဲ့
နိုင်တဲ့အရာတွေ လောကမှာ တကယ်ရှိတယ်၊ လေထဲရေထဲက ဘက်တီးရီးယားပိုးတွေ၊
ရေဒီယိုလေလှိုင်းသံတွေ၊ မျက်စိအမြင်၊ သိပ္ပံအမြင်ထက် ဉာဏ်ပညာအမြင်ကပိုတယ်

**နေမဲ့လမဲ့ ကျောက်နန်းမြို့တော်**

ငွေကြေးဆင်းရဲပေမယ့် ကိုယ်ကျင့်တရားမဆင်းရဲဘူးလို့ ရဲရဲဝံ့ဝံ့ကြွေးကြော်လေသူ

**ရွှေဂူကြီးနှင့် သံသယမုဆိုး**

သစ်စက်စက်လုံးချင်းဝတ္ထုများ မကြာမီ လစဉ်ထွက်ရှိမည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com